



http://www.cherrythitsar.org

**ဒို့တာဝန်အရေးသုံးပါး**

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ...... ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ...... ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ...... ဒို့အရေး |

## ပြည်သူ့သဘောထား

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ

နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ

နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ

ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ

**ယနေ့မန္တလေးစာအုပ်တိုက်**

စီးပွားရေးပညာပေးစာစဉ်

# ခင်မောင်ညို (ဘောဂဗေဒ)

# ကမ္ဘာ့စီးပွားရေးမိတ်ဆက်

ယနေ့မန္တလေးစာအုပ်တိုက်
အမှတ် ၂၉၀/၁၈ ၈၃လမ်း
မန္တလေးမြို့

http://www.cherrythitsar.org

[illegible]

[illegible]

[illegible]

[illegible]

စာအုပ်ချုပ်

[illegible]

စာအုပ်တန်ဖိုး

၂၅၀ ကျပ်

[illegible]

http://www.cherrythitsar.org

## ကမ္ဘာ့စီးပွားရေး မိတ်ဆက်

## မာတိကာ


| | | |
|---|---|---|
| – | ဘာသာပြန်သူ၏အမှာ | |
| – | နိဒါန်း | . . . . . ၁ |
| ၁။ | ကမ္ဘာ့စီးပွားရေး ဆိုသည်မှာ | . . . . . ၅ |
| ၂။ | ကမ္ဘာတစ်ဝန်းတွင် ဥစ္စာဓနကို ဆုံဖြတ်ပုံ | . . . . . ၇ |
| ၃။ | မေကရို ဘောဂဗေဒ ဆိုသည်မှာ | . . . . . ၁၀ |
| ၄။ | နိုင်ငံတကာ ကုန်သွယ်ရေးလည်ပတ်ပုံ | . . . . . ၁၂ |
| ၅။ | ကုန်သွယ်မှုအပိုအလျှံနှင့် ကုန်သွယ်မှု လိုငွေဆိုသည်မှာ | . . . . . ၁၅ |
| ၆။ | ပြည်ပပိုင်ဆိုင်မှုတစ်ခုက နိုင်ငံတစ်ခု၏ စီးပွားရေးအပေါ်အကျိုးသက်ရောက်ပုံ | . . . . . ၁၈ |
| ၇။ | ငွေကြေးဆိုသည်မှာ | . . . . . ၂၀ |
| ၈။ | ကမ္ဘာတွင် အဓိက သုံးနေသည့် ငွေကြေးများ | . . . . . ၂၃ |
| ၉။ | နှုန်းရှင်မျှောငွေကြေးများ ဆိုသည်မှာ | . . . . . ၂၆ |
| ၁၀။ | နိုင်ငံခြားငွေဖလှယ်နှုန်းများဆိုသည်မှာ | . . . . . ၂၉ |


**ယနေ့မန္တလေးစာအုပ်တိုက်**

http://www.cherrythitsar.org

၁၁။ စုစုပေါင်းတိုင်းပြည်ထုတ်ကုန်ဆိုသည်မှာ . . . . ၃၃
၁၂။ ငွေဖောင်းပွမှု ဆိုသည်မှာ . . . . ၃၆
၁၃။ ကမ္ဘာ့စီးပွားရေးအဆောက်အအုံများကို
နှိုင်းယှဉ်ပုံ . . . . ၃၉
၁၄။ ငွေကြေးပမာဏ ဆိုသည်မှာ . . . . ၄၁
၁၅။ ဗဟိုဘဏ် ဆိုသည်မှာ . . . . ၄၄
၁၆။ ဗဟိုဘဏ်များက စီးပွားရေးအဆောက်
အအုံတစ်ခုကို ထိန်းချုပ်ပုံ . . . . ၄၈
၁၇။ စီးပွားရေး အဆောက်အအုံကို
ထိန်းချုပ်ရန် အတိုးနှုန်းများကို အသုံးပြုပုံ . . . . ၅၃
၁၈။ လွတ်လပ်စွာ ကုန်သွယ်မှု ဆိုသည်မှာ . . . . ၅၅
၁၉။ ခွဲတမ်းများ၊ အခွန်အကောက်များနှင့်
ထောက်ပံ့ကြေးများဆိုသည်မှာ . . . . ၅၈
၂၀။ ဘတ်ဂျက်လိုငွေပြမှုများက ကုန်သွယ်ရေး
လိုငွေပြမှုများအပေါ် အကျိုးသက်ရောက်ပုံ . . . . ၆၀
၂၁။ ကုမ္ပဏီများကို Ltd, INC, GMBH,SA ဟု
ခေါ်ရခြင်းများအကြောင်း . . . . ၆၃
၂၂။ အစုရှယ်ယာပိုင်ဆိုင်မှု ဆိုသည်မှာ . . . . ၆၇



http://www.cherrythitsar.org

၂၃။ လက်ကျန်ရှင်းတမ်း ဆိုသည်မှာ . . . ၆၉
၂၄။ အရှုံးအမြတ်ရှင်းတမ်း ဆိုသည်မှာ . . . ၇၂
၂၅။ အသားတင် တန်ဖိုးဆိုသည်မှာ . . . ၇၅
၂၆။ နိုင်ငံတကာ၌ ကုမ္ပဏီများကို နှိုင်းယှဉ်ပုံ . . . ၇၇
၂၇။ အရင်းနည်းနည်းနှင့် များများရအောင်
မည်သို့ဝယ်သနည်း . . . ၇၉
၂၈။ ကမ္ဘာ့စီးပွားရေးအဆောက်အုံထဲ၌ ကုမ္ပဏီ
များသည်နိုင်ငံ နယ်နိမိတ်များကို မည်သို့
ကျော်ဖြတ်ကြသနည်း . . . ၈၂
၂၉။ နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုများကို နှိုင်းယှဉ်ပုံ . . . ၈၇
၃၀။ နိုင်ငံတကာ၌ ရင်းနှီးမြှုပ်နှံရာတွင် တွေ့ကြုံ
ရသော အန္တရာယ်များ၊ အခက်အခဲများ . . . ၈၉
၃၁။ စတော့ညွှန်းကိန်းဆိုသည်မှာ . . . ၉၂
၃၂။ နိုင်ငံခြား အစုရှယ်ယာများကို ဝယ်ယူပုံ . . . ၉၆
၃၃။ Equity ရန်ပုံငွေအဖွဲ့ဆိုသည်မှာ . . . ၁၀၀
၃၄။ ဒေဝါလီခံခြင်းဆိုသည်မှာ . . . ၁၀၂
၃၅။ အရင်းအနှီးဈေးကွက် ဆိုသည်မှာ . . . ၁၀၅
၃၆။ ငွေချေးစာချုပ်(ဘွန်း) ဆိုသည်မှာ . . . ၁၀၈

၃၇။ ငွေချေးစာချုပ်များကို ရောင်းဝယ်ကြပုံ . . . ၁၁၂
၃၈။ ဥရောပငွေကြေးများနှင့် ဥရောပစာချုပ်များ
ဆိုသည်မှာ . . . ၁၁၅
၃၉။ ရင်းနှီးမြှုပ်နှံမှုများကို အကဲဖြတ်ရန်
အဆင့်အတန်းခွဲခြားပုံ . . . ၁၁၇
၄၀။ နိုင်ငံတကာရင်းနှီးမြှုပ်နှံမှု၌ ရွှေကို အသုံးပြုပုံ . . . ၁၂၀
၄၁။ ဆင့်ပွားများ ဆိုသည်မှာ . . . ၁၂၂
၄၂။ ရွေးချယ်ခွင့် ဆိုသည်မှာ . . . ၁၂၆
၄၃။ အလိုက်နှင့်အခေါ် ဆိုသည်မှာ . . . ၁၃၀
၄၄။ ငွေကြေးရွေးချယ်ခွင့် ဆိုသည်မှာ . . . ၁၃၃
၄၅။ ဝရမ်း ဆိုသည်မှာ . . . ၁၃၆
၄၆။ ငွေမြန် ဆိုသည်မှာ . . . ၁၃၉
၄၇။ နိုင်ငံတကာဈေးကွက်တွင်
ရင်းနှီးမြှုပ်နှံကြသူများ . . . ၁၄၅
၄၈။ ကမ္ဘာ့စီးပွားရေးအဆောက်အအုံကို လက်လှမ်း
မီရန်အတွက် ရင်းနှီးမြှုပ်နှံသူများနှင့် စီးပွားရေး
လုပ်ငန်းများက သုတသိပ္ပံကို အသုံးပြုပုံ . . . ၁၄၈



http://www.cherrythitsar.org

၄၉။ ဥရောပနိုင်ငံများကို စုစည်းစေသည့်
အကြောင်းတရားများ . . . ၁၅၃
၅၀။ ဥရောပသမဂ္ဂ ဆိုသည်မှာ . . . ၁၅၆
၅၁။ ကမ္ဘာ့စီးပွားရေးအဆောက်အုံထဲ၌
ကွန်မြူနစ်နိုင်ငံများ ပူးပေါင်းပါဝင်ပုံ . . . ၁၅၉
၅၂။ ဆိုဗီယက်အုပ်စုတွင် ဆိုရှယ်လစ်နိုင်ငံများ
အရင်းရှင်စီးပွားရေးစနစ်သို့ ပြောင်းလဲပုံ . . . ၁၆၂
၅၃။ ပစိဖိတ် စီးပွားရေးအဆောက်အအုံများ
ဆိုသည်မှာ . . . ၁၆၆
၅၄။ ဂျပန်ကုမ္ပဏီကြီး ဆိုသည်မှာ . . . ၁၆၉
၅၅။ မြောက်အမေရိက လွတ်လပ်စွာ ကုန်သွယ်မှု
သဘောတူညီချက် ဆိုသည်မှာ . . . ၁၇၁
၅၆။ လွတ်လပ်စွာ ကုန်သွယ်မှုဇုန်များ ဆိုသည်မှာ . . . ၁၇၅
၅၇။ တတိယကမ္ဘာ ဆိုသည်မှာ . . . ၁၈၁
၅၈။ တတိယကမ္ဘာဆင်းရဲမှု၏ အခြေခံ
အကြောင်းတရား အရင်းအမြစ်များ . . . ၁၈၃
၅၉။ တတိယကမ္ဘာနိုင်ငံများရှိ ကြွေးမြီများ၏
မူလအစ . . . ၁၈၅



http://www.cherrythitsar.org

၆၀။ တတိယကမ္ဘာ့နိုင်ငံများ ဖွံ့ဖြိုးမှုကို
အထောက်အကူပြုနိုင်ရန် မည်သို့
ဆောင်ရွက်နိုင်သနည်း ... ၁၈၇
၆၁။ မတန်တဆ ငွေဖောင်းပွမှု ဆိုသည်မှာ ... ၁၉၀
၆၂။ ခြိုးခြံချွေတာရေးအစီအစဉ်များ ဆိုသည် ... ၁၉၃
၆၃။ ကမ္ဘာ့စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု
များကိုအားပေးပုံ ... ၁၉၆
၆၄။ ကမ္ဘာ့စီးပွားရေးအဆောက်အအုံ၌
လာဘ်ပေးလာဘ်ယူမှုများပေါ်ပေါက်ပုံ ... ၁၉၈
၆၅။ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ ဆိုသည်မှာ ... ၂၀၁
၆၆။ ဒေသန္တရဖွံ့ဖြိုးရေးဘဏ်များ ဆိုသည်မှာ ... ၂၀၄
၆၇။ နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့နှင့်
ကမ္ဘာ့ဘဏ် ဆိုသည်မှာ ... ၂၀၆
၆၈။ ငွေကြေးခဝါချခြင်း ဆိုသည်မှာ ... ၂၀၉
၆၉။ ဆွစ်ဇာလန်ဘဏ်စာရင်းတစ်ခုအလုပ်လုပ်ပုံ ... ၂၁၂
၇၀။ အခွန်သက်သာခွင့် ဆိုသည်မှာ ... ၂၁၄
၇၁။ နိုင်ငံတကာ ရာဇဝတ်သားများ တရားစွဲဆိုမှုမှ
ထွက်ပြေးလွတ်မြောက်နိုင်ကြပုံ ... ၂၁၇

၇၂။ မှောင်ခိုဈေးကွက်များ ဆိုသည်မှာ . . . ၂၁၉
၇၃။ ကမ္ဘာ့စီးပွားရေးအဆောက်အအုံနှင့်
ကျွန်စနစ်၏အခန်းကဏ္ဍ . . . ၂၂၁
၇၄။ ကမ္ဘာ့စီးပွားရေးအဆောက်အအုံကြောင့်
ပတ်ဝန်းကျင်အပေါ်၌ အကျိုးသက်ရောက်ပုံ . . . ၂၂၆
၇၅။ ပတ်ဝန်းကျင် ညစ်ညစ်းခွင့်များဆိုသည်မှာ
၇၆။ ကြွေးနှင့် သဘာဝပတ်ဝန်းကျင် လဲလှယ်မှု
ဆိုသည်မှာ . . . ၂၃၃
၇၇။ ပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်ရန်အတွက်
စီးပွားရေး ပိတ်ဆို့တားဆီးမှုများနှင့် မက်လုံးများ
အသုံးပြုနိုင်ပုံ . . . ၂၃၆



http://www.cherrythitsar.org

# ဘာသာပြန်သူ၏ အမှာစာ

၁၉၇၁ ခုနှစ်တွင် စီးပွားရေးတက္ကသိုလ်သို့ စတင်ဝင်ရောက် ပညာသင်ကြားခဲ့ချိန်မှစ၍ ဘောဂဗေဒဘာသာရပ်နှင့် ထိတွေ့ခွင့် ရခဲ့သည်။ ထိတွေ့ရုံမက ရင်းနှီးကျွမ်းဝင်သည့် အခြေအနေအထိ ရောက်ရှိခဲ့သည်။ အလုပ်အကိုင်ကို အကြောင်းပြု၍ ပူးတုံ ခွာတုံ ရှိသော်လည်း လွန်ခဲ့သော (၂၅)နှစ်ကျော်အတွင်း အဆက်မပြတ်ခဲ့။ အထူးသဖြင့် ၁၉၈၈ ခုနှစ် နောက်ပိုင်း၌ ဆိုရှယ်လစ်ဘောဂဗေဒဆိုင်ရာ အယူအဆများကို ပြန်လည်သုံးသပ်မှုများ၊ ဈေးကွက်စီးပွားရေး စနစ်အကြောင်း လေ့လာမှုများကို ဖိဖိစီးစီး ဇောက်ချဆောင်ရွက် လာခဲ့ရသည်။ စောစောစီးစီး လေ့လာမိသမျှကိုလည်း ပြန်ပြောဖြစ် ပြန်ရေးခဲ့ဖြစ်သည်။ သို့သော် တစ်စောင်တစ်ဖွဲ့အနေဖြင့် မရေးရသေး။

စီးပွားရေးရာဆောင်းပါးများ ရေးသားရင်း မိမိနှင့်ထိတွေ့နေသော၊ မိမိမျက်စိရှေ့တွင် ဖြစ်ပေါ်နေသော မျက်မှောက်ရေးရာ၊ လူငယ်ရေးရာများကိုလည်း ရေး



http://www.cherrythitsar.org

ဖြစ်သည်။ ဤသို့ ခြေလှမ်းကျယ်လာခြင်းကို ကြိုဆို လက်ခံသူများရှိသလို ဘောဂဗေဒနှင့် စီးပွါးရေး ပညာ ဆောင်းပါးတို့ လုံးဝ မရေးတော့မည်ကို စိုးရိမ်သူများ လည်း ရှိသည်။ သူတို့၏ စိုးရိမ်မှုကိုလည်း နားလည် သဘောပေါက်ပါသည်။ ထိထိရောက်ရောက် တစ်စုံ တစ်ခု ရေးသားပြုစုရန်လည်း ရည်ရွယ်ထားပြီး ဖြစ်ပါ သည်။

အကြောင်းအားလျော်စွာ ပြည်ပသို့ လေ့လာရေး ခရီးထွက်ရသောအခါ ဘောဂဗေဒစာအုပ်များကို အထူး သတိထား၍ ရှာဖွေခဲ့သည်။ မီချီဂန်တက္ကသိုလ်၊ စတန်းဖို့ တက္ကသိုလ် စာအုပ်ဆိုင်များကို ရောက်သည့်အခါ၌လည်း ဘောဂဗေဒစာအုပ်များကိုသာ အာရုံစိုက်၍ ရှာဖွေသည်။ နောက်ဆုံး ဆန်ဖရန်စစ္စကို စာအုပ်ဆိုင်တစ်ဆိုင်ရောက်မှ ယခု ဘာသာပြန်ဆိုတင်ပြလိုက်သည့် စာအုပ်တစ်အုပ်ကို ကံအားလျော်စွာရရှိသည်။ ဝယ်လာသောစာအုပ်ကိုပြ တော့ နိုင်ဂျီးရီးယား ဘဏ်မန်နေဂျာ အမျိုးသမီးနှင့် ကင်မရွန်းဘဏ်မန်နေဂျာ အမျိုးသားတို့က ဝိုင်းလုကြ သည်။ မြန်မာစာဖတ်ပရိသတ်အတွက် ရည်ရွယ်ထား၍ မပေးနိုင်ပါ။ သူတို့လိုချင်လျှင် သွားရှာပေးပါမည် ဆိုပြီး တောင်းပန်ရသည်။ မူလစာအုပ်ဆိုင်ကိုသွား၍ နောက် ထပ် နှစ်အုပ်လိုချင်ကြောင်းပြောရာ မရှိတော့၊ ကုန်သွား ပါပြီဟု ဖြေသည်။ ကိုယ့်အတွက် တမင် စောင့်နေသ လိုပင်။

ယခု စာအုပ်အကြောင်းအရာများကို ရွှေစည်းစိမ်၊ နွယ်နီ၊ မြန်မာ့ဓန၊ ကြော်ငြာနှင့် ဈေးဝယ်လမ်းညွှန်



http://www.cherrythitsar.org

မဂ္ဂဇင်းများ၌ ဆောင်းပါး များခွဲ၍ ထည့်သွင်းခဲ့ပါသည်။ ယခု တစ်စုတစ်စည်းတည်း ဖတ်ရှုနိုင်ရန် တင်ဆက်လိုက်ပါသည်။ ဘောဂဗေဒဘာသာရပ်ကို စောစောစီးစီး လေ့လာဆည်းပူးခွင့် ရသူတစ်ဦးက မိမိဖတ်ရှုရသည့် စာအုပ်ကောင်း တစ်အုပ်ကို အများဖတ်ရှုရစေရန် စေတနာဖြင့် ပညာဒါန ပြုလုပ်ရသည့်အတွက် ကျေနပ်အားရ ဖြစ်မိပါသည်။ 'မိတ်ဆက်' ဆိုသည့်အတိုင်း မိတ်ဆက်ပေးရုံမိတ်ဆက်ပေးထားရာ သိကျွမ်းရာမှ တစ်ဆင့် ရင်းနှီးကျွမ်းဝင်ရေးအတွက် အထောက်အကူဖြစ်မည်ဟု မျှော်လင့်ပါသည်။

**ခင်မောင်ညို**

**ဘောဂဗေဒ**



http://www.cherrythitsar.org

## နိဒါန်း

ဤစာအုပ်ကို ပထမအကြိမ် ၁၉၉၂ခုနှစ်တွင် ထုတ်ဝေပြီးသည့် နောက်ပိုင်းတွင် ကမ္ဘာ့စီးပွားရေးအဆောက်အအုံထဲ၌ အပြောင်းအလဲများစွာ ဖြစ်ပွါးခဲ့သည်။ နိုင်ငံသစ်များ၊ စီးပွားရေးအဆောက်အအုံသစ်များကို ဖန်တီးနိုင်ခဲ့ကြသည်။ ကုန်သွယ်ရေးစစ်ပွဲများ ဖြစ်ပွားခဲ့ကြသည်။ ကုန်သွယ်ရေးအုပ်စုများလည်း ဖွဲ့စည်းခဲ့ကြသည်။ အလုပ်အကိုင်အများစုသည် ကမ္ဘာ့ဈေးကွက်များအပေါ်၌ မှီခိုအားထားလာခဲ့ကြရသည်။

နေ့စဉ်နေ့တိုင်းပင် ကမ္ဘာ့စီးပွားရေးအဆောက်အအုံအကြောင်း ပို၍ပို၍ ကြားလာနေကြသည်။ စီးပွားရေးပိတ်ဆို့မှု၊ (၂၄)နာရီကူးသန်းရောင်းဝယ်မှု၊ လွတ်လပ်စွာ ကုန်သွယ်ရေး သဘောတူညီမှု စသည့် ဝေါဟာရများကို သတင်းစာများ၊ မဂ္ဂဇင်းများ၊ ရုပ်မြင်သံကြားများ၌ ပုံမှန်တွေ့မြင်လာရသည်။

ဝန်ခံလိုလျှင် ဝန်ခံ၍ ဝန်မခံလိုလျှင် နေနိုင်သော်လည်း ကမ္ဘာ့စီးပွားရေးအဆောက်အအုံသည် မိမိတို့၏ နေ့စဉ်ဘဝများထဲ၌ အစိတ်အပိုင်းတစ်ခုဖြစ်လာနေသည်။နံနက်ပိုင်းအိပ်ရာထရန် နှိုးသည့်



http://www.cherrythitsar.org

ပြည်ပမှ တင်သွင်းလာသည့် နှီးစက်နာရီမှအစ အငြိမ်းစားယူရေး ကိစ္စများ၊ ညဘက်၌အိပ်နေစဉ် ပြည်ပ၌ ရင်းနှီးမြှုပ်နှံထားသည့် ကောလိပ်ရန်ပုံငွေများ၊ ကျွန်တော်တို့ဘဝများသည် စီးပွားရေး အဆောက်အအုံခေါ်သော သတ္တဝါသစ်ကြီး၏ သြဇာလွှမ်းမိုးမှုကို တိုးမြှင့်၍ ခံနေကြရသည်။ ပတ်ဝန်းကျင်ဝါဒီဖြစ်စေ၊ စီးပွါးရေး လုပ်ငန်းရှင်ဖြစ်စေ၊ အိမ်ရှင်မဖြစ်စေ၊ ကောလိပ်ကျောင်းသားဖြစ်စေ မည်သူဖြစ်ဖြစ် ကျွန်တော်တို့အားလုံးသည် ထက်မြက်သည့် နိုင်ငံသား များ၊ စားသုံးသူများဖြစ်လိုကြလျှင် ကမ္ဘာ့စီးပွါးရေးအဆောက်အအုံ၏ အခြေခံသဘောများကို နားလည်ထားရန် လိုအပ်လာသည်။

ထိုသို့ဖြစ်ရန်အတွက် ပထမဆုံးခြေလှမ်းမှာ ဘောဂဗေဒ ပညာရပ်ကို နားလည်တတ်ကျွမ်းရန်ဖြစ်သည်။ အရေး၊အဖတ်၊အတွက် စသည့်အခြေခံ အသုံးလုံးတို့ကို တတ်ကျွမ်းသလို ဘောဂဗေဒနှင့် ပတ်သက်၍ အသုံးလုံးကျေရန်ဖြစ်သည်။ သို့သော် ကျွန်တော်တို့ လူအများစုအနေဖြင့် ဘောဂဗေဒဘာသာရပ်ကို လေ့လာခြင်းဆို သည်မှာ အချည်းအနှီးကိစ္စတစ်ခု ပုံပြမျဉ်းများ၊ ညီမျှခြင်းများ၊ မျဉ်းကွေးများနှင့်သာ ပတ်သက်ပြီး နေ့စဉ်ဘဝနှင့် ကင်းလွတ်နေ သည်ဟု ထင်ကြသည်။ အမှန်စင်စစ် ထိုသို့မဟုတ်ပါ။

တကယ်တော့ ကမ္ဘာ့စီးပွားရေးအဆောက်အအုံသည် နေ့စဉ် ကျွန်တော်တို့ တွေ့ကြုံနေသည့် ပြည်တွင်းစီးပွါးရေး အဆောက်အအုံ ထက်ပို၍ များစွာရှုပ်ထွေးသည်။ လမ်းတစ်လမ်းကို ဖြတ်ကူးရန် အတွက်လည်းကောင်း၊ မိမိစုဆောင်းထားသည့်ငွေကို အခြားဘဏ် တစ်ခုထက်ပို၍ အတိုးပေးသည့် ဘဏ်တစ်ခု၌ ပြောင်းကာ အပ်နှံ ရန်အတွက်လည်းကောင်း နှစ်ခါ စဉ်းစားနေစရာ မလိုပါ။ သို့သော် ကျယ်ပြန့်လာသည့် ကမ္ဘာ့စီးပွါးရေးအဆောက်အအုံထဲ၌ မိမိတို့၏ ငွေကြေးများကို ရင်းနှီးမြှုပ်နှံရန်အတွက်လည်းကောင်း၊ မိမိတို့၏



http://www.cherrythitsar.org

ကုန်စည်နှင့် ဝန်ဆောင်မှုများကို ရောင်းချရန်အတွက်လည်းကောင်း နှစ်ခါမက စဉ်းစားရန်လိုသည်။

ကမ္ဘာ့စီးပွားရေးအဆောက်အအုံ၏ အခြေခံသဘောများကို နားလည်ခြင်းအားဖြင့် ပိုမို၍ လျော်ကန်သင့်မြတ်သည့် နိုင်ငံရေးနှင့် စီးပွားရေးဆိုင်ရာ ဆုံးဖြတ်ချက်များကို ချမှတ်နိုင်သည်။ စီးပွားရေး သဘောတရားများကို နားလည်ထားသည့် မဲဆန္ဒရှင်များက နိုင်ငံရေး သမားများကို ဖိအားပေးနိုင်မည်။ နိုင်ငံရေးသမားများကလည်း ကြောင်းကျိုးဆင်ခြင်တုံတရားနှင့် ကိုက်ညီသည့် စီးပွါးရေးဆိုင်ရာ ဆုံးဖြတ်ချက်များကို ချမှတ်နိုင်သည်။ ဤနည်းအားဖြင့် ပို၍ ကြွယ်ဝချမ်းသာသော၊ ပတ်ဝန်းကျင်ညစ်ညမ်းမှုလည်း နည်းသော ကမ္ဘာကြီးကို အနာဂတ်ကာလများ၌ ဆက်လက်ဖန်တီးနိုင်ကြမည်။

ဤစာအုပ်သည် ဖြတ်လမ်းက သူဌေးဖြစ်နည်းစာအုပ်မဟုတ်ပါ။ နိုင်ငံတကာ ငွေရေးကြေးရေးကိစ္စများ၌ အကျိုးအမြတ် တစ်စုံ တစ်ရာရလိုလျှင် အခြားစာအုပ်တစ်ခုခုကို ရှာဖတ်ရလိမ့်မည်။ သို့သော်လည်း ရင်းနှီးမြှုပ်နှံမှုတစ်စုံတစ်ရာကို မပြုလုပ်မီ အခြေခံ သဘောများကို နားလည်ရန်အရေးကြီးသည်။ သို့ဖြစ်၍ ဤစာအုပ် သည် ကမ္ဘာ့ငွေရေးကြေးရေး ဈေးကွက်ထဲ၌ အကျိုးအမြတ်ရှိမည့် ရင်းနှီးမြှုပ်နှံမှုတစ်စုံတစ်ရာ ပြုလုပ်မည်ဆိုလျှင် ပထမဆုံးလေ့လာ ဆည်းပူးရမည့် စာအုပ်တစ်အုပ်ဖြစ်နိုင်ပါသည်။

## ဤစာအုပ်ကို

ပထမဆုံးအကြိမ်ရိုက်နှိပ်ထုတ်ဝေခဲ့စဉ်က ရရှိခဲ့သည့် အကြံပြုချက်များ၊ ဝေဖန်ချက်များကို ဒုတိယအကြိမ်ပြန်လည် ရိုက်နှိပ်သည့်အခါ ထည့်သွင်းထားပါသည်။ ပထမအကြိမ် ရိုက်နှိပ် ထုတ်ဝေစဉ်က စာဖတ်ပရိသတ်အနေဖြင့် ကမ္ဘာ့ဈေးကွက်ထဲ၌ ရင်းနှီးမြှုပ်နှံသူများ၊ မူဝါဒချမှတ်သူများ၊ နိုင်ငံတကာ လုပ်ငန်းရှင်များ



http://www.cherrythitsar.org

အနေဖြင့် ပထမဆုံးခြေလှမ်း လှမ်းသည့်အခါ၌ ဤစာအုပ်သည် အရေးပါကြောင်း မကြာခဏဖော်ပြခဲ့ကြပါသည်။ အခြေခံသဘော တရားများကို နားလည်ခြင်းသည် မည်သည့် စွန့်စားမှုများ၌ မဆို အသုံးဝင်သည့် ခြေလှမ်းတစ်ခု ဖြစ်ပါသည်။ အလွန်တရာ ရှုပ်ထွေး လှသည့် နိုင်ငံတကာ ကုန်သွယ်ရေးနှင့် ငွေရေးကြေးရေး ကိစ္စများ၌ လည်း အလားတူပင် ဖြစ်ပါသည်။

ဤစာအုပ်ကို ဖတ်ပျော်စေရန် ရေးသားထားပါသည်။ ရေးရသည်မှာ ပျော်စရာကောင်းလှပြီး ဖတ်ရသည်မှာလည်း ပျော်စရာ ကောင်းမည်ဟု မျှော်လင့်ပါသည်။ ပုံပြမျဉ်းများ၊ ညီမျှခြင်းများကို အသုံးမပြုပါ။ ကိန်းဂဏန်းများနှင့် ပတ်သက်၍ အဓိပ္ပာယ်များကို ထုတ်ဖော်ရန်အတွက်သာလျှင် အသုံးပြုထားပါသည်။ ဤစာအုပ်၏ အမည်နာမက ရည်ညွှန်းထားသလိုပင် အခြေခံသဘောတရားမျှသာ ပါဝင်ပါမည်။ ပိုမိုရှုပ်ထွေးသည့် စီးပွားရေးဆိုင်ရာ သီအိုရီများ၊ သဘောတရားများကို အခြားစာအုပ်များအတွက် ချန်ထားခဲ့ပါသည်။

ဤစာအုပ်ကို အစမှအဆုံးဖတ်နိုင်သလို တစ်ခန်းချင်း တစ်ခန်း ချင်း ကြိုက်သည့်အပိုင်းကို ရွေးချယ်၍လည်း ဖတ်နိုင်ပါသည်။

ကမ္ဘာ့စီးပွားရေးအဆောက်အအုံကို အလွယ်တကူပင် နားလည် နိုင်ပါသည်။ အခြေခံသဘောတရားများကို နားလည်ပြီဆိုလျှင် ကမ္ဘာ့စီးပွါးရေးအဆောက်အအုံသည် စွဲလမ်းစရာ စိတ်တက်ကြွစရာ စွန့်စားစရာ တစ်ရပ်ဖြစ်လာမည်။ နိုင်ငံခြားဒေသများ၊ နိုင်ငံခြား သားများနှင့် စိတ်ဝင်စားစွာ ဆက်သွယ်နိုင်သည့် နယ်ပယ်တစ်ခု ဖြစ်လာမည်။ ရှင်းရှင်းလင်းလင်း နားလည်သဘောပေါက်ရန်သာ လိုပါသည်။ ရှင်းရှင်းလင်းလင်း နားလည်သဘောပေါက်ရန် ဖတ်ကြည့်ပါ။

■

**ယနေ့မန္တလေးစာအုပ်တိုက်**

# ကမ္ဘာ့စီးပွားရေးမိတ်ဆက်

## Randy Charles Epping-A beginners guide to the World Economy

ကမ္ဘာ့စီးပွားရေးဆိုသည်မှာ

**What is the world economy?**

ကျွန်တော်တို့သည် နည်းလမ်းပေါင်းများစွာဖြင့် ကမ္ဘာ့စီးပွားရေး အဆောက်အအုံကြီး၏ အစိတ်အပိုင်းများ ဖြစ်နေကြသည်။ နံနက်ပိုင်း၌ ပြည်ပမှ တင်သွင်းလာသော ကော်ဖီကိုသောက်သောအခါ၊ နိုင်ငံခြားဖြစ် ဓာတ်ပြားဖွင့်စက်ကို ဖွင့်၍ သီချင်းနားထောင်သောအခါ၊ အားလပ်ရပ်များ၌ ပြည်ပသို့ သွားသည့်အခါ ကျွန်တော်တို့သည် တိုးပွားလာသည့် နိုင်ငံတကာ ကုန်သွယ်မှုနှင့် ဘဏ္ဍာရေးလောကထဲ၌ ပါဝင်ပတ်သက်နေကြရာရောက်သည်။

ကမ္ဘာ့စီးပွားရေး၏ တစ်စိတ်တစ်ဒေသအဖြစ် ကျွန်တော်တို့သည် နိုင်ငံဖြစ် ကုန်စည်နှင့် ဆောင်ရွက်မှုများကို စားသုံးသူသက်သက် အဖြစ်သာ ရှိနေကြသည်မဟုတ်။ ကမ္ဘာ့ရင်းနှီးမြှုပ်နှံမှုများမှ ရသည့် တက္ကသိုလ်ရန်ပုံငွေများ၊ပင်စင်ရန်ပုံငွေအတွက် ဝင်ငွေများသည် အငြိမ်းစားလခများပေးချေရန်အတွက်လည်းကောင်း၊ တက္ကသိုလ်

**ယနေ့မနက်လေးစာအုပ်တိုက်**

http://www.cherrythitsar.org

နယ်မြေ၌ အဆောက်အအုံသစ်များ တည်ဆောက်ရန်အတွက် လည်းကောင်း အသုံးဝင်သည်။ ပြည်တွင်းကုမ္ပဏီများ၌ နိုင်ငံခြားမှ လာရောက် ရင်းနှီးမြှုပ်နှံခြင်း တို့သည်လည်း ကျွန်တော်တို့နှင့် ကျွန်တော်တို့၏ မိတ်ဆွေများ၊ မိသားစုများအတွက် အလုပ်အကိုင်များကို ဖန်တီးပေးနိုင်သည်။ ပြည်ပ၌ သွားရောက်ကစားရန်အတွက် စာချုပ်တစ်ခုကို လက်မှတ် ရေးထိုးခဲ့သော ပြည်တွင်းမှ အားကစားသမားတစ်ဦးသည်လည်း ကျယ်ပြန့်လာသော ကမ္ဘာ့စီးပွားရေး၏ အစိတ်အပိုင်းတစ်ခုအဖြစ် ပါဝင်ပေသည်။

ကမ္ဘာ့စီးပွါးရေးသည် နိုင်ငံတကာနယ်နိမိတ်များကိုကျော်ဖြတ်၍ လူများ၊ စီးပွါးရေးလုပ်ငန်းများ၊ အစိုးရများအကြား(အချို့သော ဆက်သွယ်ဆောင်ရွက်မှုများသည် တရားမဝင်ဘဲဖြစ်ကောင်းဖြစ်မည်။) ဆက်သွယ်ဆောင်ရွက်မှုများအားလုံးသည် ကမ္ဘာ့စီးပွားရေးအဆောက်အအုံတွင် ပါဝင်သည်။ အကယ်၍ ကျွန်တော်တို့ အမေရိကန်တွေက မူးယစ်ဆေးဝါးဝယ်လျှင် သို့မဟုတ် လက်တင်အမေရိကရှိ လယ်သမားအား အစားထိုးသီးနှံများစိုက်ပျိုးရန်အတွက် ကူညီခြင်းအားဖြင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေး လုပ်ငန်းများ၌ ကူညီဆောင်ရွက်လျှင်လည်း ကျွန်တော်တို့သည် ကမ္ဘာ့စီးပွားရေး၏ အစိတ်အပိုင်းများ ဖြစ်လာကြမည်။ ထို့အတူပင် အချို့သော နိုင်ငံရေး ရည်မှန်းချက်များ၊ ပတ်ဝန်းကျင်ရည်မှန်းချက်များအတွက်လည်း စီးပွားရေးနည်းလမ်းများကို နိုင်ငံရေးအကြောင်းတရားများအတွက် အသုံးပြုသောအခါ ဥပမာ ရှားပါးသည့် သတ္တဝါမျိုးနွယ်များကို အခြားနိုင်ငံများ၌ တရားမဝင် သတ်ဖြတ်ခြင်းမှ ထိန်းသိမ်းရန်အတွက် ကမ္ဘာ့စီးပွားရေး အဆောက်အအုံကို အသုံးပြုနေခြင်းဖြစ်သည်။

အခြေခံကျကျပြောရလျှင် နိုင်ငံတကာနယ်နိမိတ်များကို ကျော်ဖြတ်သည့်အရာသည် ကုန်ပစ္စည်းသော်လည်းကောင်း၊ ဝန်ဆောင်မှု

သော်လည်းကောင်း၊ ရန်ပုံငွေသော်လည်းကောင်း မည်သည့်အရာ ဖြစ်ဖြစ် ကမ္ဘာ့စီးပွါးရေး၏ တစ်စိတ်တစ်ဒေသအဖြစ် ပါဝင်သည်။ စားသောက်ကုန်သွင်းကုန်များ၊ မောင်တော်ကားပို့ကုန်များ၊ နိုင်ငံ တကာ ရင်းနှီးမြှုပ်နှံမှုများ၊ ရုပ်ရှင်၊ ခရီးသွားလုပ်ငန်း ကဲ့သို့သော ဝန်ဆောင်မှုအပေးအယူများ စသည်တို့သည် သက်ဆိုင်ရာနိုင်ငံ၏ နိုင်ငံတကာ ကမ္ဘာ့စီးပွားရေးလုပ်ငန်းများကို ဖြည့်ဆည်းပေးလျက် ရှိကြသည်။

❀

## ၂။ ကမ္ဘာတစ်ဝန်းတွင် ဥစ္စာဓနကို ဆုံးဖြတ်ပုံ

**(How is wealth determined around the world ?)**

နိုင်ငံတစ်ခု၏ ဥစ္စာဓနကို ထိုနိုင်ငံရှိ တိုင်းသူပြည်သားများအား ကြည့်ခြင်းအားဖြင့် တိုင်းတာဆုံးဖြတ်နိုင်သည်။ သို့သော် မည်သည့် ကိန်းဂဏန်းများကို အားကိုးမည်နည်း။ ဘရာဇီးများထက် ဝင်ငွေပိုရ သည့်အတွက် ကူဝိတ်များသည် ချမ်းသာသည်ဟု ပြောကြမည်လား။ အိမ်ထောင်စုတစ်ခုလျှင် ပိုင်ဆိုင်သည့် တယ်လီဖုန်းဦးရေ ဂျပန်များ ထက် ပိုများသောပြင်သစ်များကို ပို၍ ချမ်းသာကြွယ်ဝသည်ဟု ပြောမည်လား။ အမေရိကန်များထက် စုဆောင်းငွေများသည် အီတလီ များကို ပိုချမ်းသာသည်ဟု ပြောမည်လား။

ဥစ္စာဓနကို တိုင်းတာရန်အတွက် နည်းလမ်းပေါင်းများစွာရှိသည်။ နိုင်ငံတစ်ခုစီ၊ တစ်ခုစီ၌လည်း သီးခြားစာရင်းအင်အားရှိကြသည်။ ဘောဂဗေဒပညာရှင်အများစုက ဥစ္စာဓနဆိုသည်မှာ စတော့ရှယ်ယာ နှင့် မြေယာကဲ့သို့သော အရာများကို လူတစ်ဦးက မည်မျှပိုင်ဆိုင် သနည်းဟူသောအချက်ဖြင့် တိုင်းတာလေ့ရှိကြသည်။ သို့သော် လူအတော်များများတို့က သူတို့၏ ဝင်ငွေ၊ သူတို့၏လစာတို့ဖြင့် သူတို့မည်မျှချမ်းသာကြွယ်ဝသည်ကို တိုင်းတာလေ့ရှိကြသည်။

နိုင်ငံအမျိုးမျိုး၌ လခများကို နှိုင်းယှဉ်သောအခါ ပန်းသီးနှင့် သစ်တော်သီးများကို နှိုင်းယှဉ်ရသည်နှင့် တူနေသည်။ အဘယ်ကြောင့် ဆိုသော် နိုင်ငံတစ်နိုင်ငံစီရှိ လစာများကို ပေးချေသာ ငွေကြေး များတူညီခြင်းမရှိကြပေ။ ပြင်သစ်တို့၏ လစာ ပြင်သစ်ဖရန့်ငါးသိန်း သည် ကနေဒါတို့၏ လစာကနေဒါဒေါ်လာ တစ်သိန်းထက်ပို၍ တန်ကြေးရှိပါသလား။ ထိုသို့ တစ်ဦးစီရရှိသည့် ဝင်ငွေများကို ဘုံတိုင်းတာနိုင်သည့် အတိုင်းအတာတစ်ခုဖြင့် ပြောင်းလဲပစ်ရန် လိုအပ်သည်။

လစာများကို ပြောင်းလဲပစ်နိုင်သည့် နည်းတစ်နည်းမှာ ထို ငွေကြေးများ၏ တန်ဖိုးများကို ပထမဦးစွာ နှိုင်းယှဉ်ရန်ဖြစ်သည်။ အများအားဖြင့် နိုင်ငံခြားငွေဖလှယ်နှုန်းများကို အသုံးပြုလေ့ရှိသည်။ နိုင်ငံခြားငွေဖလှယ်နှုန်းက ငွေကြေးတစ်ခု၏ တန်ဖိုးကို အခြား ငွေကြေးတစ်ခုဖြင့် တိုင်းတာတွက်ချက်လေ့ရှိသည်။ နိုင်ငံခြားငွေ ဖလှယ်သည့်နှုန်းများကို ကမ္ဘာတစ်ဝန်းရှိ နိုင်ငံခြားငွေဈေးကွက် များက သတ်မှတ်သည်။ ဤသို့ သတ်မှတ်ချက်သည် သက်ဆိုင်ရာ နိုင်ငံ၏စီးပွါးရေးနှင့် နိုင်ငံရေးစနစ်အပေါ်၌ ဈေးကွက်ကရှုမြင်ပုံကို ရောင်ပြန်ဟပ်သည်။ နိုင်ငံခြားငွေဖလှယ်နှုန်းများသည် တိုကျိုမြို့၌ နေသူတစ်ဦး၏ ယန်းငွေဖြင့်ရသော လစာကို ဒေါ်လာအဖြစ်သို့ ပြောင်းရာ၌ အသုံးပြုနိုင်သည်။ ထိုသို့ ရရှိသော ငွေဖြင့် အမေရိကန် နိုင်ငံလော့စ်အိန်ဂျလိစ်မြို့၌အမေရိကန်ဒေါ်လာဖြင့် ရရှိသည့်လစာနှင့် နှိုင်းယှဉ်ရန် အသုံးပြုနိုင်သည်။

သို့သော် ထိုလစာများသည် မည်မျှ ဝယ်နိုင်ကြသနည်း။ နိုင်ငံတစ်ခုနှင့်တစ်ခု နေထိုင်မှုစရိတ် မတူညီကြပေ။ ထို့ကြောင့် ငွေဖလှယ်မှုနှုန်းများကို အသုံးပြုလာခြင်းကို နှိုင်းယှဉ်ရန်အတွက်

ခက်ခဲသည်။ ဥပမာ မက်ဒိုနယ်ဟမ်ဘာဂါတစ်ခုသည်လည်းကောင်း၊ အခန်း(၂)ခန်းပါသည့် အိမ်တစ်အိမ်သည်လည်းကောင်း၊ လော့စ်အိန် ဂျလိစ်မှာထက် တိုကျို၌ သုံးဆမြင့်မားနေလျှင် ဂျပန်၌ လစာမြင့်မား ခြင်းကြောင့် ဂျပန်အလုပ်သမားများသည် အမေရိကန်အလုပ်သမား များထက် ချမ်းသာသည်ဟု မဆိုနိုင်ပေ။

ထို့ကြောင့် နိုင်ငံတစ်ခုစီ၌ ထိုလခများက မည်မျှဝယ်ယူနိုင် သည်ကို ကြည့်ရှုရန်အရေးကြီးသည်။ လခတစ်ခု၏ ဝယ်နိုင်စွမ်းအား (Purchasing Power)က ထိုငွေဖြင့် ကုန်စည်နှင့် ဝန်ဆောင်မှုများ မည်မျှများများဝယ်နိုင်သည်ကို ပြသည်။ ကုန်စည်နှင့် ဝန်ဆောင်မှု တစ်ခု၏ စရိတ်များကို နှိုင်းယှဉ်ခြင်းအားဖြင့် ဥပမာ အိုးအိမ်၊ ဆံပင်ညှပ်ခ၊ အစားအသောက်၊ ရုပ်ရှင်လက်မှတ် စသည်တို့ ပါဝင် သော ထွက်ကုန်များကို ခြင်းတောင်းတစ်ခုတွင် စုစည်းထည့်သွင်း၍ ၎င်းတို့၏ စရိတ်ကို တိုင်းတာခြင်းအားဖြင့် ပိုမိုအားကိုးနိုင်လောက် သော နိုင်ငံခြားငွေဖလှယ်နှုန်းကိုရသည်။ ထိုနှုန်းကို ဝယ်နိုင်စွမ်းအား အရ တိုင်းတာသော ဖလှယ်နှုန်း (PPP-Purchasing Power Parity) ဟု ခေါ်သည်။

အမှန်တကယ်နိုင်ငံခြားငွေဖလှယ်နှုန်း PPPကို နိုင်ငံတစ်ခုနှင့် နိုင်ငံတစ်ခုရှိ လစာများ၏ အမှန်တန်ဖိုး သို့မဟုတ် အမှန် ဝယ်နိုင်စွမ်းအား နှိုင်းယှဉ်ရန် အသုံးပြုနိုင်သည်။ နိုင်ငံတစ်ခုရှိ နိုင်ငံသားက အခြားနိုင်ငံသားတစ်ဦးထက် ပိုမိုပိုင်ဆိုင်ခြင်း၊ ဝင်ငွေပိုရခြင်းကြောင့် သမားရိုးကျ နိုင်ငံခြားငွေဖလှယ်နှုန်းဖြင့် တွက်လျှင် ပိုမိုချမ်းသာသည်ဟု ပြောနိုင်သော်လည်း ရေရှည်၌ ထိုဥစ္စာနေဖြင့် ထိုပုဂ္ဂိုလ် ဘာလုပ်နိုင်သည်က အရေးကြီးသည်။

☮

## ၃။ မေကရို ဘောဂဗေဒဆိုသည်မှာ

**What is macroeconomics ?**

မေကရိုဘောဂဗေဒက တိုင်းပြည်တစ်ပြည်၏ စီးပွားရေးအခြေအနေနှင့်ပတ်သက်၍ ငှက်တစ်ကောင် မြင်သည့် မြင်ကွင်းမျိုးကို ပေးနိုင်သည်။ လုပ်ငန်းတစ်ခုချင်း၊ စားသုံးသူတစ်ဦးချင်း အပြုအမူများကို ကြည့်သည့်အစား၊ တစ်နည်းအားဖြင့် မိုက်ကရိုဘောဂဗေဒကို ကြည့်သည့်အစား မေကရိုဘောဂဗေဒ၏ ရည်မှန်းချက်မှာ အလုပ်ရရှိမှုအဆင့်၊ စီးပွါးရေးတိုးတက်မှု၊ နိုင်ငံခြားငွေပေးငွေယူရှင်းတမ်း၊ ငွေဖောင်းပွမှုတို့ ကဲ့သို့သော နိုင်ငံတစ်ခုလုံးနှင့် သက်ဆိုင်သည့် စီးပွားရေးအလားအလာများကို လေ့လာရန်ဖြစ်သည်။ ကမ္ဘာ့စီးပွားရေး အခြေအနေကို လေ့လာခြင်းသည်လည်း အခြေခံအနေဖြင့် မေကရို ဘောဂဗေဒ စစ်တမ်းတစ်ခုပင် ဖြစ်သည်။

အင်ဂျင်စက်တစ်ခု၏ လည်ပတ်မှုသည် ၎င်းသို့ ပို့လွှတ်သော ဓာတ်ဆီအနည်းအများအပေါ်၌ မူတည်နေသကဲ့သို့ မေကရိုဘောဂဗေဒကိုလည်း သက်ဆိုင်ရာ စီးပွါးရေးအဆောက်အအုံ တစ်ခုရှိ ငွေကြေးပမာဏက ဩဇာလွှမ်းမိုးသည်။ ထိုငွေကြေးပမာဏကို အဓိကအနေဖြင့် ငွေကြေးမူဝါဒက ဩဇာလွှမ်းမိုးသည်။ ငွေကြေးမူဝါဒသည် နိုင်ငံတစ်ခု၏ ငွေကြေးပမာဏကို ထိန်းချုပ်ထားသည်။ ဘဏ္ဍာရေးမူဝါဒက အစိုးရ၏ ရငွေနှင့် အသုံးစရိတ်ကို ထိန်းချုပ်သည်။ နိုင်ငံတစ်ခု၏ စီးပွားရေးအဆောက်အအုံကို ထိန်းချုပ်ရာ၌ အဓိကအားဖြင့် ဗဟိုဘဏ်နှင့် အစိုးရများ၏ လက်ထဲ၌ထားကာ ထိန်းချုပ်ကြခြင်းဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် စီးပွားရေး အဆောက်အအုံ ဆက်လက်လည်ပတ်စေရန်အတွက် လိုအပ်သည့် ငွေကြေးကို ၎င်းတို့က ထိန်းချုပ်ထားခြင်းဖြစ်သည်။

ယနေ့မန္တလေးစာအုပ်တိုက်

http://www.cherrythitsar.org

နိုင်ငံတစ်ခု၏ ငွေကြေးကို ထိန်းချုပ်သည့် ငွေကြေးမူဝါဒကို နိုင်ငံတစ်ခုစီ၏ ဗဟိုဘဏ်က စီမံခန့်ခွဲသည်။ ဂျာမနီနိုင်ငံမှ ဘန်းဒက်စ်ဘဏ်၊ ဗြိတိန်နိုင်ငံမှ အင်္ဂလန်ဘဏ်၊ ဂျပန်နိုင်ငံရှိ ဂျပန်ဘဏ်တို့သည် အမေရိကန်ဗဟိုရန်ပုံငွေအဖွဲ့၏ အခြေခံ ရည်မှန်းချက်မျိုးနှင့် အလားတူစွာပင် သူတို့၏ ငွေကြေးပမာဏများကို ထိန်းချုပ်ကြသည်။ ရည်ရွယ်ချက်မှာ စီးပွားရေးတိုးတက်မှုကို အထောက်အကူပြုဖြစ်ရန်နှင့် ငွေဖောင်းပွမှုကို ထိန်းသိမ်းရန်တို့ ဖြစ်သည်။

ယာဉ်မောင်းသူတစ်ယောက်အနေဖြင့် ယာဉ်၏အရှိန်ကိုလျှော့ရန်အတွက်သော်လည်းကောင်း၊ တိုးရန်အတွက်သော်လည်းကောင်း လီဗာကို အသုံးပြုသကဲ့သို့ ဗဟိုဘဏ်များကလည်း ငွေကြေးပမာဏကို တိုးခြင်း၊ လျှော့ခြင်းအားဖြင့် စီးပွါးရေး အဆောက်အအုံကို ထိန်းချုပ်သည်။ တိုင်းပြည်စီးပွားရေးဖွံ့ဖြိုးမှုကို တွန်းအားပေးရန်အတွက် ငွေကြေးပမာဏကို သေသေချာချာ ထိန်းချုပ်ခြင်းအားဖြင့် ဗဟိုဘဏ်တစ်ခုသည် နိုင်ငံ၏ စီးပွါးရေးအဆောက်အအုံကို မြန်မြန်ဆန်ဆန် ကျဆင်းသွားခြင်းမှသော်လည်းကောင်း၊ တိုးတက်မှုမြန်ပြီး အရှိန်လွန်၍ အပူလွန်ခြင်းမှသော်လည်းကောင်း ကာကွယ်တားဆီးပေးနိုင်သည်။

ငွေကြေးမူဝါဒဆိုသည်မှာ အဓိကအားဖြင့် စဉ်းစားဆင်ခြင်ရသည့် လုပ်ငန်းတစ်ခုပင်ဖြစ်သည်။ ရုပ်မြင်သံကြားများ ၊ ရေဒီယိုများ၌ ပါသည့် စီးပွားရေးသတင်းများအနေဖြင့် အစိုးရက နောက်ဆုံးထုတ်ပြန်သည့် စာရင်းများအပေါ်၌ စူးစိုက်လေ့ရှိကြသော်လည်း စီးပွါးရေးအဆောက်အအုံတစ်ခုသည် မည်မျှမြန်ဆန်စွာ တိုးတက်နေကြောင်းကို ပြောနိုင်သည့် တစ်ခုတည်းသော ညွှန်ကိန်းဟူ၍ မရှိချေ။ ထို့ပြင် အကောင်အထည်ဖော်ရန် လပေါင်းနှစ်ပေါင်းများစွာ လိုအပ်သည့် နိုင်ငံရေးနှင့် ဘဏ္ဍာရေးအပြောင်းအလဲများကို စီးပွားရေး



http://www.cherrythitsar.org

အဆောက်အအုံက မည်မျှ မြန်မြန်တုံ့ပြန်မည်ကိုလည်း သိစရာအကြောင်းမရှိပေ။ ယေဘုယျအားဖြင့် ဗဟိုဘဏ်များသည် စီးပွားရေးအဆောက်အအုံ မြန်ဆန်အရှိန်လွန်၍ ပေါ်ပေါက်လာရသည့် ငွေဖောင်းပွမှုနှုန်းပေါ်၌ မျက်စိတစ်လုံးက ကြည့်နေတတ်ကြသည်။ အခြားမျက်စိတစ်လုံးကမူ စီးပွားရေးနှေးကွေးစွာ တိုးတက်မှုကြောင့် ပေါ်ပေါက်လာတတ်သည့် အလုပ်လက်မဲ့ ဖြစ်မှုများအပေါ်၌ ကြည့်နေတတ်ကြသည်။

စီးပွားရေးအဆောက်အအုံကို ငွေကြေးမူဝါဒမှ တစ်ဆင့်ထိန်းချုပ်နိုင်သည်။ အစိုးရ၏ အခွန်အကောက်များ၊ အသုံးငွေများဖြင့်ထိန်းချုပ်နိုင်သည်။ မိသားစုတစ်စု၏ စီးပွားရေး အခြေအနေသည်မိဘများ၏ ဝင်ငွေနှင့် သုံးစွဲသည့် အလေ့အထများပေါ်၌ မူတည်သကဲ့သို့ပင် နိုင်ငံတစ်ခု၏ စီးပွားရေး အခြေအနေသည်လည်းအခွန်အကောက် သုံးစွဲမှုနှင့် အစိုးရ၏ ချေးငွေကဲ့သို့သော ဘဏ္ဍာရေးမူဝါဒများအပေါ်၌ မူတည်သည်။

ကောင်းရန်ဖြစ်စေ၊ ဆိုးရန်ဖြစ်စေ ကျွန်တော်တို့၏ နေ့စဉ်ဘဝများအပေါ် အဓိက ဩဇာလွှမ်းမိုးသည့် ငွေဖောင်းပွမှုနှင့် အလုပ်လက်မဲ့ဖြစ်မှုမျိုးတို့သည် မေကရိုဘောဂဗေဒဆိုင်ရာ ဆုံးဖြတ်ချက်များ၏ရလဒ်များ ဖြစ်သည်။

✇

## ၄။ နိုင်ငံတကာ ကုန်သွယ်ရေး လည်ပတ်ပုံ

**How does international trade function ?**

ဆွစ်များက ဟွန်ဒူရပ်သို့ ချောကလက်များတင်ပို့သည့်အခါထိုသို့တင်ပို့၍ ရသည့်ငွေဖြင့် ဟွန်ဒူရပ်မှ ငှက်ပျောသီးများဝယ်နိုင်သည်။ သို့မဟုတ် ဆော်ဒီအာရေဗျမှ ရေနံဝယ်ရန်လည်းပေးချေနိုင်သည်။ သို့မဟုတ် ဟာဝိုင်ယီကျွန်း၌သွား၍ အပန်းဖြေ



http://www.cherrythitsar.org

အနားယူရန်အတွက် အသုံးပြုနိုင်သည်။ နိုင်ငံတကာ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုတို့နှင့် ပတ်သက်သော အခြေခံသဘောတရားမှာ ရှင်းပါသည်။ နိုင်ငံတိုင်း နိုင်ငံတိုင်းသည် ကိုယ့်ဘာသာပြည်တွင်း၌ အသုံးပြုနိုင်သော သို့မဟုတ် အခြားနိုင်ငံများသို့ တင်ပို့နိုင်သော ကုန်စည်နှင့် ဝန်ဆောင်မှုများကို ထုတ်လုပ်ကြသည်။ ထိုပို့ကုန်များမှ ရရှိသောငွေကို သွင်းကုန် ကုန်စည်နှင့် ဝန်ဆောင်မှုများအတွက် ပေးချေရန် အသုံးပြုကြသည်။

ပြည်တွင်းကုန်သွယ်မှုနှင့် နိုင်ငံတကာ ကုန်သွယ်မှုတို့၏ ခြားနားချက်မှာ နိုင်ငံခြားငွေများကို အသုံးပြုခြင်းဖြစ်သည်။ နိုင်ငံတကာ နယ်နိမိတ်များကို ကျော်ဖြတ်သွားကြသည့် ကုန်ပစ္စည်းများသည် သက်ဆိုင်ရာ နိုင်ငံ၏ ငွေဖြင့်သော်လည်းကောင်း၊ အခြားနိုင်ငံတကာက လက်ခံထားသည့် ငွေကြေးဖြင့်သော်လည်း ကောင်း ပေးချေနိုင်ကြသည်။

အများအားဖြင့် ကမ္ဘာ့ကုန်သွယ်မှုကို အမေရိကန်ဒေါ်လာဖြင့် တွက်ချက်လေ့ ရှိကြသော်လည်း အမှန်တကယ် ကုန်သွယ်မှုပြုရာ၌ ငွေကြေးအမျိုးမျိုးပါဝင်နိုင်သည်။ ဥပမာ ဂျပန်နိုင်ငံလုပ် ကက်ဆက်များကို တိုကျိုရှိ ပို့ကုန်ရောင်းချသူတစ်ဦးထံမှ ယန်းနှင့်ဝယ်ပြီး ပြင်သစ်၌ ပြင်သစ်ဖရန့်ဖြင့် ပြန်လည်ရောင်းချသည်။ အမေရိကန်နိုင်ငံဆီယက်တဲလ်၌ ပြင်သစ်ပုံစံ နေကာမျက်မှန်များကို အမေရိကန် ဒေါ်လာဖြင့် ရောင်းချမည်။ သို့မဟုတ် ပြင်သစ်ပို့ကုန်ရောင်းချသူထံမှ ပြင်သစ်ဖရန့်ပေး၍ ဝယ်မည်။ အလားတူပင် ဘရာဇီးကော်ဖီများ၊ အမေရိကန်ရုပ်ရှင်များ၊ ဂျာမန်မော်တော်ကားများသည် ကမ္ဘာအနှံ့ ဒင်းနစ်ကရိုနာနှင့် မလေးရှားရင်းဂျစ်အပါအဝင် ငွေအမျိုးပေါင်းများစွာ တို့ဖြင့် ရောင်းဝယ်နေကြသည်။

နိုင်ငံတစ်ခုအနေဖြင့် ကုန်စည်နှင့် ဝန်ဆောင်မှုများကို တင်သွင်း



http://www.cherrythitsar.org

သည်ဖြစ်စေ၊ တင်ပို့သည်ဖြစ်စေ ငွေသားများစီးဝင်ကြ၊ စီးထွက်ကြသည်။ တင်ပို့သည့် နိုင်ငံသို့ ငွေများ ပြန်ဝင်လာသည်။ တင်သွင်းသည့် နိုင်ငံ ပြင်ပသို့ ငွေများ စီးထွက်သွားကြသည်။ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုသည်မှာ နှစ်လမ်းသွားဖြစ်သည်။ တိုကျိုသို့ဝင်သွားသည့် ငွေကြေးများသည် ဖုန်တက်အောင် စောင့်ဆိုင်းနေလေ့မရှိ။ အခြားနိုင်ငံများ၌ ပြန်လည်မြှုပ်နှံရန်သော်လည်းကောင်း၊ အခြား ကုန်စည်နှင့် ဝန်ဆောင်မှုများ တင်သွင်းဝယ်ယူရန်သော်လည်းကောင်း အသုံးပြုကြသည်။

ကုန်သွယ်မှုအဟန့်အတားများ အနည်းငယ်သာရှိသည့်အခါ နိုင်ငံတကာ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုသည် လူတိုင်းကို ကြွယ်ဝချမ်းသာအောင်လုပ်ပေးလေ့လုပ်ပေးထရှိသည်။ အမှန်တကယ် အပြန်အလှန် ဆက်စပ်နေသည့် ကမ္ဘာ့စီးပွားရေး အဆောက်အအုံအတွင်း၌ စားသုံးသူများသည် အကောင်းဆုံးပစ္စည်းများကို အသက်သာဆုံးဈေးများဖြင့် ဝယ်ယူနိုင်ခွင့်ရကြသည်။ ဈေးကွက်များကို ဖွင့်ပေးခြင်းအားဖြင့် အစိုးရတစ်ခုသည် သူ၏နိုင်ငံသားများ အကောင်းဆုံးထုတ်လုပ်နိုင်သည့် ပစ္စည်းများကို တင်ပို့ကာ ကျန်သည့်ပစ္စည်းများကို ကမ္ဘာတစ်ဝန်းလုံးရှိ အကောင်းဆုံးထုတ်လုပ်နိုင်သည့်သူများထံမှ ရွေးချယ်တင်သွင်းနိုင်ခွင့် ရရှိစေသည်။

မတူညီသော နိုင်ငံနှစ်ခုတို့အနေဖြင့် မတူညီသော ဥပဒေများရှိနေသမျှ အချို့ကုန်သွယ်မှု အဟန့်အတားများသည် အမြဲတမ်းရှိနေတတ်သည်။ သို့သော် နိုင်ငံတစ်ခုက မိမိစီးပွားရေး အဆောက်အအုံကို အတုအယောင် ကုန်သွယ်မှုအဟန့်အတားများ စိုက်ထူပြီး ကာကွယ်စောင့်ရှောက်ရန် ဆုံးဖြတ်ခဲ့လျှင် လူတိုင်းကို ပျက်စီးစေသည်။ ကာကွယ်စောင့်ရှောက်ရန် ရည်ရွယ်ခြင်းခံရသူများပင်လျှင် ထိခိုက်တတ်သည်။



http://www.cherrythitsar.org

၁၉၃၀ပြည့်လွန်နှစ်များရှိ စီးပွားပျက်ကပ်ကို ဥပမာကြည့်ပါ။ ထိုစီးပွားပျက်ကပ်သည် ပြည်တွင်းရှိ ထုတ်လုပ်သူများအား ကာကွယ်စောင့်ရှောက်ရန်အတွက် ကုန်သွယ်မှု အဟန့်အတားများ ထားရှိရန် အမေရိကန်ပြည်ထောင်စုက ဆုံးဖြတ်လိုက်ခြင်းကြောင့် ကမ္ဘာအနှံ့ ပျံ့နှံ့သွားခြင်းဖြစ်သည်။ အခြားနိုင်ငံများကလည်း လက်တုံ့ပြန်ကြသဖြင့် ကုန်သွယ်ရေးများ ကျဆင်းသွားသည်။

☮

## ၅။ ကုန်သွယ်မှုအပိုအလျှံနှင့် ကုန်သွယ်မှုလိုငွေ ဆိုသည်မှာ

**What are trade surpluses and deficits ?**

အခြားစီးပွားရေးလုပ်ငန်းများလိုပင် နိုင်ငံတစ်ခုအနေဖြင့် ကုန်စည်များ၊ ဝန်ဆောင်မှုများနှင့် ငွေအဝင်အထွက်ကို အမြဲတမ်း မှတ်တမ်းထားရသည်။ အချိန်ကာလတစ်ခု ပြီးဆုံးသည့်အခါ နိုင်ငံတိုင်းသည် မိမိ၏ စီးပွားရေးအခြေအနေကို ကြည့်ရှုသုံးသပ် ရသလို နိုင်ငံတကာကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများကိုလည်း စာရင်းပိတ်ရသည်။

နိုင်ငံတစ်နိုင်ငံ၏ ကုန်သွယ်မှုအခြေအနေကို အကျဉ်းမြောင်းဆုံး တိုင်းတာနိုင်သည့် နည်းလမ်းတစ်ခုမှာ ကုန်စည်များ ကုန်သွယ်မှု လက်ကျန်ရှင်းတမ်းပင်ဖြစ်သည်။ ထိုလက်ကျန်ရှင်းတမ်း၌ မော်တော် ဆိုင်ကယ်များ၊ ဝိုင်အရက်များ ဗွီဒီယိုကက်ဆက်များကဲ့သို့ မြင်နိုင် သည့် ပစ္စည်းများကိုသာ မှတ်တမ်းတင်သည်။ မြင်နိုင်သည့် ကုန်စည်များ ရောင်းဝယ်မှုကို သတင်းစာများထဲ၌ ကုန်သွယ်မှု ရှင်းတမ်းဟု ဖော်ပြလေ့ရှိသည်။ ထိုရှင်းတမ်းထဲ၌ သင်္ဘောပေါ်၊ လေယာဉ်ပျံပေါ်၊ အခြားသယ်ယူပို့ဆောင်ရေးနည်းလမ်းများပေါ်သို့ အမှန်တကယ် တင်ဆောင်ပြီး နိုင်ငံတစ်ခုမှ အခြားနိုင်ငံတစ်ခုသို့



http://www.cherrythitsar.org

ရွှေ့လျားအောင်လုပ်သည့် မြင်နိုင်သည့် ပစ္စည်းများသာ ပါသည်။

သို့သော် ဟောလိဝုဒ်ဇာတ်ကားများ၊ ဂျပန်ဗွီဒီယိုကစားစရာများ ကဲ့သို့သော ဝန်ဆောင်မှုများနှင့် ပတ်သက်သည့် ကုန်သွယ်မှုကို မည်သို့လုပ်မည်နည်း။ သာမန်စာရင်းက နိုင်ငံတကာ ကုန်သွယ်မှု အခြေအနေကို ခြုံငုံမြင်နိုင်အောင်ပြသည်။ အဘယ်ကြောင့်ဆိုသော် ထိုစာရင်းထဲ၌ ဝန်ဆောင်မှုများနှင့်ပတ်သက်၍ နိုင်ငံတစ်နိုင်ငံ၏ ပို့ကုန်များ၊ သွင်းကုန်များလည်း ပါဝင်သည်။ မြင်သာသိသာသည့် ပစ္စည်းများ ရောင်းဝယ်မှုမျှသာ ပါဝင်သည်မဟုတ်ပေ။ နိုင်ငံအတော် များများအနေဖြင့် မမြင်ရသော ဘဏ်လုပ်ငန်းများ၊ ရုပ်ရှင်၊ ခရီးသွား လုပ်ငန်းကဲ့သို့သော ဝန်ဆောင်မှုများကို တင်ပို့ရာမှ ငွေကြေးအများ အပြားရရှိကြသည်။ ဥပမာ ပြည်ပရောက် ကမ္ဘာလှည့်ခရီးသည် တစ်ယောက်သည် သွင်းကုန်ပစ္စည်းများကို ပြည်တွင်းရှိ စားသုံးသူ တစ်ယောက်က ဝယ်ယူသကဲ့သို့ပင် ပြည်ပရောက် ကမ္ဘာလှည့် ခရီးသည် တစ်ယောက်သည်လည်း ဟိုတယ်နှင့် စားသောက်ဆိုင် ဝန်ဆောင်မှုများကို ဝယ်ယူသည်။

သာမန်စာရင်းကိုကြည့်ခြင်းအားဖြင့် မည်သည့်နိုင်ငံသည် အကျိုးအမြတ်ထွက်သော ကုန်သည်များ ဖြစ်နေသည်ကို ပြောနိုင် သည်။ အချို့နိုင်ငံများက ပိုငွေပြပြီး နှစ်စဉ် စာရင်းပိတ်လျှင် ဘဏ်ထဲ၌ ငွေများရှိနေတတ်သည်။ အချို့နိုင်ငံများက သူရသည့် ငွေထက်ပို၍ သုံးသဖြင့် အကျိုးအမြတ်မရှိသည့် ကုန်သည်များ ဖြစ်နေတတ်သည်။ နိုင်ငံတစ်နိုင်ငံအနေဖြင့် သာမန်စာရင်းတွင် နှစ်ပေါင်းများစွာကြာရှည်လိုငွေပြမနေနိုင်ပေ။ နိုင်ငံတကာဈေးကွက်၌ မိမိ၏ ငွေကြေးကို အထောက်အကူဖြစ်စေမည့် ဆောင်ရွက်ခြင်းပြုရန် ဖိအားပေး ခံရတတ်သည်။ ၁၉၉၀ ပြည့်လွန် နှစ်များ၌ အမေရိကန် ဒေါ်လာဈေးကျခြင်းမှာအမေရိကန်ပြည်ထောင်စုအနေဖြင့် ကုန်သွယ်မှု



http://www.cherrythitsar.org

ရှမ်းတမ်းတွင် တစ်ချိန်လုံး ကြီးမားသည့် လိုငွေပြနေခြင်းကြောင့် ဖြစ်သည်။

ကုန်သွယ်မှုလိုငွေများ၊ ပိုငွေများ ဖြစ်ပေါ်ရာ၌ ခြားနားချက်ကို စာရင်းရှင်းရသည်။ ဥပမာ ပိုငွေပြသည့် နိုင်ငံတစ်ခုသည် ပိုငွေကို ပြည်ပ၌ ရင်းနှီးမြှုပ်နှံကောင်း မြှုပ်နှံနိုင်သည်။ သို့မဟုတ် ပြည်တွင်း၌ အရန်နိုင်ငံခြားငွေများအနေဖြင့် မြှုပ်နှံလျှင် မြှုပ်နှံနိုင်သည်။ အခြားတစ်ဖက်၌ သာမန်စာရင်း လိုငွေပြသည့် နိုင်ငံတစ်ခုအနေဖြင့် ပြည်ပကချေးငွေများကိုသော်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံမှုများကိုသော်လည်းကောင်း ရှာဖွေရမည်။ သို့မဟုတ် ပိုလျှံတင်သွင်းလာသည့် သွင်းကုန်များအတွက် သီးသန့်ရန်ပုံငွေမှ ထုတ်နုတ်ယူ၍ သော်လည်း ပေးရမည်။ ထိုပေးငွေများ၊ ရန်ပုံငွေလွှဲပြောင်းမှုများ အားလုံးသည် နိုင်ငံတစ်ခု၏ ငွေလုံးငွေရင်းစာရင်းထဲတွင် ပါဝင်သည်။

နိုင်ငံတစ်ခု၏ ကုန်သွယ်မှုကို အကျယ်ပြန့်ဆုံးတိုင်းတာသည့် နည်းမှာ ပြည်ပငွေပေးငွေယူရှင်းတမ်းဟု ခေါ်သည်။ ထိုငွေပေးငွေယူ ရှင်းတမ်း၌ ပြည်ပသို့ပေးသည့် ငွေကြေးကိစ္စများသာ မဟုတ်။ ကုန်စည်များ၊ ဝန်ဆောင်မှုများ၊ နိုင်ငံတကာ နယ်နိမိတ်များကို ကျော်ဖြတ်သွားသည့် ရန်ပုံငွေ လွှဲပြောင်းမှုများ အားလုံးပါဝင်သည်။ ပြည်ပငွေပေးငွေယူရှင်းတမ်း၌ သာမန်စာရင်းနှင့် ငွေလုံးငွေရင်း စာရင်းအားလုံးအကျုံးဝင်သည်။ နိုင်ငံတိုင်း နိုင်ငံတိုင်း၏ ကုန်စည်နှင့် ဝန်ဆောင်မှုအားလုံးကို စာရင်းကာလတစ်ခု၌ အားလုံးပေါင်းလိုက်လျှင် နိုင်ငံတကာ ငွေပြောင်းငွေလွှဲများတစ်ခုနှင့်တစ်ခု ကျေသွားကြသဖြင့် နောက်ဆုံး၌ ပြည်ပငွေပေးငွေယူ ရှင်းတမ်းကို ပိတ်လိုက်လျှင် လက်ကျန်သည် သုညဖြစ်နေမည်။ ငှက်ပျောသီးတိုင်း၊ မော်တော်ကားတိုင်း၊ ရင်းနှီးမြှုပ်နှံမှုတိုင်း နိုင်ငံများ၏ နယ်နိမိတ်ကို ဖြတ်သည့်



http://www.cherrythitsar.org

ပေးချေမှုများ အားလုံးသည် နိုင်ငံတကာ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု အဆုံးပိတ်စာရင်းသို့မဟုတ် ငွေပေးငွေယူရှင်းတမ်း၌ အားလုံး အကျုံးဝင်သွားကြသည်။

❂

## ၆။ ပြည်ပပိုင်ဆိုင်မှုတစ်ခုက နိုင်ငံတစ်ခု၏ စီးပွားရေးအပေါ် အကျိုးသက်ရောက်ပုံ

**How does foreign ownership affect a country's economy**

ပြောသည်ထက် ပိုဆိုးသည့်ကိစ္စတစ်ခုမှာ ထိုအကြောင်းကို မပြောဘဲနေခြင်းဖြစ်သည်ဟု မကြာခဏ ပြောလေ့ရှိကြသည်။ လွတ်လပ်သည့် စီးပွားရေးစနစ်ကို ကျင့်သုံးသည့် နိုင်ငံများသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုထက်ပို၍ ဆိုးသည့် တစ်ခုတည်းသောအရာမှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုံးဝမရှိခြင်းပင် ဖြစ်သည်ဟု ညည်းတွား ပြောဆိုလေ့ရှိကြသည်။

အမေရိကန်များက ဂျပန်အား အမေရိကန်မြေကွက် တော်တော်များများ ဂျပန်တို့၏ လက်ထဲရောက်ရှိသွားသဖြင့် "အမေရိကားကို ဝယ်နေပြီဟု ဝေဖန်သည့်အခါ၌လည်းကောင်း၊ ပြင်သစ်များက အမေရိကန်များအား ပြင်သစ်ကုမ္ပဏီများနှင့် ဥရောပဒစ္စနီလဲင်း(ဒ်)တို့ အမေရိကန်ထိန်းချုပ်မှုအောက်သို့ ရောက်သွားသဖြင့် ပြင်သစ်ကို ဝယ်နေပြီ"ဟု ဝေဖန်သည့်အခါ၌လည်းကောင်း နိုင်ငံတကာ ကုန်သွယ်မှုနှင့်ပတ်သက်၍ အခြေခံကျသည့် အစိတ်အပိုင်းတစ်ခု ကိုမေ့လျော့ပြောဆိုနေခြင်းဖြစ်သည်။ ပြည်ပ၌ ရင်းနှီးမြှုပ်နှံမှုရှိရန် လိုသည်ကို သူတို့ မေ့နေကြသည်။

အခြေခံကျကျ ပြောရလျှင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများသည်



http://www.cherrythitsar.org

ကုန်သွယ်မှု ပိုငွေများကြောင့် ပေါ်ပေါက်လာခြင်း ဖြစ်သည်။ အလုပ်ကြိုးစားသည့် နိုင်ငံတစ်ခုက တင်သွင်းသည်ထက် ပို၍ ပို့သည့်အခါ နိုင်ငံတကာ စီးပွါးရေးအဆောက်အအုံ၌ ရင်းနှီးမြှုပ်နှံစရာ ငွေကြေး အပိုအလျှံများရလာသည်။ ထိုငွေကြေးကို နိုင်ငံခြားအစိုးရများက ငွေချေးစာချုပ်များကိုဝယ်ရန်မှအစ၊ မြေဝယ်ရန်အလယ်၊ ကုမ္ပဏီတစ်ခုလုံးဝယ်ရန်အပါအဝင် အားလုံးအသုံးပြုနိုင်သည်။ ဥပမာ အမေရိကန်ပြည်ထောင်စုသည် ကုန်သွယ်မှုပိုငွေပြသည့်အချိန်က ပြည်ပ၌ ရင်းနှီးမြှုပ်နှံခဲ့သည့် ရှည်လျားသော သမိုင်းကြောင်းရှိသည်။ သို့သော် ၁၉၈၀ ပြည့်လွန်နှစ်များ၌ အမေရိကန်ပြည်ထောင်စုသည် ကုန်သွယ်မှုလိုငွေ ပြသည့်အခါ အမေရိကန်များက နိုင်ငံခြားကုန်ပစ္စည်းများအပေါ် သုံးစွဲသည့်ဒေါ်လာပေါင်း သန်းပေါင်းထောင်ပေါင်းများစွာတို့သည် အမေရိကန်ပြည်ထောင်စုအတွင်းသို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ အသွင်ဖြင့် ပြန်လည်ဝင်လာကြသည်။ ထိုရင်းနှီးမြှုပ်နှံမှုများကို လက်ခံရသဖြင့် ဝေဖန်မှုများရှိသော်လည်း ၎င်းတို့သည် အမေရိကန်စီးပွားရေးအဆောက်အအုံကို ဆက်လက်လည်ပတ်စေရန်နှင့် ဒေသန္တရလုပ်သားများအတွက် အလုပ်အကိုင်သစ်များ ဖန်တီးရန် အထောက်အကူဖြစ်သည်။

မဟာဗျူဟာကျသည့် စက်မှုလုပ်ငန်းများ နိုင်ငံခြားသားများ၏ လက်ထဲသို့ ကျရောက်မည်ကို သဘာဝကျကျ စိုးရိမ်တတ်ကြသဖြင့် အမေရိကန်ပြည်ထောင်စုအပါအဝင် နိုင်ငံအတော်များများတို့သည် အခြေခံကျသည့် စက်မှုလုပ်ငန်းများ၊ကာကွယ်ရေး ဆိုင်ရာလုပ်ငန်းများကို နိုင်ငံခြားသားများ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်သတ်တားဆီးထားသည့် ဥပဒေများရှိသည်။ စီးပွားရေးအဆောက်အအုံ၏ အခြားစီးပွားရေးကဏ္ဍများ၌ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ကန့်သတ်တားဆီးခြင်းမလုပ်ဘဲ အချို့နေရာ၌သာ ဆောင်ရွက်ခြင်း



http://www.cherrythitsar.org

ဖြစ်သည်။

ကုန်သွယ်မှုလိုငွေပြနေသည့် နိုင်ငံများအနေဖြင့်လည်း မိမိတို့၏ စက်မှုလုပ်ငန်းများကို ပိုမိုအရည်အသွေးမြင့်မားအောင်၊ နိုင်ငံတကာ ဈေးကွက်ထဲတွင် ပို၍ ပြိုင်ဆိုင်နိုင်အောင် ကြိုးစားခြင်းဖြင့် ပြည်ပ စိန်ခေါ်မှုများမှ အကျိုးများနိုင်သည်။ ၁၉၉၀ပြည့်လွန်နှစ်များ၌ အမေရိကန်ကားထုတ်လုပ်သူများသည် ပြည်ပ၌ အရောင်းတိုးအောင် ဆောင်ရွက်နိုင်ခဲ့သည်။ အမေရိကန်ဈေးကွက်အတွင်းသို့ ဂျပန် ကုမ္ပဏီများ ထိုးဖောက်ဝင်ရောက်လာသဖြင့် သူတို့အနေဖြင့် အရည် အသွေးမြင့် ကားများကို ဈေးသက်သက်သာသာဖြင့် မထုတ်လုပ်ဘဲ မနေရသည့် အဆင့်သို့ ရောက်သွားအောင် ဖိအားပေးခံခဲ့ရသည်။ ရေရှည်၌ ပြိုင်ဆိုင်မှုသည် လူတိုင်း အလုပ်ကိုပို၍ ကောင်းကောင်း လုပ်ရန် တွန်းအားပေးသည်။ နိုင်ငံတစ်ခုအနေဖြင့် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုကို ကန့်သတ်တားဆီးမည်ဆိုလျှင် အခြားပိုမိုပွင့်လင်း သည့် စီးပွားရေးအဆောက်အအုံများ နိုင်ငံများသို့ အရင်းအနှီးများနှင့် အလုပ်အကိုင်များ ရောက်ရှိလာကြမည် ဖြစ်သည်။

✇

## ၇။ ငွေကြေး ဆိုသည်မှာ

**What is money ?**

အများလက်ခံထားသည့် အယူအဆနှင့် ဆန့်ကျင်ပြီး ငွေကြေး ဆိုသည်မှာ ကမ္ဘာကြီးကို လည်ပတ်စေသည့်အရာမဟုတ်။ ကမ္ဘာ့ စီးပွားရေးအဆောက်အအုံကိုလည်ပတ်စေသည်မှာ ကုန်စည်နှင့် ဝန်ဆောင်မှုတို့၏ ကုန်သွယ်မှုပင်ဖြစ်သည်။ သို့သော် ငွေကြေး မရှိဘဲ ကုန်သွယ်မှုလုပ်ရန်အတွက် အလွန်ခက်ခဲပေလိမ့်မည်။

ပြင်သစ်သို့ စတော်ဘယ်ရီသီးများ ပို့သည်ဟု စဉ်းစားကြည့်ပါ။

စတော်ဘယ်ရီသီးများ ရောက်လာမှ ဒိန်ခဲများ ပြန်ပို့မည်လား။ သို့မဟုတ် တစ်နှစ်မှာ စတော်ဘယ်ရီသီးများ အများအပြားရနေသဖြင့် နောက်ကျမှ ပို့ရန် သိမ်းထားမည်လား။ စတော်ဘယ်ရီသီး မည်မျှနှင့် ဒိန်ခဲမည်မျှ ညီမျှသနည်း။

ထိုပြဿနာများကို တန်ဖိုးကို ကိုယ်စားပြုသည့်အရာတစ်ခုကို အသုံးပြုခြင်းအားဖြင့် ဖြေရှင်းနိုင်သည်။ "မတ်"ဟု ခေါ်ခေါ်၊ "ဒေါ်လာ"ဟုခေါ်ခေါ်၊ "ပေါင်စတာလင်"ဟုခေါ်ခေါ် နာမည်က အရေးမကြီးပါ။ ထိုသတ္တုအပိုင်းအစများ၊ စက္ကူများသည် ကုန်သွယ်မှုကို အထောက်အကူပြုရန် နည်းလမ်းသုံးမျိုးဖြင့် ဆောင်ရွက်နိုင်သည်။ သူတို့သည် ဖလှယ်ရေး ကြားခံကိရိယာအဖြစ် ဆောင်ရွက်နိုင်ကြသည်။ ဒိန်ခဲဖြင့်မလဲဘဲ စတော်ဘယ်ရီသီးကို ငွေကြေးဖြင့် ရောင်းနိုင်သည်။ စတော်ဘယ်ရီသီးများနှင့်မတူဘဲ ငွေကြေးသည် ပုပ်သိုးခြင်းမရှိသဖြင့် တစ်နှစ်မှ နောက်တစ်နှစ်အထိ တန်ဖိုးများကို သိုလှောင်ထိန်းသိမ်းထားနိုင်သည်။ ထို့အပြင် သူတို့သည် စာရင်းရှင်းလင်းရေး အတွက်လည်း အသုံးဝင်သည်။ စတော်ဘယ်ရီသီးများသည် မည်မျှတန်သည်ဟု တစ်ကမ္ဘာလုံးက နားလည်အောင် တန်ဖိုးကို တွက်ဆပြောပြနိုင်သည်။

အခွံများ၊ပုတီးစေ့များကဲ့သို့ အစောပိုင်းက ငွေကြေးအဖြစ်အသုံးပြုသော အရာများသည်လည်း ယနေ့ခေတ် ငွေစက္ကူများ၊အကြွေးဝယ်ကတ်ပြားများ၊ အီလက်ထရောနစ်နည်းဖြင့် ငွေကြေးလှည့်ပြောင်းမှုများကဲ့သို့ပင် အလားတူတာဝန်များကို ထမ်းဆောင်ခဲ့ကြသည်။ ငွေကြေးကြောင့် ကုန်သွယ်ရေးကိုလည်း ပိုင်ပိုင်နိုင်နိုင်စီမံခန့်ခွဲနိုင်ကြသည်။ ပစ္စည်းတစ်ခုကို ငွေကြေးဖြင့် ရောင်းချသည့်အခါ ရရှိလာသည့် ငွေကြေးများဖြင့် အခြားပစ္စည်းများကို ဝယ်ယူရန် အသုံးပြုနိုင်သည်။ ဖလှယ်ရေးကိရိယာအဖြစ် အသုံးပြုခြင်းအားဖြင့် ကမ္ဘာ့စီးပွားရေး



http://www.cherrythitsar.org

အဆောက်အအုံကြီးကို ဖြစ်ပေါ်စေသည်။ ကုန်စည်နှင့် ဝန်ဆောင်မှု အပေးအယူများ အားလုံးအတွက် ငွေကြေးသည် အောင်သွယ်သဖွယ် ဆောင်ရွက်သည်။ ကြားလူအဖြစ် ဆောင်ရွက်သည်။

တန်ဖိုးကို ထိန်းသိမ်းရန် ငွေကြေးကို အသုံးပြုခြင်းအားဖြင့် ထုတ်လုပ်သူတစ်ယောက်သည် ဂိုထောင်အပြည့် ပုပ်သိုးစရာကုန်စည် များ ထားရန်မလိုပေ။ ပစ္စည်းတစ်ခုကို ငွေကြေးဖြင့် ရောင်းချ လိုက်ပြီးနောက် အခြားကုန်စည်နှင့် ဝန်ဆောင်မှုများကို အကောင်းဆုံးအချိန်၌ စောင့်ဆိုင်း ဝယ်ယူနိုင်သည်။ ဤကာလ အတောအတွင်း ငွေကြေးကို ဖျာအောက်ထားလျှင်လည်း ထားနိုင် သည်။ အတိုးရရန်အတွက် ရင်းနှီးမြှုပ်နှံမည်ဆိုလျှင်လည်း မြှုပ်နှံ နိုင်သည်။ ဤနည်းအားဖြင့် သိမ်းဆည်းထားသော ငွေကြေးသည် ငွေဖောင်းပွမှုနှုန်းကို အမီလိုက်ကောင်းလိုက်မည်။ ငွေဖောင်းပွမှုနှုန်း ထက် ကျော်လွန်၍ပင် သွားကောင်းသွားမည်။

နောက်ဆုံး၌ စာရင်းတွက်ဆရန်အတွက် ငွေကြေးကို အသုံး ပြုခြင်းအားဖြင့် ဘုံတိုင်းတာစရာတစ်ခုကို အသုံးပြုကာ ကုန်စည်နှင့် ဝန်ဆောင်များကို တန်ဖိုးတွက်နိုင်သည်။ ငွေကြေးက စတော်ဘယ်ရီ များ၊ ဒိန်ခဲများ၏ တန်ဖိုးကိုသာ ပြောသည်မဟုတ်။ လေယာဉ် လက်မှတ်တစ်စောင်ဝယ်ရန် ကားဘီးမည်မျှ လိုမည်ကိုသော် လည်းကောင်း၊ ဆံပင်ညှပ်ရန်အတွက် ဟမ်ဘာဂါမည်မျှ လိုမည်ကို သော်လည်းကောင်း ပြောပြနိုင်သည်။ ငွေကြေးက ကုန်စည်နှင့် ဝန်ဆောင်မှုများ အားလုံးကို စံသတ်မှတ်ထားသည့် ယူနစ်ဖြင့် တိုင်းတာ ဖော်ပြနိုင်သဖြင့် ကမ္ဘာအနှံ့ကုန်သွယ်ရေးကို အတိုင်းအတာ မရှိ လွယ်ကူသွားစေသည်။



http://www.cherrythitsar.org

## ၈။ ကမ္ဘာတွင် အဓိကသုံးနေသည့် ငွေကြေးများ

**What are the world's major currencies?**

ကမ္ဘာတွင် အသုံးပြုနေသည့် အဓိက စီးပွါးရေးအဆောက်အအုံများ၏ ငွေကြေးများသည် နိုင်ငံများ၏ အမျိုးအမည်များကွဲပြားသကဲ့သို့ပင် အမည်များ နောက်ခံသမိုင်းကြောင်းများလည်းကွဲပြားသည်။

အမေရိကန်ပြည်ထောင်စု၊ကနေဒါနှင့်သြစတြေးလျတို့အပါအဝင်နိုင်ငံအတော်များများ၌ သုံးနေကြသည့် ဒေါ်လာဟူသောစကားသည်အလယ်ခေတ်ကဘိုဟီးမီးယား(Bohemia)ဘာသာဖြင့် ဂျိုချင်မ်သယ်လ်(Joachimsthal)သို့မဟုတ် သယ်လ်(Thal)ဟုခေါ်သည့် တောင်ကြားငယ်တစ်ခု၌ သွန်းလုပ်သော ငွေဒင်္ဂါးများမှ ပေါ်ထွက်လာခြင်းဖြစ်သည်။ ဖရန့်(ခ်)ဖတ် (Frankfurt)၌ ပြုလုပ်သည့် ဝက်အူချောင်းတစ်ခုကိုဖရန့်(ခ်)ဖတ်တာ(Frankfurter)ဟုခေါ်သလိုဂျိုချင်မ်သယ်လ်မှထုတ်လုပ်သည့်ဒင်္ဂါးများကို ဂျိုချင်မ်သယ်လား(Joachimsthaler)ဟုခေါ်သည်။ လွယ်လွယ်ကူကူ သယ်လ်လာ (Thaler)ဟုခေါ်ရာမှအင်္ဂလိပ်ဘာသာဖြင့် ဒေါ်လာ(Dollar) ဟု ခေါ်လာကြခြင်းဖြစ်သည်။

ဗြိတိန်၊ အီဂျစ်နှင့် ဘက်ဘနွန်နိုင်ငံတို့အပါအဝင် အခြားနိုင်ငံများ၌ အသုံးပြုသည့် "ပေါင်"ဟူသောစကားသည် ငွေဒင်္ဂါးများကိုသွန်းလုပ်ရာ၌ အသုံးပြုသည့် အလေးချိန်ကိုရည်ညွှန်းသည်။ မူလက ငွေ ၁၂အောင်စရှိ ရောမတစ်ပေါင်ကိုခေါ်ရာမှ ပေါ်ထွက်လာခြင်းဖြစ်သည်။ ပဲနိ (Penny)ဆိုသည့်စကားသည်လည်း(Pawn)ဆိုသည့်စကားနှင့် ရင်းမြစ်တူသည်။ အပေါင်ဆိုင် (Pawn Shop) ဆိုသည့်စကားနှင့် အရင်းမြစ်တူသည်။ မူလအဓိပ္ပာယ်မှာ "ကတိစကား"ဟုအဓိပ္ပာယ်ရသည်။ ငွေကြေးတစ်ခုလိုပင် ပဲနိတစ်စေ့သည် တန်ဖိုးရှိသည်ဟု "ကတိ"ပြုထားကြခြင်းဖြစ်သည်။

အီတလီနှင့် တူရကီနိုင်ငံတို့၌ ငွေကြေးကို လီရာ (Lira) ဟုခေါ်သည်။ထိုစကားမှာ လက်တင်စကား လစ်ဘရာ (Ligra) မှ ဆင်းသက်လာခြင်းဖြစ်ပြီး ပေါင် (Pound) ဟုအဓိပ္ပာယ်ရသည်။ မူလငွေဒင်္ဂါးများ၏ အလေးချိန်ကိုပင် ရည်ညွှန်းသည်။

စပိန်ဘာသာ၌ "အလေးချိန်"ဟု အဓိပ္ပာယ်ထွက်သည့် ပီဆို (Peso)ဟူသော အသုံးအနှုန်းကို ရွှေသို့မဟုတ်ငွေတို့၏ အလေးချိန်တစ်စုံတစ်ခုအပေါ်၌ အခြေခံကာ သွန်းလုပ်သည့် ဒင်္ဂါးများကို ဖော်ပြရန်အတွက် အသုံးပြုခြင်းဖြစ်သည်။ ရွှေဒင်္ဂါးများကို ပီဆိုဒီအိုရို (Peso de oro)ဟုခေါ်ပြီး ငွေဒင်္ဂါးများကို ပီဆိုဒီပလာတာ (Peso de Plata)ဟု ခေါ်သည်။ စပိန်ဘာသာဖြင့် ငွေကြေးကို ပီဆီတာ (Peseta)ဟုခေါ်သည်။ အဓိပ္ပာယ်မှာ"ပီဆိုလေး"ဟုအဓိပ္ပာယ်ရသည်။ လက်တင်အမေရိကတိုက်ရှိ စပိန်ဘာသာနိုင်ငံအတော်များများ၌ ငွေကြေးကို ဖော်ပြရန်အတွက် "ပီဆို"ဟူသော ဝေါဟာရကို အသုံးပြုသည်။

ဒိန်းမတ်၊နော်ဝေနှင့် ဆွီဒင်နိုင်ငံများ၌ ဒိန်းမတ်နှင့်နော်ဝေတို့တွင် ကရုန်း(Krone)ဟုခေါ်ပြီး ဆွီဒင်ဘာသာဖြင့် ကရိုနာ(Krona)ဟု ခေါ်သည့် ဝေါဟာရသည်"သရဖူ"ကို ရည်ညွှန်းသည့် ဝေါဟာရဖြစ်သည်။ မူလက ထုတ်ဝေသည့် ဒင်္ဂါးများပေါ်၌ သရဖူများ ရိုက်နှိပ်ထားပြီး ရှင်ဘုရင်များ သို့မဟုတ်မိဖုရားများက သွန်းလုပ်သည့် ငွေကြေးဖြစ်ကြောင်း ဖော်ပြရန် အသုံးပြုသည်။ ယနေ့အခါ၌ သရဖူများကို အခြားသင်္ကေတများဖြင့် အစားထိုးခဲ့သော်လည်း အမည်မှာ ကျန်ရစ်ဆဲ ဖြစ်သည်။

ပြင်သစ်၊ ဆွစ်ဇာလန်၊ ဘယ်လ်ဂျီယန်နှင့် အခြားနိုင်ငံများတွင် အသုံးပြုသည့် ဖရန့်ဟူသောစကားသည် စောစောပိုင်းတွင် ပြင်သစ်၌ သွန်းလုပ်ပြီးလက်တင်ဘာသာဖြင့် Rranconium fex ဟုရေးထား



http://www.cherrythitsar.org

သည့်ဒင်္ဂါးများပေါ်၌ အခြေခံသည်။ Franconium rex ဟူသည့် စကားမှာ "ဖရန့်များ၏ဘုရင်"ဟု အဓိပ္ပာယ်ရသည်။ ပြင်သစ်နိုင်ငံ၏ အမည်ကဲ့သို့ပင် ထိုဒေသ၌ မူလက အခြေချနေထိုင်ခဲ့ကြသည့် လူမျိုးနွယ်စုများထဲမှတစ်ခုဖြစ်သော ဖရန့်ခ်(Frank)ဟူသောအမည်ကို အစွဲပြု၍ ငွေဒင်္ဂါးကိုလည်း ဖရန့် (Frank)ဟုခေါ်ခြင်းဖြစ်သည်။

ဂျာမန်မတ်ခ်(Matk)နှင့် ဖင်းနစ်ရှ်မတ်ကာ (Matkka) တို့သည်လည်းငွေဒင်္ဂါးများ၌ ရေးခြစ်ထားသည့် အမှတ်အသားငယ်များမှ ပေါ်ထွက်လာခြင်းဖြစ်သည်။ ထိုအမှတ်အသားငယ်များက တန်ဖိုးရှိသည့် သတ္တုမည်မျှပါဝင်သည်ကိုညွှန်ပြသည်။ ဂျာမန်မတ်သို့မဟုတ် ဒွိုက်ချ်မတ် (Deutsche mark) ကို နာမည်အတိုကောက်ဖြင့် ဒီ–မတ်(D-mark)ဟု ခေါ်လေ့ရှိသည်။

ဆော်ဒီအာရေဗီးယားနှင့် ကွာတာနိုင်ငံများ၌ riualဟုခေါ်ပြီး အီရန်၌ railဟုခေါ်သော ဝေါဟာရများသည် စပိန်ဘာသာစကား real မှ အခြေခံသည်။ ထိုစပိန်ဘာသာစကား realသည် လက်တင်ဘာသာစကား regalis မှဆင်းသက်လာခြင်းဖြစ်သည်။ စောစောပိုင်းက ထုတ်ဝေခဲ့သည့် "တော်ဝင်"ဒင်္ဂါးများကို ရည်ညွှန်းသည်။

အခြားနိုင်ငံများလိုပင် အီရန်နှင့် ကူဝိတ်၌ အသုံးပြုသည့် ဒိုင်နာ (Dinar) ဆိုသည့်စကားသည် ရောမဒင်္ဂါးဒီနာရီယက်စ် (Denarius) မှ ဆင်းသက်လာခြင်းဖြစ်သည်။

အိန္ဒိယ၊ပါကစ္စတန်နှင့် အခြားအိမ်နီးချင်းနိုင်ငံများ၌ ငွေကြေးကို ရူပီး (rupee) ဟုခေါ်သည်။ အင်ဒိုနီးရှား၌ ရူပီယား (rupiah) ဟုခေါ်သည်။ ထိုဝေါဟာရများသည်လည်း"ဒင်္ဂါးသွန်းထားသောငွေ"ဟု အဓိပ္ပာယ်ထွက်သည့် Sanskritဝေါဟာရrupyaအပေါ်အခြေခံသည်။

ရှေးဟောင်းတရုတ်ဘာသာစကား၌ ယီယန်(Yiam)ဟူသည့် ဝေါဟာရသည် လုံးဝိုင်းသော သို့မဟုတ် ငယ်ဝိုင်းသောအရာတစ်ခုဟု



http://www.cherrythitsar.org

အဓိပ္ပာယ်ရသည်။ ဂျပန်ငွေကြေး၏အမည် ယန်း(Yen) နှင့် တရုတ်ငွေကြေး၏အမည် ယွမ်(Yuan) နှစ်ခုစလုံးတို့သည် ရှေးဟောင်းတရုတ်ဘာသာစကား ယီယန်မှ ဆင်းသက်လာပြီး မူလက ထုတ်ဝေသည့် ငွေဒင်္ဂါးများ၏ လုံးဝိုင်းသည့် ပုံသဏ္ဍာန်ကို ရည်ညွှန်းသည်။

❀

## ၉။ နှုန်းရှင်ရွှေ ငွေကြေးများဆိုသည်မှာ

**What are freely - floating currencies ?**

အယူအဆလွဲမှားသည့် ကပ်စီးနဲသူအချို့မှအပ မည်သူကမျှ ငွေကို ရအောင်ရှာဖွေပြီး သေမည့်အချိန်မှ ခွဲမည်ဆိုပြီး ပွေ့ဖက်ထားတတ်ချင်ကြသည်မဟုတ်ပေ။ ငွေကြေးများကို ကုန်စည်နှင့် ဝန်ဆောင်မှုများ ပြည်တွင်း၌ လည်းကောင်း၊ ပြည်ပ၌လည်းကောင်း ဝယ်ယူရန်အတွက် အသုံးပြုကြပြီး သူတို့၏ တန်ဖိုးကို နည်းမျိုးစုံဖြင့် သတ်မှတ်ပြဋ္ဌာန်းခြင်းခံရသည်။

အများအားဖြင့် နိုင်ငံတစ်ခုရှိ ငွေကြေးတန်ဖိုးကို အစိုးရများက ပုံသေသတ်မှတ်ကြသည်။ သို့မဟုတ် အခြားတန်ဖိုးတစ်ခုခုနှင့် ချိတ်ဆက်ထားတတ်ကြသည်။ ဥပမာ အမေရိကန်ပြည်ထောင်စု၌ ၁၉၇၁ခုနှစ်အထိ နိုင်ငံခြားသားများ ကိုင်ဆောင်ထားကြသည့် ဒေါ်လာများသည် ရွှေဖြင့် လဲလှယ်နိုင်ကြသည်။ ဤသို့ လဲလှယ်နိုင်သည့်စနစ်ကို ရွှေစံချိန်စနစ် (Gold Stardand) ဟုခေါ်သည်။ ရွှေစံချိန်စနစ်၏ အဓိပ္ပာယ်မှာ ငွေကြေးတစ်ခု၌ နိုင်ငံရှိ ဘဏ္ဍာတိုက်အတွင်း ရွှေပမာဏပေါ် မူတည်၍ သတ်မှတ်ထားသည့် ပုံသေတန်ဖိုးတစ်ခု အမြဲတမ်းရှိကြောင်း အာမခံထားခြင်းဖြစ်သည်။ ယခု ထိုသို့မဟုတ်တော့ပေ။

နိုင်ငံအတော်များများအနေဖြင့် ၁၉၃၀ပြည့်လွန်နှစ်များကပင်



http://www.cherrythitsar.org

ရွှေစံချိန်စနစ်ကို ဖျက်သိမ်းခဲ့ကြပြီး ဖြစ်သည်။ သီးသန့်ရွှေသားများ မလုံလောက်ခြင်းကြောင့် ပုံသေနိုင်ငံခြားငွေဖလှယ်နှုန်းစနစ်တစ်ခုကို အစိုးရများအနေဖြင့် ပြောင်းလဲကျင့်သုံးကြရသည်။ ထိုစနစ်အရ အစိုးရများက ၎င်းတို့၏ ငွေကြေးမည်မျှတန်သည်ကို မိမိဘာသာ မိမိဆုံးဖြတ်ကြရသည်။ ဥပမာ– ဗြိတိသျှအစိုးရအနေဖြင့် ဗြိတိသျှ ပေါင်စတာလင်တစ်ပေါင်လျှင် အမေရိကန် ၂ ဒသမ ၄ ဒေါ်လာ တန်သည်ဟု ဆုံးဖြတ်သတ်မှတ်ခဲ့ကြသည်။

ဤအတုအယောင် ပုံသေနှုန်းသတ်မှတ်သည့် စနစ်ကြောင့် လွတ်လပ်သည့် ငွေကြေးဈေးကွက်တန်ဖိုးများပေါ်ပေါက်လာရသည်။ ၁၉၇၃ ခုနှစ်၌ စမစ်ဆိုနီယန်ပုံသေ ငွေကြေးဖလှယ်နှုန်း သဘော တူညီချက် ပျက်စီးသွားခဲ့သည်။ ကမ္ဘာ့အဓိကရ ငွေကြေးများသည် နိုင်ငံတကာဈေးကွက်များ၌ လွတ်လွတ်လပ်လပ်နှုန်းရှင် မျှောခွင့်ပြု ခဲ့သည်။

ထို့ကြောင့် ဗြိတိသျှ ပေါင်တစ်ပေါင်သည် တစ်လ၌ နှစ်ဒေါ်လာ နှင့်ညီမျှပြီး နောက်တစ်လ၌ ၁ဒသမ ၅ဒေါ်လာနှင့် ညီမျှနိုင်သည်။ ကမ္ဘာ့နိုင်ငံခြားငွေဈေးကွက်က ဆုံးဖြတ်သည့်အပေါ် မူတည်၍ အတက်အကျ ဖြစ်နေနိုင်သည်။ ပြဇာတ်လက်မှတ် တစ်စောင် ကဲ့သို့ပင် လက်မှတ်ကုန်သွားသည့်ညများ၌ ဝယ်လိုအားများ တိုးပွားနေသည့်အခါ နှုန်းရှင်မျှောထားသည့် ငွေကြေးတစ်ခု၏ ဈေးနှုန်းများသည် ထိုးတက်သွားကြသည်။

မြင်ရန် ခက်သော်လည်း ငွေကြေးများသည် ပန်းသီးများ ရေနံစိမ်းများကဲ့သို့ပင် ရှားပါးသည့် ကုန်ပစ္စည်းများဖြစ်သည်။ ၎င်းတို့၏ ဈေးနှုန်းကို ရောင်းလိုအားနှင့်ဝယ်လိုအားတို့က ဆုံးဖြတ် သည်။ ရောင်းလိုအားသည် အစိုးရအား၊ ဗဟိုဘဏ်များက မည်မျှ ရိုက်နှိပ်မည်ဟု ဆုံးဖြတ်သည့်အပေါ်၌ မူတည်ပြီး ဝယ်လိုအားသည်



http://www.cherrythitsar.org

ဈေးကွက်တစ်ခုက ငွေကြေးတစ်ခုကို လိုချင်ခြင်းဖြစ်သည်။ ထို ရောင်းလိုအားနှင့် ဝယ်လိုအားတို့က ဈေးနှုန်းကို ဆုံးဖြတ်ခြင်း ဖြစ်သည်။ အကယ်၍ လူတိုင်းလိုလိုက ဂျပန်စတီရီယို ကက်ဆက် များကို ဝယ်ချင်နေကြလျှင် ဂျပန်ယန်းငွေ၏ ဈေးနှုန်းသည် ထိုး တက်သွားမည်။ အဘယ်ကြောင့်ဆိုသော် ပဲရစ်နှင့် ဆီယက်တဲလ်ရှိ သွင်းကုန်တင်သွင်းသူများအနေဖြင့် ၎င်းတို့၏ဖရန့်ငွေများ၊ ဒေါ်လာ ငွေများကို ဂျပန်ထုတ်ကုန်များအတွက် ပေးချေရန် ယန်ငွေဝယ်ယူ ရခြင်းကြောင့် ဖြစ်သည်။

အလားတူပင် အီတလီများအနေဖြင့် ဖလော်ရီဒါကမ်းခြေတွင် အပန်းဖြေအနားယူသွားချင်ကြလျှင် အီတလီ လီယာကို ရောင်းပြီး ဒေါ်လာငွေကို ဝယ်ရမည်ဖြစ်သဖြင့် တန်ဖိုးကျမည်။ ထိုသို့ ဝယ် ယူရရှိသော ဒေါ်လာငွေဖြင့် မစ်ကီမောက်စ်ရုပ်ပုံပါ တီရှပ်များ၊ ဒစ်စနီကမ္ဘာဝင်ခွင့်လက်မှတ်များစသည်တို့ကိုဝယ်ယူရန် အသုံးချမည် ဖြစ်သည်။ အမေရိကန်ဒေါ်လာ၊ ဆွစ်ဖရန့်၊ ဂျပန်ယန်းတို့ကဲ့သို့ ကမ္ဘာ့အဓိကရ ငွေကြေးများသည် နိုင်ငံခြားငွေ ဈေးကွက်များတွင် လွတ်လပ်စွာ တက်ခွင့်ကျခွင့်ပြုထားသည်။

ဤနှုန်းရှင်များစနစ်က အစိုးရများအား ငွေကြေး၏ တန်ဖိုးကို ဝင်ရောက်မစွက်ဖက်အောင် ဟန့်တားခြင်းမပြုနိုင်။အစိုးရများအနေဖြင့် လွတ်လပ်သော ဈေးကွက်တွင်ဝင်၍ ၎င်းတို့၏ငွေကြေးကို ရောင်းခြင်း၊ ဝယ်ခြင်းများပြုနိုင်ကြသည်။ ဗြိတိသျှအစိုးရအနေဖြင့် ပေါင်စတာ လင်၏ တန်ဖိုးကို တက်စေချင်လျှင် ဈေးကွက်ထဲ၌ဝင်ပြီး ဒေါ်လာ ဘီလီယံပေါင်းများစွာ တန်ကြေးရှိသည့် ဗြိတိသျှပေါင်ငွေများကို ဝယ်လိုက်လျှင် ဈေးနှုန်းများ တက်ကုန်မည်။ ညစ်ပတ်သည့် နှုန်းရှင် မျှောစနစ် (dirty float)ဟု တစ်ခါတစ်ရံခေါ်သော လက်ရှိစနစ်က ငွေကြေး၏တန်ဖိုးများ မြန်မြန်ဆန်ဆန် ဆက်တိုက်တက်နေခြင်း၊

ဆက်တိုက်ကျနေခြင်းများမှ ကာကွယ်ရန်အတွက် တစ်ခါတစ်ရံ ဗဟိုဘဏ်အနေဖြင့် ဝင်ရောက်စွက်ဖက်မှုကို ခွင့်ပြုထားသည်။ ဥရောပ ငွေကြေးစနစ်ထဲရှိ ငွေကြေးများကဲ့သို့ အချို့ငွေကြေးများသည် မူလက ကြိုတင်သတ်မှတ်ပြဋ္ဌာန်းထားသည့် ဘောင်အတွင်း၌သာ တက်ခွင့်ကျခွင့်ရှိပြီး ထိုဘောင်ကိုကျော်၍ တက်ခွင့်ကျခွင့်မရှိပေ။

သို့သော် ရေစီးကိုပြောင်းပြန်လှန်ဖို့ခက်သလို ငွေကြေးတစ်ခု၏ တန်ဖိုးက တစ်ချိန်လုံးဦးစိုက်ဆင်းနေသင့်သည်ဟု ကုန်သည်များ၊ ရင်းနှီးမြှုပ်နှံသူများကယုံကြည်လျှင် ဝင်ရောက်ဟန့်တားရန်ခက်သည်။ ၁၉၉၀ ပြည့်လွန်နှစ်အစောပိုင်းများ၌ ဗြိတိသျှပေါင်နှင့် အီတလီ လီယာတို့၏ တန်ဖိုးများသည် ဥရောပငွေကြေးစနစ်မှ နုတ်ထွက်ရန် ဖိအားပေးခြင်းခံရသည်။ အဘယ့်ကြောင့်ဆိုသော် ၎င်းတို့၏ အစိုးရများက သူတို့ကို ထောက်ပံ့ရန်အတွက် ထရီလီယံ ပေါင်းများစွာ အသုံးပြုခဲ့ခြင်းကြောင့်ဖြစ်သည်။ နောက်ဆုံး၌ငွေကြေး၏ တန်ဖိုးများ ကျသွားသည့်အခါ မူလက ကြိုတင်၍ ငွေတန်ဖိုးကျမည်ဟု ကြိုတင် တွက်ဆထားသူများသည် ကြိုတင်ရောင်းထားကြသည့်အတွက် သူတို့ဈေးကစားရာမှ အကျိုးအမြတ် အများအပြား ရရှိကြသည်။

နိုင်ငံခြားငွေဈေးကွက်များ၌ နေ့စဉ်နေ့တိုင်း ထုထည်ကြီးမား သည့် ငွေကြေးပမာဏကိုရောင်းဝယ် နေကြသဖြင့် ဗဟိုဘဏ်များ၏ ဝင်ရောက် စွက်ဖက်မှုသည် မလွှဲသာသည့် ဈေးနှုန်းတက်မှုများ၊ ဈေးနှုန်း ကျမှုများကို နှေးကွေးရန်သာ ဆောင်ရွက်နိုင်သည်။

## ၁၀။ နိုင်ငံခြားငွေ ဖလှယ်နှုန်းများ ဆိုသည်မှာ

**What are exchange rates ?**

အကယ်၍ ကမ္ဘာပေါ်ရှိ နိုင်ငံတိုင်းနိုင်ငံတိုင်းကသာ ငွေကြေး တစ်ခုတည်းကိုသာ အသုံးပြုကြမည်ဆိုလျှင် နိုင်ငံတကာကုန်သွယ်ရေး



http://www.cherrythitsar.org

များသည် အလွန်လွယ်ကူသွားစေနိုင်သည်။ ကံဆိုးသည်မှာ ထိုသို့ ဖြစ်မလာပေ။ ကိုပင်ဟေဂင် (Copenhagen)က ဘီယာထုတ်လုပ်သူ တစ်ယောက်အနေဖြင့် ဒင်းနစ် ကရိုနာငွေဖြင့် လိုချင်သည်။ ဟောင်ကောင်က ရှပ်အင်္ကျီထုတ်လုပ် သူတစ်ယောက်အနေဖြင့် ဟောင်ကောင်ဒေါ်လာဖြင့်သာ ရောင်းချင် ကြသည်။

ငွေကြေးတစ်ခု၏ တန်ဖိုးသည် မည်မျှရှိသနည်း။ အခြား ကုန်ပစ္စည်းများဖြစ်သော ဘီယာ၊ ရှပ်အင်္ကျီများကဲ့သို့ပင် ငွေကြေး များ၌လည်း တန်ဖိုးတစ်ခုရှိသည်။ သို့သော် ခြားနားချက်မှာ ငွေကြေးတစ်ခုစီ တစ်ခုစီ၏ တန်ဖိုးကို အခြားငွေကြေးများဖြင့် တိုင်းတာဖော်ပြတတ်ခြင်းဖြစ်သည်။ ပြင်သစ်ဖရန့်ငွေများ တန်ဖိုးကို အမေရိကန်ဒေါ်လာဖြင့် ပြသပြီး အမေရိကန်ဒေါ်လာများ၏ တန်ဖိုးကို ဗြိတိသျှ ပေါင်ဖြင့် ပြသသည်။ ဗြိတိသျှပေါင်များ၏ တန်ဖိုးကို ဂျပန်ယန်းငွေများဖြင့် ပြသသည်။ ဤနိုင်ငံခြား ငွေဖလှယ်နှုန်း များသည် ဈေးကွက်အခြေအနေပေါ် မူတည်ပြီး တစ်ချိန်လုံး ပြောင်းလဲနေကြသည်။ ကမ္ဘာတစ်ဝှမ်းလုံးက ဘဏ်များ၊ နိုင်ငံခြားငွေ ဖလှယ်ရေးဌာနများ၌ နိုင်ငံခြားငွေဖလှယ်နှုန်းများ အမြဲတမ်း ပြောင်းလဲနေသည်ကို တွေ့ရသည်။

ဤနိုင်ငံခြားငွေဈေးကွက်များသည် ကမ္ဘာ၏ အဓိကရ ငွေကြေး များ၏ တန်ဖိုးကို တစ်ချိန်လုံးစောင့်ကြည့်မှတ်တမ်းတင်နေရသည်။ အချို့ငွေများက တန်ဖိုးကျပြီး၊ အချို့ငွေများက တန်ဖိုးတက်ကြ သည်။ ပြင်သစ်ဖရန့်ငွေ၏ တန်ဖိုးသည် အမေရိကန်ဒေါ်လာနှင့် နှိုင်းစာလိုက်လျှင် တန်ဖိုးတက်ကာ ဒေါ်လာငွေ၏ တန်ဖိုးသည် ပြင်သစ်ဖရန့်ငွေနှင့် နှိုင်းစာလိုက်လျှင် တန်ဖိုးကျသွားသည့် သဘော ဖြစ်သည်။ တစ်ချိန်တည်း၌ပင် ပြင်သစ်ဖရန့်ငွေသည် ဗြိတိသျှ ပေါင်စတာလင်နှင့် နှိုင်းယှဉ်လျှင် တန်ဖိုးကျသွားနိုင်သည်။ ဆိုလို

သည်မှာ ပေါင်စတာလင်နှင့်ယှဉ်လျှင် ဒေါ်လာငွေက ပို၍တန်ဖိုးကျသည်။ နိုင်ငံခြားငွေဈေးကွက်သည် တစ်ရက်လျှင် (၂၄)နာရီ တစ်ချိန်လုံး တန်ဖိုးပြောင်းနေသည့် ဈေးကွက်ဖြစ်သည်။ စင်ကာပူမှ ဆန်ဖရန်စစ္စကိုထိ၊လန်ဒန်မှ ဗျူးနိုအေးရီးအထိ တစ်ကမ္ဘာလုံးရှိ ငွေကြေးဗဟိုဌာနများရာပေါင်းများစွာတို့၌ တစ်ချိန်လုံးပြောင်းလဲ ရောင်းဝယ်နေကြသည်။

ထိုဈေးကွက်များသည် တစ်ခုနှင့်တစ်ခု အီလက်ထရောနစ်နည်းဖြင့် ဆက်သွယ်ထားကြသည်။ ဘဏ်များ၊ ငွေဖလှယ်ရေးဌာနများသည် ဘဏ်တစ်ခုနှင့်တစ်ခုကမ္ဘာအနှံ့ ဆက်သွယ်ထားသည့် ဈေးကွက်များ၏ အခြေအနေကို ကြည့်ကာ သူတို့၏ နေ့စဉ်ဖလှယ်နှုန်းများကို သတ်မှတ်ကြသည်။ ကျွန်တော်တို့ ဖလောရင့်၌ ရောက်နေသည်ဖြစ်စေ၊ တဟီတီ၌ ရောက်နေသည်ဖြစ်စေ၊ အကာဖယ်ကို၌ ရောက်နေသည်ဖြစ်စေ ငွေကြေးကို နိုင်ငံခြားငွေတစ်ခုမှ တစ်ခုသို့ လဲလှယ်သည့်အခါ နိုင်ငံခြားငွေ ဖလှယ်နှုန်းများကို ကမ္ဘာ့ဈေးကွက်က သတ်မှတ်ပြဋ္ဌာန်းသည်။

ပြည်ပ၌ ခရီးသွားနေသည့်လူတစ်ယောက်အနေဖြင့် ဖောက်သည်တစ်ယောက်သည် နိုင်ငံခြားငွေတစ်ခုကို ရောင်းသည့်ဝယ်သည့်အခါ ရောင်းဈေးဝယ်ဈေးများသည် အနည်းငယ်ခြားနားသည်ကို သတိထားမိကြသည်။ ထိုသို့ရောင်းဈေးနှင့်ဝယ်ဈေးများအကြား ခြားနားချက်ကြောင့် ဘဏ်များ၊ နိုင်ငံခြားငွေဖလှယ်ရေးဌာနများအနေဖြင့် အရောင်းအဝယ်လုပ်ရာမှ အကျိုးအမြတ်အနည်းငယ်ကို ရရှိကြသည်။ ဆိုလိုသည်မှာ မိမိ မည်မျှ သုံးစွဲမည်ကို မရေမရာ ဇဝေဇဝါဖြစ်နေသည့် ခရီးသည်တစ်ယောက်အနေဖြင့် ငွေကြေးများကို အကြိမ်ပေါင်းများစွာ ရောင်းလိုက်ဝယ်လိုက်လုပ်နေခြင်းအားဖြင့် နေရင်းထိုင်ရင်းသူ့မူလရှိသည့်ငွေကြေးထက်လျော့နည်းသွားမည်။ ရောင်းဈေးနှင့် ဝယ်ဈေး



http://www.cherrythitsar.org

ခြားနားချက်ကြောင့် လည်းကောင်း၊ နိုင်ငံခြားငွေဖလှယ်ရေးဌာနများက ကောက်ယူသော ကော်မရှင်နှုန်းများကြောင့်လည်းကောင်း မူလရှိရင်း ငွေထက် နေရင်းထိုင်ရင်း လျော့သွားနိုင်သည်။

ငွေကြေးတစ်ခုသည် မည်မျှတန်ကြေးရှိသည်ကို နိုင်ငံခြား ဈေးကွက်များက မည်သို့ သတ်မှတ်ကြသနည်း။ နှုန်းရှင်မျှောထားသည့်ငွေကြေးများ၏ ဈေးနှုန်းများသည် စီးပွားရေးအခြေအနေများ၊ နိုင်ငံရေးဖြစ်ရပ်များနှင့် တစ်ခါတစ်ရံ ပုဂ္ဂလိကကုန်သည်များ၏ ဈေးကစားမှုများအပေါ်၌မူတည်သည်။ ဆန်ကုန်သည်များ၊ ဝက်သား ကုန်သည်များကဲ့သို့ပင် နိုင်ငံခြားငွေကုန်သည်များသည်လည်း တစ်ခါ တစ်ရံ၌ ငွေကြေးတစ်ခု၏ တန်ဖိုး တက်မည်ဟု ခန့်မှန်းကြ၊ လောင်းကစားတတ်ကြသည်။ အကယ်၍ တိုကျို၌ အတိုးနှုန်းများ ကျဆင်းလျှင် ကုန်သည်များက ယန်းငွေများကို ရောင်းချပြီး ဒေါ်လာ များကို ဝယ်ကြမည်။ ဤနည်းအားဖြင့် ၎င်းတို့၏ ရင်းနှီးမြှုပ်နှံမှုပေါ်မှ အကျိုးအမြတ်များများရမည်ဟု မျှော်လင့်တတ်ကြသည်။ အကယ်၍ ဆွီဒင်နိုင်ငံ၏ စီးပွားရေး တောင့်တင်း ခိုင်မာပုံရလျှင် ဆွီဒင်ကရိုနာ ဝယ်ရသည့် တန်ဖိုးတက်သွားမည်။ သို့သော် ငွေဖောင်းပွမှု ပြန်ဖြစ်လာ က ကရိုနာ၏ တန်ဖိုးများသည် အခြားငွေဖောင်းပွမှု နိမ့်သည့် ငွေကြေးများနှင့် နှိုင်းယှဉ်လျှင် တန်ဖိုးကျသွားမည်။

အလားတူပင် စီးပွားရေးအကျပ်အတည်း၊ နိုင်ငံရေးအကျပ် အတည်း ကြုံနေသည့်အခါကာလများ၌ ကမ္ဘာ့ကုန်သည်များ ရင်းနှီး မြှုပ်နှံမှုများသည် ခိုလှုံစရာငွေကြေးတစ်ခုခုကို ရှာကြံတတ်ကြသည်။ နိုင်ငံရေးအခြေအနေ မတည်မငြိမ်မှုများက ကမ္ဘာတစ်ဝန်းလုံးရှိ ငွေကြေးများကို ခြိမ်းခြောက်နေသည့်အခါ ကုန်သည်များ၊ ရင်းနှီး မြှုပ်နှံသူများသည် ဆွစ်ဖရန့်နှင့် အမေရိကန်ဒေါ်လာကဲ့သို့သော ငွေမာများကို အလုအယက် ဝယ်တတ်ကြသည်။ အကျပ်အတည်းနှင့်



http://www.cherrythitsar.org

ကြုံသည့်အခါများတွင် ၎င်းတို့သည် မိမိ၏တန်ဖိုးကို ဆက်လက်ထိန်းသိမ်းနိုင်သည်ဟု မျှော်လင့်ထားခြင်းကြောင့်ထိုသို့ငွေမာများကိုဝယ်ယူကြခြင်းဖြစ်သည်။

☮

## ၁၁။ တိုင်းပြည်ဝင်ငွေ ဆိုသည်မှာ (စုစုပေါင်း တိုင်းပြည် ထုတ်ကုန် ဆိုသည်မှာ)

**What is GNP ?**

ဖိလစ်ပိုင်မှ ပိုလန်အဆုံး၊ ကျူးဘားမှ ကူဝိတ်အဆုံး နိုင်ငံတိုင်းနိုင်ငံတိုင်းသည် လူများအသက်ရှင်သန်ရန်နှင့် ကြွယ်ဝရန်အတွက် ကုန်စည်နှင့် ဝန်ဆောင်မှုများကို ထုတ်လုပ်ကြသည်။

အချို့နိုင်ငံများက ကျောက်မီးသွေးများ၊ သစ်များကဲ့သို့သော ကုန်ကြမ်းများ အလျှံပယ်ထုတ်လုပ်ကြသည်။ အခြားနိုင်ငံများက ရုပ်မြင်သံကြား၊ မော်တော်ကားကဲ့သို့သော ကုန်ချောပစ္စည်းများကို အလျှံပယ်ထုတ်လုပ်ကြသည်။ အချို့နိုင်ငံများက အဝတ်လျှော်စက်ကဲ့သို့သော ပစ္စည်းမျိုးကို စူးစိုက်ထုတ်လုပ်ကြသည်။အချို့နိုင်ငံများက ရုပ်ရှင်များ၊ အာမခံလုပ်ငန်းများ၊ ဘဏ်လုပ်ငန်းများကဲ့သို့သော ဝန်ဆောင်မှုလုပ်ငန်းများကို အာရုံစိုက် ထုတ်လုပ်ကြသည်။ နိုင်ငံအတွင်းတွင် စားသုံးမကုန်သည့် ကုန်စည်နှင့် ဝန်ဆောင်မှုများကို အခြားနိုင်ငံများသို့ ပို့ကုန်များအဖြစ် တင်ပို့ရောင်းချကြသည်။

နိုင်ငံစီးပွားရေး အဆောက်အအုံတစ်ခု၏ အရွယ်အစားကို ထိုနိုင်ငံက ထုတ်လုပ်သည့် စုစုပေါင်းကုန်စည်နှင့် ဝန်ဆောင်မှုပမာဏဖြင့် ဆုံးဖြတ်ကြသည်။ ကုန်စည်နှင့် ဝန်ဆောင်မှုများထုတ်လုပ်လေ စီးပွားရေးအဆောက်အအုံ တိုးတက်လေဖြစ်သည်။ ထိုတိုးတက်မှုကို တိုင်းတာရန်အတွက် အကောင်းဆုံး နည်းလမ်းမှာ ရောင်းချရသမျှ ဝယ်ယူသမျှ အရာအားလုံးပေါ်၌ ငွေကြေးအရ



http://www.cherrythitsar.org

တန်ဖိုးသင့်ခြင်းပင်ဖြစ်သည်။

စီးပွားရေးအဆောက်အအုံတစ်ခု၏ အရွယ်အစားကို တိုင်းတာရန်အတွက် ငွေကြေးတစ်ခုတည်းဖြင့်သာ တိုင်းတာနိုင်သည်မဟုတ်သော်လည်း ပန်းသီးများ၊လိမ္မော်သီးများ၊ဘောလုံးပွဲများ၊ကွန်ပျူတာများ၊ မော်တော်ယာဉ်များ၊ တက္ကသိုလ်ကောလိပ် သင်တန်းများ စသည့် အချိန်ကာလတစ်ခုအတွင်း၌ နိုင်ငံတစ်ခုက ထုတ်လုပ်သမျှ အရာအားလုံးကို ငွေကြေးဖြင့် တန်ဖိုးသင့်ပြီး စာရင်းပေါင်းရန်အတွက် အလွယ်ဆုံးဖြစ်သည်။

ထိုကုန်စည်နှင့် ဝန်ဆောင်မှုများ၏ ငွေကြေးအရ တန်ဖိုးကို ပေါင်းလိုက်ပြီး အခြားနိုင်ငံများနှင့်လည်း နှိုင်းယှဉ်နိုင်သည်။ နိုင်ငံတစ်ခုနှင့်တစ်ခု အသုံးပြုသည့် ငွေကြေး မတူညီသဖြင့် နိုင်ငံတစ်ခု၏ စုစုပေါင်း ပေါင်းလဒ်ကို (နိုင်ငံခြားငွေဖလှယ်နှုန်းကို အသုံးပြုကာ) အခြားနိုင်ငံငွေကြေးအဖြစ်သို့ ပြောင်းလဲပြီး နိုင်ငံတစ်ခု၏ စီးပွားရေးအဆောက်အအုံနှင့် အခြားနိုင်ငံတစ်ခု၏ စီးပွားရေးအဆောက်အအုံတို့ကို နှိုင်းယှဉ်နိုင်သည်။ ဥပမာ ဂျပန် စီးပွားရေးအဆောက်အအုံ၏ ယန်းငွေဖြင့် သင့်ထားသည့် တန်ဖိုးကို အမေရိကန် စီးပွားရေးအဆောက်အအုံနှင့် နှိုင်းယှဉ်လိုလျှင် အမေရိကန်ဒေါ်လာအဖြစ်သို့ ပြောင်းလဲပြီး နှိုင်းယှဉ်နိုင်သည်။

နှစ်တစ်နှစ်အတွင်း၌ ရောင်းချသမျှ ဝယ်ယူသမျှ ကုန်စည်နှင့် ဝန်ဆောင်မှုများ ပါဝင်သော စီးပွားရေးလုပ်ရှားမှုအားလုံးကို တိုင်းတာသည့်နည်းကို စုစုပေါင်း ပြည်တွင်းထုတ်ကုန်ဟု ခေါ်သည်။ မိုင်နှုန်းပြကိရိယာသည် ကားတစ်စီး၏ မိုင်နှုန်းကိုပြသလို စုစုပေါင်း ပြည်တွင်းထုတ်ကုန်(G.D.P)ကလည်း နိုင်ငံတစ်ခု၏ စုစုပေါင်း လှုပ်ရှားမှုများ၏ အားကို ဖော်ပြသည်။ နိုင်ငံတစ်ခုအနေဖြင့် ကုန်စည်နှင့် ဝန်ဆောင်မှုများ များများထုတ်လေ စီးပွားရေး အရှိန်မြင့်လေ



http://www.cherrythitsar.org

ဖြစ်သည်။ တစ်နည်းအားဖြင့် စုစုပေါင်းပြည်တွင်းထုတ်ကုန် တိုးလေ ဖြစ်သည်။ တောင့်တင်းကြံ့ခိုင်သည့် စီးပွားရေး အဆောက်အအုံ တစ်ခုသည် ရေရှည်မှန်မှန်ကြီး တိုးတက်နေတတ်သည်။ တိုးတက်မှု ကျဆင်းသည့်အခါ သို့မဟုတ် တိုးတက်မှု နှေးကွေးသည့်အခါ စီးပွားရေး အဆောက်အအုံသည် စီးပွားရေး ကျဆင်းနေပြီး (recession)ဟု ပြောလေ့ရှိကြသည်။

ပြည်ပသို့ ရောင်းချသည့် ကုန်စည်နှင့် ဝန်ဆောင်မှုများနှင့် ပတ်သက်၍ ဘာဖြစ်သနည်း။ နိုင်ငံတစ်ခု၏ နိုင်ငံသားများက နိုင်ငံတကာ၌ လုပ်ရှားသော စီးပွားရေးလုပ်ရှားမှု အားလုံးသည် စုစုပေါင်းပြည်တွင်းထုတ်ကုန်ကို ထပ်၍ တိုးစေသည်။ ထို့ကြောင့် ပိုမိုကျယ်ပြန့်သော ကမ္ဘာ့အဆင့်ရှိ နိုင်ငံတစ်ခု၏ စီးပွားရေး လုပ်ရှားမှုများ အားလုံးပါဝင်သော အတိုင်းအတာတစ်ခုကို ဖန်တီးရသည်။ ၎င်းကိုစုစုပေါင်းတိုင်းပြည်ထုတ်ကုန် (G.N.P)ဟု ခေါ်သည်။ သို့သော် မည်သည့်နည်းဖြင့် တိုင်းသည်ဖြစ်စေကာမူ ရလဒ်မှာ အတူတူပင်ဖြစ်သည်။ စုစုပေါင်း ပြည်တွင်းထုတ်ကုန်က နိုင်ငံတစ်ခု၏ နယ်နိမိတ်အတွင်း၌ လုပ်ရှားသော စီးပွားရေးလုပ်ရှားမှုများ အားလုံးကိုသာ ခြုံငုံမိပြီး ပြည်တွင်း၌ ထုတ်လုပ်သည့် ကုန်စည်နှင့် ဝန်ဆောင်မှုများသက်သက်သာ အာရုံစိုက်သည်။ သို့သော် စုစုပေါင်း တိုင်းပြည် ထုတ်ကုန်၌ အသားတင်နိုင်ငံတကာ ကုန်သွယ်မှုများ၊ အသားတင်နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုများ ပါဝင်သည်။ ကစားစရာနှင့် လေယာဉ်များ တင်ပို့ခြင်းမှအစ နိုင်ငံခြားငွေ ရရှိခြင်း၊ ပြည်ပသို့ ခရီးသွားရာ၌ အသုံးပြုသော ငွေကြေးအဆုံး ပါဝင်သည်။

စုစုပေါင်းပြည်တွင်းထုတ်ကုန်နှင့် စုစုပေါင်းတိုင်းပြည် ထုတ်ကုန်တို့သည် စီးပွားရေးအဆောက်အအုံတစ်ခုက ထုတ်လုပ်သမျှ တရားဝင် ကုန်စည်နှင့် ဝန်ဆောင်မှုများအားလုံးကို တိုင်းတာရန် ကြိုးစားသည်။



http://www.cherrythitsar.org

လတ်ဆတ်သည့် သစ်သီးဝလံများ ရောင်းချသော လယ်သမားတစ်ဦး အသုံးပြုပြီးကားများကို ရောင်းချသည့် မော်တော်ကား ဝယ်ရောင်း တစ်ဦး၊ စာအုပ်အသစ်ထုတ်ဝေသည့် ကဗျာဆရာ တစ်ဦး၊ ဆံပင်အလှ ပြင်သူတစ်ဦး၊ ဆုယူသူတစ်ဦး၊ အသက်ကယ်သူ တစ်ဦးတို့သည်လည်း ၎င်းတို့၏ ကုန်စည်နှင့် ဝန်ဆောင်မှုများကို ရောင်းချခြင်းဖြစ်ပြီး G.D.P -G.N.Pတို့ဖြင့် တိုင်းတာသည့် စီးပွားရေးလှုပ်ရှားမှုများ အားလုံးထဲသို့ ထည့်ဝင်ရာ ရောက်သည်။ ထုတ်လုပ်မှုအဆင့်တိုင်း အဆင့်တိုင်း၌ ငွေကြေးတန်ဖိုးများ တိုးတိုးလာလေ နိုင်ငံတစ်ခု၏ G.D.Pသို့မဟုတ် G.N.Pလည်း တိုးလာလေဖြစ်သည်။

## ၁၂။ ငွေဖောင်းပွမှု ဆိုသည်မှာ

**What is Inflation ?**

စီးပွားရေးအဆောက်အအုံတစ်ခု အခြေအနေ ကောင်းလာပြီ ဆိုလျှင် ကမ္ဘာ့ဈေးကွက်အနေဖြင့် ကျေနပ်အားရ ဖြစ်တတ်ကြသည်။ စက်ရုံများအနေဖြင့် စွမ်းအားပြည့် ထုတ်လုပ်သည့်အခါ၊အလုပ်လက်မဲ့ ဖြစ်နေသည့်လူများ လျော့ကျသွားသည့်အခါ ဈေးကွက်က ဝမ်းသာ အားရ ကြိုဆိုကြသည်။ စန်းပွင့်နေသည့်စီးပွားရေးအဆောက်အအုံ တစ်ခု၌ လူတိုင်းသည် အခြေအနေကောင်းလာမည်ဟု ယုံကြည် ကြသည်။

သို့သော် လွန်ခဲ့သည့် (၁၀)စုနှစ်များအတွင်း၌ ပြင်းထန်သည့် ငွေဖောင်းပွမှုများကို တွေ့ကြုံခဲ့ရသည်။ ဈေးနှုန်းတက်နေသည်ကို မထိန်းချုပ်နိုင်သည့်အခါ မြန်မြန်ဆန်ဆန်ကြီးထွားနေသည့် စီးပွားရေး အဆောက်အအုံတစ်ခုသည် ဒုက္ခပေးနိုင်ကြောင်း အစိုးရများနှင့် ဈေးကွက်များအနေဖြင့် သဘောပေါက်နားလာခဲ့ကြသည်။ အလုပ်



http://www.cherrythitsar.org

လက်မဲ့ဦးရေများလျော့ကျသွားသဖြင့် ရှားပါးသည့် အလုပ်သမားများအတွက် ကုမ္ပဏီများက လုပ်ခတိုးပေးရန် ဖိအားပေးရာရောက်သည်။ စရိတ်တက်သွားသဖြင့် ကုန်စည်နှင့် ဝန်ဆောင်မှုများ၏ ဈေးနှုန်းများလည်း တက်ကုန်သည်။ ယခုအခါ ငွေဖောင်းပွမှုသည် ကမ္ဘာ့စီးပွားရေးအဆောက်အအုံကြီး၏ အကြီးကျယ်ဆုံးသော ကြောက်စရာလန့်စရာတစ်ခုဖြစ်လာခဲ့သည်။ လောင်စာအကျပ်အတည်းများ၊ စစ်ပွဲများ၊ ကြွေးမြီထူထပ်ခြင်းကဲ့သို့သော စီးပွားရေးအကျပ်အတည်းများနှင့် ကြုံသည့်အခါ ငွေဖောင်းပွမှုသည် အဆိုးဆုံးဖြစ်နေတတ်သည်။

နိုင်ငံတိုင်း နိုင်ငံတိုင်းသည် စားသုံးကုန်စည်နှင့် ဝန်ဆောင်မှုခြင်းတောင်းတစ်ခု (သို့မဟုတ်) အုပ်စုတစ်ခု၏ ဈေးနှုန်းများကို တစ်ချိန်လုံးစောင့်ကြည့်မှတ်တမ်းတင်လေ့ရှိသည်။ ထိုဈေးနှုန်းများကို အမေရိကန်ပြည်ထောင်စု၌ စားသုံးသူ ဆနှုန်းကိန်း consumer price index (CPI)ဟု ခေါ်ပြီး ဗြိတိန်နိုင်ငံ၌ လက်လီဈေးဆနှုန်းကိန်း retail price index (RPI) ဟု ခေါ်သည်။ ငွေဖောင်းပွမှု ဆိုသည်မှာ အချိန်ကာလတစ်ခုအတွင်း၌ ကုန်စည်နှင့် ဝန်ဆောင်မှုတစ်စု၏ စရိတ်များတက်လာခြင်းကို ရာခိုင်နှုန်းဖြင့် ဖော်ပြခြင်း ဖြစ်သည်။ ငွေကျုံ့တွမှုဆိုသည်မှာ ဈေးနှုန်းများ ကျဆင်းခြင်း ဖြစ်ပါသည်။ ကုမ္ပဏီများ၊ ဝန်ထမ်းများအနေဖြင့် ၎င်းတို့ ရရှိနေသည့် ဈေးနှုန်းများ၊ လစာများကို မည်သည့်အခါမျှ လျှော့ချချင်လိုစိတ် မရှိကြပေ။ ထို့ကြောင့် ငွေကျုံတွမှုဖြစ်ခဲပါသည်။

စန်းပွင့်နေသည့် စီးပွားရေးအဆောက်အအုံတစ်ခု၌ ငွေဖောင်းပွမှုသည် ကုန်စည်နှင့် ဝန်ဆောင်မှုများကို စားသုံးသူများ၊ စီးပွားရေးလုပ်ငန်းများက အလုအယက် ပြိုင်ဆိုင်ရယူကြသည့်အခါ စတင်ဖြစ်ပေါ်သည်။ အကန့်အသတ်ရှိ ရှားပါးသည့် ထုတ်ကုန်ပစ္စည်းများကို အလုအယက် ဝယ်ယူကြခြင်းအားဖြင့် ဈေးနှုန်းများကို



http://www.cherrythitsar.org

တက်အောင် လုပ်လိုက်သည်။ ဈေးနှုန်းများ တက်သွားခြင်းဖြင့် အလုပ်သမားများသည် ငွေဖောင်းပွမှုနှင့် အမီလိုက်နိုင်ရန်အတွက် လခများကို တိုးတောင်းစေသည်။ ထို့ကြောင့် လုပ်ခနှင့် ဈေးနှုန်းများ တက်မှုဟူသော လူတိုင်းကို ထိခိုက်နစ်နာစေသည့်ဆိုးသွမ်းသံသရာ ကို ဖြစ်ပေါ်စေသည်။ အထူးသဖြင့် ဈေးနှုန်း တက်သလောက် ဝင်ငွေမတိုးဘဲ ဝယ်နိုင်စွမ်းအား ကျဆင်းသည့် ပုံသေဝင်ငွေ ရယူများသည် ထိခိုက်နစ်နာဆုံးဖြစ်သည်။

အများအားဖြင့် အစိုးရနှင့် ဗဟိုဘဏ်များက ငွေဖောင်းပွမှု၏ အရိပ်အယောင်များကို တွေ့သည့်အခါ စီးပွားရေးအဆောက်အအုံ၏ တိုးတက်မှုကို အရှိန်လျှော့ချရန် ကြိုးစားကြသည်။ အတိုးနှုန်းများ မြှင့်တင်ခြင်းအားဖြင့် လုပ်ငန်းများအားလုံးကို ပိုမိုဈေးကြီးအောင် လုပ်တတ်ကြသည်။ ကားအသစ်ဝယ်ခြင်း၊ စက်ရုံအသစ်ဆောက်ခြင်း များကို စရိတ်ကြီးအောင် လုပ်တတ်ကြသည်။ မြင့်မားသည့် အတိုး နှုန်းများသည် အများအားဖြင့် စီးပွားရေး လုပ်ငန်းများ၊ စားသုံးသူ များ၏ အသုံးစရိတ်များကိုလျော့ပါးအောင် လုပ်ဆောင်ရာရောက် သည်။ အလုပ်အကိုင်ပမာဏများလျော့ကျခြင်း၊ စီးပွားရေးအဆောက် အအုံ၏ အရှိန်အဟုန်နှေးကွေးသွားစေခြင်းများဖြစ်အောင် ဦးဆောင် သွားလေ့ရှိသည်။

နိုင်ငံတကာ ဈေးကွက်အနေဖြင့် နိုင်ငံတိုင်း၏ ငွေဖောင်းပွမှုနှုန်း ကို သေသေချာချာ လေ့လာပြီး စီးပွားရေး တည်တည်ငြိမ်ငြိမ် တိုးတက်မှုနှင့် ငွေဖောင်းပွမှုနှုန်း နိမ့်ကျမည့် အရိပ်အယောင်များကို အမြဲရှာဖွေလေ့ရှိသည်။ ပင်စင်ရန်ပုံငွေအဖွဲ့များ၊ ဘဏ်များကဲ့သို့သော နိုင်ငံတကာ ရင်းနှီးမြှုပ်နှံသူများသည် ဒေါ်လာသန်းပေါင်း ထောင် ပေါင်းများစွာကိုလည်းကောင်း၊ တစ်ခါတစ်ရံ သန်းပေါင်း များစွာသော ဒေါ်လာများ၊ မတ်များနှင့် ယန်းငွေများကိုသော်



http://www.cherrythitsar.org

လည်းကောင်း၊ အချိန်ကာလတစ်ခုတွင် ကမ္ဘာအနှံ့ရွှေ့ပြောင်းကြပြီး ၎င်းတို့၏ ရင်းနှီးမြှုပ်နှံမှုအတွက် အကောင်းဆုံးသော အကျိုးအမြတ် ရအောင် ရှာဖွေလေ့ရှိသည်။

ငွေဖောင်းပွမှုအခြေအနေနှင့် အတိုးနှုန်းများ သင့်တင့်ကောင်းမွန်မှုရှိသည့်အခါ နိုင်ငံတစ်ခုအနေဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ရရှိနိုင်ပြီး ငွေကြေးများလည်း လိုမ့်ဝင်လာလေ့ရှိသည်။ နိုင်ငံတစ်ခု၏ စီးပွားရေးအဆောက်အအုံသည် အလွန်တောင့်တင်းခိုင်မာနေလျှင် ထိုသို့ တောင့်တင်းခိုင်မာမှုနှင့်အတူငွေဖောင်းပွမှုအရိပ်မယောင်များ ပြူထွက်လာသည်ကို မြင်ကြလျှင် နိုင်ငံတကာ ရင်းနှီးမြှုပ်နှံသူများသည် ၎င်းတို့၏ ငွေကြေးများကို အလျင်အမြန် ဆွဲထုတ်ကာ စီးပွားရေး တည်ငြိမ်တိုးတက်မှုရှိသည့် သေချာရေရာသည့် ငွေဖောင်းပွမှုရှိသည့် နိုင်ငံများတွင် ရွှေ့ပြောင်း၍ ၎င်းတို့ ငွေကြေးများကို မြှုပ်နှံတတ်ကြသည်။

☮

## ၁၃။ ကမ္ဘာ့စီးပွားရေး အဆောက်အအုံများကို နှိုင်းယှဉ်နိုင်ပုံ

**How can the world's economies be compared ?**

အိုင်ယာလန်နှင့် သီရိလင်္ကာနိုင်ငံကဲ့သို့သော နိုင်ငံငယ်တစ်ခုက နွေရာသီအိုလံပစ်အားကစားပွဲ၌ ရွှေတံဆိပ်အားလုံး ဆွတ်ခူးသွားသည်ဆိုပါစို့။ သူတို့ ဆွတ်ခူးနိုင်ခြင်းသည် တရုတ်နှင့် အမေရိကန်နိုင်ငံတို့ကဲ့သို့သော နိုင်ငံကြီးများက ဆွတ်ခူးနိုင်ခြင်းထက် သာသည်ဟု အဓိပ္ပာယ် သက်ရောက်သည်။ အလားတူပင် အရွယ်အစားနှင့် ပိုင်ဆိုင်အသုံးချသည့် သယံဇာတများကိုမကြည့်ဘဲ နိုင်ငံတစ်ခု၏ စီးပွားရေးစွမ်းဆောင်အောင်မြင်မှုကို အခြားနိုင်ငံတစ်ခုနှင့် နှိုင်းယှဉ်ရန်အတွက် ခက်ခဲမည်ဖြစ်သည်။

ဥပမာ အမေရိကန်ပြည်ထောင်စုက ဆွစ်ဇာလန်နိုင်ငံထက်



http://www.cherrythitsar.org

စစ်အသုံးစရိတ် ပိုသုံးသည်ကို မည်သို့ အဓိပ္ပာယ်တွက်ဆမည်နည်း။ အကယ်၍ ဆွစ်ဇာလန်နိုင်ငံသည် အမေရိကန်ပြည်ထောင်စု အရွယ်အစား၏ တစ်စိတ်တစ်ဒေသမျှသာရှိလျှင် ထိုသို့ စုစုပေါင်း အကြမ်းဖျင်းကိန်းဂဏန်းများကို နှိုင်းယှဉ်ခြင်းသည် အသုံးဝင်ခဲ့သည်။

ကမ္ဘာ့စီးပွါးရေးအဆောက်အအုံအတွင်းရှိ နိုင်ငံများကို နှိုင်းယှဉ်ရန်အတွက် စီးပွားရေးကိန်းဂဏန်းများကို တိုင်းပြည်အရွယ်အစားနှင့် ချိန်ထိုးကြည့်ပြီး အများလက်ခံနိုင်သည့် တိုင်းထွာပုံ တိုင်းထွာနည်းတစ်ခုဖြင့် အသွင်ပြောင်းယူရမည်။ ဥပမာ အမေရိကန်ပြည်ထောင်စု၏ စစ်အသုံးစရိတ်ကို ဆွစ်ဇာလန်နိုင်ငံ၏ စစ်အသုံးစရိတ်နှင့် နှိုင်းယှဉ်လိုပါက စီးပွားရေးအဆောက်အအုံ၏ အရွယ်အစားနှင့် နှိုင်းယှဉ်ပြီး စုစုပေါင်း ပြည်တွင်းထုတ်ကုန် သို့မဟုတ်စုစုပေါင်း တိုင်းပြည်ထုတ်ကုန်တို့နှင့် တွက်ချက်ဖော်ပြနိုင်သည်။ အမေရိကန်ပြည်ထောင်စု၏ စစ်အသုံးစရိတ်သည် ကာလတစ်ခုတွင် စုစုပေါင်း ပြည်တွင်းထုတ်ကုန်၏ ၈ရာခိုင်နှုန်းရှိပြီး ထိုအလားတူကာလအတွင်း၌ ဆွစ်ဇာလန်နိုင်ငံ၏ စစ်အသုံးစရိတ်သည် စုစုပေါင်း ပြည်တွင်းထုတ်ကုန်၏(၁၀)ရာခိုင်နှုန်း ရှိသည်ဆိုလျှင် နှိုင်းယှဉ်ရန် အဓိပ္ပာယ်ရှိသည်။

နိုင်ငံတစ်ခု၏ ဝင်ငွေများ၊ အသုံးစရိတ်များကို စုစုပေါင်းပြည်တွင်း ထုတ်ကုန် သို့မဟုတ် စုစုပေါင်းတိုင်းပြည် ထုတ်ကုန်အပေါ် အခြေခံ၍ နှိုင်းယှဉ်တွက်ချက်ခြင်းသည် စီးပွားရေးအဆောက်အအုံများကို နှိုင်းယှဉ်ရာတွင် အသုံးဝင်သည့် နည်းလမ်းတစ်ခုဖြစ်သည်။ သို့သော် စုစုပေါင်းပြည်တွင်းထုတ်ကုန်ကသော် လည်းကောင်း၊ စုစုပေါင်းတိုင်းပြည်ထုတ်ကုန်ကသော် လည်းကောင်း နိုင်ငံတစ်ခု၏ စီးပွားရေးအဆောက်အအုံ၏ အစိတ်အပိုင်းအားလုံးကို ပြည့်ပြည့်ဝဝ တိုင်းတာခြင်း မပြုနိုင်ပေ။ မူးယစ်ဆေးဝါးရောင်းချခြင်း၊ ပြည့်တန်ဆာ

လုပ်ငန်း စသည်တို့ကဲ့သို့ တရားမဝင်လုပ်ငန်းများကို မည်သည့်အခါမျှ တင်ပြအစီရင်ခံခြင်းမရှိသဖြင့် တရားဝင်တိုင်းထွာသည့် ကိန်းဂဏန်းများထဲ၌ ပါဝင်မည်မဟုတ်ပေ။ ထို့အပြင် လစာမရှိဘဲဆောင်ရွက်သည့် အလုပ်များ ဥပမာ အိမ်ထောင်မှုလုပ်ငန်းများ၊ စက်ရုံနှင့် ကျောင်းများသို့ သွားရောက်၍လုပ်အားပေးသည့် လုပ်ငန်းများသည်လည်း ပါဝင်မည်မဟုတ်ပေ။ ထိုသို့ လုပ်ဆောင်သည့် ကုန်စည်နှင့် ဝန်ဆောင်မှုများအတွက် ပေးငွေမရှိသဖြင့် ၎င်းတို့သည် စာရင်းမပေါက်ပေ။

အလုပ်လုပ်သူ မိဘများသည့်နိုင်ငံတစ်ခုသည် စုစုပေါင်းပြည်တွင်းထုတ်ကုန် ပိုမြင့်နိုင်သည်။ အဘယ်ကြောင့်ဆိုလျှင် နေ့ကလေး ထိန်းလုပ်ငန်းများ၊ သန့်ရှင်းရေးလုပ်ငန်းများ စသည် အိမ်မှာနေသည့်သူများက အခမဲ့ဆောင်ရွက်တတ်သည့် လုပ်ငန်းမျိုးအတွက် စရိတ်များကို ထပ်ပေါင်းတွက်ချက်ရသောကြောင့်ဖြစ်သည်။

ပြည်တွင်းထုတ်ကုန်သော်လည်းကောင်း၊ စုစုပေါင်းတိုင်းပြည်ထုတ်ကုန်သော်လည်းကောင်း နိုင်ငံတစ်ခု၏ စီးပွားရေးအဆောက်အအုံကို တိတိကျကျ ပြည့်ပြည့်စုံစုံ တိုင်းထွာခြင်း မပြုနိုင်သော်လည်း ဆင်းရဲသည့် နိုင်ငံဖြစ်စေ၊ ချမ်းသာသည့် နိုင်ငံဖြစ်စေ၊ သေးသည့် နိုင်ငံဖြစ်စေ၊ ကြီးသည့်နိုင်ငံဖြစ်စေ မတူညီသည့် နိုင်ငံများ၏ စီးပွားရေးလှုပ်ရှားမှုများကို နှိုင်းယှဉ်ရာတွင် ၎င်းတို့သည် အကောင်းဆုံးသော နည်းလမ်းများဖြစ်ကြသည်။

☮

## ၁၄။ ငွေကြေးပမာဏ ဆိုသည်မှာ

**What is money supply ?**

ကမ္ဘာပေါ်ရှိ စီးပွားရေးအဆောက်အအုံတိုင်းကို ငွေကြေးပမာဏဖြင့် ထိန်းချုပ်ထားသည်။ မိုနိုပိုလီကစားနည်းကဲ့သို့ သေးငယ်



http://www.cherrythitsar.org

သည့် စီးပွားရေးအဆောက်အအုံတစ်ခု၌ပင်လျှင် အိမ်များ၊ ပိုင်ဆိုင်ပစ္စည်းများကို ဝယ်ရန်အတွက် မိုနီပိုလီပိုက်ဆံကို အသုံးပြုကြသည်။

ခေတ်မီစီးပွားရေးအဆောက်အအုံများအားလုံးသည် ငွေကြေးကို အသုံးပြုသည့် အပေါ်၌ အခြေခံပြီး တည်ဆောက်ထားကြသည်။ ထို့ကြောင့် နိုင်ငံတိုင်း နိုင်ငံတိုင်း၏ ငွေကြေးပမာဏက နိုင်ငံ၏ စီးပွားရေးအဆောက်အအုံ မည်မျှမြန်မြန်တိုးတက်ကြီးပွားလာနိုင်သည်ကို ဆုံးဖြတ်သည်။ အကယ်၍ ဗဟိုဘဏ်က ငွေကြေးပမာဏကို တိုးလိုက်လျှင် စားသုံးသူများနှင့် စီးပွားရေးလုပ်ငန်းများအနေဖြင့် ကုန်စည်နှင့် ဝန်ဆောင်မှုများအတွက် အသုံးပြုနိုင်ရန် ငွေကြေးပိုမိုရရှိသည်။

မိုနိုပိုလီကစားနည်း၌ ကစားသမားများအတွက် လိုအပ်သည့် ငွေကြေးကို တိုးပေးလိုက်ခြင်းအားဖြင့် ကစားပုံမြန်ဆန်သွက်လက်လာနိုင်သလို နိုင်ငံတစ်ခုကလည်း စီးပွားရေးတိုးတက်မှုကို ငွေကြေးပမာဏ တိုးလိုက်ခြင်းအားဖြင့် မြန်ဆန်သွက်လက်နိုင်သည်။ ငွေကြေးပမာဏထဲ၌ လည်ပတ်နေသည့်ငွေကြေးများနှင့် ချက်လက်မှတ် ရေးသား၍ ထုတ်ယူနိုင်သည့် ဘဏ်အပ်ငွေများကဲ့သို့သော အလွယ်တကူအဆင်သင့်ရရှိနိုင်သည့် ရန်ပုံငွေများလည်းပါသည်။ ဤသို့ ကျဉ်းကျဉ်းမြောင်းမြောင်း သတ်မှတ်သည့်နည်းလမ်းကို $M_1$ဟုခေါ်သည်။ $M_1$ဟု ခေါ်ရခြင်းမှာ ငွေကြေးပမာဏ၏ ပထမအဆင့်ကို ရည်ညွှန်းခြင်းဖြစ်သည်။ ဤသို့ ရလွယ်ယူလွယ်သည့် ငွေကြေးပမာဏကို စွမ်းအားမြင့်ငွေကြေး High power money ဟုခေါ်လေ့ရှိသည်။ ၎င်းငွေကြေးက စားသုံးသူအများစုနှင့် စီးပွားရေးအရ သုံးစွဲမှုများကို တွန်းအားပေးပြီး စီးပွားရေး တိုးတက်မှုအများစုကို တွန်းအားပေးလေ့ရှိသည်။ နိုင်ငံတစ်ခု၏ ငွေကြေးပမာဏကို တိုင်းတာသည့်အခြားနည်းလမ်းများထဲ၌ အလွယ်တကူ အဆင့်သင့်



http://www.cherrythitsar.org

ငွေမထုတ်နိုင်သည့်အချိန် ဆိုင်းအပ်ငွေနှင့် ရေရှည် ရင်းနှီးမြှုပ်နှံမှုကဲ့သို့သော ရန်ပုံငွေများ ပါဝင်သည်။

အခြေခံကျကျပြောရလျှင် ပုဂ္ဂလိကများအနေဖြင့် သူတို့ သုံးစွဲစရာ ငွေနည်းသည့်အခါ စီးပွားရေးလှုပ်ရှားမှု နှေးကွေးသွားတတ်သည်။ ဗဟိုဘဏ်များက စီးပွားရေးအဆောက်အအုံကို နှေးကွေးပြီး ငွေဖောင်းပွမှုကို ထိန်းချုပ်လိုလျှင် ငွေကြေးပမာဏ တိုးတက်မှုကို ကန့်သတ်လေ့ရှိသည်။ မိုနိုပိုလီကစားပွဲတစ်ခု၌ ဘုတ်ပြားတစ်ဝိုက်တွင် ငွေကြေးအနည်းငယ်သာ ရှိသည့်အခါ ကစားသမားများအနေဖြင့် အခြားကစားသမားတစ်ယောက်ထံမှ ပစ္စည်းများဝယ်လျှင် ငွေကြေးအနည်းငယ်သာ ပေးနိုင်သည်။

နိုင်ငံ၏ စီးပွားရေးအဆောက်အအုံနှင့် ပတ်သက်၍ စဉ်းစားလျှင် ငွေကြေးအနည်းငယ်သာရှိလျှင် စီးပွားရေးတိုးတက်မှု နှေးကွေးသည်။ ငွေကြေးအနည်းငယ် ကိုသာ ရနိုင်သဖြင့် အတိုးနှုန်းများ မြင့်သွားတတ်သည်။ ငွေကြေးကို ရယူရန်အတွက် ကုန်ကျသည့်စရိတ်များ မြင့်သွားတတ်သည်။ ငွေချေးရန်အတွက် ဈေးကြီးသွားတတ်သည်။ ငွေချေးငှားရန် ဈေးကြီးလာလျှင် စားသုံးသူများ၊ စီးပွားရေးလုပ်ငန်းများသည် သုံးစွဲမှုတိုးပွားချင်စိတ်လျော့နည်းသွားကြမည်။ ဤနည်းအားဖြင့် ငွေကြေးပမာဏကို ထိန်းချုပ်ခြင်းသည် ဗဟိုဘဏ်တစ်ခုအနေဖြင့် ငွေဖောင်းပွမှုကို လျော့ကျအောင် ဆောင်ရွက်နိုင်သည်။

စီးပွားရေးလှုပ်ရှားမှုများကို တွန်းအားပေးလိုလျှင် ငွေကြေးပမာဏကို တိုးမြှင့်နိုင်သည်။ မိုနိုပိုလီကစားပွဲတစ်ခုက ကစားသမားများကို ပွဲစရန်အတွက် ဒေါ်လာ ၂၀၀ ထက်ပို၍ ဒေါ်လာ ၅၀၀ ပေးလျှင် ရလဒ်များကို ဟောကိန်းထုတ်နိုင်ပါသည်။ ထို စီးပွားရေးအဆောက်အအုံ အရှိန်မြန်လာပြီး ကစားသမားများသည် ဈေးမြင့်သည်ထက် မြင့်ပေးပြီး ရောင်းကြဝယ်ကြလိမ့်မည်။ ငွေကြေးပမာဏကို တိုးပေး



http://www.cherrythitsar.org

ခြင်းသည် တိုးတက်မှုကို မြန်ဆန်စေသလို ဈေးနှုန်းများကိုလည်း ဖောင်းပွစေသည်။

✇

## ၁၅။ ဗဟိုဘဏ်ဆိုသည်မှာ

**What is a central bank?**

ဉာဏ်ပညာရှိသည့် ကားမောင်းသမားတစ်ယောက်သည် မျက်စိက လမ်းပေါ်မှာ အာရုံစိုက်ထားပြီး လက်က စတီယာတိုင်ပေါ် သို့ မြဲမြဲကိုင်ထားသလို နိုင်ငံတိုင်းနိုင်ငံတိုင်းကလည်း နိုင်ငံ၏စီးပွားရေး လမ်းကြောင်းမှန်ပေါ်ရောက်ရေးအတွက် ဗဟိုဘဏ်ကို အသုံးပြုလေ့ ရှိကြသည်။ ဗဟိုဘဏ်က စီးပွားရေးအချက်အလက်များ၊ ကိန်းဂဏန်း များကို စောင့်ကြည့်ပြီး စီးပွားရေးအဆောက်အအုံ လမ်းမှန်ဦးတည် သွားရေးအတွက် ငွေကြေးပမာဏနှင့် အတိုးနှုန်းတို့ကို ညှိနှိုင်းခြင်း၊ အတိုးအလျှော့လုပ်ခြင်းများ ပြုသည်။

သာမန်ဘဏ်များကဲ့သို့ အပ်ငွေလက်ခံခြင်း၊ ချေးငွေများ ထုတ်ချေးခြင်းမလုပ်ဘဲ အမေရိကန်ပြည်ထောင်စု သီးသန့်ရန်ပုံငွေအဖွဲ့ သို့မဟုတ် ဂျပန်ဘဏ်ကဲ့သို့သော ဗဟိုဘဏ်တစ်ခုသည် စီးပွားရေး အဆောက်အအုံတစ်ခု၏ ငွေကြေးပမာဏကို တိုးခြင်းအားဖြင့် သော်လည်းကောင်း၊ လျှော့ခြင်းအားဖြင့်သော်လည်းကောင်း ထိန်းချုပ် သည်။ စီးပွားရေးအဆောက်အအုံ၏ငွေကြေးပမာဏကို တိုးပွားရန် အတွက် ငွေစက္ကူရိုက်နှိပ်ခြင်းဟူသည့် နည်းလမ်းတစ်ခုတည်းကိုသာ အသုံးပြုသည်မဟုတ်ပေ။

တကယ်တော့ ခေတ်မီစီးပွားရေးအဆောက်အအုံများက ရိုက်နှိပ် သည့် ငွေစက္ကူနှင့် ငွေဒင်္ဂါးများသည် စုစုပေါင်းငွေကြေးပမာဏ၏ ၁၀ ရာခိုင်နှုန်းထက် နည်းသည်။ ဗဟိုဘဏ်သည် စားသုံးသူများ၊



http://www.cherrythitsar.org

စီးပွားရေးလုပ်ငန်းများ၏ နေ့စဉ်လိုအပ်ချက်များကို ဖြည့်စွမ်းနိုင်ရုံ လုံလောက်သည့် ငွေစက္ကူများကိုသာ ရိုက်နှိပ်ထားရှိသည်။ဥပမာ အမေရိကန်ဗဟို သီးသန့်ရန်ပုံငွေအဖွဲ့၌ ငွေစက္ကူရိုက်နှိပ်သွန်းလောင်းသည့် ဗျူရိုတစ်ခုရှိပြီး၊ စီးပွါးရေးအဆောက်အအုံကြီး တစ်ခုလုံး၌ စုတ်ပြတ်သွားသည့် ငွေစက္ကူများကို အစားထိုးရန်အတွက် ငွေစက္ကူများ ရိုက်နှိပ်ထားရှိသည်။

ဗဟိုဘဏ်တစ်ခုသည် တကယ်တော့ နိုင်ငံစီးပွားရေး အဆောက်အအုံ အတွက် လိုအပ်သည့် ငွေကြေးများကို ထောက်ပံ့သည့် အမျိုးသားဘဏ်တစ်ခုထက် ပိုသည်။ နိုင်ငံ၏ ငွေကြေးမူဝါဒကို ညှိနှိုင်းသည့်အပြင် ဘဏ်စနစ်ကို စောင့်ကြပ်ကြည့်ရှုသည့် အဖွဲ့ အစည်းတစ်ခုအဖြစ်လည်း ဆောင်ရွက်သည်။ ကိစ္စအတော်များများ တို့၌ နိုင်ငံ၏စီးပွားရေးအဆောက်အအုံပေါ် တည်တည်ငြိမ်ငြိမ် ဩဇာလွှမ်းမိုးနိုင်ရန်အတွက် အစိုးရနှင့် သီးခြားကင်းလွတ်စွာ တည်ထောင် လည်ပတ်လေ့ရှိသည်။

နိုင်ငံတစ်ခုနှင့်တစ်ခု ဗဟိုဘဏ်၏ လုပ်ငန်းများနှင့်တာဝန်များ တူညီမှုမရှိကြပေ။ ဥပမာဗြိတိန်နိုင်ငံ၏ အင်္ဂလန်ဘဏ်သည် ငွေကြေး ရိုက်နှိပ်ရန်အတွက် တာဝန်ယူရသလို ဘဏ်စနစ်ကို ကြီးကြပ်ရခြင်း၊ ငွေကြေးမူဝါဒများ ညှိနှိုင်းရခြင်းအတွက်လည်း တာဝန်ရှိသည်။ အမေရိကန်ပြည်ထောင်စု၌ ဗဟိုဘဏ်တစ်ခု၏ တာဝန်ကို အဖွဲ့ အစည်းအောဂျင်စီအမျိုးမျိုးခွဲထားသည်။ အမေရိကန်ဘဏ္ဍာရေးဌာနက အစိုးရအသုံးပြုရန်အတွက် လိုအပ်သည့် ငွေကို ငွေတိုက်စာချုပ်များ ထုတ်ရောင်းကာ ချေးငှားသည်။ ဗဟိုသီးသန့် ရန်ပုံငွေ ဘုတ်အဖွဲ့က ငွေကြေးမူဝါဒချမှတ်ရာ၌ အကြီးအကဲအဖြစ် ဆောင်ရွက်ပြီး ပုံနှိပ်သွန်းလောင်းရေးဗျူရို၏ ပုံနှိပ်ထုတ်ဝေရေး လုပ်ငန်းများကိုလည်း ကြီးကြပ်သည်။

ပြင်သစ်ဘဏ်(Banque de France)က နိုင်ငံအတွက် ငွေကြေးကို ပုံနှိပ်ထုတ်ဝေသော်လည်း ပြင်သစ်ဘဏ္ဍာရေးဌာနက ငွေကြေးမူဝါဒများနှင့်ပတ်သက်၍လည်းကောင်း၊ ဘဏ်ကြီးကြပ်ရေးနှင့်ပတ်သက်၍လည်းကောင်း အဓိကဆုံးဖြတ်ချက်များကို ချမှတ်သည်။ ဂျာမနီ၏ ဗဟိုဘဏ်ကို Bundes bankဟုခေါ်ပြီး Bund ဆိုသည်မှာ ဗဟို(သို့မဟုတ်) ပြည်ထောင်စုဟုအဓိပ္ပာယ်ရပြီး ပြင်းထန်သည့် တင်းကျပ်သော ငွေကြေးထိန်းချုပ်မှုပေါ်လစီကို ကိုယ်စားပြုသည်။ ထိုမူဝါဒ၌ ငွေဖောင်းပွမှုကို မည်သည့်နည်းဖြင့်မဆို ထိန်းချုပ်ရေးအတွက် ငွေကြေးပမာဏ တိုးပွားမှုကို ထိန်းချုပ်မှုပါဝင်သည်။ Bundes bank ၏ငွေကြေးမူဝါဒနှင့်ပတ်သက်၍ နာမည်ထင်ရှားမှုကြောင့် ဥရောပယူနီယံသည် မိမိ၏ ဗဟိုဘဏ်လုပ်ငန်းများကို ဖရန့်ဖတ်မြို့၌ ရုံး စိုက်စေခဲ့သည်။

ဂျပန်ဘဏ်သည် အခြားကမ္ဘာ့ဗဟိုဘဏ်များကဲ့သို့ပင် အစိုးရ၏ ဘဏ်အဖြစ် ဆောင်ရွက်သည်။ ဤလုပ်ငန်းမှာ ဘဏ်အတွက် အဓိကငွေကြေးထောက်ပံ့သည့် လုပ်ငန်းဖြစ်သည်။ အစိုးရ၏ ချက်လက်မှတ်များကို ထုတ်ဝေခြင်း၊ နိုင်ငံခြားငွေ၊ အပ်ငွေများ လက်ခံထားခြင်းတို့အတွက် အခကြေးငွေများ သတ်မှတ်တောင်းခံသည်။ဆွစ်အမျိုးသားဘဏ်ကဲ့သို့ အချို့ဗဟိုဘဏ်များကို ပုဂ္ဂလိက အစုရှယ်ယာရှင်များက တစ်စိတ်တစ်ဒေသ ပိုင်ဆိုင်ကြသည်။

ငွေကြေးအခက်အခဲကြုံသည့်အခါဗဟိုဘဏ်များသည်နောက်ဆုံး ငွေချေးငှားသူအဖြစ် ဆောင်ရွက်တတ်သည်။ ငွေကြေးစနစ်၏ တည်ငြိမ်မှုကို ထိန်းသိမ်းနိုင်ရန်အတွက် ကျဆင်းဆုံးရှုံးနေသည့် ဘဏ်များကို အကူအညီပေးရန် ငွေထုတ်ချေးလေ့ရှိသည်။

နိုင်ငံတကာ အကျပ်အတည်းများနှင့် ကြုံသည့်အခါ တစ်ခါ



http://www.cherrythitsar.org

တစ်ရံ၌ ဗဟိုဘဏ်များသည် မိမိတို့၏ ဗဟိုအာဏာပိုင်အဖွဲ့ အစည်းဖြစ်သော နိုင်ငံတကာ စာရင်းရှင်းလင်းရေးဘဏ် (Bank for International Settlement) ၏ အကူအညီကို ယူကြသည်။ ထိုဘဏ်သည် ဆွစ်ဇာလန်နိုင်ငံ ဘာဆဲလ်မြို့၌ အခြေစိုက်သည်။ နိုင်ငံတကာ ဘဏ်များကို အကြံဉာဏ်ပေးခြင်း၊ ကြီးကြပ်ခြင်းများ လုပ်သကဲ့သို့ နိုင်ငံတကာ စာရင်းရှင်းလင်းရေးဘဏ်သည် ကျဆင်းနေသည့် ဘဏ်များ၏ အခြေအနေကို ကူညီရန်အတွက် ယာယီရန်ပုံငွေများ ထုတ်ပေးလေ့ရှိသည်။ ထိုသို့ ရေတိုကာလအတွက် ထုတ်ပေးသည့် ငွေကို ပေါင်းကူးချေးငွေ (bridge loan)ဟုခေါ်သည်။ ရေရှည်အရင်းအနှီးကိစ္စများ စီစဉ်နိုင်သည့် တစ်ပြိုင်နက် ထိုချေးငွေကို ပြန်လည်ပေးဆပ်ရသည်။

ထိုနိုင်ငံတကာ စာရင်းရှင်းလင်းရေးဘဏ်ကို ဗဟိုဘဏ်များက ကမ္ဘာတစ်ဝန်းရှိ ဘဏ်တစ်ခုနှင့်တစ်ခု ငွေကြေးရန်ပုံငွေများ လွှဲပြောင်းရန်အတွက် အသုံးပြုသည်။ ဥပမာ ပြင်သစ်ဘဏ်က BIS ကို အသုံးပြုပြီး နိုင်ဂျီးရီးယားဗဟိုဘဏ်သို့ ငွေပေးချေသလို ဂျပန်ဘဏ်ကလည်း BIS ကို အသုံးပြုပြီး အမေရိကန်ဗဟိုသီးသန့် ရန်ပုံငွေအဖွဲ့သို့ ငွေများ လွှဲပြောင်းနိုင်သည်။ နိုင်ငံတကာ ငွေလွှဲပြောင်းမှုများအတွက် အဓိကကျသည့်အချက်မှာ ဗဟိုစာရင်းရှင်းသည့် အာဏာပိုင် အဖွဲ့အစည်းတစ်ခုရှိရန်ပင် ဖြစ်သည်။ ငွေလက်ခံရရှိသည့်ပိုင်းစာရင်း၌ မြီရှင်သွင်းပြီး အခြားဘက်၏ စာရင်း၌ မြီစား သွင်းရမည်။ တကယ်တမ်းငွေကြေးကို လက်ပြောင်းလက်လွှဲလည်းမလုပ်၊ လုပ်စရာလည်းမလို။ ဘဏ်အနေဖြင့် ပေးငွေများကို မှတ်တမ်းထားလျှင် လုံလောက်သည်။

ဗဟိုဘဏ်များကတစ်ဆင့် ပြုလုပ်သော နိုင်ငံတကာ ငွေပေးငွေယူများကို တကယ်တော့ အိမ်နီးနားရှိဘဏ်တစ်ခု၌ ချက်လက်မှတ်



http://www.cherrythitsar.org

အတွက် ငွေသွားထုတ်သည့် နည်းမျိုးအတိုင်း အလားတူပင် ဆောင်ရွက်သည်။ ဖောက်သည်တစ်ယောက်၏ စာရင်း၌ မြီရှင်စာရင်း သွင်းပြီး ချက်လက်မှတ်ထုတ်ပေးသည့်သူ စာရင်း၌ မြီစားသွင်း လိုက်ရုံသာဖြစ်သည်။ ဤသို့ စာရင်းတစ်ခု၌ မြီရှင်သွင်းပြီး အခြားစာရင်းတစ်ခု၌ မြီစား သွင်းခြင်းအားဖြင့် တကယ်တမ်း ငွေကြေးကို လွှဲပြောင်းစရာမလိုဘဲ နိုင်ငံတကာ ငွေပေးငွေယူများကို စာရင်းရှင်းနိုင်သည်။ တစ်နည်းအားဖြင့် ပြောရလျှင် နိုင်ငံတကာ စာရင်းရှင်းလင်းရေးဘဏ်သည် ကမ္ဘာ့ဗဟိုဘဏ်များ၏ ဗဟိုဘဏ် အဖြစ် ဆောင်ရွက်ခြင်းဖြစ်သည်။

☮

## ၁၆။ဗဟိုဘဏ်များက စီးပွားရေး အဆောက်အအုံတစ်ခုကို ထိန်းချုပ်ပုံ

**How do central bank regulate an economy?**

ဒိုနောလ်ဒတ်ခ် (Donald Duck)၏ ကပ်စီးနဲ့ဦးလေးကြီးစကရူး ၏ လုပ်ပုံလုပ်နည်းကလွဲလျှင် စီးပွားရေးအဆောက်အအုံထဲက စုငွေ အတော်များများသည် အိမ်က မီးခံသေတ္တာထဲ၌ ငွေစက္ကူများ၊ ငွေဒင်္ဂါး အနေဖြင့် သိမ်းဆည်းထားခြင်း မဟုတ်ဘဲ ဘဏ်အပ်ငွေများအနေဖြင့် အပ်နှံထားခြင်း ဖြစ်သည်။

စီးပွားရေး အဆောက်အအုံအတွင်းရှိ ငွေကြေးအတော်များများ သည် တကယ်တော့ ဒေသခံ ဘဏ်တစ်ခု၌ စုဆောင်းငွေသော် လည်းကောင်း၊ ချက်လက်မှတ်ဖြင့်ထုတ်ယူနိုင်သော စာရင်းရှင်တစ်ခု ထက်လည်းကောင်း ဘာမျှ မပိုပေ။ ထို့ကြောင့် ဗဟိုဘဏ်တစ်ခု အနေဖြင့် စီးပွားရေးအဆောက်အအုံကို ထိထိရောက်ရောက် ထိန်းချုပ် နိုင်သည့် နည်းလမ်းမှာ ဘဏ်ချေးငွေများနှင့် ဘဏ်၌ အပ်ငွေများကို တိုးမြှင့်သည့် သို့မဟုတ် လျှော့ချသည့် နည်းလမ်းပင် ဖြစ်သည်။

ဘဏ်များအနေဖြင့် သူတို့၏ ဖောက်သည်များအား ချေးရန်

အတွက် ငွေရှိနေလျှင် စီးပွားရေးအဆောက်အအုံ တိုးပွားလာသည်။ ဘဏ်များအနေဖြင့် ချေးငွေများကို လျှော့ချရန် ဖိအားပေးခြင်းခံရလျှင် စီးပွားရေးအဆောက်အအုံ နှေးကွေးသွားတတ်သည်။

ဖောက်သည်တစ်ယောက်အနေဖြင့် ဒေသခံဘဏ်တစ်ခုသို့ ငွေအပ်လိုက်ပြီဆိုလျှင် ထိုငွေကို အခြားသူများက ချေးငှားရန်အတွက် ရရှိနိုင်သည်၊ ဥပမာ ဆန်ဖရန်စစ္စကိုရှိ ဘဏ်တစ်ခု၌ အပ်သည့် ဒေါ်လာငွေ ၁၀၀သည် ဘဏ်ထဲ၌ ကြာရှည်စွာ သိမ်းဆည်းထားသည် မဟုတ်ပေ။ ဘဏ်အပ်ငွေမှ အနည်းငယ်ကို သီးသန့်ဖယ်ထား ချန်ထားပြီးနောက် ကျန်သည့်ငွေများကိုဘဏ်က ထုတ်ချေးနိုင်သည်။ ဤနည်းအားဖြင့် ငွေစက္ကူများ အမှန်တကယ် တိုးချဲ့ရိုက်နှိပ်ခြင်း မပြုရဘဲ ငွေကြေးပမာဏကို တိုးပွားစေနိုင်သည်။ ထိုသို့ ထုတ်ချေးလိုက်သည့် ငွေများကို ဘဏ်များ၌ ပြန်လည်အပ်နှံသည့်အခါ နောက်ထပ် ချေးငွေသစ်များအတွက် ငွေများထပ်ရလာသည်။ ဤနည်းအားဖြင့် ငွေကြေးပမာဏကို တိုးသည်ထက် တိုးစေသည်။ ဘဏ်တစ်ခု၏ ထုတ်ချေးနိုင်သည့် ငွေကြေးပမာဏကို ၎င်း၏ အပ်ငွေများ၊ သီးသန့်ငွေသားများအပေါ် မူတည်၍ ကန့်သတ်ထား သည်။ သီးသန့်ငွေသား (reserve requirement)ကို ဗဟိုဘဏ်က သတ်မှတ်သည်။

သီးသန့်ငွေသားသည် ငွေကြေးပမာဏကို ထိန်းချုပ်ရန်အတွက် ဗဟိုဘဏ်များက အသုံးပြုရာတွင် အထိရောက်ဆုံး လက်နက်ကိရိယာ တစ်ခုဖြစ်လာသည်။ ဘဏ်တစ်ခုအနေဖြင့် သီးသန့်ရန်ပုံငွေမှ အချို့ ရာခိုင်နှုန်းကို ဗဟိုဘဏ်၌ အပ်နှံကြရသည်။ ဥပမာ အပ်ငွေ ၁၀ ရာခိုင်နှုန်းကို ဗဟိုဘဏ်၌ အပ်နှံကြရသည်။ ဤနည်းအားဖြင့် ထိုငွေများကို စားသုံးသူများအား ပြန်လည်၍ ချေးငှားခြင်းမပြုနိုင် အောင် ထိန်းချုပ်ထားသည်။

**ယနေ့မန္တလေးစာအုပ်တိုက်**

http://www.cherrythitsar.org

ဗဟိုဘဏ်တစ်ခုအနေဖြင့် ငွေကြေးပမာဏကို တိုးမြှင့်ရန် ဆုံးဖြတ်လျှင် ဤသီးသန့်ငွေသားလိုအပ်ချက်ကို လျှော့ချနိုင်သည်။ ထို့ကြောင့် စီးပွားရေးလုပ်ငန်းများ၊ စားသုံးသူများအား ဘဏ်က ငွေပိုချေးနိုင်သည်။ ထိုအခါ ငွေကြေးပမာဏကို လျင်မြန်စွာ တိုးပွားသွားစေနိုင်သည်။ တဖြည်းဖြည်း အဆများသွားတိုးသွား သည့်သဘော (multiplier effect)ကြောင့် ငွေကြေးပမာဏကို လျင်မြန်စွာ တိုးပွားစေနိုင်သည်။ စီးပွားရေးအဆောက်အအုံတွင်းသို့ ချေးငွေသစ်များ ဝင်လာသည်။ အပ်ငွေများ တိုးလာသည်။ ဘဏ်များက ထုတ်ချေးစရာ ငွေများတိုးလာသည်။ ဤနည်းအားဖြင့် အပ်ငွေများကို တိုးစေသည်။ နောက်ထပ် ထပ်ချေးစရာ ငွေများ ရရှိစေသည်။

ငွေကြေးပမာဏကို ထိန်းချုပ်နိုင်သည့် အခြားနည်းတစ်နည်းမှာ အတိုးနှုန်းများကို မြှင့်ခြင်း သို့မဟုတ် နှိမ့်ခြင်းပင်ဖြစ်သည်။ ဗဟိုဘဏ်က စီးပွားရေးအဆောက်အအုံတိုးတက်မှုမှာ နှေးကွေးလွန်း သည် သို့မဟုတ် လုံးဝမတိုးတက်ဘဲ နေသည်ဟု ဆုံးဖြတ်လျှင် ဗဟိုဘဏ်မှ ဘဏ်များသို့ ထုတ်ချေးသော ငွေများအပေါ်၌ သက်မှတ် ကောက်ခံသည့် အတိုးနှုန်းကို လျှော့ချနိုင်သည်။ ဘဏ်များအနေဖြင့် ဗဟိုဘဏ်မှ ငွေကြေးများကို အတိုးနှုန်းသက်သာစွာဖြင့် ရရှိနိုင်သည့် အခါ ၎င်းတို့မှတစ်ဆင့် စီးပွားရေးလုပ်ငန်းများ၊ စားသုံးသူများသို့ အတိုးနှုန်းသက်သာစွာဖြင့် ငွေချေးနိုင်သည်။ ထိုသို့ ချေးလျှင် စီးပွားရေး တိုးတက်မှုအတွက် အရေးကြီးသည့် အထောက်အပံ့တစ်ခု ကို ထောက်ပံ့လိုက်ရာ ရောက်သည်။ ထို့အတူပင် စီးပွားရေး အဆောက်အအုံက လျင်မြန်စွာ တိုးတက်နေသည့် အရိပ်နိမိတ် များပြနေလျှင် ဗဟိုဘဏ်က ဘဏ်များသို့ ထုတ်ချေးသည့်ချေးငွေများ အပေါ်၌ အတိုးနှုန်းကို မြှင့်နိုင်သည်။ ထိုနည်းအားဖြင့် စီးပွားရေး



http://www.cherrythitsar.org

တိုးတက်မှုနှုန်းကို နှေးကွေးအောင်လုပ်လိုက်ရာရောက်သည်။

ငွေကြေးပမာဏကို သိသိသာသာ တိုးအောင်၊ လျှော့အောင် လုပ်နိုင်သည့် နည်းတစ်ခုမှာ ဈေးကွက်တွင်း ဝင်ရောက် ရောင်းဝယ်ခြင်းမှ ဖြစ်သည်။ ဗဟိုဘဏ်တစ်ခုအနေဖြင့် ငွေချေးသက်သေခံလက်မှတ်များ ဥပမာ အစိုးရငွေတိုက်စာချုပ် များကိုဈေးကွက်ထဲ၌ အကြီးအကျယ်ဝင်ရောက်၍ ရောင်းနိုင်ဝယ်နိုင်သည်။ ဥပမာ ဘဏ်တစ်ခုမှသော်လည်းကောင်း၊ ငွေချေးသက်သေခံလက်မှတ် ကုမ္ပဏီတစ်ခုမှသော်လည်းကောင်း ငွေချေးစာချုပ်အများအပြားဝယ်ခြင်းအားဖြင့် ဗဟိုဘဏ်မှ ငွေများသည် စီးပွားရေးအဆောက်အအုံထဲသို့ ရောက်သွားသည်။ ယခင်က ငွေကြေးပမာဏထဲ၌ ပါဝင်ခြင်းမရှိသည့် ရန်ပုံငွေများကို အသုံးပြုလိုက်ခြင်းကြောင့် ငွေကြေးပမာဏထဲသို့ ငွေများ ရောက်သွားသည်။ လွတ်လပ်သော ဈေးကွက်၌ စာချုပ်များကို ဝယ်ရန် အသုံးပြုသည့် ငွေသည် ဘဏ်များလက်ထဲသို့ ရောက်သွားသောအခါ ဘဏ်များအနေဖြင့် စားသုံးသူများ၊ စီးပွါးရေးလုပ်ငန်းများသို့ ငွေထုတ်ချေးနိုင်သည်။

ဗဟိုဘဏ်က ငွေကြေးပမာဏ တိုးပွားအောင်လုပ်သည့်အခါတိုင်း လွတ်လပ်သော ဈေးကွက်မှ စာချုပ်များကို ဝယ်ယူသည်။ ချက်လက်မှတ်ကို အသုံးပြု၍ဖြစ်စေ၊ ငွေသားကို ပေးချေသည်ဖြစ်စေ၊ ဗဟိုဘဏ်ရှိ ဘဏ်များ၏ စာရင်း၌ မြီရှင်စာရင်းသွင်းလိုက်သည်ဖြစ်စေ လွတ်လပ်သော ဈေးကွက်၌ ဝယ်ယူလိုက်သည့် ရန်ပုံငွေများသည် ပထမဆုံးအကြိမ်အဖြစ်ဖြင့် ငွေကြေးပမာဏဖြစ်သွားကြသည်။ စီးပွားရေးအဆောက်အအုံထဲရှိ အခြားသူများနှင့်မတူဘဲ ဗဟိုဘဏ်တစ်ခုအနေဖြင့် အခြားနည်းလမ်းဖြင့် ရန်ပုံငွေရှာစရာမလိုပေ။ ငွေစက္ကူများကို လွယ်လွယ်ကူကူရိုက်နှိပ်နိုင်သည်။ သို့မဟုတ် စီးပွားရေးစနစ်အတွင်းရှိဘဏ်များထံမှ အကန့်အသတ်မရှိ ချေးငှားနိုင်သည်။



http://www.cherrythitsar.org

ဗဟိုဘဏ်ရန်ပုံငွေနှင့် ပတ်သက်၍ ဤတွင်းနက် (black hole) ကြီးသည် အမှန်စင်စစ် စီးပွားရေးအဆောက်အအုံ၏ ငွေကြေးပမာဏ နှင့် သီးခြားခွဲထားသည်။

ဗဟိုဘဏ်တစ်ခုကပေးချေလိုက်သည့် ငွေများသည် စီးပွားရေး အဆောက်အအုံထဲ၌ ဝင်သွားလျှင် ငွေကြေးပမာဏ၏ တစ်စိတ်တစ်ဒေသဖြစ်လာပြီး စီးပွားရေးလုပ်ငန်းများ၊ စားသုံးသူများအနေဖြင့် ၎င်းတို့၏ စီးပွားရေးလုပ်ငန်းများကို တိုးချဲ့ရန်အတွက် တွန်းအားပေးလိုက်ရာရောက်သည်။ အလားတူပင်ဗဟိုဘဏ်တစ်ခု ထုတ်၍ ငွေချေးစာချုပ်များကို လွတ်လက်သောဈေးကွက်၌ ထုတ်၍ရောင်းသည့်အခါ ငွေကြေးပမာဏကို လျော့ကျသွားစေသည်။ ဗဟိုဘဏ်က ထုတ်ရောင်းလိုက်သည့် စာချုပ်များအတွက် ဘဏ်များနှင့် ငွေချေးသက်သေခံကုမ္ပဏီများက ပေးချေသည့် ငွေများသည် ဗဟိုဘဏ်၏ မီးခံသေတ္တာထဲ၌ ပျောက်ကွယ်သွားပြီး စီးပွားရေး အဆောက်အအုံမှ လုံးဝဖယ်ရှားခြင်း ခံရသည်။

ဗဟိုဘဏ်၏ အကဲဖြတ်မှုလွဲမှားလျှင် စီးပွားရေးအဆောက်အအုံရှိ လူတိုင်းအတွက် ဧရာမအကျိုးသက်ရောက်မှုကြီးများကို ဖြစ်စေနိုင်သည်။ အကယ်၍ ဗဟိုဘဏ်က စီးပွားရေးအဆောက်အအုံကို လှည့်ပတ်စရာငွေကြေး အတော်များများ ထုတ်ပေးလိုက်ပြီး မြန်မြန်လည်ပတ်စေလျှင် ငွေဖောင်းပွမှုကို ဖြစ်စေနိုင်သည်။ အကယ်၍ လှည့်ပတ်နေသည့် ငွေကြေးများမှ ငွေပမာဏ အတော်များများကို ထုတ်ယူလိုက်ပြီး စီးပွားရေးအဆောက်အအုံကို နှေးကွေးအောင် လုပ်လိုက်လျှင် စီးပွားရေးကျဆင်းမှုများ ဖြစ်ပေါ်နိုင်သည်။ မလိုလားအပ်သော အလုပ်လက်မဲ့ဖြစ်မှုများ၊ ထုတ်လုပ်မှုကျဆင်းခြင်းများကို ဖြစ်ပေါ်စေနိုင်သည်။

## ၁၇။ စီးပွားရေး အဆောက်အအုံကို ထိန်းချုပ်ရန် အတိုးနှုန်းများကို အသုံးပြုပုံ

**How are interest rates used to control an economy?**

လွတ်လပ်သည့် ဈေးကွက်စီးပွားရေးအဆောက်အအုံများ၌ စားသုံးသူများနှင့် စီးပွားရေးလုပ်ငန်းများအနေဖြင့် သူတို့လုပ်ချင်သည့်အရာ ဘယ်အရာမဆို အားလုံးလိုလို လုပ်နိုင်ကြသည်။ ထို့ကြောင့် ငွေကြေး၏အခသို့မဟုတ် စရိတ်စကဖြစ်သော အတိုးနှုန်းများကို ထိန်းချုပ်ခြင်းအားဖြင့် ဗဟိုဘဏ်များသည် စီးပွားရေးတိုးတက်မှုကို ဩဇာလွှမ်းမိုးနိုင်ကြသည်။

အာဏာရှင်စနစ်နိုင်ငံများ၌ အစိုးရသည် နိုင်ငံသားများအား သူတို့လုပ်ချင်တာကို ခိုင်းစေနိုင်ကြသည်။ သို့သော် လွတ်လပ်သည့် ဈေးကွက်စီးပွားရေးအဆောက်အအုံ ကျင့်သုံးသည့် နိုင်ငံများ၌ စားသုံးသူများနှင့် စီးပွားရေးလုပ်ငန်းများကို သူတို့၏ စီးပွားရေးလှုပ်ရှားမှုများ တိုးစေ၊ လျှော့စေချင်လျှင် စီးပွားရေးအရ မက်လုံးအမျိုးမျိုးကို အသုံးပြုကာ ဆောင်ရွက်စေသည်။ ဥပမာ ကာလတိုအတိုးနှုန်းများကို တိုးမြှင့်ခြင်းအားဖြင့် ဗဟိုဘဏ်က ဘဏ်များ၏ ချေးငွေကို လျှော့ချစေသည်။ စီးပွားရေးလုပ်ငန်းများ ချဲ့ထွင်ရန်နှင့် စားသုံးသူများ သုံးစွဲရန်အတွက် လိုအပ်သည့် ငွေကြေးကို လျော့ကျစေသည်။ အလားတူပင် အတိုးနှုန်းများကို လျှော့ချခြင်းအားဖြင့် ဗဟိုဘဏ်သည် စီးပွားရေးလှုပ်ရှားမှုများကို အားပေးရန် ဆောင်ရွက်နိုင်သည်။

စားသုံးသူများနှင့် စီးပွားရေးလုပ်ငန်းများအား ချေးရန်အတွက် ဘဏ်များက ဗဟိုဘဏ်မှ ငွေကြေးများ ချေးယူလေ့ ရှိကြသည်။ ဗဟိုဘဏ်က ဘဏ်များသို့ ထုတ်ချေးသည့် ချေးငွေများအပေါ်၌ သတ်မှတ်သည့် အတိုးနှုန်း သို့မဟုတ် လျှော့လဲနှုန်း (discount



http://www.cherrythitsar.org

rate)ကို ပြောင်းချင်လျှင် တစ်နိုင်ငံလုံးရှိအခြားအတိုးနှုန်းများကလည်း အလားတူလိုက်၍ ပြောင်းလဲကြသည်။ ဘဏ်အချင်းချင်းချေးသည့် ချေးငွေများအပေါ်၌ ကောက်ခံသည့် အတိုးနှုန်းများကို ဥရောပ၌ ဘဏ်အချင်းချင်း အတိုးနှုန်း (interbank rates)ဟုခေါ်ပြီး အမေရိကန်ပြည်ထောင်စု၌ ဗဟိုရန်ပုံငွေအတိုးနှုန်း (Fed funds rates) ဟု ခေါ်သည်။ အတိုးများ မြင့်သွားကြလျှင် သူတို့အချင်းချင်း ငွေချေးသည့် အခါများ၌ လိုက်၍ မြင့်သွားတတ်ကြသည်။

အခြားကုန်ပစ္စည်းများကဲ့သို့ပင် ငွေကြေးသည် လက်ပြောင်းလက်လွှဲလုပ်၍ရသဖြင့် အတိုးနှုန်းများအားလုံးသည်လည်း ဆက်နွယ်နေကြသည်။ ဘဏ်များနှင့် လုပ်ငန်းများအနေဖြင့် ငွေကြေးချေးအသက်သာဆုံး သို့မဟုတ် အတိုးနှုန်းအနိမ့်ဆုံး နေရာများသို့ရောက်အောင်သွားကြသည်။ ထို့ကြောင့် ဝါရှင်တန်၌ အတိုးနှုန်းအပြောင်းအလဲလုပ်ခြင်းသည် စင်ကာပူရှိ အတိုးနှုန်းများ အပေါ်၌ အကျိုးသက်ရောက်သည်။

နိုင်ငံတကာ ငွေကြေးဈေးကွက်တည်းဟူသော ကမ္ဘာ့ရွာကြီးအတွင်း၌ အတိုးနှုန်းများသည် ကမ္ဘာ့အနှံ့ စီးပွားရေးတိုးတက်မှုကို ထိန်းချုပ်သည့် စီးပွားရေးလှုပ်ရှားမှုများ၏ နှလုံးခုန်သံသဖွယ် ဖြစ်လာကြသည်။ ထို့ကြောင့် တစ်နိုင်ငံရှိ စားသုံးသူများနှင့် စီးပွားရေးလုပ်ငန်းများသည် ကမ္ဘာ့တခြားဘက်၌ ရှိသည့် ဗဟိုဘဏ်၏ ဆုံးဖြတ်ချက်များကြောင့် အကျိုးသက်ရောက်မှုများဖြစ်စေနိုင်သည်။ ကမ္ဘာ့စီးပွားရေးအဆောက်အအုံအတွင်းရှိ အခြားနိုင်ငံများနှင့် ကိုက်ညီအောင် ထိန်းသိမ်းမှုမရှိသော နိုင်ငံတစ်ခု၏ အတိုးနှုန်းများသည် တစ်ခဏအတွင်း နိုင်ငံခြား အရင်းအနှီးများ လိမ့်ဝင်လာခြင်းသော်လည်းကောင်း၊ လိမ့်ထွက်သွားခြင်းသော်လည်းကောင်း ဖြစ်စေနိုင်သည်။

✇

**ယနေ့မန္တလေးစာအုပ်တိုက်**

http://www.cherrythitsar.org

## ၁၈။ လွတ်လပ်စွာ ကုန်သွယ်မှုဆိုသည်မှာ

**What is free trade?**

နိုင်ငံတိုင်းနိုင်ငံတိုင်းအား သူတို့အကောင်းဆုံးလုပ်တတ်သည့် အရာများကို လုပ်ခွင့်ပြုလျှင် (ဥပမာ ပြင်သစ်များက ဖက်ရှင်လုပ်ငန်း၊ ဂျပန်များက အီလက်ထရောနစ်ပစ္စည်းများ၊ အမေရိကန်များက လေယာဉ်များကို လုပ်ခွင့်ပြုလုပ်လျှင်) ကမ္ဘာ့ စီးပွားရေးအဆောက် အအုံကြီးတစ်ခုလုံးကြွယ်ဝချမ်းသာစေနိုင်သည်။ လွတ်လပ်စွာ ကုန်သွယ်မှုရှိသည့်အခါ အကောင်းဆုံးထုတ်ကုန်များကို အကောင်းဆုံး ဈေးနှုန်းများဖြင့် ထုတ်နိုင်သည့် မည်သူမဆို ကမ္ဘာအနှံ့ရောင်းချနိုင်ပြီး နေရာအနှံ့ရှိ စားသုံးသူများကို အကျိုးဖြစ်ထွန်းစေသည်။

လွတ်လပ်စွာ ကုန်သွယ်မှုကို အားပေးခြင်းအားဖြင့် နိုင်ငံများသည် ၎င်းတို့၏ ထုတ်လုပ်သူများကို ပြည်ပမှ ပြိုင်ဆိုင်မှုများသို့ ဖွင့်ပေးလိုက်ရာရောက်သည်။ စီမံခန့်ခွဲမှုညံ့ဖျင်းသည့် လုပ်ငန်းများကို ပျက်စီးစေနိုင်သည်။ ဤနည်းအားဖြင့် ရေတိုတွင် အလုပ်သမားများကို လျှော့ချရခြင်း၊ ထုတ်ပယ်ရခြင်း၊ စက်ရုံများ ရပ်ဆိုင်းရခြင်းများ ဖြစ်စေတတ်သည်။ သို့သော် ရေရှည်၌ ပြည်ပ ပြိုင်ဆိုင်မှုများသည် ကုမ္ပဏီများ စွမ်းရည်မြင့်လာရန်၊ ပြိုင်ဆိုင်နိုင်စွမ်း ရှိလာရန် အထောက်အကူဖြစ်သည်။ နိုင်ငံတစ်ခုကိုလည်း စီးပွားရေးအဆောက် အအုံထဲ၌ အောင်မြင်သော အကျိုးအမြတ်ရှိသောအဖွဲ့ဝင်တစ်ယောက် ဖြစ်လာစေရန်ကူညီပေးသည်။

လွတ်လပ်စွာ ကုန်သွယ်မှုသည် လွတ်လပ်သော ဈေးကွက် သဘောတရားများအပေါ်၌ အခြေခံသည်။ မျှမျှတတယှဉ်ပြိုင်နိုင် သည့် ကစားပွဲတစ်ခုလို နိုင်ငံတစ်ခုရှိ ကုမ္ပဏီများသည် ၎င်းတို့၏ ထုတ်ကုန်များနှင့် ဝန်ဆောင်မှုများကို ရောင်းချရန်အတွက် အခြား နိုင်ငံရှိ ကုမ္ပဏီများနှင့် တန်းတူညီမျှ ပြိုင်ဆိုင်နိုင်ကြသည်။

**ယနေ့မန္တလေးစာအုပ်တိုက်**

http://www.cherrythitsar.org

အစိုးရတစ်ခုအနေဖြင့် ကုန်သွယ်ဘက် အသစ်တစ်ယောက်ကို အားပေးလိုလျှင် ပြည်တွင်းဈေးကွက်ကို ပိတ်ဆို့ထားသည့် အကန့်အသတ်များ၊ အတားအဆီးများကို ဖယ်ရှားရန် ဖြစ်သည်။ ဤသို့ဖော်ရွေစွာဆောင်ရွက်မှုကို အမေရိကန်ပြည်ထောင်စု၌ ဦးစား အပေးဆုံးနိုင်ငံ (Most Favoured Natian -MFN)ဟု ခေါ်သည်။ ၎င်းနိုင်ငံများ၏ စီးပွားရေးအခြေအနေများ၊ စီးပွားရေးမူဝါဒများနှင့် နိုင်ငံရေးမူဝါဒများသည် ဦးစားပေးရန် ထိုက်တန်သည်ဟု ယူဆသည့် နိုင်ငံများကို ပေးလေ့ပေးထရှိသည်။

နိုင်ငံများအနေဖြင့် ကုန်သွယ်ရေးကို အားပေးနိုင်သည့် နည်းလမ်း တစ်ခုမှာ သွင်းကုန်တင်သွင်းသူများနှင့် ပို့ကုန်တင်ပို့သူများ အချင်း ချင်းပစ္စည်းချင်းဖလှယ်သည့်နည်းလမ်းကို ခွင့်ပြုရန်ဖြစ်သည်။ ဥပမာ အရှေ့ဥရောပနိုင်ငံများ၌ ကုန်ပစ္စည်းချင်းဖလှယ်ခြင်းဆိုသည်မှာ ပက်(ပ်)စီကိုလာ သင်္ဘောတစ်စီးကို ဖော်ဒကာသင်္ဘောတစ်စီးနှင့် လဲလှယ်ခြင်းမျိုး ပါဝင်သည်။ ဤနည်းအားဖြင့် နိုင်ငံခြားငွေ အခိုက်အတန့်ရှားပါးမှုမျိုးကို ကျော်လွှားနိုင်သည်။

နိုင်ငံတစ်နိုင်ငံအနေဖြင့် ပို့ကုန်တင်ပို့မှုကို အားပေးလိုလျှင် ကမ္ဘာ့ဈေးကွက်၌ မိမိပစ္စည်းများကို ပြိုင်ဆိုင်နိုင်စွမ်း များအောင် ထုတ်လုပ်ရန် မက်လုံးများပေးကာ ကူညီနိုင်သည်။ အချို့နိုင်ငံများ သည် မိမိနိုင်ငံက ထုတ်သော ကုန်စည်နှင့် ဝန်ဆောင်မှုများကို ဝယ်ယူရန်အတွက် ချေးငွေများ၊ ခွင့်ပြုငွေများကို သွင်းကုန် ပို့ကုန် ဘဏ်များကတစ်ဆင့် ပေးလေ့ရှိသည်။ ဤသို့ အစိုးရက ထောက်ပံ့ ထားသော သွင်းကုန် ပို့ကုန်ဘဏ်များသည် စရိတ်သက်သာသည့် ချေးငွေများကို ထုတ်ချေးကြသည်။ ပို့ကုန်ချေးငွေ (export credites) များက ပို့ကုန်များ တင်ပို့ရန်အားပေးသည်။ ၎င်းချေးငွေများသည် တစ်ခါတစ်ရံ၌ ပို့ကုန်များကို တွန်းအားပေးရာရောက်သော်လည်း

အခြားနိုင်ငံများရှိ ပြိုင်ဘက်ထုတ်လုပ်သူများကို ထိခိုက်နစ်နာစေသည်ဟုဆိုပြီး ဝေဖန်ခြင်းများလည်းရှိသည်။

တစ်ခါတစ်ရံ၌ နိုင်ငံများအနေဖြင့် နိုင်ငံခြားမှ ထုတ်ကုန်နှင့် ဝန်ဆောင်မှုများကို သွင်းရန်အားပေးလေ့ရှိသည်။ ကုန်သွယ်ရေး မညီမျှမှုများမှ ဖြစ်ပေါ်လာသည့် နိုင်ငံတကာ တင်းမာမှုများကို လျှော့ချစေချင်သည့်အခါတွင် သွင်းကုန်များကို အားပေးလေ့ရှိသည်။ ဥပမာ ဂျပန်နိုင်ငံကို ဥရောပနှင့် အမေရိကန်ပြည်ထောင်စုတို့က ကုန်သွယ်ရေးပိုငွေနှစ်ရှည်လများပြနေသည့်အတွက် ဝေဖန်သည့်အခါ ဂျပန်အစိုးရက ပြည်ပညှိနှိုင်းမှုဟု ခေါ်ဆိုသည့် လုပ်ထုံးလုပ်နည်းများကို လုပ်လေ့ရှိသည်။ သွင်းကုန်များကို အားပေးရန်အတွက် အထိရောက်ဆုံး နည်းလမ်းတစ်ခုမှာ နိုင်ငံ၏ ငွေကြေးတန်ဖိုးကို မြင့်မားအောင် လုပ်ရန်ဖြစ်သည်။ ဤနည်းအားဖြင့် ပြည်တွင်းမှာ ထုတ်သည့်ပစ္စည်းများနှင့် နှိုင်းယှဉ်လျှင် ပြည်ပမှာ ထုတ်လုပ်သော ကုန်စည်နှင့် ဝန်ဆောင်မှုများသည် ဈေးသက်သာသွားစေနိုင်သည်။

နိုင်ငံတစ်နိုင်ငံသည် အတိုးနှုန်း လျှော့ချကာ စီးပွားရေးမြန်ဆန်သွက်လက်အောင် ဆောင်ရွက်သည့်နည်းဖြင့်လည်း သွင်းကုန်များကို အားပေးနိုင်သည်။ ဤနည်းအားဖြင့် ရုပ်မြင်သံကြားစက်များ၊ မော်တော်ယာဉ်များကဲ့သို့သော ပြည်ပမှ ထုတ်ကုန်များကို ဝယ်ယူမှု တိုးပွားစေနိုင်သည်။ ဂျာမနီကဲ့သို့သောနိုင်ငံများ၌ စားသုံးကုန်အတော်များများကို ပြည်ပမှ သွင်းယူရသဖြင့် အတိုးနှုန်းများကို လျှော့ချခြင်းသည် ဗီယက်နမ်ဆန်မှအစ ကနေဒါနိုင်ငံမှ ထုတ်လုပ်သည့် အားကစားပစ္စည်းများအဆုံး သွင်းကုန်အားလုံးကို တိုးမြှင့်ရန် အားပေးစေနိုင်သည်။

သွင်းကုန်များကို အားပေးနိုင်သည့်အခြားနည်းလမ်းတစ်ခုမှာ နိုင်ငံခြားထုတ်ကုန်ပစ္စည်းများ ဝယ်ယူမှုကို ကန့်သတ်တားဆီးထား



http://www.cherrythitsar.org

သည့် ယဉ်ကျေးမှုဆိုင်ရာ အဟန့်အတားများကို လျှော့ချရန် ဖြစ်သည်။ ဥပမာ ဂျပန်အစိုးရအနေဖြင့် ဂျပန်စားသုံးသူများအား နိုင်ငံခြားထုတ်ကုန်ပစ္စည်းများ (ဥပမာ အမေရိကန်အမဲသားနှင့် ဂျာမန်မော်တော်ယာဉ်များ)ကို ဝယ်စေချင်တတ်ကြသည်။ ထိုသို့ ဝယ်စေချင်ခြင်းမှာ ဒေါသဖြစ်နေသည့် ကုန်သွယ်ဖက်များထံမှ တုံ့ပြန်ဆောင်ရွက်လာမည့် ကုန်သွယ်ရေးအဟန့်အတားများ၊ ခြိမ်းခြောက်မှုများကို လျှော့ကျစေချင်၍ ဖြစ်သည်။

☮

## ၁၉။ ခွဲတမ်းများ အခွန်အကောက်များနှင့် ထောက်ပံ့ကြေးများ ဆိုသည်မှာ

**What are quotas , tariffs, and subsidies ?**

စစ်ပွဲများကဲ့သို့ပင်ကုန်သွယ်ရေးစစ်ပွဲသည်လည်း မလိုလားအပ်သည့်ဒုက္ခများကို ခံစားရစေနိုင်သည်။ မူလက ကူညီရန် ရည်ရွယ်ထားသည့်သူများကို ထိခိုက်စေနိုင်သည်။ ဥပမာ စွမ်းဆောင်မှုမရှိသည့် ကားလုပ်ငန်းတစ်ခုက နိုင်ငံခြားမှ သွင်းကုန်များ လျှော့ချရန် တောင်းဆိုနိုင်သည်။ ထိုနည်းအားဖြင့် မိမိ၏ ထုတ်ကုန်ပစ္စည်းများကို အရည်အသွေးတိုးမြှင့်ရန်မလိုဘဲ ဈေးနှုန်းများ မြင့်မားစေနိုင်သည်ဟု မျှော်လင့်တတ်ကြသည်။ သို့သော် အဆုံး၌ အခြားနိုင်ငံများက အလားတူကုန်သွယ်မှု အဟန့်အတားများကို မိမိတို့နိုင်ငံအတွင်း၌ ကျင့်သုံးကြသည့်အခါ ကားထုတ်လုပ်သူများအနေဖြင့် နိုင်ငံခြားဈေးကွက်များသို့ တင်ပို့ရောင်းချခွင့် လျော့နည်းသွားတတ်ကြသည်။

စွမ်းဆောင်ရည်ညံ့ဖျင်းသည့် လုပ်ငန်းစုများ၌ အလုပ်အကိုင်ရရှိရေးကို ကာကွယ်စောင့်ရှောက်ရန် ကြိုးစားသည့်အခါ ကုန်သွယ်ရေးအဟန့်အတားများကြောင့် စားသုံးသူများနှင့် စီးပွားရေး လုပ်ငန်းရှင်များအနေဖြင့် ဈေးကြီးသည့် ပြည်တွင်းထွက်ပစ္စည်းများကို ဝယ်ယူရန်

ဖိအားပေးလိုက်သလို ဖြစ်သွားသည်။ နောက်ဆုံး၌ နိုင်ငံတကာ ဈေးကွက်တွင် ပြိုင်ဆိုင်မှုလျော့နည်းသွားသည့်အတွက် စီးပွားရေး အဆောက်အအုံကြီးတစ်ခုလုံး ဒုက္ခရောက်ကြရသည်။ ပြည်ပရှိ ထုတ်ကုန်များ၊ဝန်ဆောင်မှုသွင်းကုန်များကို ကန့်သတ်ရာ၌ အများဆုံး အသုံးပြုသည့် နည်းလမ်းများမှာ ခွဲတမ်းများ၊ အခွန်အကောက်များနှင့် ထောက်ပံ့ကြေးများ ဟူသည့် နည်းလမ်းများပင်ဖြစ်သည်။

နိုင်ငံတစ်ခုအနေဖြင့် ခွဲတမ်းအရေအတွက် သတ်မှတ်သည့်အခါ နိုင်ငံခြားမှ ထုတ်လုပ်သော ပစ္စည်းတစ်ခုကို တင်သွင်းရန်အတွက် အရေအတွက်ကို ကန့်သတ်ထားခြင်းဖြစ်သည်။ သွင်းကုန်ခွန် ဆိုသည်မှာ နိုင်ငံတစ်ခုအတွင်းသို့ ဝင်ရောက်သည့် ပစ္စည်းတစ်ခု အပေါ်၌ ကောင်ခံသော အခွန်ဖြစ်သဖြင့် ထိုနိုင်ငံခြားမှ သွင်းလာ သော သွင်းကုန်၏ ဈေးနှုန်းများကို မြင့်မားစေသည်။ ထို့အတူပင် အစိုးရတစ်ခုသည် အခွန်ဆောင်သူများထံမှ ကောက်ခံရရှိသည့် ငွေကြေးများကို ပြည်တွင်းရှိ ထုတ်လုပ်သူများအား ထောက်ပံ့ရန် အတွက် ထောက်ပံ့ကြေးအဖြစ် အသုံးပြုနိုင်သည်။ ထိုသို့ ထောက်ပံ့ ကြေး ပေးသည့်အခါတွင် သွင်းကုန်ပစ္စည်းများထက် ပြည်တွင်း၌ ထုတ်လုပ်သော ပစ္စည်းများ၏ ဈေးနှုန်းများက သက်သာသယောင် ဖြစ်သွားစေသည်။

အိမ်နီးချင်းများအတွင်း၌ရှိသော တံတိုင်းများကဲ့သို့ပင် ကုန်သွယ် မှု အဟန့်အတားများသည်လည်း နိုင်ငံတစ်ခုကသွင်းကုန်ကန့်သတ် ရန် ရည်ရွယ်ချက်ဖြင့် တစ်ဖက်သတ်ချမှတ်လေ့ရှိသည်။ ထိုအဟန့် အတားများသည် ပြည်တွင်းမှ ကုန်ထုတ်လုပ်သူများကို ပြည်ပ ပြိုင်ဆိုင်မှုများမှ ယာယီအားဖြင့် ဟန့်တားနိုင်သည်။ ထိုဟန့်တား ထားသည့်အချိန်အတွင်း၌ ထုတ်လုပ်မှုစွမ်းအားကို တိုးပွားအောင် ဆောင်ရွက်နိုင်ရန် အချိန်ရသည်။ သို့သော် ပြဿနာမှာ ကုန်သွယ်မှု



http://www.cherrythitsar.org

အဟန့်အတားများမှတစ်ဆင့် ပြည်ပမှ ပြိုင်ဆိုင်မှုများမှ အကာအကွယ် ပေးသည့်အခါ မိမိတို့၏ထုတ်ကုန်များ ဈေးကျအောင်သော်လည်းကောင်း၊ အရည်အသွေးများကောင်းအောင်သော် လည်းကောင်း ဒေသခံ ထုတ်လုပ်သူများက မဆောင်ရွက်ဘဲ နေခြင်းဖြစ်သည်။

ကုန်သွယ်ရေးအဟန့်အတားများသည် စီးပွားရေးအရ တန်ဖိုးရှိသည် မရှိသည်မှာ မရေရာသော်လည်း နိုင်ငံရေးအပြောင်းအလဲများ၊ လူမှုရေးအပြောင်းအလဲများ ဆောင်ရွက်ရန်အတွက် ထိရောက်မှုရှိကြောင်း တွေ့ရသည်။ (ဥပမာ–တောင်အာဖရိကနိုင်ငံနှင့် ကုန်သွယ်ခြင်း၊ စီးပွားရေးဆောင်ရွက်ခြင်းပြုရန် ငြင်းပယ်သည့် နိုင်ငံများသည် အသားရောင်ခွဲခြားရေးစနစ်ကို ဖျက်သိမ်းရန်ဟူသော ဆုံးဖြတ်ချက်အတွက် တာဝန်ကျေကျေဆောင်ရွက်ကြခြင်းဖြစ်သည်။ အလားတူပင် ဟေတီနှင့် မရောင်းရမဝယ်ရအောင် နိုင်ငံတကာ ဈေးကွက်ကို ပိတ်ဆို့ထားခြင်းသည် ထိုနိုင်ငံရှိ စစ်အစိုးရပြုတ်ကျရေးအတွက် အထောက်အကူဖြစ်ပြီး ဒီမိုကရေစီပြန်လည် ဖော်ဆောင်ရေးကို ဖြစ်ပေါ်စေသည်။

ကုန်သွယ်ရေးအဟန့်အတားများသည် လူ့အခွင့်အရေးကို ချိုးဖောက်သော၊ နိုင်ငံတကာ စာချုပ်များကို ချိုးဖောက်သောနိုင်ငံများ၏ မူဝါဒများကို ပြောင်းလဲရာတွင် အသုံးဝင်သည်။ သို့သော် ထိုသို့ပိတ်ဆို့ရာ၌ နိုင်ငံတော်တော်များများက ပါဝင်မှသာလျှင် ထိရောက်မှုရှိသည်။)

☮

## ၂၀။ ဘတ်ဂျက်လိုငွေပြမှုများက ကုန်သွယ်ရေးလိုငွေပြမှုများ အပေါ် အကျိုးသက်ရောက်ပုံ

**How do budget deficits affect trade deficits ?**

ဘတ်ဂျက်လိုငွေပြမှုများနှင့် ကုန်သွယ်ရေးလိုငွေပြမှုများသည်



http://www.cherrythitsar.org

လုံးဝခြားနားသည့် ဖြစ်ရပ်နှစ်ခုဖြစ်သော်လည်း တစ်ခုကိုတစ်ခု အကျိုးသက်ရောက်စေတတ်သည်။

၁၉၈ဝပြည့်လွန်နှစ်များ၌ အမေရိကန်စားသုံးသူများနှင့် စီးပွားရေးလုပ်ငန်းများက နိုင်ငံတကာလှည့်လည်၍ သုံးကြဖြုန်းကြခြင်းသည် နိုင်ငံတကာဈေးကွက်၌ ဒေါ်လာ၏ တန်ဖိုးတက်လာခြင်းကြောင့်ဖြစ်သည်။ ဆီဒင်နိုင်ငံလုပ် ကားများနှင့်ပြင်သစ်နိုင်ငံထွက် အချိုရည်များသည် အလားတူ အမေရိကန်ပစ္စည်းများထက် ပို၍ဈေးပေါလာသည်။ ထိုအခါ သွင်းကုန်များက ပို့ကုန်များထက် ကျော်လွန်လာပြီး တစ်ခါတစ်ရံ၌ တစ်နှစ်လျှင် ဒေါ်လာ၁ဝဝ ဘီလျံမျှရှိသဖြင့် နိုင်ငံအတော်များများတို့၏ စီးပွားရေးအဆောက်အအုံ ထက်ပင် လိုငွေပြမှုမှာ ကြီးမားနေသည်။ ဤသို့ပြင်းထန်သည့် ကုန်သွယ်ရေးမညီမမျှဖြစ်မှုများသည် တစ်ချိန်လုံး လိုငွေပြနေသော အမေရိကန်ပြည်ထောင်စု၏ ဘတ်ဂျက်ကြောင့် တစ်စိတ်တစ်ဒေသ ဖြစ်ရသည်။

ဘတ်ဂျက်လိုငွေသည်အစိုးရ၏ အသုံးစရိတ်က အခွန်အကောက်မှ ရငွေများထက် ကျော်လွန်၍ ဖြစ်ရခြင်းဖြစ်ပြီး ကုန်သွယ်ရေးလိုငွေပြမှုမှာ ပို့ကုန်ထက် သွင်းကုန်က များခြင်းကြောင့် ဖြစ်ရခြင်းဖြစ်သည်။ ဘတ်ဂျက်လိုငွေပြမှုများနှင့် ကြုံတွေ့ရသည့်အခါ အစိုးရများအနေဖြင့် အစိုးရငွေချေးစာချုပ်များ ထုတ်ဝေရောင်းချပြီး ပြဿနာကို ဖြေရှင်းလေ့ရှိသည်။ နောင်တစ်ချိန်၌ ထိုအစိုးရငွေချေးသက်သေခံလက်မှတ်စာချုပ်များနှင့် ပတ်သက်၍ ငွေပြန်ပေးဆပ်ရမည်ဖြစ်သော်လည်း ငွေချေးစာချုပ် ထုတ်မရောင်းဘဲ အခွန်ပို၍ကောက်လျှင် မဲဆန္ဒရှင်များ၏ မကျေမနပ်ဖြစ်မှုနှင့် ကြုံတွေ့နိုင်သောကြောင့် နိုင်ငံရေးအရ ကိုယ့်ကိုကိုယ် သတ်သေလိုက်သလို ဖြစ်သွားစေနိုင်သည်။ သို့ဖြစ်၍ ကုန်ကျသည့်စရိတ်စကများကို ကျခံရန်



http://www.cherrythitsar.org

အတွက် အစိုးရငွေချေးစာချုပ်များကိုသာ ထုတ်ဝေလေ့ရှိကြသည်။ ထိုငွေချေးစာချုပ်များကို ပြန်ဆပ်ရန်နှင့် အတိုးနှုန်းပေးရန် အချိန်ရောက်သည့်အခါ အစိုးရများအနေဖြင့် ငွေချေးစာချုပ်များ ထပ်မံထုတ်ဝေကာ ကြွေးသစ်တစ်ခု ဖြစ်စေတတ်သည်။ အကယ်၍ ထိုချေးငွေမှာ သိပ်များနေလျှင် စီးပွားရေးအဆောက်အအုံ တစ်ခုလုံးကို ပြင်းပြင်းထန်ထန် ထိခိုက်စေနိုင်သည်။

ဘတ်ဂျက်လိုငွေပြမှုများကို ပေးချေရာ၌ ချေးငှားရန်အတွက် အစိုးရများသည် အတိုးနှုန်းများကို တင်တတ်ကြသည်။ ထိုအတိုးနှုန်းများ တင်လိုက်သည့်အခါ အကျိုးအမြတ်မှာ လိုချင်သည့်နိုင်ငံခြားမှ ငွေကြေးများဝင်လာကြသည်။ နိုင်ငံတကာဈေးကွက်၌ ထိုနိုင်ငံက ထုတ်ဝေသော ငွေကြေး၏ တန်ဖိုးကို မြင့်မားစေသည်။ ထိုအခါ သွင်းကုန်ပစ္စည်းများသည် ပြည်တွင်းထုတ်ကုန်များလောက် ဈေးပေါလာသည်။ သွင်းကုန်များ ဈေးပေါလာပြီး ပို့ကုန်များက ကမ္ဘာ့ဈေးကွက်၌ ရောင်းရန်ခက်လာလျှင် နိုင်ငံများသည် ကုန်သွယ်ရေးလိုငွေပြမှုနှင့် ကြုံတွေ့ရတတ်သည်။

၁၉၉၀ပြည့်လွန်နှစ်များ၏ အစောပိုင်းများ၌ ကြုံတွေ့ခဲ့ရသော ကြီးမားသည့် အမေရိကန်ပြည်ထောင်စု၏ ကုန်သွယ်ရေး လိုငွေပြမှုများသည် တစ်စိတ်တစ်ဒေသအားဖြင့်ဆိုလျှင် ဘတ်ဂျက်လိုငွေပြမှုကြောင့် ဖြစ်သည်။ ဘတ်ဂျက်လိုငွေပြမှုများကြောင့် ကုန်သွယ်ရေးလိုငွေပြမှုတည်းဟူသော ဆိုးသွမ်းသံသရာကို လည်ပတ်စေပြီး ဂျပန်နှင့် အခြားနိုင်ငံအတော်များများတို့အနေဖြင့် အမေရိကန်ပြည်ထောင်စု အစိုးရ ထုတ်သော စာချုပ်စာတမ်းများကို ဝယ်ယူရန်အတွက် ဒေါ်လာငွေများကို သုံးစွဲကြရသည်။ တစ်နည်းအားဖြင့်ပြောရလျှင် ဂျပန်များက ဗွီဒီယို၊ ကက်ဆက်၊ ကင်မရာများကို တစ်နေ့နေ့တစ်ချိန်ချိန်ကျလျှင် အမေရိကန်ပြည်ထောင်စုက ပြန်လည်

ပေးဆပ်ရမည့် ငွေတိုက်စာချုပ်များနှင့် လဲလှယ် ကုန်သွယ် လိုက်ရာ ရောက်သည်။

နိုင်ငံတစ်ခု၏ ကုန်သွယ်ရေးပိုငွေကို အခြားနိုင်ငံတစ်ခု၏ ဘတ်ဂျက်လိုငွေပြဿနာဖြေရှင်းရန်အတွက် သုံးစွဲသည့် အခြေအနေမှာ တစ်သက်လုံးဖြစ်ပေါ်နိုင်ခြင်းမရှိပေ။ ပြည်ပမှ ရင်းနှီးမြှုပ်နှံမှုများအနေဖြင့် ဘတ်ဂျက်လိုငွေနှင့် ကုန်သွယ်ရေးလိုငွေများ အကြီးအကျယ်ပြနေသည့် နိုင်ငံ၏အပေါ်၌ ယုံကြည်မှု မဲ့လာသည့် အခါချေးငွေများကို ပြန်ဆပ်ရတတ်သည်။ ထိုသို့ ပြန်ဆပ်သည့်အခါ စီးပွားရေးကျဆင်းမှု၊ ငွေကြေးပြိုကွဲမှုများကို ဖြစ်ပေါ်စေတတ်သည်။ သို့သော် နိုင်ငံတိုင်းနိုင်ငံတိုင်းသည် သုံးစွဲမှုကို တားဆီးရန်နှင့် ဘတ်ဂျက်နှင့် ကုန်သွယ်ရေးလိုငွေပြမှုများကို ထိန်းချုပ်ရန်အတွက် မလွဲမရှောင်သာ ဆုံးဖြတ်ဆောင်ရွက်ရတတ်သည်။

✇

## ၂၁။ ကုမ္ပဏီများကို LTD,INC,GMBH,SA ဟု ခေါ်ရခြင်းများ အကြောင်း

**Why are companies refered to as Ltd, Inc, Gmb H of SA ?**

| နိုင်ငံများ | ကုမ္ပဏီ အမျိုးအစား | အတိုကောက် | အဓိပ္ပာယ်ဖွင့်ဆိုချက် |
|---|---|---|---|
| အမေရိကန် | | Inc | Incorporated |
| အင်္ဂလန်၊ကနေဒါ | အများပိုင် | Plc | PublicLimited Company |
| | ပုဂ္ဂလိက | Ltd. | Limited |
| ပြင်သစ်၊ဘယ်လ်ဂျီယမ် | အများပိုင် | S.A | Societe Anomyme |
| | ပုဂ္ဂလိက | Srl | Societe a responsabilite limitee |
| စပိန်၊မက္ကဆီကို | စသည် | S.A | Sociedad Anonima |

ယနေ့မန္တလေးစာအုပ်တိုက်

http://www.cherrythitsar.org

| | | | |
|---|---|---|---|
| ဘရာဇီး၊ပေါ်တူဂီ | စသည် | S.A | Sociedade Anonima |
| ဂျပန် | | Ltd. | Limited |
| ဂျာမနီ | အများပိုင် | A.G | Aktiengesellschaft |
| | ပုဂ္ဂလိက | GmbH | Gesellschaft mit beschrankte Haftung |
| နယ်သာလန် | အများပိုင် | N.V | Naamloze Vennootschap |
| | ပုဂ္ဂလိက | B.V | Besloten Vennootschap |
| အီတလီ | အများပိုင် | SpA | Societa per Azioni |
| | ပုဂ္ဂလိက | Srl | Societa a responsabilita limitata |
| ဒိန်းမတ် | | A/S | Aktieselskab |

အရင်းရှင်စနစ်၏ ဗဟိုချက်မှာ ပုဂ္ဂလိကပိုင်ဆိုင်မှုပင်ဖြစ်သည်။ ပေးရန်တာဝန်ကန့်သတ်ထားသည့် ကုမ္ပဏီတစ်ခုသည် အကယ်၍ ကုမ္ပဏီဒေဝါလီခံရသည့်အခါ ကိုယ်ပိုင်ပစ္စည်းများဆုံးရှုံးခြင်းမရှိဘဲ မိုးထိတိုက်ကြီးများမှအစ ရုပ်မြင်သံကြားလွှင့်စက်များအဆုံး အားလုံးကို ပိုင်ဆိုင်ခွင့်ရှိသည်။

ဟန်နရီဖို့ဒ် (Henry Ford)ကဲ့သို့သော လုပ်ငန်းရှင်တစ်ယောက်က ကုမ္ပဏီတစ်ခုကို စတင်တည်ထောင်သည့်အခါ ပေးရန်တာဝန်နှင့် တာဝန်များအားလုံးကို တာဝန်ယူရသည်မှာ ပြဿနာကြီးတစ်ခု မဟုတ်ပါ။ သို့သော် စီးပွားရေးလုပ်ငန်းတစ်ခု ကြီးပွားစပြုသည့်အခါ အစုစပ်ပုံစံသော်လည်းကောင်း၊ ကုမ္ပဏီပုံစံသော်လည်းကောင်း ပုံသဏ္ဍာန်အသစ် တစ်ရပ် လိုလာသည်။ ဥပမာ ဖို့ဒ်မော်တာကုမ္ပဏီဟူ၍ ဖြစ်ဖို့ တည်ထောင်ရန်လိုလာသည်။ ဧရာမစီးပွားရေးလုပ်ငန်းကြီးတစ်ခုအတွက် အန္တရာယ်အများအပြားရှိပြီး အကယ်၍ ကုမ္ပဏီက ဒေဝါလီခံရလျှင် ကိုယ်ပိုင်စုဆောင်းငွေများကို မည်သူကမျှ အဆုံးရှုံး



http://www.cherrythitsar.org

မခံချင်ကြပေ။

ကုမ္ပဏီတစ်ခုကို ပိုင်ဆိုင်ရာ၌ အဓိကကျသည့် အချက်မှာ အကန့်အသတ်ရှိသည့် ပေးရန်တာဝန်ဟု ခေါ်သည့် အာမခံချက်တစ်ခုပင် ဖြစ်သည်။ ထိုအာမခံချက်က ကုမ္ပဏီကို ပိုင်ဆိုင်သူသည် ကုမ္ပဏီထဲ၌ ထည့်သွင်းရင်းနှီးမြှုပ်နှံသည့် ပမာဏထက် မည်သည့်အခါမျှ ပို၍မပေးရဟု အာမခံထားခြင်းဖြစ်သည်။ ပေးရန်တာဝန်များကို ကန့်သတ်ထားသဖြင့် ကုမ္ပဏီဒေဝါလီခံရသည့်အခါ ပေးရန်ကျန်နေသည့် ကြွေးများကို ပိုင်ရှင်အနေဖြင့် ပေးဆပ်ရန် မလိုအပ်ပေ။

ပေးရန်တာဝန် ကန့်သတ်ထားသည့် ကုမ္ပဏီရှိ ရင်းနှီးမြှုပ်နှံသူတစ်ယောက်အနေဖြင့် အဆိုးဆုံးဖြစ်နိုင်သည့်ကိစ္စမှာ ကုမ္ပဏီအနေဖြင့် ဆုံးရှုံးမှုနှင့် ကြုံသည့်အခါ ကုမ္ပဏီထဲ၌ ထည့်ဝင်ထားသည့် မူလရင်းနှီးမြှုပ်နှံမှုများကိုသာ ဆုံးရှုံးမည်ဖြစ်သည်။ အစုရှယ်ယာရှင်များအတွက် ဤသို့အန္တရာယ်လျော့ပါးအောင် ဆောင်ရွက်ထားခြင်းအားဖြင့် ကုမ္ပဏီများအနေဖြင့် အစုရှယ်ယာ ထည့်ဝင်လိုသူများကို ဆွဲဆောင်နိုင်သည်။ ကုမ္ပဏီကို လည်ပတ်ရန်အတွက် လိုအပ်သည့် ငွေကြေး ပမာဏအများအပြားကို ရရှိနိုင်သည်။ ၎င်းငွေကြေးများကို အစုရှယ်ယာ အရင်းအနှီး (equity capital)ဟုခေါ်ပြီး ကုမ္ပဏီက အစုရှယ်ယာများ ထုတ်ရောင်းခြင်းအားဖြင့် ရရှိနိုင်သည်။ ထိုသို့ အစုရှယ်ယာ ထုတ်ရောင်းနိုင်သည့်အတွက် အတိုးနှုန်းများ မြင့်မြင့်မားမားပေးကာ ငွေချေးနေရန် မလိုအပ်ပေ။

ကမ္ဘာတစ်ဝန်းရှိ ကုမ္ပဏီများ၏ အမည်များက ဤကဲ့သို့ ပေးရန်တာဝန်အကန့်အသတ်ထားသည့် အာမခံချက်ကို ဖော်ပြကြသည်။ ဂျာမနီ၌ GnbH ၊ အမေရိကန်၌ Inc ၊အင်္ဂလိပ်စကားပြောသည့် အခြားနိုင်ငံများ၌ Ltdဟု ပြောထားခြင်းက ထိုလုပ်ငန်းသည်



http://www.cherrythitsar.org

ပေးရန်တာဝန်ကန့်သတ်ထားသည့် ကုမ္ပဏီတစ်ခုဖြစ်ကြောင်းကို ညွှန်ပြနေသည်။ ရင်းနှီးမြှုပ်နှံလိုသည့် လူတစ်ယောက်အနေဖြင့် သူဝယ်ယူမြှုပ်နှံထားသည့် အစုရှယ်ယာများထက် ပို၍ဘာမျှဆုံးရှုံးစရာမရှိကြောင်းကို ညွှန်ပြနေသည်။ ပြင်သစ်နှင့် စပိန်ဘာသာစကားပြောနိုင်ငံများ၌ သုံးစွဲလေ့ရှိသည့် SAဟူသော အတိုကောက်ဝေါဟာရကလည်း ပေးရန်တာဝန် ကန့်သတ်ထားခြင်းကို ပြသသည်။ အစုရှယ်ယာရှင်များအား "အမည်မသိဟု" ဆိုသည့်သဘောဖြင့် SAဟူသော ဝေါဟာရကို သုံးခြင်းဖြစ်သည်။ အစုရှယ်ယာရှင်များ၏ အမည်ကို လျှို့ဝှက်ထားခြင်းအားဖြင့် ဒေဝါလီခံရသည့် ကုမ္ပဏီတစ်ခု၏ မြီရှင်များသည် ကုမ္ပဏီက မဆပ်ရသည့် ကြွေးများကို ၎င်းတို့အပေါ်က တောင်းခံခွင့်မရှိတော့ပေ။

နိုင်ငံအတော်များများအနေဖြင့် ကုမ္ပဏီအကြီးနှင့် ကုမ္ပဏီအငယ်များကို သိသိသာသာ ရှင်းရှင်းလင်းလင်း ခွဲထားတတ်ကြပြီး အများပြည်သူနှင့်ဆိုင်သော ကုမ္ပဏီ၊ အများပြည်သူနှင့် မသက်ဆိုင်သော ကုမ္ပဏီဟု သင်္ကေတများဖြင့် သီးခြားခွဲထားတတ်ကြသည်။ ဂျာမနီနိုင်ငံ၌ AG ၊ GmbH ၊ ဗြိတိသျှနိုင်ငံ၌ Plc နှင့် Ltd ဟူ၍ ခွဲခြားသတ်မှတ်ထားကြသည်။ အများအားဖြင့် အများပြည်သူနှင့်ဆိုင်သော ကုမ္ပဏီများသည် ၎င်းတို့၏ အစုရှယ်ယာများကို စတော့ဒိုင်များ၌ တင်ရောင်းရ ဝယ်ရလောက်အောင် ကြီးများသည့် ကုမ္ပဏီများဖြစ်သည်။ ထိုသို့ စတော့ဒိုင်များ၌ စာရင်းမပေါက်သည့် ကုမ္ပဏီငယ်များ၏ အစုရှယ်ယာများကို အများပြည်သူတို့က ပိုင်ဆိုင်ကြသော်လည်း အများပြည်သူနှင့် မသက်ဆိုင်ဟု ပြောလေ့ရှိကြသည်။ အချို့နိုင်ငံများ၌ အများပြည်သူက ဝယ်ယူခြင်း ရောင်းချခြင်း မပြုနိုင်သည့် အစုရှယ်ယာရှိသည့် ကုမ္ပဏီများကို အများပြည်သူနှင့် မသက်ဆိုင်သာ ကုမ္ပဏီဟု ခေါ်လေ့ရှိကြသည်။

ယနေ့မန္တလေးစာအုပ်တိုက်

http://www.cherrythitsar.org

အမေရိကန်ပြည်ထောင်စု၌ အများပြည်သူနှင့်သက်ဆိုင်သည့်ကုမ္ပဏီ အများပြည်သူနှင့် မသက်ဆိုင်သည့် ကုမ္ပဏီများကို သိသိသာသာ ခွဲခြားမှုနည်းသည်။ အများအားဖြင့် ကုမ္ပဏီများသည် Inc ဟူသည့် ဝေါဟာရကိုသာ သုံးစွဲလေ့ရှိကြသည်။

☮

## ၂၂။ အစုရှယ်ယာ ပိုင်ဆိုင်မှု ဆိုသည်မှာ

**What is equity ?**

ကုမ္ပဏီတစ်ခု၏ တစ်စိတ်တစ်ဒေသပိုင်ဆိုင်မှုကို အစုရှယ်ယာ ပိုင်ဆိုင်မှု (equity) ဟုခေါ်သည်။ ထိုပိုင်ဆိုင်မှုကို အစုရှယ်ယာ သို့မဟုတ် စတော့ (stock)ဟုခေါ်သည့် စာရွက်စာတမ်းများဖြင့် ထောက်ခံသက်သေပြကြသည်။ ဤစာရွက်စာတမ်းလေးများက အစုရှယ်ယာပိုင်ဆိုင်သူသည် ကုမ္ပဏီ၏ တစ်စိတ်တစ်ဒေသကို ပိုင်ဆိုင်ကြောင်း ညွှန်ပြနေကြသည်။ ကုမ္ပဏီက စီးပွားရေးလုပ်ငန်း လည်ပတ်ရာမှ အမြတ်ထွက်လျှင် အစုရှယ်ယာပိုင်ဆိုင်သူများ သည်လည်း အကျိုးကျေးဇူးရမည်။ အကျိုးကျေးဇူးရပုံရနည်းမှာ အကျိုးအမြတ်ကို ခွဲဝေပေးခြင်းဖြင့်သော်လည်းကောင်း၊ ၎င်းတို့၏ အစုရှယ်ယာဈေးနှုန်းများ တက်သွားခြင်းဖြင့်သော်လည်းကောင်း ဖြစ်နိုင်သည်။

အစုရှယ်ယာများ ဝယ်ယူမြှုပ်နှံခြင်းကြောင့် စွန့်စားရမှုများ အန္တရာယ်များလည်းရှိသည်။ ကုမ္ပဏီတစ်ခုအနေဖြင့် ငွေကြေးများ ဆုံးရှုံးလျှင် ပိုမို အရှုံးပြနေလျှင် အကျိုးအမြတ်များ လျော့ကျသွား တတ်သည်။ သို့မဟုတ် လုံးဝ ပျောက်ကွယ်သွားတတ်သည်။ အစု ရှယ်ယာများ၏ ဈေးနှုန်းများ ကျတတ်သည်။ အဆိုးဆုံးဖြစ်တတ်သည့် ကိစ္စမှာ ကုမ္ပဏီအနေဖြင့် ဒေဝါလီခံရ သည့် ကိစ္စမျိုးဖြစ်သည်။



http://www.cherrythitsar.org

၎င်းတို့ပေးနိုင်သည်ထက် ကြွေးပိုတင် နေသည့် အဖြစ်မျိုးဖြစ်သည်။ ထိုအခါမျိုး၌ အစုရှယ်ယာများသည် တန်ဖိုးမဲ့ ဖြစ်သွားပြီး အစုရှယ်ယာပိုင်ရှင်များအနေဖြင့် ဝယ်ယူ မြှုပ်နှံထားသမျှအားလုံးကို ဆုံးရှုံးကြရသည်။

မည်သည့် ရင်းနှီးမြှုပ်နှံမှုမျိုးမဆို စွန့်စားရမှုနှင့် အန္တရာယ်များ အနည်းနှင့်အများဆိုသလို ရှိကြသည်။ သို့သော် စတော့ရှယ်ယာများ ဝယ်ယူမြှုပ်နှံခြင်းသည် ငွေချေးစာချုပ် ဘွန်း (bond)များ ဝယ်ယူ မြှုပ်နှံခြင်းထက်ပို၍ အန္တရာယ်များသည်ဟု နားလည်ကြသည်။ ငွေချေးစာချုပ်(ဘွန်း)ဆိုသည်မှာ အနာဂတ်ကာလတွင် သတ်မှတ်ထားသည့် အချိန်တစ်ချိန်၌ သတ်မှတ်ထားသည့် ငွေကြေးပမာဏ တစ်ခုကို ပေးမည်ဟူသော သဘောတူညီချက်ဖြစ်သည်။

ငွေချေးစာချုပ် ဘွန်းများက ပုံသေဝင်ငွေကို ပေးတတ်ကြသော်လည်း အစုရှယ်ယာဝယ်ယူမြှုပ်နှံခြင်းကြောင့် ရှိသော အကျိုးအမြတ်များကိုမူ ရေရေရာရာတိတိကျကျ မပြောနိုင်ပေ။ ထိုသို့ ရေရေရာရာတိတိကျကျ မပြောနိုင်ခြင်းဟူသော အန္တရာယ်ရှိသဖြင့် အစုရှယ်ယာများသည် ရေရှည်၌ငွေချေးစာချုပ်များထက် ကြီးမားသော အကျိုးအမြတ်များကို ရရှိစေသည်။ အကျိုးအမြတ်ခွဲဝေမှု (dividend) အနေဖြင့်သော်လည်းကောင်း၊ အစုရှယ်ယာများ ဈေးနှုန်းတက်ခြင်း ဖြင့်သော်လည်းကောင်း၊ သို့မဟုတ် နှစ်ခုစလုံးတိုးပွားသွားသည့် နည်းအားဖြင့်လည်းကောင်း အကျိုးအမြတ်များ ပို၍ များစေတတ်သည်။ စတော့ရှယ်ယာများသည် တန်ဖိုးအတက်အကျမြန်သည်။ သို့သော် ငွေချေးစာချုပ်များက ရေရှည်တွင်အများအားဖြင့် တန်ဖိုး တည်တည်ငြိမ်ငြိမ် ရှိလေ့ရှိသည်။ ငွေချေးစာချုပ်ကို ဝယ်ယူကိုင်ဆောင်ထားသူများသည် ကုမ္ပဏီ၏ မြီရှင်များဖြစ်သည်။ ၎င်းတို့ ရင်းနှီးမြှုပ်နှံ ထားသည့်အပေါ်မှ ပြန်ရချက်တစ်စုံတစ်ရာ ရပါမည်ဟု



http://www.cherrythitsar.org

အာမခံထားသည်။ သို့သော် အစုရှယ်ယာပိုင်ရှင်များမှ ပိုင်ဆိုင်သူများဖြစ်သည်။ ထိုပိုင်ဆိုင်မှုနှင့်အတူအကျိုးအမြတ်များ၊ အန္တရာယ်များပါ တွဲဖက် ပါဝင်နေသည်။

နိုင်ငံတကာ အစုရှယ်ယာ ရင်းနှီးမြှုပ်နှံမှုများသည် လန်ဒန်၊ နယူးယောက်၊ တိုကျိုတို့ကဲ့သို့သော အဓိကရ ငွေကြေးဗဟိုဌာနများနှင့်သာ သက်ဆိုင်သည်မဟုတ်ပေ။ အစုရှယ်ယာပိုင်ဆိုင်မှုသည် မော်စကိုက စားသောက်ဆိုင်တစ်ဆိုင်၏ အစုရှယ်ယာကိုသော်လည်းကောင်း၊ ထိုင်းနိုင်ငံမှတင်းနစ်ဖိနပ်ထုတ်လုပ်သည့် စက်ရုံတစ်ရုံကိုသော်လည်းကောင်း၊ မက္ကဆီကိုမှ ရေနံကုမ္ပဏီတစ်ခုကိုသော်လည်းကောင်း ပိုင်ဆိုင်နိုင်မည်။ ရီယိုဒီဂျနေရိုးမြို့က ဟိုတယ်တစ်ခုကိုသော်လည်းကောင်း၊ ဘူဒါပက်မြို့က မီးသီးထုတ်လုပ်ငန်းတစ်ခုကိုသော်လည်းကောင်း တစ်စိတ်တစ်ဒေသ ပိုင်ဆိုင်ခြင်းလည်း ဖြစ်နိုင်သည်။ အစုရှယ်ယာပိုင်ဆိုင်ခြင်းသည် ပိုင်ဆိုင်မှုကို ပြသည်။ ယခုအခါ၌ ကမ္ဘာတစ်ဝန်းလုံးရှိ နိုင်ငံတိုင်းလိုလိုကပင်လျှင် ပိုင်ဆိုင်မှုကို ခွင့်ပြုကြသည်။

✇

## ၂၃။ လက်ကျန် ရှင်းတမ်း ဆိုသည်မှာ

**What is balance sheet?**

ဆာမိုဝါကျွန်းရှိ အုန်းရည်ဆိုင်တစ်ဆိုင်ကို ကုမ္ပဏီတစ်ခုလို သဘောထားမည်ဆိုလျှင် ၎င်းလုပ်ငန်း၏ လက်ကျန်ရှင်းတမ်းမှာ အောက်ပါအတိုင်းဖြစ်မည်။ ၎င်း၏ ပိုင်ဆိုင်ခွင့်များမှာ အုန်းသီးများ၊ အုန်းရည်လုပ်ရန်နှင့် ရောင်းချရန် လိုအပ်သည့် ပစ္စည်းများပါဝင်မည်။ ထို့အပြင် လက်ထဲရှိငွေကြေးများလည်းပါဝင်မည်။ အုန်းရည်ဆိုင်ကို တည်ထောင်ရန်အတွက် တစ်စုံတစ်ရာ ချေးငှားရသည်ဆိုလျှင် ထိုအကြွေးများကို ပေးရန်တာဝန်အဖြစ် စာရင်းသွင်းရမည်။ ပိုင်ဆိုင်ခွင့်



http://www.cherrythitsar.org

များမှ ကြွေးများကိုနုတ်၍ ကျန်သည့်အရာများသည် အုန်းရည် ဆိုင်ပိုင်ရှင်လုပ်ငန်းလေး၏ အစုရှယ်ယာပိုင်ဆိုင်မှု ဖြစ်လာမည်။

## လက်ကျန်ရှင်းတမ်း

## ဂလီဂန်၏ အုန်းရည်ဆိုင်လီမိတက် (ဆာမို၀ါကျွန်း၌ာနခွဲ)

| ပိုင်ဆိုင်ခွင့်များ | | ပေးရန်တာ၀န်များ | |
|---|---|---|---|
| ငွေသား | | အကြွေး | |
| ငွေအကြွေများ | ၁၀ဒေါ်လာ | ငှားထားသောစား | ၁၀ဒေါ်လာ |
| လက်ကျန်အုန်းသီး | | | |
| (၁၀)လုံး | ၁၀ဒေါ်လာ | | |
| ပုံသေပိုင်ဆိုင်ခွင့် | | အစုရှယ်ယာပိုင်ဆိုင်များ | |
| ဒါး၊စားပွဲ | ၈၀ဒေါ်လာ | ပိုင်ဆိုင်မှု | ၉၀ဒေါ်လာ |
| **စုစုပေါင်းပိုင်ဆိုင်မှု** | ၁၀၀ဒေါ်လာ | **စုစုပေါင်းပေးရန်တာ၀န်** | ၁၀၀ဒေါ်လာ |

ကုမ္ပဏီတစ်ခု၏ စုစုပေါင်းပိုင်ဆိုင်မှုများနှင့် ပေးရန်တာ၀န် များကို ကုမ္ပဏီအနေဖြင့် မည်မျှ ပိုင်ဆိုင်သည်၊ မည်မျှပေးစရာရှိသည် သိရှိရန်အတွက် အသုံးပြုနိုင်သည်။ လက်ကျန်ရှင်းတမ်းဆိုသည်မှာ အချိန်တစ်ချိန်၌ ကုမ္ပဏီတစ်ခု၏ အခြေအနေကို လျှပ်တစ်ပြက် ပြသသည့် အခြေအနေ အကျဉ်းချုပ်ပင်ဖြစ်သည်။

လက်ကျန်ရှင်းတမ်းကို စာရင်းနှစ်ခုဖြင့် လုပ်သည်။ ထိုစာရင်း နှစ်ခုကို ဘေးတိုက်ထားသည်။ လက်ဝဲဘက်၌ ကုမ္ပဏီပိုင်ဆိုင်သည့် အရာအားလုံး ဥပမာ ငွေသားများ ပိုင်ဆိုင်မှု၊ စက်ရုံအသုံးအဆောင် များဟုခေါ်သည့် ပုံသေပိုင်ဆိုင်မှုများပါ၀င်သည်။ ပုံသေပိုင်ဆိုင်မှု များထဲ၌ အဆောက်အအုံများ၊ ထရပ်ကားများမှအစ အသုံးအဆောင် များ၊ ခဲတံများ၊ စာကူးစက်များအားလုံးပါ၀င်သည်။ ဤစာရင်းကို ပိုင်ခွင့်များဟု အမည်တပ်သည်။ အခြားတစ်ဘက်၌ ကုမ္ပဏီက



http://www.cherrythitsar.org

ပေးရန်တာဝန်များကို စာရင်းချသည်။ ကုမ္ပဏီ၏ ပိုင်ဆိုင်ခွင့်များနှင့် ပတ်သက်၍ မြီရှင်များနှင့် ကုမ္ပဏီ၏ ပိုင်ရှင်များက တောင်းဆိုပိုင်ခွင့်ရှိသည့် အရာအားလုံးကို ဖော်ပြထားသည်။ စာရင်းပိတ်လိုက်လျှင် နှစ်ဘက်စလုံး ညီတူညီမျှ ဖြစ်နေရသည်။ ကုမ္ပဏီ၏ မြီရှင်များက တောင်းဆိုနိုင်ခြင်းမရှိသည့် ပိုင်ဆိုင်ခွင့်များသည် ပိုင်ရှင်များနှင့် သက်ဆိုင်သည်။

ကုမ္ပဏီ၏ အစုရှယ်ယာပိုင်ရှင်များအနေဖြင့် သူတို့အမှန်တကယ် ပိုင်ဆိုင်မှုကို သိချင်လျှင် လက်ကျန်ရှင်းတမ်းဘက် နှစ်ဘက်စလုံးရှိ စာရင်းများကို ကြည့်ကြသည်။ ပိုင်ဆိုင်ခွင့်များမှ ပေးရန်တာဝန်များကို နုတ်လိုက်ခြင်းအားဖြင့် အစုရှယ်ယာပိုင်ရှင်များသည် ကြွေးများအားလုံး ပေးချေပြီးသည့်အခါ သူတို့ မည်မျှပိုင်ဆိုင်သည်ကို တွက်ထုတ်နိုင်သည်။ ထိုသို့တွက်၍ရသည့် တန်ဖိုးကို စာရင်းပေါက်တန်ဖိုး (book value) ဟု ခေါ်သည်။

ဘဏ်မှ ချေးငွေများကဲ့သို့သော ပေးရန်တာဝန်များက ကုမ္ပဏီ၏ ပိုင်ဆိုင်ခွင့်ထက် ကျော်လွန်လာသည့်အခါ အစုရှယ်ယာရှင်များ အနေဖြင့် တုန်လှုပ်လာပြီး သူတို့၏ ရှယ်ယာများကို ထုတ်ရောင်းတတ်ကြသည်။ သူတို့အနေဖြင့် ကုမ္ပဏီ ကြွေးမဆပ်နိုင်သည့်အဆုံး ဒေဝါလီခံရသည့်အခြေအနေထိ စောင့်ဆိုင်းမနေချင်ကြပေ။ အစုရှယ်ယာ ပိုင်ရှင်များ၏ ပိုင်ဆိုင်မှုများ စက္ကူစုတ်ဖြစ်သွားသည့် အခြေအနေမျိုးကိုလည်း မလိုလားကြပေ။

စာရင်းကိုင်၏ ရည်ရွယ်ချက်မှာ ကုမ္ပဏီ၏ အစုရှယ်ယာပိုင်ရှင်များကို ကုမ္ပဏီ၏ ဘဏ္ဍာရေးအခြေအနေနှင့် ပတ်သက်၍ ရှင်းရှင်းလင်းလင်း မြင်စေရန်အတွက် အထောက်အကူပြု ဖြစ်ရန် ဖြစ်သည်။ ဤရုပ်ပုံလွှာကို အနည်းဆုံးတစ်နှစ်လျှင် တစ်ကြိမ်ထုတ်ပြန် လေ့ရှိပြီး စီမံခန့်ခွဲရေး လက်နက်ကိရိယာတစ်ခုအနေဖြင့် အသုံးပြုသည်။



http://www.cherrythitsar.org

ကုမ္ပဏီတစ်ခုမည်မျှ စွမ်းဆောင်ရည်အပြည့်ဖြင့် လည်ပတ်နေသည်ကိုလည်းကောင်း၊ ထိုကုမ္ပဏီအနေဖြင့် စီးပွားရေး လုပ်ငန်းထဲ၌ ဆက်နေသင့် မနေသင့်သည်ကိုလည်းကောင်း၊ ဆုံးဖြတ်ရန်အတွက် ကိရိယာတစ်ခုအနေဖြင့် အသုံးပြုနိုင်သည်။

☮

## ၂၄။ အရှုံးအမြတ် ရှင်းတမ်းဆိုသည်မှာ

**What is a profit and loss statement?**

ဇရာမ ဘရာဇီးလုပ်ငန်းကြီးတစ်ခုမှစ၍ ပစိဖိတ်တောင်ပိုင်းက အုန်းရည်ဆိုင်ငယ်တစ်ခုအထိ မည်သည့်လုပ်ငန်းမဆို အချိန်ကာလတစ်ခုအတွင်း ကုမ္ပဏီကရရှိသည့် သုံးစွဲသည့်ကိစ္စများကို အကျဉ်းချုပ်သိရှိရန်လိုအပ်သည်။ ထိုသို့ ကုမ္ပဏီတစ်ခု၏ နေ့စဉ်လှုပ်ရှားမှုများ ခြုံငုံဖော်ပြသည့် စာရင်းကို ဝင်ငွေရှင်းတမ်း သို့မဟုတ် အများအားဖြင့် အရှုံးအမြတ်စာရင်းဟု ခေါ်လေ့ရှိကြသည်။

ဥပမာ– အုန်းရည်များ ထုတ်လုပ်ရောင်းချသည့် ကုမ္ပဏီတစ်ခုသည် ၎င်း၏ အရှုံးအမြတ်ရှင်းတမ်းကို အုန်းရည်များရောင်းချ၍ ရရှိသည့် ဝင်ငွေအားလုံးပေါင်း၍ စတင်မည်။ ၎င်း၏ အမြတ်ကို ဆုံးဖြတ်ရန်အတွက် ကုမ္ပဏီအနေဖြင့် ရငွေများမှ ကုန်ကျသည့် စရိတ်များကို နုတ်ရမည်။ ပထမဦးစွာ အုန်းရည်ကို ထုတ်လုပ်ရန်အတွက် ကုန်ကျသည့်စရိတ်များကို နုတ်ရမည်။ ထိုစရိတ်များကို "ရောင်းချသည့်ပစ္စည်းများ၏စရိတ်"ဟုခေါ်သည်။ လစာများ၊ ပုံသေပစ္စည်းများကို ထိန်းသိမ်းစရိတ်များလည်း ထည့်တွက်ရမည်။ ချေးငွေများအပေါ်မှ အတိုးများကဲ့သို့သော အခြားအသုံးစရိတ်များကိုလည်း နုတ်ရမည်။ နောက်ဆုံး၌ တန်ဖိုးလျော့စရိတ်ကို နုတ်ရမည်။ တန်ဖိုးလျော့စရိတ်ဆိုသည်မှာ စက်ပစ္စည်းများ၊ အသုံးအဆောင်တန်ဆာပလာများ စသည်တို့ကဲ့သို့သော ပုံသေပစ္စည်းများ၏ တန်ဖိုး



http://www.cherrythitsar.org

လျော့သွားခြင်းကို ဆိုလိုသည်။ ၎င်းတို့ကိုလည်း ဝင်ငွေမှ နုတ်ရမည်။

## အရှုံးအမြတ်ရှင်းတမ်း

## ဂလီဂန်၏ အုန်းရည်အရောင်းဆိုင်လီမိတက်

(ဆမုန်းကျွန်း၌ဘနခွဲ)

အချိန်ကာလ– တစ်နှစ်

| | |
|---|---|
| ရငွေများ(အုန်းရည်များရောင်းချရခြင်း) | ဒေါ်လာ ၅၀ |
| ရောင်းချရသည့် ကုန်များ၏ စရိတ် | |
| (အုန်းသီးခူးသူများအားပေးခြင်း) | ဒေါ်လာ ၁၀ |
| အခြားအသုံးစရိတ်များ | |
| (ကမ်းခြေ၌ကြော်ငြာများ) | ဒေါ်လာ ၁၀ |
| အကြမ်း အမြတ် | ဒေါ်လာ ၃၀ |
| အခွန်များ(၃၃ရာခိုင်နှုန်း) | ဒေါ်လာ ၁၀ |
| အသားတင်အမြတ် | ဒေါ်လာ ၂၀ |

တန်ဖိုးလျော့ခြင်းသည် စာရင်းကိုင်လုပ်ငန်း၌ အခက်အခဲများကို ကြုံစေသည်။ အဘယ့်ကြောင့်ဆိုလျှင် ပုံသေပိုင်ပစ္စည်းတစ်ခုသည် ကာလကြာမြင့်လာသည့်အခါ မည်မျှ တန်ဖိုးလျော့သည်ကို ဆုံးဖြတ်ရန် ခက်ခဲသည်။ ထို့ကြောင့် ကုမ္ပဏီအတော်များများက ထိုသို့ မသေချာ မရေရာမှုကို အခွင့်အကောင်းယူကာ တတ်နိုင်သမျှ အရှုံးပြချင်ကြသဖြင့် ပုံသေပစ္စည်းတစ်ခု၏ ရှေ့ပိုင်းသက်တမ်းများ၌ အခွန်လျှော့ပေးနိုင်ရန် ဝင်ငွေကိုလျှော့၍ ပြတတ်ကြသည်။ အခွန်ဆောင်စရာငွေများကို နှောင့်နှေးကြန့်ကြာအောင် ဆောင်ရွက်ခြင်းအားဖြင့် ကုမ္ပဏီအနေဖြင့် ၎င်းတို့ ဖယ်ချန်ထားသည့် ဝင်ငွေများအပေါ်မှ တန်ဖိုးရှိသည့် အတိုးနှုန်းများကို ရရှိနိုင်သည်။

ရငွေများမှ အသုံးစရိတ်အားလုံးကို နုတ်ပြီးလျှင် ကုမ္ပဏီတစ်ခု



http://www.cherrythitsar.org

အနေဖြင့် ၎င်း၏ စုစုပေါင်းအမြတ် သို့မဟုတ် ၎င်း၏ စုစုပေါင်း အရှုံးကိုတွေ့နိုင်သည်။ ထိုစုစုပေါင်းအမြတ် သို့မဟုတ် စုစုပေါင်း အရှုံးသည် အခြေခံမျဉ်းဟု ပြောလေ့ပြောထ ရှိကြသည့်အရာပင် ဖြစ်သည်။ ထိုအခြေခံမျဉ်းက ကုမ္ပဏီ၏ ပိုင်ဆိုင်မှု မည်မျှ ရှိသည်၊ အချိန်ကာလတစ်လျှောက် ပေးရန်တာဝန်များ မည်သို့ ပြောင်းလဲမှု ရှိသည်တို့ကို ဖော်ပြသည်။

ကုမ္ပဏီ၏ လှုပ်ရှားမှုများကို နားလည်နိုင်သည့် အခြားလက်နက် ကိရိယာတစ်ခုမှာ ငွေသားစီးဆင်းမှုကို ကြည့်ခြင်းဖြစ်သည်။ ငွေသား စီးဆင်းမှုသည်လည်း အရှုံးအမြတ်ရှင်းတမ်းနှင့် တူသည်။ သို့သော် ဤစာရင်း၌ အချိန်ကာ တစ်ခုအတွင်းတွင် ကုမ္ပဏီတစ်ခုသို့ အမှန်တကယ်ဝင်လာသည့် သို့မဟုတ် အမှတ်တကယ် ထွက်သွား သည့်ငွေသားစီးဆင်းမှုများကိုသာ တိုင်းတာခြင်းဖြစ်သည်။ ကုမ္ပဏီ တစ်ခု၏ ငွေကြေးစီးဆင်းမှု သို့မဟုတ် ငွေကြေးအခြေအနေ အကျဉ်းချုပ်သည် စာရင်းကိုင်ဆိုင်ရာ သတ်မှတ်ချက်များကို ကျော်လွှားပြီး ကုမ္ပဏီတစ်ခု၏ အမှန်တကယ် ဝင်ငွေကိုသာကြည့် သည်။ ငွေသားစီးဆင်းမှုက ကုမ္ပဏီ၏ အမြတ်ကို မပြသော်လည်း တစ်ခါတစ်ရံ ကုမ္ပဏီ၏ အမှတ်တကယ်ဝင်ငွေများကို ရှင်းရှင်း လင်းလင်းပြသည်။ အဘယ်ကြောင့်ဆိုလျှင် ဤငွေသားစီးဆင်းမှု၌ တန်ဖိုးလျော့ ကဲ့သို့သော အရေအတွက် သတ်မှတ်ရန် ခက်ခဲသည့် ကိစ္စများ မပါဝင်ပေ။

ငွေသားစီးဆင်းမှုနှင့် အရှုံးအမြတ်ရှင်းတမ်းများသည် ကမ္ဘာ့ တောင်ရိုင်းတိရစ္ဆာန်ရန်ပုံငွေနှင့် ကုလသမဂ္ဂအဖွဲ့တို့ကဲ့သို့သော အမြတ် ရှာဖွေခြင်းမပြုသည့် လုပ်ငန်းများအပါအဝင် အဖွဲ့အစည်း အားလုံး၏ ရငွေများ၊ ကုန်ကျစရိတ်များနှင့် အမြတ်များကို နားလည်ရန်အတွက် အခြေခံကျသည်။ အကယ်၍ အစုရှယ်ယာရှင် များအား အမြတ်ကို



http://www.cherrythitsar.org

ခွဲဝေမပေးလျှင်ပင် ၎င်း၏ လုပ်ငန်းများ ထိထိရောက်ရောက် ရှိးရိုးသားသားလည်ပတ်ခြင်း ရှိ–မရှိကို ကြည့်ရှုရန်အတွက် မည်သည့်အဖွဲ့အစည်းမဆို အရှုံးအမြတ်ရှင်းတမ်းကို လိုအပ်သည်။

## ၂၅။ အသားတင်တန်ဖိုး ဆိုသည်မှာ

**What is net worth?**

ကမ္ဘာပေါ်ရှိ မည်သည့်နေရာ၌မဆို လူတစ်ယောက် သို့မဟုတ် ကုမ္ပဏီတစ်ခု၏ စုစုပေါင်းငွေသားတန်ဖိုးကို အသားတင်တန်ဖိုး ဟုခေါ်သည်။ ဥပမာ– လူတစ်ယောက်၏ အသားတင်တန်ဖိုးကို အိမ်များ၊ ဘဏ်စာရင်းများကဲ့သို့သော ပိုင်ဆိုင်ခွင့်များ အားလုံးကို ပေါင်းပြီး အပေါင်များ၊ အကြွေးဝယ်ကတ်ပြားများအတွက် ကြွေးများ စသည့် ပေးရန်တာဝန်များကို နုတ်ခြင်းအားဖြင့် ရရှိသည်။

ကုမ္ပဏီတစ်ခု၏ အသားတင်တန်ဖိုးကိုလည်း လူတစ်ဦး အတွက် တွက်သလိုပင်တွက်သည်။ ပိုင်ဆိုင်မှုများမှ ပေးရန်တာဝန်များကို နုတ်သည်။ လက်ကျန်ရှင်းတန်း၌ ကုမ္ပဏီတစ်ခု၏ အသားတင် တန်ဖိုးကို အစုရှယ်ယာရှင်များ၏ ပိုင်ဆိုင်မှု (shareholders' equity) ဟု ခေါ်သည်။

ကုမ္ပဏီတစ်ခု၏ လက်ကျန်ရှင်းတမ်းကို တွက်ရာ၌ အမည်များ၊ တံဆိပ်များလို သာမန်ပစ္စည်းများကဲ့သို့ သဘောမထားနိုင်သည့် မြင်တွေ့ကိုင်တွယ်နိုင်ခြင်းမရှိသော ပိုင်ဆိုင်မှုများပါလာသည့်အခါ ပြဿနာတက်တတ်သည်။ စာရင်းကိုင်အတော်များများက ထိုကဲ့သို့သော ပိုင်ဆိုင်မှုများကို "နာမည်ကောင်း"ဟုခေါ်သည်။ သို့သော် နာမည်ကောင်းဆိုသည့် ဝေါဟာရသည် ကုမ္ပဏီတစ်ခု ကုသိုလ် ကောင်းမှုများနှင့် လည်းကောင်း၊ အလှူဒါနများနှင့် လည်းကောင်း မသက်ဆိုင်ပေ။ ဥပမာ နာမည်ထင်ရှားသည့် ဥပဒေအကျိုးဆောင်



http://www.cherrythitsar.org

လုပ်ငန်းတစ်ခုကို ဝယ်ယူရန်အတွက် ဈေးပိုပေးရလျှင် ထိုသို့ပေးရခြင်းကို စာရင်းကိုင်များက "နာမည်ကောင်း"အတွက် ပေးရခြင်းဟု ခေါ်ကြသည်။ နာမည်ကောင်းနှင့် ပတ်သက်သော အခြားဥပမာများမှာ ထင်ရှားကျော်ကြားခြင်း သို့မဟုတ် လူကြိုက်များသည့် တံဆိပ်တစ်ခုအတွက် အပိုတန်ဖိုးတက်ခြင်းများ ဖြစ်သည်။ ရေတွက် တိုင်းတာရန်ခက်ခဲသော်လည်း ကိုင်တွယ်မြင်တွေ့ရခြင်းမရှိသည့် ပိုင်ဆိုင်မှုများကိုလည်း အခြားပိုင်ဆိုင်မှုများလိုပင် ရောင်းနိုင်သည်။

နာမည်ကောင်းနှင့် အခြားမြင်တွေ့ကိုင်တွယ်နိုင်ခြင်းမရှိသော ပိုင်ဆိုင်မှုများသည် တန်ဖိုးသင့်ရန် ခက်ခဲသဖြင့် သရုပ်ခွဲသူ အတော်များများတို့က ကုမ္ပဏီတစ်ခု၏ အမှန်တကယ်ထိုက်တန်မှုကို ထည့်တွက်ရာ၌ ၎င်းတို့ကို ချိန်ဆကြသည်။ ငွေသားများ၊ အဆောက်အအုံများ၊ အသုံးအဆောင်ပစ္စည်းကိရိယာများကဲ့သို့သော မြင်တွေ့ကိုင်တွယ်နိုင်သည့် ပိုင်ဆိုင်မှုပစ္စည်းများမှ ပေးရန်တာဝန်များကိုသာ နုတ်ချင်ကြသည်။ ဤနည်းအားဖြင့် ကုမ္ပဏီ၏ မြင်တွေ့ကိုင်တွယ်နိုင်သော အသားတင်တန်ဖိုး (tangible net worth) သည် ကုမ္ပဏီတစ်ခု၏ တန်ဖိုးကို ခန့်မှန်းရာ၌ ချိန်ချိန်ဆဆ လျော့လျော့ပေါ့ပေါ့ ခန့်မှန်းမှုမျှသာ ဖြစ်သည်။

အသားတင်တန်ဖိုးကို စာရင်းပေါက်တန်ဖိုး (book value) ဟုလည်း ခေါ်သည်။ အဘယ့်ကြောင့်ဆိုလျှင် အကယ်၍ ထိုကုမ္ပဏီကို ထုခွဲဖျက်သိမ်းမည်ဆိုပါက စာအုပ်ပေါ်၌ အမှန်တကယ်ကျန်နေသည့် တန်ဖိုးများဖြစ်၍ ဖြစ်သည်။ ကုမ္ပဏီကို ထုခွဲရသည့်အခါ ကုမ္ပဏီက အဆောက်အအုံများ၊ ကွန်ပျူတာများ၊ စာချုပ်များကဲ့သို့ ၎င်း၏ ပိုင်ဆိုင်မှုများ အားလုံးကိုရောင်းချပြီး ငွေတောင်းခံလွှာများ(ဘီလ်များ)၊ ဘဏ်ချေးငွေများ၊ အပေါင်များကဲ့သို့သော ပေးရန်တာဝန်များ



http://www.cherrythitsar.org

အားလုံးကိုရှင်းပေးသည်။ ကုမ္ပဏီတစ်ခုနှင့်တစ်ခု ပေါင်းစပ်ကြသည့်အခါထိုသို့ ပေါင်းစပ်ရန်စီစဉ်သူများအနေဖြင့် ကုမ္ပဏီ တစ်ခု၏ အသားတင်တန်ဖိုးကို ကြည့်ပြီး ထိုကုမ္ပဏီ၏ ပိုင်ဆိုင်မှုများကို ရောင်းချခြင်းအားဖြင့် မည်မျှအမြတ်ရမည်ကို ကြည့်တတ်ကြသည်။ ကုမ္ပဏီတစ်ခုသည် အသားတင်တန်ဖိုးထက် တန်ဖိုးပို၍ ကြီးနိုင်သည်။ အကယ်၍ တိုးတက်ရန် အလားအလာရှိလျှင်၊ ကမ္ဘာ့အနှံ့နာမည် ထင်ရှားနေလျှင် သို့မဟုတ် နိုင်ငံခြားဈေးကွက် တစ်စုံတစ်ခု၌ အထူး ကျွမ်းကျင်မှု ရှိလျှင် အသားတင်တန်ဖိုးထက် တန်ဖိုးကြီးနိုင်သည်။

☮

## ၂၆။ နိုင်ငံတကာ၌ ကုမ္ပဏီများကို နှိုင်းယှဉ်ပုံ

**How are companies compared internationally?**

ခူးဆွတ်ရန်အတွက် နှစ်များစွာ စောင့်ရမည့် သစ်သီးပင် တစ်ပင်ကဲ့သို့ပင် ကုမ္ပဏီတစ်ခု၏ ရှယ်ယာတန်ဖိုးများသည်လည်း ကုမ္ပဏီတစ်ခု၏ လောလောဆယ်ဆယ် တန်ဖိုးနှင့် နောင် လာမည့်နှစ်များ၌ ဝင်ငွေရှာပေးနိုင်မှုတို့အပေါ်တွင် မူတည်သည်။ သစ်သီးပင် တစ်ပင်က နှစ်စဉ် လိမ္မော်သီးများ၊ သစ်တော်သီးများ ထုတ်လုပ်သလို ကုမ္ပဏီတစ်ခု၏ ဝင်ငွေများကို တစ်နှစ် တစ်နှစ် ဆုံးသည့်အခါ၌ တွက်ချက်ရသည်။

ကုမ္ပဏီတစ်ခု၏ အစုရှယ်ယာဈေးနှုန်းသည် ၎င်း၏ ဝင်ငွေများ အပေါ်၌ အခြေခံလေ့ရှိသည်။ အများအားဖြင့် အချိုးတစ်ခု ထွက်လေ့ရှိသည်။ ၎င်းအချို့ကို ဈေးနှုန်း၊ ဝင်ငွေအချိုး [Price/ earnings-(p/e)ratio] ဟုခေါ်လေ့ရှိသည်။ ကုမ္ပဏီ၏ ဝင်ငွေတက်



http://www.cherrythitsar.org

သည့်အခါ ၎င်း၏ ရှယ်ယာဈေးနှုန်းသည်လည်း တက်လေ့တက်ထ ရှိပြီး p/e အချိုးကို လုပ်ငန်းစုအတွင်းရှိ အခြားသော ကုမ္ပဏီများနှင့် တန်းတူဖြစ်စေသည်။ ဥပမာ– ကုမ္ပဏီတစ်ခု၏ p/e အချိုးသည် ၁၀/၁ဖြစ်လျှင် တစ်နှစ်လျှင် အစုရှယ်ယာတစ်ခုအပေါ်၌ ကုမ္ပဏီက ရှာပေးသည့် ဝင်ငွေထက် (၁၀)ဆကြီးမားသည့် အစုရှယ်ယာဈေးနှုန်း ရှိကြောင်းကို ပြသသည်။ ဆိုလိုသည်မှာ (၁၀)နှစ် အချိန်ကာလကြာမှ အစုရှယ်ယာ၏ တန်ဖိုးကျေမည်ကို ပြသသည်။

p/e အချိုးများကို နိုင်ငံတစ်ခုနှင့်တစ်ခု နှိုင်းယှဉ်သည့်အခါ နိုင်ငံတိုင်းနိုင်ငံတိုင်း၌ ၎င်းတို့၏ ကိုယ်ပိုင်စာရင်းကိုင် စည်းမျဉ်းများ ရှိကြသည်။ ထို့ကြောင့် ဝင်ငွေများသည် နိုင်ငံတစ်ခု၌လျော့၍ ဖော်ပြထားပြီး အခြားနိုင်ငံတစ်ခု၌ ပို၍ ဖော်ပြထားနိုင်သည်။ ကိုက်တံများမတူသဖြင့် ကုမ္ပဏီများ၏ တန်ဖိုးများကို နှိုင်းယှဉ်ရန်ခက်ခဲသည်။ 'ဈေးသိပ်ကြီးနေသလား"ဟု မမေးဘဲ "အစီရင်ခံထားသည့်ဝင်ငွေများသိပ်နိမ့်နေသလား"ဟု မေးခြင်းက ပိုမိုဆီလျော်သည်။

ဥပမာ–ဂျပန်နိုင်ငံ၌ ခြားနားသည့် စာရင်းကိုင်စည်းမျဉ်းများကြောင့် ဂျပန်ကုမ္ပဏီအတော်များများအနေဖြင့် ဥရောပနှင့် မြောက်အမေရိကစံနှုန်းထားများနှင့် နှိုင်းယှဉ်လျှင် ဝင်ငွေကို နည်းနည်းသာ ဖော်ပြလေ့ရှိကြသည်။ ဂျပန်နိုင်ငံ၌ ကုမ္ပဏီအတော်များများသည် အခြားကုမ္ပဏီများ၌ စတော့ရှယ်ယာများ ကိုင်ဆောင်ထားတတ်ကြသည်။ ထိုသို့ ကိုင်ဆောင်ထားရာမှ ရရှိသည့် ဝင်ငွေများကို ၎င်းတို့ အစီရင်ခံသည့် ဝင်ငွေများ၌ ထည့်သွင်းဖော်ပြလေ့ မရှိပေ။ မစ်ဆူဘစ်ရှိထရပ်ကုမ္ပဏီက Kirinအဖျော် ယမကာလုပ်ငန်း၌ (၅)ရာခိုင်နှုန်းအစုရှယ်ယာ ဝင်ထားခြင်းကို အစုရှယ်ယာတစ်ခု၏ ဈေးနှုန်း၌ တွေ့ရသော်လည်း ဝင်ငွေဖော်ပြချက်၌ တွေ့ရမည်



http://www.cherrythitsar.org

မဟုတ်ပေ။ ထို့ကြောင့် ဂျပန်တို့၏ စျေးနှုန်း/ဝင်ငွေအချို့မှာ များသည် အနောက်နိုင်ငံစံနှုန်းများနှင့်ကြည့်လျှင် မြင့်နေသည်ကို တွေ့ရသည်။

အလားတူပင် ဂျပန်ကုမ္ပဏီများအနေဖြင့် အနောက်နိုင်ငံများ၌ ခွင့်ပြုလေ့မရှိသည့် လုပ်ထုံးလုပ်ငန်းတစ်ခုဖြစ်သော ပုံသေပစ္စည်းတစ်ခု၏ ရှေ့ပိုင်းသက်တမ်းများ၌ တန်ဖိုးလျော့ များများပြပြီး အမြတ်နည်းအောင် လုပ်လေ့လုပ်ထရှိတတ်ကြသည်။ အကယ်၍သာ ဂျပန်တို့အနေဖြင့် အနောက်နိုင်ငံက တန်ဖိုးလျော့နည်းလမ်းများကို အသုံးပြုလျှင် ၎င်းတို့ အစီရင်ခံ ဖော်ပြထားသည့် ဝင်ငွေများ သိသိသာသာတိုးလာနိုင်စရာရှိသည်။ စာရင်းကိုင် လုပ်ထုံးလုပ်နည်းများ ခြားနားမှုကြောင့် ကြီးမားသည့် နိုင်ငံတကာ ရင်းနှီးမြှုပ်နှံသူများ အနေဖြင့် ကမ္ဘာတစ်ဝန်းရှိကုမ္ပဏီများ၏ ငွေရေးကြေးရေးအခြေအနေများကို ကိုယ့်ဘာသာကိုယ် တွက်ချက်တတ်ကြသည်။နိုင်ငံခြားကုမ္ပဏီများ၏ ဝင်ငွေများကို အများလက်ခံထားသည့် စာရင်းကိုင်စည်းမျဉ်းစည်းကမ်းများနှင့်အညီ ပြန်လည် တွက်ချက်တတ်ကြသည်။ ဤသို့ ပြန်လည်တွက်ချက်ခြင်းအားဖြင့် နိုင်ငံခြားမှ ရှယ်ယာစျေးနှုန်း/ ဝင်ငွေအချိုးများကို ကမ္ဘာ့စီးပွားရေးအတွင်းရှိ အခြားကုမ္ပဏီများနှင့် နှိုင်းယှဉ်နိုင်စေသည်။

## ၂၇။ အရင်းနည်းနည်းနှင့် များများရအောင် မည်သို့ဝယ်သနည်း

**What is a leveraged buyout (LBO)?**

ကစားကွင်းထဲက စီးလျှောတစ်ခုကိုသုံးကာ နေရာကောင်းတစ်ခုကိုရွေးပြီး အင်အားအနည်းငယ်မျှ စိုက်ထုတ်ရုံဖြင့် ဧရာမအလေးကြီးများကို မတင်နိုင်သည်။ အလားတူပင် LBOဆိုသည်မှာ အရင်းအနှီး အနည်းငယ်ကို အသုံးပြုကာ ကုမ္ပဏီတစ်ခုကို ဝယ်ယူခြင်းဖြစ်သည်။ အများအားဖြင့် ဝယ်ယူရန်အတွက် လိုအပ်သည့် ငွေအများစုကို



http://www.cherrythitsar.org

ချေးယူကြသည်။

LBO ၏သော့ချက်မှာ ကုမ္ပဏီတစ်ခုကို ဝယ်ယူရန်အတွက် အခြားသူများ၏ ငွေကြေးကို ကုတ်အဖြစ် အသုံးပြုခြင်းဖြစ်သည်။ ထို့နောက် ထိုချေးငွေများကို ပေးဆပ်ရန်အတွက် ရန်ပုံငွေ မြန်မြန် ပြန်ရှာသည်။ စီမံခန့်ခွဲသူများအား ပိုင်ဆိုင်မှုများကို ရောင်းထုတ်ရန် ဖိအားပေးပြီး လုပ်ငန်းကို ပြန်လည်ဖွဲ့စည်းခြင်းအားဖြင့် ရရှိနိုင်သည်။ ရည်မှန်းချက်မှာ သေးသေးငယ်ငယ်နှင့် အမြတ်များများရသည့် ကုမ္ပဏီတစ်ခုဖြစ်အောင် ထိန်းချုပ်ကာ အဆုံးသတ်ရန်ပင်ဖြစ်သည်။

LBOက ကုမ္ပဏီတစ်ခုကို မန်နေဂျာများက ပိုင်ဆိုင်ခြင်းမဟုတ် ဘဲအစုရှယ်ယာပိုင်ရှင်များက အခြေခံအားဖြင့် ပိုင်ဆိုင်သည်ဆိုသည့် အချက်ကို အခွင့်ကောင်းယူခြင်းဖြစ်သည်။ဘဏ်ဥက္ကဋ္ဌတစ်ယောက် သည် ဘဏ်ကိုမပိုင်သလို ကုမ္ပဏီတစ်ခု၏ မန်နေဂျာသည် ကုမ္ပဏီကို မပိုင်ဘဲ အစုရှယ်ယာပိုင်ရှင်များကသာ ပိုင်သည်။ အစုရှယ်ယာ ခပ်များများပိုင်သည့်သူက ကုမ္ပဏီတစ်ခုကို လွှမ်းမိုးနိုင်သည်။ ရင်းနှီးမြှုပ်နှံသူတစ်ယောက် သို့မဟုတ် ရင်းနှီးမြှုပ်နှံသူ တစ်စုက စီမံခန့်ခွဲသူအုပ်စုသစ်တစ်စုဖြင့် ကုမ္ပဏီကိုပို၍ ကောင်းကောင်း လည်ပတ်နိုင်မည်ဟု ယူဆလျှင် လွှဲပြောင်းယူရန် ကြိုးစားနိုင်သည်။ အကယ်၍ ကုမ္ပဏီ၏ စီမံခန့်ခွဲသူများက အစုရှယ်ယာများကို ထိန်းချုပ်နိုင်သည့် အစုရှယ်ယာရှင်သစ်များ၏ ရည်မှန်းချက်ကို ဆန့်ကျင်လျှင် ထိုသို့လွှဲပြောင်းယူခြင်းကို ရန်လိုသော လွှဲပြောင်း ခြင်းဟုခေါ်ကြသည်။

ကျွမ်းကျင်သူများသည် အများအားဖြင့် တန်ဖိုးနိမ့်နေသည့် ကုမ္ပဏီများကိုသာ ဝယ်ကြသည်။ ထိုတန်ဖိုးနိမ့်နေသည့်ကုမ္ပဏီများ သည် ငွေသားများ၊ မြေယာများ၊ အခြားပိုင်ဆိုင်မှုများကဲ့သို့ အပြည့်အဝ စွမ်းဆောင်နိုင်ခြင်းမရှိသည့် ပိုင်ဆိုင်မှုအတော်များများကို

**ယနေ့မန္တလေးစာအုပ်တိုက်**

http://www.cherrythitsar.org

ပိုင်ဆိုင်ကြသည်။ ကုမ္ပဏီကို ခွဲခြမ်းစိတ်ဖြာလိုက်ပြီး တန်ဖိုးရှိသည့် ပိုင်ဆိုင်မှုများကို ရောင်းထုတ်လိုက်ခြင်းအားဖြင့် ကုမ္ပဏီကို ဝယ်ယူရန် အတွက် ချေးငှားခဲ့သော ကြွေးများကို ဆပ်နိုင်သည်။ တန်ဖိုးရှိသည့် ပိုင်ဆိုင်မှုများ ရောင်းထုတ်ခြင်းကို ပိုင်ဆိုင်မှုများလျှော့ချခြင်းဟု ခေါ်သည်။ အောင်မြင်သည့် LBO များကို ချေးသက်သာသည့် ဘွန်းများထုတ်ဝေကာ အရင်းအနှီး စိုက်ထုတ်သည်။ ၎င်းတို့သည် အတိုးနှုန်းများများပေးသဖြင့် ရင်းနှီးမြှုပ်နှံသူများကို ဆွဲဆောင်နိုင်သော အကျိုးအမြတ်များသည့် ငွေချေးစာချုပ် စာတမ်းများ၊ ငွေချေးသက်သေခံလက်မှတ်များ ဖြစ်သည်။ LBO ၏ အောင်မြင်မှု အပေါ်၌မူတည်ကာ စွန့်စားချင်သည့်သူများအား အတိုးနှုန်း များများ ပေးကာ ဆွဲဆောင်ခြင်းဖြစ်သည်။ သို့သော် အကယ်၍ LBO မအောင်မြင်ခဲ့လျှင် အတိုးနှုန်းများများ မပေးနိုင်တော့ဘဲ ငွေချေး စာချုပ်များသည် အပေါ့စားစက္ကူများဖြစ်သွားသည်။

ကုမ္ပဏီ၏ စီမံခန့်ခွဲသူများအနေဖြင့် ရန်လိုကာ လက်ပြောင်း လက်လွှဲလုပ်သည်များကို မည်သို့ ဆန့်ကျင်နိုင်သနည်း။ ကုမ္ပဏီကို ပြန်လည်ဖွဲ့စည်းနိုင်သည်။ ပိုင်ဆိုင်မှုများကို ရောင်းထုတ်ပစ်လိုက် နိုင်သည်။ လက်ပြောင်းလက်လွှဲလုပ်လိုသူများ၊ ရယူလိုသူများအတွက် စိတ်ဝင်စားစရာမကောင်းအောင် ဆောင်ရွက်နိုင်သည်။ အခြားနည်း လမ်းမှာ ကုမ္ပဏီ၏ အစုရှယ်ယာများကို ဈေးကွက်မှ ပြန်လည်ဝယ် ယူသည့်နည်းဖြစ်သည်။ ဤနည်းအားဖြင့် ဈေးနှုန်းများကို တက်အောင်လုပ်ပြီး လွှဲပြောင်းယူလိုသူများအတွက် ဈေးကြီးအောင် လုပ်နိုင်သည်။ ၁၉၉၀ပြည့်လွန်နှစ် အစောပိုင်းများ၌ LBOအလေ့ အထများ နိုင်ငံတကာ၌ ပျံ့နှံ့သွားသည့်အခါ ဥရောပနှင့် ဂျပန် ကုမ္ပဏီများက သူတို့၏ အစိုးရများအား နိုင်ငံခြားသားများက ဒေသန္တရ ကုမ္ပဏီများ ပိုင်ဆိုင်နိုင်ခွင့်ကို ကန့်သတ်သည့် ဥပဒေ၊



http://www.cherrythitsar.org

အဟန့်အတားများ ပြုလုပ်ရန် တောင်းဆိုခဲ့ကြသည်။

တစ်ခါတစ်ရံ မန်နေဂျာများ ကိုယ်တိုင်ကပင်လျှင် LBO လုပ်ရန် ဆုံးဖြတ်ခဲ့ကြခြင်းဖြစ်သည်။ မပြိုင်နိုင်လျှင် ပူးပေါင်းမည် ဆိုသည့်သဘောဖြင့် ဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။ အကယ်၍ စီမံခန့်ခွဲသူများက ဝယ်ယူခဲ့လျှင် စီမံခန့်ခွဲသူများကိုယ်တိုင်က ကုမ္ပဏီကို လွှဲပြောင်းယူရန်စီစဉ်ကြသည်။ ကုမ္ပဏီကို ထိန်းချုပ်နိုင်သည့် အစုရှယ်ယာများ ဝယ်ယူရန်အတွက် လိုအပ်သည့်ငွေကြေးကို ချေးယူကြသည်။

LBO ကိုဆောင်ရွက်၍ အောင်မြင်သည့်အခါ အစုရှယ်ယာရှင်များ၏ အခြေအနေပို၍ ကောင်းလာကြပြီး ကုမ္ပဏီသည်လည်း စွမ်းရည်မြင့်ကာ ပို၍ တန်ဖိုးရှိလာသည်။ သို့သော် ထိုသို့ LBO ကို ဆောင်ရွက်ရာ၌ မအောင်မြင်လျှင် ကြွေးများက အမြတ်ထက် အဆမတန်များနေသဖြင့် ကုမ္ပဏီပျက်စီးနိုင်သည်။ ဥပမာ ကြွေးသစ်များကို အချိန်မီ မပေးနိုင်လျှင် ယခင်က အကျိုးအမြတ်ရှိခဲ့သော်လည်း LBO နည်းဖြင့် ရယူခဲ့သောကုမ္ပဏီသည် ဒေဝါလီခံရသည့်ကိန်းကို ဆိုက်ရောက်သွားတတ်သည်။

✇

## ၂၈။ ကမ္ဘာ့စီးပွားရေး အဆောက်အအုံထဲ၌ ကုမ္ပဏီများသည် နိုင်ငံနယ်နိမိတ်များကို မည်သို့ကျော်ဖြတ်ကြသနည်း။
**How do companies in the global economy transcend national boundaries?**

ပတ်ဝန်းကျင်ဆိုင်ရာ လှုပ်ရှားမှုများ၏ ရည်မှန်းချက် တစ်ခုဖြစ်သော “ကမ္ဘာနှင့်ချီ၍ တွေးပြီး ဒေသအလိုက် အလုပ်လုပ်ပါ” ဆိုသည့် ဆောင်ပုဒ်သည် နိုင်ငံတကာ စီးပွားရေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် လွှမ်းမိုးနိုင်သည်။ တစ်ကမ္ဘာလုံးဆိုင်ရာ ကုန်သွယ်



http://www.cherrythitsar.org

မှုများ၊ နိုင်ငံပေါင်းစုံ နိုင်ငံရေးအုပ်စုများ၏ ရှေ့မှောက်၌ နိုင်ငံတော် အာဏာများပြိုကွဲသွားတတ်ကြသည်။ဖို့ဒ်၊ နက်စ်လေ၊ ကိုကာကိုလာ (Ford, Nestle, Cocacola)စသည့် ကုမ္ပဏီများသည် ဆုံးဖြတ်ချက် ချမှတ်ရာ၌ ဗဟိုမှချုပ်ကိုင်မှုကို လျော့ချပြီး ကုမ္ပဏီ၏ ဌာနချုပ်များ သည် သက်ဆိုင်ရာဒေသတစ်ခုချင်းအလိုက် စီမံခန့်ခွဲသည့် လှုပ်ရှားမှု များ၊ ပြည်ပ၌ ဆောင်ရွက်မှုများကို ညှိနှိုင်းပေးရုံလောက်သာ နောက်တန်းမှာ ရှိနေတတ်ကြသည်။

ဥပမာ– IBMကုမ္ပဏီ၌ နိုင်ငံခြားဌာနခွဲတစ်ခုစီသည် လုပ်ငန်း ဆောင်ရွက်ရာ၌ မိမိ၏ ဒေသန္တရနည်းလမ်းများအတိုင်း ဆောင်ရွက် နိုင်ကြသည်။ အမေရိကန်ပြည်ထောင်စု၌ရှိသည့် ဌာနချုပ်မှာ တဖြည်းဖြည်း လျော့ကျလာပြီး နိုင်ငံခြားရှိ လုပ်ငန်းပေါင်းရာပေါင်း များစွာနှင့် ပြည်တွင်းရှိဌာနများကို ၎င်းတို့၏ ရလဒ်များ၊ အကျိုး အမြတ်များကို ရှင်းလင်းပေးသည့် ဗဟိုစာရင်းရှင်းလင်းရေးဌာန တစ်ခုအနေဖြင့်သာ ဆောင်ရွက်တော့သည်။ အကျိုးအမြတ်ရှာဖွေ ပေးနိုင်သည့် လုပ်ငန်းများအား စီမံခန့်ခွဲသည့်ကိစ္စကို သက်ဆိုင်ရာ ဒေသခံ ဒါရိုက်တာများအား တာဝန်လွှဲအပ်လိုက်သည်။ ဤနည်းအား ဖြင့် IBM ဂျပန်ဖောက်သည်တစ်ဦးက တိုကျိုရုံးကိုမြင်လျှင် IBM ကို ဂျပန်ကုမ္ပဏီတစ်ခုဟု ထင်သည်။ ဖရန့်ဖတ်ရှိ IBMရုံးကိုမြင် သည့် ဂျာမန်ဖောက်သည်တစ်ယောက်က ထိုကုမ္ပဏီကို ဂျာမန်ကုမ္ပဏီ ဟု မြင်သည်။ ဤမြင်ကွင်းမှာ ကမ္ဘာအနှံ့ပျံ့နှံ့နေသည်။ ဗျူနိုစ်အေရီးစ် မှ ဘုံလေအထိ IBMကုမ္ပဏီသည် ဆုံးဖြတ်ချက် ချမှတ်နိုင်ခွင့်ကို သက်ဆိုင်ရာ ဒေသန္တရရုံးခွဲများအား အပ်နှင်းထားသည်။

နိုင်ငံစုံကုမ္ပဏီအားလုံးလိုလိုပင် အလားတူနည်းလမ်းများကို ကျင့်သုံးကြသည်။ တကယ်တော့ ထိုကုမ္ပဏီများကို နိုင်ငံတော်ကုမ္ပဏီ များ (supranational)ဟုခေါ်နိုင်သည်။ ဆွစ်ဇာလန်နိုင်ငံ၏ အကြီးဆုံး



http://www.cherrythitsar.org

စားသောက်ကုန်ကုမ္ပဏီဖြစ်သော နက်(စ)လေကုမ္ပဏီကို အမေရိကန်ပြည်ထောင်စုရှိ လူအတော်များများက အမေရိကန်ကုမ္ပဏီဟု ထင်ကြပြီး ဘရာဇီးများက ဘရာဇီးကုမ္ပဏီဟု ထင်ကြသည်။ ၁၉၉၀ပြည့်လွန်နှစ်များ၌ နက်(စ)လေ၏ ချော့ကလက်၊ နို့နှင့် အစားအသောက်များရောင်းချရသည့် ဝင်ငွေများသည် ဆွစ်ဇာလန် နိုင်ငံ၏ ပြည်ပမှ ရရှိခြင်းဖြစ်သည်။

အခြားဥပမာတစ်ခုမှာ စာပဒေသာမဂ္ဂဇင်း (Reader's Digest) ဖြစ်သည်။ ထိုစာပဒေသာမဂ္ဂဇင်းကို ကမ္ဘာတစ်ဝန်း၌ ဘာသာပေါင်းမျိုးစုံဖြင့် အတွဲပေါင်းများစွာ ထုတ်ဝေရောင်းချကြသည်။ မက္ကဆီကိုရှိ စာဖတ်သူတစ်ယောက်က သက်ဆိုင်ရာဒေသအတွင်း၌ ရေးထားသည့် ဇာတ်လမ်းများကို စပိန်ဘာသာဖြင့် ဖတ်နိုင်ကြသလို ဩစတြီးယားရှိ စာဖတ်သူများသည် ဂျာမန်ဘာသာဖြင့် ဖတ်နိုင်ကြသည်။ ပလေးဘွိုင်နှင့် ကော့စမိုပိုလီတန် အမည်ရသော အခြားစာစောင်များသည်လည်း ကမ္ဘာတစ်ဝန်း၌ သက်ဆိုင်ရာဒေသအလိုက်ထုတ်ဝေသည့်အခါ အရောင်းသိသိသာသာတိုးလာသည်ကို တွေ့ရသည်။ ဒေသန္တရသတင်းများနှင့် နိုင်ငံတကာသတင်းများကို ရောမွှေထည့်တတ်ကြသည်။

ထုတ်ကုန်ပစ္စည်းများသည် တစ်ကမ္ဘာလုံးနှင့် သက်ဆိုင်သလိုထုတ်ကုန်ပစ္စည်းများနှင့် ပတ်သက်သော ကြိုက်နှစ်သက်မှုများမှာလည်း တူလာကြသည်။ ဘရာဇီးလူမျိုးတစ်ယောက်အနေဖြင့် ချာရာစကားရီးယား (Churrascaria)ထက် မက္ကဆီဒေါ်နယ် (Mc-Donald)ဆိုင်၌ စားချင်လိမ့်မည်။ အမေရိကန်တစ်ယောက်အနေဖြင့် ဘောက်သင်ကွန်ဖော့ အရက်ထက် ဗော့ဒကာအရက်ကို ပိုကြိုက်နိုင်သည်။ အီတလီလူမျိုးတစ်ယောက်က ဖဲရေး(Ferrari) ကားထက် ဘီအမ်ဒဗလျူကားကို ပိုကြိုက်နိုင်သည်။ ဤကမ္ဘာပေါ်၌ နာမည်



http://www.cherrythitsar.org

အကြီးဆုံး တံဆိပ်များထဲက ကိုကာကိုလာ၊ မာ(လ်)ဘိုရို၊ ဆိုနီနှင့် လီဗိုင်းတို့သည် တစ်ကမ္ဘာလုံးရှိ နိုင်ငံတိုင်းလိုလို၌ပင် ကြိုက်နှစ်သက်ခြင်းခံရသည်။ ယခုအခါ ထိုတံဆိပ်များသည် သက်ဆိုင်ရာ ဒေသန္တရဈေးကွက်များနှင့်လိုက်လျောညီထွေရှိအောင် အနည်းငယ်သာ ပြုပြင်ထားသည့် ကမ္ဘာလုံးဆိုင်ရာကြော်ငြာများကို ထုတ်လုပ်ကြသည်။

ဖို့ဒ်ကုမ္ပဏီသည် လုပ်ငန်းစတင်စဉ် အခါကာလခန့်ကပင် တစ်ကမ္ဘာလုံးဆိုင်ရာ ကုမ္ပဏီတစ်ခုဖြစ်သည်။ ၁၉၂၀ပြည့်လွန်နှစ်များ၌ ဖို့ဒ်ကုမ္ပဏီက ကမ္ဘာတစ်ဝန်းရှိ အာဂျင်တီးနား၊ မက္ကဆီကို၊ ဩစတြေးလျနှင့် ဂျပန်တို့ကဲ့သို့သော နေရာများ၊ နိုင်ငံများ၌ မော်တော်ကားတပ်ဆင်သည့်အလုပ်ရုံများကို တည်ထောင်ခဲ့သည်။ ယခုအခါ ဖို့ဒ်ကုမ္ပဏီက ထုတ်လုပ်သည့် ကားအတော်များများသည် ကမ္ဘာတဝန်းရှိ နေရာမျိုးစုံမှလာသည့် အစိတ်အပိုင်းများကို စုစည်းတပ်ဆင်သည့် ကမ္ဘာ့ကားများ ဖြစ်ကြသည်။

ကမ္ဘာ့စီပွားရေးအဆောက်အအုံကြီး စုစည်းလာသည့်အခါ ပြည်တွင်းဖြစ်ကို ဝယ်ရန်ဆိုသည့်ကိစ္စမှာ အလွန်ခက်ခဲလာခဲ့သည်။ အမေရိကန်ကားဆိုသည်မှာ မည်သို့သော ကားမျိုးနည်း။ အိုဟိုင်ယိုးပြည်နယ်တွင် ဂျပန်ကုမ္ပဏီက တည်ဆောက်ထုတ်လုပ်သည့် ဟွန်ဒါကားမျိုးလား၊ သို့မဟုတ် ဥရောပနှင့် အမေရိကန်ပြည်ထောင်စုက အစိတ်အပိုင်းများကို ဘရာဇီးနိုင်ငံ၌ တပ်ဆင်သည့် ဖို့ဒ်ကားကိုခေါ်သလား၊ အလားတူပင် ဂျပန်အမဲသားဆိုသည်မှာ မည်သို့သော အမဲသားမျိုးနည်း။ ဂျပန်၌ ရှိသည့် နွားများကို အမေရိကန်ကောက်ပဲသီးနှံများ မှန်မှန်ကြီးကျွေးလျှင် ထိုနွားများသည် ဂျပန်နှင့် မတူဘဲ အမေရိကန်နှင့် ပိုတူမနေဘူးလား။

ဖျော်ဖြေရေးလုပ်ငန်းများသည်လည်း ကမ္ဘာလုံးဆိုင်ရာ လုပ်ငန်းတစ်ခုဖြစ်လာသည်။ ဟောလိဝုဒ်၌ ၁၉၉၀ပြည့်လွန်နှစ်များအစကပင်



http://www.cherrythitsar.org

ရုပ်ရှင်ပြသ၍ ရရှိသည့်ဝင်ငွေများသည် အမေရိကန်ပြည်ထောင်စု၏ အပြင်ဘက်က ရရှိခြင်းဖြစ်သည်။ အမေရိကန်ပြည်ထောင်စုရှိ အဓိကရ တေးသံသွင်းလုပ်ငန်းခြောက်ခုထဲက တစ်ခုသာလျှင် အမေရိကန်တို့ ပိုင်ဆိုင်ကြသည်။ ကမ္ဘာတဝန်း၌ ဂီတဖျော်ဖြေမှုများ လွှင့်ထုတ်သည့်အခါ ခရိုအေးရှားမှ ချီလီအထိ ဆယ်ကျော်သက်များအနေဖြင့် အင်္ဂလိပ်ဘာသာဂီတများကို တစ်ချိန်လုံးကြားနေရအောင် သက်ဆိုင်ရာဒေသခံ အသံလွှင့်ဌာနများက လွှင့်ထုတ်နေသည့်အခါ ဂီတများသည် ကမ္ဘာ့စီးပွားရေးလုပ်ငန်းများ ဖြစ်လာကြသည်။

ဥပမာ ဘရာဇီး၊ ဂျာမနီ၊ ဂျပန်တို့၌ ရေဒီယိုက အသံလွှင့်နေသည့် သီချင်းတစ်ဝက်ကျော်သည် အင်္ဂလိပ်ဘာသာစကားဖြင့် လွှင့်ထုတ်ခြင်းဖြစ်သည်။ သို့သော် သူတို့ကြားနေရသည့် အင်္ဂလိပ်ဘာသာဖြင့် သီဆိုသော သီချင်းများသည် မူလက နိုင်ငံခြားမှ အုပ်စုများ သီဆိုသည်ကို မည်သည့်အမေရိကန်ဆယ်ကျော်သက်ကမျှ သိလည်းမသိ၊ ဂရုလည်းမစိုက်။ တစ်ချိန်တည်းမှာပင် အမေရိကန် ရော့ခ်အဆိုကျော် မိုက်ကယ်ဂျက်ဆင်မှ မက်ဒေါနားအထိ အဆိုတော်များသည် အမေရိကန်ပြည်ထောင်စုမှာထက် နိုင်ငံခြားမှာ ပို၍ လူကြိုက်များကြသည်။ ၁၉၉၅ခုနှစ်ခန့်တွင် MTV ဂီတအသံလွှင့်အစီအစဉ်များသည် ကမ္ဘာတစ်ဝန်းရှိ နိုင်ငံပေါင်း ၇၀ကျော်တို့၌ အိမ်ထောင်စုပေါင်းသန်း ၂၀၀ကျော်ကို ရောက်အောင် လွှင့်ထုတ်နိုင်သည်။ သက်ဆိုင်ရာဒေသန္တရဈေးကွက်များနှင့် ကိုက်ညီသော ပုံစံများ၊ ဘာသာစကားများကို အသုံးပြုပြီးမှ လွှင့်ထုတ်ခြင်းဖြစ်သည်။

ဆိုနီက CBS တေးသံသွင်းလုပ်ငန်းကို ဝယ်ယူရန် ဆုံးဖြတ်ခဲ့ခြင်းမှာ ကမ္ဘာလုံးဆိုင်ရာ ဖျော်ဖြေရေးလုပ်ငန်းများကို လက်လှမ်းမီနိုင်ခွင့်ရှိ၍ ဖြစ်သည်။ ဆိုနီက သူ့ကုမ္ပဏီက ထုတ်လုပ်သော



http://www.cherrythitsar.org

ပစ္စည်းများတွင် ဆိုနီဖြစ် အပျော့ထည် (Software) များကို သုံးစေချင်သည်။ ထို့ကြောင့်ပင် တေးသံသွင်းကုမ္ပဏီကို ဝယ်ယူခဲ့ခြင်းဖြစ်သည်။ ထိုကုမ္ပဏီ၌ ရော့ခ်ဂီတနှင့် ဂီတပညာရှင်များကို ကျယ်ကျယ်ပြန့်ပြန့် မှတ်တမ်းတင်ထားသည့် စာကြည့်တိုက် ပါသည်။ ဆိုနီ၏ မဟာဗျူဟာမှာ တစ်ကမ္ဘာလုံးအနှံ့ ဒေသဖြန့်ကျက်ခြင်း (global localization)ဟုခေါ်သည့် ကမ္ဘာတစ်ဝန်းရှိဗဟိုဌာန အမျိုးမျိုးအား လုပ်ပိုင်ခွင့် ဖြန့်ခွဲပေးရန်ဖြစ်သည်။ အီလက်ထရောနစ်ပစ္စည်းများကို ရောင်းချရာ၌ ဤကမ္ဘာလုံးဆိုင်ရာ ဦးတည်ချက်ကိုလိုက်နာပြီး ဆောင်ရွက်ခြင်းဖြစ်သည်။ ကမ္ဘာပေါ်၌ လူကြိုက်အများဆုံးဖျော်ဖြေရေးပစ္စည်းတစ်ခုဖြစ်သည့် ဆိုနီဝေါ့ခ်မန်း (Sony Walkman) ရေဒီယိုကက်ဆက်များသည် ၁၉၉၀ပြည့် လွန်နှစ်များ၌ ဖွံ့ဖြိုးဆဲတတိယ ကမ္ဘာ့နိုင်ငံများ၏ မည်သည့်နောက်ဖေးလမ်းကြား၌မဆိုတွေ့နိုင်သည်။ တကယ်တော့ ကမ္ဘာပေါ်ရှိ မည်သည့်ဖောက်သည်များကမှ ဆိုနီသည် ဂျပန်ကုမ္ပဏီတစ်ခု ဖြစ်သည်ကို သိလည်းမသိကြ၊ ဂရုလည်းမစိုက်ကြ၊ ကမ္ဘာ့စီးပွားရေး အဆောက်အအုံသစ်ထဲ၌ ကုမ္ပဏီများအနေဖြင့် မည်သည့်နေရာ၌ လည်ပတ်သည်ဖြစ်စေ အတွင်းလူများအဖြစ် သရုပ်ဆောင် နေကြသည်။

❀

## ၂၉။ နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုများကို နှိုင်းယှဉ်ပုံ

**How are international investments compared?**

ပန်းသီးများနှင့် လိမ္မော်သီးများကို နှိုင်းယှဉ်သလိုပင် နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုများမှ ပြန်ရသည့်အကျိုးအမြတ်များကို နှိုင်းယှဉ်ရသည်မှာ အလွန်ခက်ခဲသည့်ကိစ္စဖြစ်သည်။ ဂျပန်အစုရှယ်ယာ၌ ရင်းနှီးမြှုပ်နှံထားသည့်ကိစ္စတစ်ခုကို ငွေတိုးငွေခဲများ ဝယ်ယူမြှုပ်နှံသည့်ကိစ္စနှင့် မည်သို့နှိုင်းယှဉ်မည်နည်း။ မက္ကဆီကိုနိုင်ငံ၌ မြေဝယ်

ထားသည့်ကိစ္စကို အမေရိကန်ငွေတိုက်စာချုပ်အပေါ် အခြေခံသည့် နှစ်ဦးနှစ်ဖက်ရန်ပုံငွေများ (mutual fund)ဝယ်ယူထားခြင်းနှင့် မည်သို့ နှိုင်းယှဉ်နိုင်မည်နည်း။

အသီးမျိုးစုံကို အလေးချိန်ဖြင့် နှိုင်းယှဉ်နိုင်သလို နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုများကိုလည်း ၎င်းတို့၏ စုစုပေါင်းအကျိုးအမြတ် ပြန်ရမှုနှင့် နှိုင်းယှဉ်နိုင်သည်။ ထိုအကျိုးအမြတ် ပြန်ရချက်တွင် စုစုပေါင်းတန်ဖိုးတိုးမှုများနှင့် အကျိုးအမြတ်ခွဲဝေပေးမှုများ၊ အခြား ပေးငွေများအားလုံးပါဝင်သည်။ တက္ကသိုလ်ရန်ပုံငွေများ၊ အာမခံ ကုမ္ပဏီများ၊ ဘဏ်များ၊ ရင်းနှီးမြှုပ်နှံသူ တစ်ဦးတစ်ယောက်ချင်း စီတို့သည် အများအားဖြင့် ၎င်းတို့၏အကဲဖြတ်ချက်များကိုအများ လက်ခံထားသည့် ဥပမာ အမေရိကန်ဒေါ်လာကို ငွေကြေးတစ်ခု အပေါ်၌ အခြေခံကာ တွက်ချက်ကြခြင်းဖြစ်သည်။ ကမ္ဘာအနှံ့ရင်းနှီး မြှုပ်နှံမှုအမျိုးမျိုး ပြုလုပ်ထားသည်ကို နှိုင်းယှဉ်ရန်အတွက် အမေရိကန် ဒေါ်လာကို အသုံးပြုကြသည်။

စတော့ရှယ်ယာများ၊ ကုန်ပစ္စည်းများမှအစ အနုပညာပစ္စည်းများ မြေယာများ အပါအဝင် မည်သည့် ရှင်းနှီးမြှုပ်နှံမှုများအတွက်မဆို ၎င်းတို့မှ ပြန်ရလာသည့် အကျိုးအမြတ်ကို သူ၏အထွက်နှုန်း (yielc)က ကြည့်ပြီး အကဲဖြတ်နိုင်သည်။ အထွက်နှုန်းဆိုသည်မှာ အချိန်ကာလတစ်ခု၌ တန်ဖိုးတိုးပွားလာမှု ရာခိုင်နှုန်းကို ဆိုလိုသည်။ ဤနည်းအားဖြင့် ထွန်းသစ် ဈေးကွက်တစ်ခုတွင် ရင်းနှီးမြှုပ်နှံသော ကနေဒါမုဆိုးမများနှင့် မိဘမဲ့များအတွက် ရန်ပုံငွေသည် (၁၀)နှစ် အတွင်း ၆၀၀ ရာခိုင်နှုန်း တန်ဖိုးတိုးလာသည်ဆိုပါက ထိုအလားတူ ၁၀ နှစ်အတွင်း ၁၀ ရာခိုင်နှုန်းသာ တန်ဖိုးတက်လာသည့် အမေရိကန် ငွေကြေးဈေးကွက်တွင် ရှင်းနှီးမြှုပ်နှံမှုတစ်ခုထက်ပို၍ ဖောက်သည်များ



http://www.cherrythitsar.org

ကို ငွေကြေးများပို၍ ခွဲပေးနိုင်သည်။

သို့သော် အထွက်နှုန်း (yield)သည် နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုများကို နှိုင်းယှဉ်ချိန်ဆရာ၌ စဉ်းစားရသည့် အကြောင်းတရားတစ်ခုသာဖြစ်သည်။ ဉာဏ်ပညာရှိသည့် ရင်းနှီးမြှုပ်နှံသူတစ်ယောက်အနေဖြင့် ကိန်းရှင်အမျိုးမျိုးကို ထည့်သွင်းစဉ်းစားမည်။ အခွန်အကောက်များ၊ နိုင်ငံရေးအန္တရာယ်များကိုပါ ကမ္ဘာအနှံ့ငွေကြေးစိုက်ထုတ် ရင်းနှီးမြှုပ်နှံ ပြုလုပ်ရာ၌ စဉ်းစားရွေးချယ်ရာတွင် တတ်နိုင်သမျှ ထည့်သွင်းစဉ်းစားသည်။

☮

## ၃၀။ နိုင်ငံတကာ ရင်းနှီးမြှုပ်နှံရာတွင် တွေ့ကြုံရသော အန္တရာယ်များ အခက်အခဲများ

**What ate the risks of international investing?**

နိုင်ငံတကာ၌ ရင်းနှီးမြှုပ်နှံခြင်းသည် အန္တရာယ်များသော စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်သည်။ အရှေ့ဥရောပမှ ကွန်မြူနစ်နိုင်ငံများကလွတ်လပ်သည့် ဈေးကွက်စီးပွားရေးစနစ်ကို ကူးပြောင်းလာကြသည့်အခါ ၎င်းနိုင်ငံများသို့ ချေးထားသော ချေးငွေများနှင့်ပတ်သက်၍ တွေ့ကြုံရသည့် အန္တရာယ်များလျော့ပါးကာ အခြေအနေကောင်းမွန်လာသည်။ ထို့ကြောင့် ထိုနိုင်ငံများထဲသို့ စောစောစီးစီးက ဝင်ရောက်ရင်းနှီးမြှုပ်နှံထားသူအနေဖြင့် ၎င်းတို့ ရင်းနှီးမြှုပ်နှံထားသည်များ အဆမတန် တန်ဖိုးတက်လာသည်ကို တွေ့ရသည်။ သို့သော် အချို့နိုင်ငံများ၌ ရင်းနှီးမြှုပ်နှံသူများအနေဖြင့် သိပ်ကံမကောင်းကြပေ။ နိုင်ငံရေးအကျပ်အတည်းများနှင့် ကြုံကြိုက်ခြင်း၊ စီးပွားရေးအခက်အခဲများနှင့် ကြုံကြိုက်ခြင်းတို့ကြောင့် စွန့်စားရင်းနှီးမြှုပ်နှံမှုများ ဒေဝါလီခံရမည့်ကိန်းများသို့ ဆိုက်ရောက်စေသည်။



http://www.cherrythitsar.org

နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုများသည် တိုးပွားလာသည့် ဆုလာဘ်များနှင့်အတူ ဆိုးပွားလာသည့် အန္တရာယ်များကိုပါ သယ်ဆောင်လာတတ်ကြသည်။ ပထမဆုံးအကြိမ် ရင်းနှီးမြှုပ်နှံသည့်သူ တစ်ယောက်မှအစ အတွေ့အကြုံရှိသော ပင်စင်ရန်ပုံငွေအဖွဲ့များ အပါအဝင် နိုင်ငံတကာ ရင်းနှီးမြှုပ်နှံသူများအနေဖြင့် ၎င်းတို့၏ ငွေကြေးများကို ပြည်ပသို့ မပို့မီ နိုင်ငံတိုင်းနိုင်ငံတိုင်း၏ နိုင်ငံရေး အခြေအနေများ စီးပွားရေးအခြေအနေများကို သေသေချာချာ ဂရုတစိုက်ကြည့်ရှုရန် လိုအပ်သည်။

တွေ့ကြုံရမည့်အခက်အခဲများ၊ အကျပ်အတည်းများ၊ စွန့်စားရမှုများကို ဖော်ထုတ်ခြင်း၊ ဖြစ်နိုင်လျှင် ဖယ်ရှားခြင်းအားဖြင့် ကမ္ဘာ့ဈေးကွက်ထဲ၌ ကံကြမ္မာအလှည့်အပြောင်းများ ဖြစ်ပေါ်လာသည့်အခါ ရင်းနှီးမြှုပ်နှံသူများအတွက် အကျိုးရှိစေနိုင်သည်။ ဥပမာ ဘဏ်များအနေဖြင့် နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုများနှင့်ပတ်သက်၍ အန္တရာယ်များ၊ စွန့်စားရမှုများအတွက် သိပ္ပံနည်းကျ ချိန်ဆလေ့ရှိကြသည်။ နိုင်ငံတကာ ငွေချေးသူများသို့ ငွေကြေးများထုတ်ချေးသည့်အခါ ပြည်တွင်း၌ သာမန်တွေ့ကြုံရသည့် ချေးငွေနှင့်ပတ်သက်၍လည်းကောင်း၊ အချိန်စေ့သည့်ကာလနှင့် ပတ်သက်၍လည်းကောင်း၊ အတိုးနှုန်းများနှင့်ပတ်သက်၍လည်းကောင်း သမားရိုးကျ သာမန်အန္တရာယ်များကိုသာ ထည့်မတွက်ရဘဲ နိုင်ငံခြားငွေဖလှယ်နှုန်းနှင့်ပတ်သက်၍ တွေ့ကြုံရမည့်အန္တရာယ်များ၊ နိုင်ငံရေးနှင့်ပတ်သက်၍ တွေ့ကြုံရမည့် အန္တရာယ်များကိုပါ ထပ်ဆောင်း၍ ထုတ်ဖော်ရန် လိုအပ်သည်။

နိုင်ငံခြားငွေဖလှယ်နှုန်းနှင့် ပတ်သက်၍ တွေ့ကြုံရသည့် အန္တရာယ်မှာ နိုင်ငံခြားငွေကြေးများ၏ တန်ဖိုးပြောင်းလဲမှုကြောင့် ဖြစ်ပေါ်ခြင်းဖြစ်သည်။ ၎င်းတို့သည် တစ်ခါတစ်ရံ၌ ရင်းနှီးမြှုပ်နှံ

သူများ၏ အကျိုးအတွက် ဖြစ်စေနိုင်သည်။ နိုင်ငံခြားငွေ တန်ဖိုး တက်သွားခြင်းကြောင့် အမြတ်များတိုးစေသည်။ အခြားတစ်ဖက်၌ အကယ်၍ နိုင်ငံခြားငွေ၏ တန်ဖိုးများ ကျသွားလျှင် ဖြစ်ပေါ်လာသည့် ဆုံးရှုံးမှုများက နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုမှ ရရှိမည့် အကျိုးအမြတ်များကို ကြေဖျက်သွားစေနိုင်သည်။ တိုကျို၌ ရင်းနှီးမြှုပ်နှံသည့် ကယ်လီဖိုးနီးယားဝန်ထမ်းများ ရန်ပုံငွေအဖွဲ့ တစ်ခုအနေဖြင့် ဂျပန်ဈေးကွက်၌ စန်းပွင့်နေသည့်အခါ ၎င်းဝယ်ထားသော စတော့ရှယ်ယာများ၊ ဘွန်းများ၏ တန်ဖိုးများ သိသိသာသာတက်သည်ကို တွေ့ရမည်။ သို့သော်လည်း အကယ်၍ အမေရိကန်ဒေါ်လာဖြင့် နှိုင်းယှဉ်လျှင် ယန်း၏ တန်ဖိုးကျသွားပါက ထိုနိုင်ငံခြားမှ ဝင်ငွေများသည် မြတ်ရာမှ အရှုံးဖြစ်သွားစေနိုင်သည်။

အခြားတစ်ဘက်၌ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူတစ်ယောက်သည် သက်ဆိုင်ရာနိုင်ငံ၏ ငွေကြေးနှင့် နှိုင်းယှဉ်ပါက ယန်းငွေ၏ တန်ဖိုးတက်လာလျှင် သိသိသာသာအကျိုးရှိနိုင်သည်။ ခိုင်မာသည့် နိုင်ငံခြားငွေကြေးတစ်ခုတွင် ရင်းနှီးမြှုပ်နှံရာမှ ရရှိသည့် အကျိုးများသည် တစ်ခါတစ်ရံ၌ ရင်းနှီးမြှုပ်နှံရာမှ ရရှိသည့်အကျိုးအမြတ်ထက်ကျော်လွန်၍သွားတတ်သည်။

နိုင်ငံတကာ ရင်းနှီးမြှုပ်နှံသူများအနေဖြင့် နိုင်ငံရေးအန္တရာယ်ကိုလည်းထည့်တွက်ရသည်။ အကယ်၍ အစိုးရအဖွဲ့ပြုတ်ကျသွားလျှင်လည်းကောင်း၊ နိုင်ငံတကာငွေပေးငွေယူများကို ကန့်သတ်သည့် ဥပဒေသစ်များကို ပြဋ္ဌာန်းလျှင်သော်လည်းကောင်း၊ အန္တရာယ်များဖြစ်ပေါ်စေနိုင်သည်။ အကယ်၍ ဒီမိုကရေစီနည်းဖြင့် ရွေးကောက်တင်မြှောက်ထားသည့် အစိုးရတစ်ရပ်ကို အခြားနည်းဖြင့် တက်လာသည့် အစိုးရတစ်ရပ်က ဝင်ရောက်အစားထိုးလာလျှင် ဒေသန္တရဈေးကွက်သည် ကျောက်တုံးတစ်တုံး ပြုတ်ကျသွားသလို ဖြစ်သွား



http://www.cherrythitsar.org

နိုင်သည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ တိုင်းပြည်မှ ထွက်ပြေး တိမ်းရှောင်သွားတတ်ကြသည်။ နိုင်ငံတကာနှင့်ပတ်သက်၍ ပေးချေစရာများကိုအာမခံသည့် တည်ငြိမ်သောအစိုးရတစ်ခုသည် ကမ္ဘာအနှံ့ ရင်းနှီးမြှုပ်နှံမှုပြုရာ၌ အရေးပါသော အချက်တစ်ရပ်ဖြစ်သည်။

အဆင့်အတန်းသတ်မှတ်သည့် အဖွဲ့အစည်းများ၏ အကြံဉာဏ်နှင့် ကမ္ဘာလုံးဆိုင်ရာ နိုင်ငံရေးစိစစ်သုံးသပ်သူများ၏ အကြံဉာဏ်တို့ကို စီးပွားရေးမဂ္ဂဇင်းအတော်များများတို့၌ တွေ့ကြုံနေရသည်။ ၎င်းတို့သည်လည်း နိုင်ငံတကာ၌ ရင်းနှီးမြှုပ်နှံရာတွင် တွေ့ကြုံရမည့် အန္တရာယ်များကို ချိန်ဆရာတွင် အသုံးဝင်သည်။ အန္တရာယ်များအားလုံးကို ချိန်ဆပြီးသည့်အခါ နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုသည် ရင်းနှီးမြှုပ်နှံသူအနေဖြင့် ရင်ဆိုင်ရမည့် အန္တရာယ်အမျိုးမျိုးကို ကျော်လွန်သော အကျိုးအမြတ်များကို ရစေနိုင်သည်။

☮

## ၃၁။ စတော့ညွှန်းကိန်း ဆိုသည်မှာ

**What is a stock indes?**

လယ်သမားတစ်ယောက်အနေဖြင့် သီးနှံများ မည်မျှ ကြီးထွားနေသည်ကို သိရန်အတွက် အပင်တိုင်းကို လိုက်ကြည့်နေစရာမလိုပေ။ အပင်အချို့ကို ကြည့်ပြီး အပင်အားလုံး၏ ကြီးထွားမှုကို ကောင်းကောင်းသိနိုင်သည်။ အလားတူပင် ရင်းနှီးမြှုပ်နှံသူတစ်ယောက်အနေဖြင့် ရက်တစ်ရက်၌ ဈေးကွက်အခြေအနေတက်သည်ကျသည်မည်သို့ရှိသည်ကို သိရှိရန်အတွက် အရောင်းအဝယ်လုပ်သည့် စတော့ရှယ်ယာတိုင်းကို လိုက်ကြည့်နေစရာမလိုပေ။ စတော့ရှယ်ယာအစုငယ်တစ်စု၏ ဈေးနှုန်းများကို ကြည့်လျှင်လုံလောက်သည်။ ထိုစတော့ရှယ်ယာအစုငယ်တစ်စုက စတော့ဈေးကွက်ကြီးတစ်ခုလုံးကို ကိုယ်စားပြုပြီး ဖော်ပြသည့် ဈေးနှုန်းများကို



http://www.cherrythitsar.org

အညွှန်းကိန်းများဟု ခေါ်သည်။

အဓိကရ စတော့ဈေးကွက်တိုင်း ဈေးကွက်တိုင်း၌ အနည်းဆုံး အညွှန်းကိန်းတစ်ခုရှိကြသည်။ ထိုအညွှန်းကိန်းက စတော့ရှယ်ယာ ဈေးကွက်ကြီးတစ်ခုလုံးကို ကိုယ်စားပြုသည့် စတော့အုပ်စုတစ်စု၏ လှုပ်ရှားမှုများကို ခြေရာခံလိုက်သည်။ ဥပမာ– ဒေါင်းဂျုန်းစ်စက်မှု ပျမ်းမျှအညွှန်းကိန်းသည် အမေရိကန်နိုင်ငံ၏ အကြီးဆုံး စတော့ ဈေးကွက်ဖြစ်သော နယူးယောက် စတော့ဒိုင်က သိက္ခာအရှိဆုံး "ဘလူးချစ်(ပ်)" စတော့များထဲက စတော့ ၃၀ ၏ ဈေးနှုန်းများကို ခြေရာခံပြီး ဖော်ပြထားခြင်းဖြစ်သည်။ တစ်ခါတစ်ရံ ရှယ်ယာပေါင်း ရာပေါင်းများစွာတို့ကို အရေးပါမှုအလိုက် အလေးပေးပြီး ပျမ်းမျှ တွက်ထုတ်ထားသည့် ကျယ်ပြန့်သော အညွှန်းကိန်းများကိုကြည့်လျှင် ပို၍ အသုံးဝင်သည်။ ဥပမာ Sand P၅၀၀ဟူသည့် အညွှန်းကိန်းသည် နယူးယောက် စတော့ဒိုင်၌ အရောင်းအဝယ်လုပ်နေကြသည့် စတော့ ရှယ်ယာအမျိုးအစား ၅၀၀ တို့၏ လှုပ်ရှားမှုများကို တိုင်းတာသည်။

IBM နှင့် Nippon တယ်လီဖုန်းနှင့်ကြေးနန်းတို့ကဲ့သို့သော ကုမ္ပဏီကြီးများ၏ စတော့ဈေးများ အပြောင်းအလဲဖြစ်လျှင် ၎င်းတို့ အတွက် ပို၍အလေးပေးပြီး အညွှန်းကိန်းများကိုပြုစုသည်။ ခြွင်းချက် များလည်းရှိသည်။ ဥပမာ တိုကျိုရှိ နစ်ခ်ကိုင်းဒေါင်းဂျုန်း အညွှန်းကိန်း (Nikkei Cow Hones)သည် အုပ်စုတွင်းရှိ စတော့တိုင်း စတော့ တိုင်း၏ဈေးနှုန်းများကို လွယ်လွယ်ကူကူ ပျမ်းမျှ ယူထားခြင်းမျှသာ ဖြစ်သည်။ ဈေးကွက်၌ အကြီးအငယ်အရေးပါမှုကို ထည့်တွက် နေခြင်းမရှိပေ။

နိုင်ငံအတော်များများတို့၌ စတော့အုပ်စုတစ်စုကို အဓိကရ ဘဏ်ကြီးတစ်ခုကသော်လည်းကောင်း၊ တစ်ခါတစ်ရံ နယူးယောက်ရှိ ဒေါင်းဂျုန်းစ်ကဲ့သို့သော သတင်းကိုယ်စားလှယ် လုပ်ငန်းတစ်ခုက



http://www.cherrythitsar.org

သော်လည်းကောင်း ရွေးချယ်ပြီး ရင်းနှီးမြှုပ်နှံသူများအား ရက်တစ်ရက်၌ ဈေးကွက်၏လှုပ်ရှားမှုအခြေအနေကို တိုင်းထွာနိုင်ရန် ဆောင်ရွက်ပေးလေ့ရှိသည်။ ဥပမာ ဂျပန်နိုင်ငံ၌ နစ်ခ်ကိုင်း (Nikkei)အညွှန်းကိန်းသည် ဂျပန်၏ထိန်းတန်းဘဏ္ဍာရေးငွေရေးကြေးရေး သတင်းစာဖြစ်သည့် နိဟွန်းခဲဇိုင်းရှင်ဘွန်း (Nihon Keizai Shimbun)သတင်းစာ၏ နာမည်အတိုကိုယူပြီး နစ်ခ်ကိုင်းအညွှန်းကိန်းဟု အမည်တွင်လာခြင်းဖြစ်သည်။ လန်ဒန်၌ အဓိကရ အညွှန်းကိန်းများသည် Financial Times အမည်ရငွေကြေးသတင်းစာ၏အမည်ကို အစွဲပြု၍ ခေါ်ခြင်းဖြစ်သည်။ ဥရောပနိုင်ငံအတော်များများတို့၌ ဇူးရစ်ရှိ Credit Suisse မီလန်ရှိ Banca Commerciale Itliana စသည့် ဘဏ်များသည် ၎င်းတို့၏ အမည်တပ်ထားသည့် စတော့အညွှန်းကိန်းများကို ထုတ်ပြန်လေ့ရှိသည်။

**ကမ္ဘာတစ်ဝန်းရှိ စတော့ဈေးကွက်အညွှန်းကိန်းများနှင့် ပျမ်းမျှအညွှန်းကိန်းများ**

| | | |
|---|---|---|
| Argentina | , Buenos Aires | : General Index |
| Australia | , Sydney | : All Ordinaries Index |
| Austria | , Vienna | : ATX Index ( Austrian Traded Index) |
| Belgium | , Brussels | : Bel-20 Index |
| Brazil | , Sao Paulo | : Bovespa Index (Bolsa de Valores de Sao Paulo) |
| Britain | , London | : FT-SE 100 (Financial Times Stock Exchange 100-share Index) |
| Canada | , Toronto | : TSE 300 Index (Toronto Stock |

| | | | |
|---|---|---|---|
| | | | Exchange 300 Composite Index) |
| Denmark | , Copenhagen | : | Stock Market Index |
| France | , Paris | : | CAC-40 Index |
| Finland | , Helsinki | : | HEX General Index |
| Germany | , Frankfurt | : | DAX Indx (Deutscher Aktien-Index) |
| Hong Kong | , | : | Hang Seng Index |
| India | , Bombay | : | Bombay Stock Exchange Sensitive Index |
| Indonesia | , Jakarta | : | Composite Index |
| Italy | , Milan | : | MIB Telematico Index |
| Japan | , Tokyo | : | Nikkei 225 - Stock Index |
| Malausia | , Kuala Lumpur | : | Composite Index |
| Mexico | , Mexico City | : | Bolsa Index |
| Netherlands | , Amsterdam | : | EOE Index (European Options Exchange Index) |
| New Zealand | , Wellington | : | NZSE- 40 Index (New Zealand Stock Exchange 40 Shares Index) |
| Norway | , Oslo | : | OBX Industrial Index |
| Philippines | , Manila | : | PSE Index (Philippines Stock Exchange Index) |
| Singapore | , | : | Srraits Times Index |
| South Africa | , Johannesburg | : | All Market Index |



http://www.cherrythitsar.org

| | | | |
|---|---|---|---|
| Spain | , Madrid | : | Madrid Stock Exchange Index |
| South Korea | , Seoul | : | Composite Index |
| Sweden | , Stockholm | : | Affarsvarlden General Index |
| Switzerland | , Zurich | : | SPI (Swiss Performance Index) |
| Taiwan | , Taipei | : | Stock Market Index |
| Thailand | , Bangkok | : | SET Index (Stock Exchange of Thailand Index) |
| UnitedStates | , New York | : | Dow Jones Industrial Average; Standard & Poor's 500 Index |
| Global | | : | MSCI (Morgan Stanley Capital International World Index, Trib Index (International Herald Tribune World Stock Index) |

## ၃၂။ နိုင်ငံခြား အစုရှယ်ယာများကိုဝယ်ယူပုံ

**How do investors ruy foreign shares?**

ကမ္ဘာ့စီးပွားရေးအဆောက်အအုံထဲ၌ နိုင်ငံခြားဈေးကွက်များ ကျယ်ပြန့်လာသလို ရင်းနှီးမြှုပ်နှံသူများအနေဖြင့် ယခုအခါ ပြည်ပရှိ စတော့ရှယ်ယာများကို ဝယ်ယူ၍ ရင်းနှီးမြှုပ်နှံလာခဲ့ကြသည်။ နိုင်ငံတကာ ရင်းနှီးမြှုပ်နှံသူများအနေဖြင့် ယခုအခါ ကမ္ဘာတဝန်းရှိ မည်သည့်ကုမ္ပဏီ၊ မည်သည့်ရှယ်ယာမဆို ဝယ်နိုင်ကြသည်။ အရှေ့

**ယနေ့မန္တလေးစာအုပ်တိုက်**

ဥရောပဒေသရှိ တိုးတက်နေသော စီးပွားရေးအဆောက်အအုံများ၏ အစုရှယ်ယာများကိုပင် ဝယ်နိုင်ကြသည်။

နိုင်ငံခြားကုမ္ပဏီများ၌ ရင်းနှီးမြှုပ်နှံနိုင်သည့် နည်းလမ်းတစ်ခုမှာ ပွဲစားတစ်ယောက်မှတစ်ဆင့် နိုင်ငံခြားဈေးကွက်မှ အစုရှယ်ယာများကို ဝယ်ယူခြင်းဖြစ်သည်။ ဥပမာ ဂျပန်နိုင်ငံက တိုယိုတာကုမ္ပဏီ၏ အစုရှယ်ယာများ၊ ပြင်သစ်နိုင်ငံက Club Med ကုမ္ပဏီ၏ အစုရှယ်ယာများကို တိုကျို၌သော်လည်းကောင်း၊ ပဲရစ်၌သော်လည်းကောင်း ဒေသခံ ပွဲစားတစ်ယောက်က ဝယ်ယူပြီး ကမ္ဘာတစ်ဝန်းလုံးရှိ သာမန်ပွဲစား စာရင်းများ (normal Brokerage account)၌ အပ်နှံထားနိုင်သည်။ သို့သော် ထိုနိုင်ငံခြားမှ ဝယ်ယူထားသည့် အစုရှယ်ယာများ၏ ဈေးနှုန်းများကို နိုင်ငံခြားငွေကြေးဖြင့် ဖော်ပြလေ့ရှိပြီးအကျိုးအမြတ်များကိုလည်း နိုင်ငံခြားငွေဖြင့်သာ ပေးလေ့ရှိသည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူအတော်များများတို့အနေဖြင့် ၎င်းတို့ဝယ်ယူထားသည့် စတော့ရှယ်ယာများ၏ ဈေးနှုန်းကိုသိရန်အတွက် ဂျပန်သတင်းစာကိုသော်လည်းကောင်း၊ ပြင်သစ်သတင်းစာကိုသော်လည်းကောင်း ဖတ်ရန် ခက်ပေလိမ့်မည်။

နိုင်ငံခြားတိုင်းပြည်များ၌ အစုရှယ်ယာများကို ပိုင်ဆိုင်ရာတွင် တွေ့ကြုံရတတ်သည့် အခက်အခဲများကို ရှောင်ရှားရန်အတွက် ကုမ္ပဏီများအနေဖြင့် ၎င်းတို့၏ အစုရှယ်ယာများကို ကမ္ဘာတစ်ဝန်းရှိ စတော့ဒိုင်များ၌ လက်မှတ်များအဖြစ်စာရင်းဝင်ရန် ဆုံးဖြတ်လေ့ရှိကြသည်။ ထိုလက်မှတ်များအတွက် ပေးငွေများ၊ ဈေးနှုန်းများအားလုံးကို သက်ဆိုင်ရာဒေသ၏ ငွေကြေးဖြင့် ဖော်ပြလေ့ရှိသည်။ ပြည်ပနိုင်ငံ၌ ဝယ်ယူထားသည့်အကြွေးဝယ် ကတ်ပြားတစ်ခုကို ကတ်ပိုင်ဆိုင်သူ၏ ဒေသခံငွေကြေးဖြင့် အသွင်ပြောင်း ဖော်ပြလေ့



http://www.cherrythitsar.org

ရှိသကဲ့သို့ပင် ထိုလက်မှတ်များသည်လည်း ရင်းနှီးမြှုပ်နှံသူအနေဖြင့် နိုင်ငံခြားအစုရှယ်ယာများကို သက်ဆိုင်ရာဒေသခံ ငွေကြေးဖြင့် ပေးချေနိုင်သည်။

ဤနိုင်ငံခြားစတော့လက်မှတ်များသည် ထိုလက်မှတ်ကို ကိုဆောင်ထားသူများအား နိုင်ငံခြားကုမ္ပဏီတစ်ခု၏ ရှယ်ယာကို ပိုင်ဆိုင်ခွင့်ရှိသည်။ နိုင်ငံခြားမှ အစုရှယ်ယာ၏ တန်ဖိုးပြောင်းလဲသည့်အခါ ထိုစတော့လက်မှတ်များ၏ တန်ဖိုးများလည်း ပြောင်းလဲသွားသည်။ ဥပမာ မြောက်အမေရိက ရင်းနှီးမြှုပ်နှံသူများအနေဖြင့် ဂျပန်သို့မဟုတ် ပြင်သစ်စတော့တစ်ခုကို ADRအနေဖြင့် ဝယ်နိုင်သည်။ ADR ဆိုသည်မှာ American Depository Receipt ဖြစ်ပြီး နိုင်ငံခြားအစုရှယ်ယာများကို ပိုင်ဆိုင်ခွင့်ဟု ဆိုလိုသည်။ တစ်နည်းအားဖြင့် တိုယိုတာကုမ္ပဏီမှ ADR ဝယ်ယူထားသည့် သူတစ်ယောက်အနေဖြင့် အစုရှယ်ယာများ၏ ယန်းငွေဈေးနှုန်းများကို သိရှိနေစရာမလိုတော့ပေ။ မြောက်အမေရိက၏ ဒိုင်များ၌ ADR ၏ဒေါ်လာဖြင့် သင့်သည့်ဈေးနှုန်းကိုသိရှိကာ ထိုလက်မှတ် ပိုင်ဆိုင်သူ၏ စာရင်းထဲသို့ အကျိုးအမြတ်များကိုလည်း ဒေါ်လာဖြင့် တိုက်ရိုက် စာရင်းပြောင်းပေးသည်။

ငွေရေးကြေးရေးအန္တရာယ်များကိုလည်း ထည့်သွင်းစဉ်းစားရန် လိုသည်။ အဘယ်ကြောင့်ဆိုလျှင် ၎င်းလက်မှတ်များ၏ တန်ဖိုးသည် ငွေကြေးများ၏ ဖလှယ်နှုန်းအပေါ်၌လည်း မူတည်နေသည်။ အကယ်၍ ပြည်ပမှ ငွေကြေးတစ်ခုသည် တန်ဖိုးအားဖြင့် တက်သွားလျှင် ထိုလက်မှတ်ကို ပိုင်ဆိုင်သူသည် အကျိုးရှိသည်။ ဥပမာ အကယ်၍ တိုယိုတာကုမ္ပဏီ၏ စတော့ဈေးနှုန်းများ ကျသွားလျှင် ကယ်လီဖိုးနီးယားရှိ တိုယိုတာ ADR တစ်ခုကိုပိုင်ဆိုင်သည့်



http://www.cherrythitsar.org

သူတစ်ယောက်သည် ဒေါ်လာနှင့်ယှဉ်က ဂျပန်ယန်းငွေ၏ တန်ဖိုးသည် စတော့ဈေးနှုန်းကျမှုကို ကာမိလောက်အောင် တက်လာလျှင် ဆက်လက်၍ အကျိုးအမြတ် ရှိနိုင်သည်။

အစုရှယ်ယာတစ်ခုကို နိုင်ငံခြားသား ပိုင်ဆိုင်မှု မပြုသော သို့မဟုတ် ရယူရန်ခက်ခဲသည့် နိုင်ငံများ၌ ရင်းနှီးမြှုပ်နှံသူများအနေဖြင့် နိုင်ငံရန်ပုံငွေ (country fund) မှ အစုရှယ်ယာများကို ဝယ်ယူနိုင်သည်။ ဥပမာ တောင်ကိုရီးယားနိုင်ငံ၌ ပြည်ပမှ တိုက်ရိုက်ပိုင်ဆိုင်မှုကို ခွင့်မပြုမီက ရန်ပုံငွေအဖွဲ့အမျိုးမျိုးကို ဖွဲ့စည်းတည်ထောင်ခဲ့ကြသည်။ တောင်ကိုရီးယားစတော့ဈေးကွက်၌ စတော့ရှယ်ယာများ ဈေးတက်လာလျှင် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအနေဖြင့် အကျိုးအမြတ်ရရှိရန် တည်ထောင်ခဲ့ခြင်းဖြစ်သည်။

အချို့နိုင်ငံများ၌ သမားရိုးကျ မှတ်ပုံတင်ထားသည့် အစုရှယ်ယာများအပြင် ရင်းနှီးမြှုပ်နှံသူများအား အစုရှယ်ယာ ပိုင်ဆိုင်သူ၏ အမည်ကို မှတ်ပုံတင်ထားရန် မလိုသော ကိုင်ဆောင်သူရှယ်ယာများကို ရွေးချယ်ဝယ်ယူနိုင်ကြသည်။ ဥပမာ– ဆွစ်ဇာလန်နိုင်ငံဖြစ်သည်။ အခြားရင်းနှီးမြှုပ်နှံမှုများထဲ၌ ပူးပေါင်းပါဝင်မှု လက်မှတ်များ (participation certificates)လည်းရှိသည်။ ၎င်းတို့သည် အခြားအစုရှယ်ယာများကဲ့သို့ အကျိုးအမြတ်များ ခွဲဝေပေးသော်လည်း ရင်းနှီးမြှုပ်နှံသူတစ်ယောက်အနေဖြင့် အစုရှယ်ယာပိုင်ဆိုင်သူများ၏ အစည်းအဝေးများ၌ တက်ရောက်ခွင့်၊ ကုမ္ပဏီတစ်ခုကို လည်ပတ်ရာ၌ ဆုံးဖြတ်ချက်များ ချမှတ်ပိုင်ခွင့်တို့မရှိပေ။

✇



http://www.cherrythitsar.org

## ၃၃။ Equity ရန်ပုံငွေအဖွဲ့ဆိုသည်မှာ

**What is an Equity fund?**

နိုင်ငံတကာ ရင်းနှီးမြှုပ်နှံသူများအနေဖြင့် အစုရှယ်ယာတစ်မျိုးကို ပုံအောမဝယ်ဘဲ အန္တရာယ်များကို ဖြန့်ကြက်ကာ စတော့ရှယ်ယာ အမျိုးမျိုးကို ဝယ်လေ့ရှိသည်။ တစ်နည်းအားဖြင့် ပြောရလျှင် Equity ရန်ပုံငွေများကို ဝယ်လေ့ရှိသည်။ Equity ရန်ပုံငွေများက ရင်းနှီးမြှုပ်နှံသူများအား အကယ်၍ ကုမ္ပဏီတစ်ခု ဒေဝါလီခံရလျှင် ငွေအားလုံးဆုံးရှုံးရမည့် ဒုက္ခမျိုးကို ရှောင်ရှားနိုင်ရန်အတွက် စီစဉ်ပေးထားသည်။ ရန်ပုံငွေများကို အစုရှယ်ယာအမျိုးမျိုးဖြင့် ဖွဲ့စည်းတည်ထောင်ထားခြင်း ဖြစ်သည်။ စတော့များ၊ စတော့ဝယ်ခွင့်များ အမျိုးမျိုးပါဝင်သည်။ ကျွမ်းကျင်သည့် ရန်ပုံငွေစီမံခန့်ခွဲသူများက ရန်ပုံငွေအဖွဲ့အတွက် စတော့အမျိုးမျိုး၊ စတော့ဝယ်ခွင့်အမျိုးမျိုးကို ဝယ်လေ့ရောင်းလေ့ရှိသည်။

နိုင်ငံတကာရင်းနှီးမြှုပ်နှံသူအတော်များများတို့သည် နိုင်ငံခြားအစုရှယ်ယာဝယ်ယူရင်းနှီးမြှုပ်နှံမှုကိစ္စများနှင့် ပတ်သက်၍ ကျွမ်းကျင်မှု မြင့်မားသည့် ရန်ပုံငွေစီမံခန့်ခွဲသူများကို အားကိုးလေ့ရှိသည်။ သဘောတရားအရ ပြောရလျှင် ၎င်းတို့သည် ဈေးကွက်တစ်ခုကို ပို၍လည်းနားလည်နိုင်သည်။ အဆုံးအရှုံးများသည့် အမှားအယွင်းများကိုလည်း ပို၍ ရှောင်ရှားနိုင်လေ့ရှိသည်။ Equity ရန်ပုံငွေ၌ ရှယ်ယာတစ်ခုကို ဝယ်ခြင်း၊ ဥပမာ Far East Fund သော်လည်းကောင်း Growth Stock Fund သော်လည်းကောင်း ဝယ်ခြင်းအားဖြင့် ရင်းနှီးမြှုပ်နှံသူသည် ၎င်း၏ အန္တရာယ်များကို ဖြန့်ကြက်ပစ်နိုင်သည်။ အကယ်၍ Equity ရန်ပုံငွေထဲ၌ ပါဝင်သည့် ကုမ္ပဏီတစ်ခုက ဒေဝါလီခံရလျှင် အခြား အခြေအနေကောင်းသည့် ကုမ္ပဏီများ ရှိနေသေးသဖြင့် ရင်းနှီးမြှုပ်နှံသူများအနေဖြင့် အနည်းငယ်မျှသာ ဆုံးရှုံးမည်။

**ယနေ့မန္တလေးစာအုပ်တိုက်**

http://www.cherrythitsar.org

နိုင်ငံရေးစိတ်ဓာတ် သို့မဟုတ် လူမှုရေးစိတ်ဓာတ် ရှိသော ရင်းနှီးမြှုပ်နှံသူများ ဥပမာ–ကောလိပ်ရန်ပုံငွေများ သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးချင်းစီတို့အနေဖြင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာ၊ နိုင်ငံရေး ဆိုင်ရာ ရည်မှန်းချက်ပန်းတိုင်များနှင့် ကိုက်ညီမှုရှိသည့် ရင်းနှီးမြှုပ်နှံမှု ရန်ပုံငွေများကိုသာရင်းနှီးမြှုပ်နှံချင်ကြသည်။ ဥပမာ– ပတ်ဝန်းကျင်ကို ထိခိုက်ပျက်စီးမှုမရှိအောင် ကာကွယ်စောင့်ရှောက်သည့် ကုမ္ပဏီများ၌သာ မြှုပ်နှံသည့် ရန်ပုံငွေအဖွဲ့တစ်ခု သို့မဟုတ် ဖွံ့ဖြိုးဆဲ တတိယကမ္ဘာ့နိုင်ငံများ၌ ကလေးငယ်များအား ခိုင်းစေသော ကုမ္ပဏီများအား ရှောင်ရှားသည့် ရန်ပုံငွေအဖွဲ့တစ်ခုသည် ရင်းနှီးမြှုပ်နှံသူများအား သူတို့၏ငွေကြေးဖြင့် တိကျရေရာသည့် လူမှုရေးဆိုင်ရာ ရည်မှန်းချက်ပန်းတိုင်များကို ရယူရန် ဆောင်ရွက်ပေးနိုင်သည်။

နိုင်ငံတကာ ရင်းနှီးမြှုပ်နှံသူများအနေဖြင့် အရင်းအနှီးရန်ပုံငွေ အမျိုးမျိုးရွေးချယ်စရာရှိသည်။ လျင်မြန်စွာ ကြီးထွားရေးကို ရှေးရှုပြီး ၎င်းတို့၏ အကျိုးကျေးဇူးများကို ခွဲဝေမပေးဘဲ အရင်းအဖြစ် ပြန်လည် အသုံးပြုသည့် တိုးတက်ကြီးပွားရေး စတော့ရန်ပုံငွေများကိုလည်း ရင်းနှီးမြှုပ်နှံနိုင်သည်။ ဝင်ငွေရှာပေးသည့် စတော့ရန်ပုံငွေအဖွဲ့တစ်ခု၌ ရင်းနှီးမြှုပ်နှံမှုများသည် မှန်မှန်အကျိုးအမြတ်ကို ခွဲပေးသည့် အခြေကျပြီး ကုမ္ပဏီများ၌သာ ရင်းနှီးမြှုပ်နှံမှု လုပ်ခြင်းဖြစ်သည်။ ဤရင်းနှီးမြှုပ်နှံမှုမျိုးသည် ပင်စင်ရန်ပုံငွေ အဖွဲ့တစ်ခု၏ စိတ်ဝင်စားမှုကို ခံရနိုင်သည်။ အငြိမ်းစားယူပြီးသူများအနေဖြင့် ပုံမှန်ဝင်ငွေကို ရှာပေးနိုင်၍ဖြစ်သည်။ နိုင်ငံအလိုက် ရန်ပုံငွေတစ်ခုသည် ရင်းနှီးမြှုပ်နှံသူများအား သတ်သတ်မှတ်မှတ်ရှိသည့် နိုင်ငံခြားဈေးကွက် တစ်ခု၏တိုးတက်မှုမှာ အကျိုးအမြတ်ခွဲဝေယူနိုင်သည့် အခွင့်အလမ်းကို ပေးစေနိုင်သည်။

**ယနေ့မန္တလေးစာအုပ်တိုက်**

အရင်းအနှီးရန်ပုံငွေအဖွဲ့ များနှင့် ပတ်သက်၍ ပုံသဏ္ဌာန်နှစ်မျိုး ရှိသည်။ တစ်ခုမှာ အကန့်အသတ်ရှိသည့် အစုရှယ်ယာများ ဝယ်ယူနိုင်သော ရင်းနှီးမြှုပ်နှံမှု ရန်ပုံငွေအဖွဲ့ဖြစ်သည်။ ၎င်းတို့ကို အမေရိကန်နိုင်ငံ၌ တစ်ဖက်ပိတ်ရင်းနှီးမြှုပ်နှံမှုဟုခေါ်ပြီး ဗြိတိနိုင်ငံ၌ ရင်းနှီးမြှုပ်နှံမှု ယုံမှတ်အပ်နှံမှုအဖွဲ့ ဟု ခေါ်သည်။ ၎င်းတို့၏ အစုရှယ်ယာများကို ဈေးကွက်၌ ရောင်းဝယ်သည့်အခါ ၎င်းရှယ်ယာများ၏ ဈေးနှုန်းသည် ဝယ်လိုအားနှင့် ရောင်းလိုအားအပေါ် မူတည်သည်။ ဗြိတိန်နိုင်ငံ၌ ယူနစ်ယုံမှတ်အပ်နှံမှုအဖွဲ့ (unittrust)ဟု ခေါ်သည်။ အမေရိကန်နိုင်ငံ၌ oper-end investment fund ဟုခေါ်သည့် အစုရှယ်ယာမျိုးသည် ရင်းနှီးမြှုပ်နှံသူတစ်ယောက် လိုချင်သမျှ အစုရှယ်ယာအသစ်များ ထုတ်ပေးလေ့ ရှိသည်။ ထို့ကြောင့် ၎င်း၏ ဈေးနှုန်းကို ဝယ်လိုအားနှင့် ရောင်းလိုအားတို့က ပြဋ္ဌာန်းခြင်းမရှိဘဲ ထိုရန်ပုံငွေအဖွဲ့၏ ပိုင်ဆိုင်မှုတန်ဖိုးအပေါ်၌ မူတည်ပြီး သတ်မှတ်ခြင်း ဖြစ်သည်။

✇

## ၃၄။ ဒေဝါလီခံခြင်း ဆိုသည်မှာ

**What is bankruptcy?**

ဒေဝါလီခံခြင်းဟူသည့်ဝေါဟာရသည် မြေရှင်ပဒေသရာဇ်ခေတ်က အီတလီနိုင်ငံ၌ ကြွေးမဆပ်နိုင်သည့် ကုန်သည်များ၏ ခုံတန်းလျားများအား ချိုးပစ်သည့် အလေ့အထပေါ်၌ အခြေခံပြီး ဒေဝါလီခံခြင်း (bankruptcy)ဟူသော ဝေါဟာရပေါ်ပေါက်လာခြင်း ဖြစ်သည်။ ကုန်သည်တစ်ယောက်၏ခုံတန်းလျား(banco)ကို ဖျက်ပစ်လိုက်သည့်အခါ ထိုလုပ်ငန်းကို ဆက်လက်ဆောင်ရွက်ရန် မဖြစ်နိုင်တော့ပေ။ ယနေ့ခေတ်၌ ဒေဝါလီခံရသည့် ကုမ္ပဏီတစ်ခု၌ ရွေးချယ်စရာတစ်ခု ရှိသည်။ ၎င်းကုမ္ပဏီအနေဖြင့် သူပိုင်သည့် ပိုင်ဆိုင်မှုများ၊ရရန်ပိုင်ခွင့်



http://www.cherrythitsar.org

များအားလုံးကို ထုခွဲပစ်နိုင်သည်။ သို့မဟုတ် ဥပဒေပိုင်းဆိုင်ရာ ကြီးကြပ်မှုတစ်ခု၏ အောက်တွင် ပြန်လည်နာလန် ထနိုင်အောင် ကြိုးစားနိုင်သည်။

အရင်းရှင်စနစ်၌ အမြတ်များကို ရင်းနှီးမြှုပ်နှံသူများအနေဖြင့် စွန့်စားတီထွင်မှုတစ်ခုလုပ်ရာတွင် ဆွဲဆောင်ရန်အတွက် အသုံးပြုသည်။ ထို့ကြောင့် ဒေဝါလီခံရမည်ကို ကြောက်ရွံ့ခြင်းအားဖြင့် ကုမ္ပဏီများအနေဖြင့် မှန်မှန်ကန်ကန်လုပ်ငန်းလည်ပတ်ရန်ဖိအား ပေးရာရောက်သည်။ ကုမ္ပဏီတစ်ခု၏ အစုရှယ်ယာရှင်များသည် ကောင်းကျိုးရော ဆိုးကျိုးပါ မျှဝေ ခံစားရသည်။ အကယ်၍ ကုမ္ပဏီတစ်ခုက အကျိုးအမြတ်ရှိလျှင် အစုရှယ်ယာရှင်များသည် အကျိုးအမြတ်ဝေစုများကို ရရှိမည်။ သို့မဟုတ် ကုမ္ပဏီ၏ စတော့ရှယ်ယာများ ဈေးနှုန်းတက်လျှင်လည်း ခံစားခွင့်ရှိမည်။ အကယ်၍ ကုမ္ပဏီအနေဖြင့် အရှုံးပြလျှင် အစုရှယ်ယာရှင်များသည်လည်း ကုမ္ပဏီ၏ စတော့ဈေးများ တန်ဖိုးကျဆင်းမှုနှင့် ရင်ဆိုင်ရကာ ဆုံးရှုံးမှုတွေ့ရမည်။

အခြေအနေမကောင်းသည့် ကုမ္ပဏီတစ်ခုအနေဖြင့် ငွေကြေး ဆုံးရှုံးမှုများအပြင် ကြွေးများ ပြန်မဆပ်နိုင်သည့်အခါ ထိုကုမ္ပဏီက ဒေဝါလီခံမည်ဟုကြော်ငြာသည်။ ကုမ္ပဏီနှင့် ကုမ္ပဏီ၏ ကြွေးရှင်များအား အဖြေတစ်ခုရှာဖွေရန် ဖိအားပေးရာရောက်သည်။ အစုရှယ်ယာရှင်များက ၎င်းတို့၏ ရင်းနှီးမြှုပ်နှံမှုများ တဖြည်းဖြည်း ကျဆင်းလာကာ ကုမ္ပဏီသို့ ကုန်ပေးသွင်းသူများ၊ ငွေချေးစာချုပ်ပိုင်ရှင်များ စသည့် မြီရှင်များကို ပေးနိုင်သမျှငွေများပေးချေပြီးသည့်အခါ အစုရှယ်ယာရှင်များ၏ ရင်းနှီးမြှုပ်နှံမှုများ ကျဆင်းသွားခြင်း သို့မဟုတ် လုံးဝပျောက်ကွယ်သွားခြင်းကို တွေ့ရသည်။

အရင်းရှင်နိုင်ငံအတော်များများတို့၌ ဒေဝါလီခံသည့် ကုမ္ပဏီ



http://www.cherrythitsar.org

များသည် ပထမဦးစွာ ဥပဒေပိုင်းဆိုင်ရာ ကြီးကြပ်မှုအောက်၌ ဆက်လက်လည်ပတ်ရန် အားပေးခြင်းခံရသည်။ ဤနည်းအားဖြင့် ကြွေးရှင်များအား ဆပ်နိုင်ရန်အတွက် လုံလောက်သည့်ငွေကို ရရှိစေနိုင်သည်။ စက်ပျက်နေသည့် ကားတစ်စီးကိုအမှိုက်ပုံသို့မပို့ဘဲ မကွင်းနစ်တစ်ယောက်ခေါ်ကာ ပြင်သကဲ့သို့ပင် ကုမ္ပဏီတစ်ခုအနေဖြင့် တရားရုံးတော်က သတ်မှတ်ထားသည့် ပြန်လည်ပြုပြင်ဖွဲ့စည်းရေးများကို လုပ်လိုက်သည့်အခါ အသက်ပြန်လည် ရှင်ကောင်းရှင်နိုင်မည်။ ထိုသို့ ပြန်လည်ထူထောင်ခြင်း၊ ပြန်လည်နာလန်ထခြင်းကို အမေရိကန်နိုင်ငံ၌ အခန်း(၁၁)ဟု ခေါ်ပြီး ဗြိတိန်နိုင်ငံ၌ အုပ်ချုပ်မှုဟု ခေါ်သည်။ ဤနည်းအားဖြင့် ကြွေးမဆပ်နိုင်သည့် ကုမ္ပဏီတစ်ခုအား ပြန်လည်ဖွဲ့စည်းကာ ဖြစ်နိုင်လျှင် အကျိုးအမြတ်ပြန်ရအောင် လုပ်ပိုင်ခွင့်ကို ရရှိစေသည်။

အကယ်၍ ကုမ္ပဏီတစ်ခုက ပြန်လည်နာလန်ထမည့် အရိပ်အယောင် လုံးဝမပြလျှင် အမေရိကန်နိုင်ငံ၌ အခန်း(၇)ဟု ခေါ်ပြီး ဗြိတိန်နိုင်ငံ၌ လက်ခံသူစနစ် (receivership)ဟု ခေါ်သည့် ထုခွဲဖျက်သိမ်းရသည့်အခြေအနေသို့ရောက်အောင် ဖိအားပေးခြင်းခံရမည်။ ထုခွဲဖျက်သိမ်းရသည့်အခါ ကုမ္ပဏီ၏ ကြွေးတစ်စိတ် တစ်ဒေသကိုဖြစ်စေ၊ ပေးဆပ်နိုင်ရန်အတွက် လုံလောက်သည့် ငွေရရှိအောင် ရပိုင်ခွင့်များကို ရောင်းချပစ်ရသည်။ ကမ္ဘာတစ်ဝန်း၌ ဒေဝါလီခံခြင်းနှင့်ပတ်သက်၍ အသုံးပြုနေသည့် ဝေါဟာရအမျိုးမျိုးမှာ အောက်ပါအတိုင်းဖြစ်သည်။

| **နိုင်ငံ** | **ပြန်လည်ထူထောင်ခြင်း** | **ထုခွဲဖျက်သိမ်းခြင်း** |
|---|---|---|
| United States | Chapter Eleven | Chapter Seven |
| Britain,Canada | Administration | Receiver ship |
| France | Reglement a I’amiable | Liquidation |

**ယနေ့မန္တလေးစာအုပ်တိုက်**

http://www.cherrythitsar.org

| | | |
|---|---|---|
| Germany | Vergleich | Konkurs |
| Italy | Amministrazione | Liquidzione |
| Japan | Kaishakoseiho | Tosan |

⊛

## ၃၅။ ဒေဝါလီခံခြင်း ဆိုသည်မှာ

**What is bankruptcy?**

ဘဏ်တစ်ခုမှာ ငွေချေးငှားမည့်အစား အစိုးရများနှင့် အခြားငွေချေးထိုက်သည့် ငွေချေးသူများဖြစ်သော ကုမ္ပဏီများ၊ နိုင်ငံတကာအေဂျင်စီများသည် ကမ္ဘာ့အရင်းအနှီးဈေးကွက်မှ ၎င်းတို့၏ လုပ်ငန်းလည်ပတ်ရန်အတွက် လိုအပ်သည့်ငွေများကို ရယူလေ့ရှိသည်။ အများအားဖြင့် ဤလုပ်ငန်းကို ငွေချေးစာချုပ်များနှင့် အခြားငွေချေးစာချုပ်အမျိုးမျိုး ထုတ်ဝေခြင်းအားဖြင့် ဆောင်ရွက်လေ့ရှိသည်။ ကိစ္စအတော်များများတို့၌ ဤနည်းအားဖြင့် ဘဏ်တစ်ခုမှာ တိုက်ရိုက်ငွေချေးငှားသည်ထက် စရိတ်သက်သာစွာ ရန်ပုံငွေများ ရှာဖွေ စုဆောင်းနိုင်သည်။

နိုင်ငံတကာ အရင်းအနှီးဈေးကွက်များကို ကမ္ဘာတစ်ဝန်းရှိ ငွေချေးသက်သေခံစာချုပ်များ၊ တန်ဖိုးရှိမှုကို ပြသသည့် စာရွက်စာတမ်းများကို ထုတ်ဝေခြင်း၊ ရောင်းဝယ်ခြင်းများအတွက် အသုံးပြုကြသည်။ ထိုစက္ကူအပိုင်းအစများသည် စာချုပ်တစ်ခုမှ ငွေရေးကြေးရေးဆိုင်ရာ ကြိုတင်ရောင်းဝယ်မှုများအထိ ဖြစ်နိုင်သည်။

အရင်းအနှီးဈေးကွက်၌ အရောင်းအဝယ် ပြုလုပ်ရန်အတွက် ဗဟိုဌာနတစ်ခုဟူ၍မရှိပေ။ အီလက်ထရောနစ်နည်းဖြင့် အပြန်အလှန်ဆက်သွယ်နေသည့် ဈေးကွက်များသာရှိသည်။ ကမ္ဘာတစ်ဝန်းလုံးရှိ မြို့ကြီးများ၌ရှိသော အရောင်းအဝယ်လုပ်ရာ ကြမ်းခင်းများ၊ ဘဏ်များတို့ကို အီလက်ထရောနစ်နည်းဖြင့် ချိတ်ဆက်ထားခြင်းဖြစ်သည်။

**ယနေ့မန္တလေးစာအုပ်တိုက်**

http://www.cherrythitsar.org

ထိုကြမ်းချင်းများ၊ဘဏ်များတို့ကို တိုကျိုနှင့်စင်ကာပူမှ လန်ဒန်နှင့် နယူးယောက်အထိ တွေ့နိုင်သည်။ နိုင်ငံတကာ အရင်းအနှီးဈေးကွက် သည် ရည်ရွယ်ချက် တစ်ခုကို ဖြည့်ဆည်းပေးသည်။ ၎င်းတို့က ငွေကြေးကို လွှဲသူများထံမှထိုငွေကို တန်ရာတန်ကြေးပေးပြီး ရယူ ချင်သည့်သူများထံသို့ လွှဲပြောင်းပေးသည်။ ဒေါ်လာပေါင်း သန်းပေါင်း ထောင်ပေါင်းများစွာနှင့် မတ်ငွေများ၊ ယန်းငွေများ၊ ပေါင်စတာလင် ငွေများ၊ ဖရန့်ငွေများအားလုံးသည် ကမ္ဘာတစ်ဝန်းရှိ အရင်းအနှီး ဈေးကွက် များ၌ နေ့စဉ်နေ့တိုင်း အရောင်းအဝယ်လုပ်နေကြသည်။

စုဆောင်းထားသည့် ဥစ္စာခနေသဖွယ်ဖြစ်သော အရင်းအနှီး များသည် ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးသည့် နိုင်ငံများ၌ စီးပွားရေးလုပ်ငန်းများအားလုံး၏ အခြေခံတစ်ခုသဖွယ် တည်ရှိသည်။ ဤနည်းအားဖြင့် အရင်းအနှီးဈေးကွက်ဟုဆိုသဖြင့် စက်ပစ္စည်းများ၊ အဆောက်အအုံများဟူသော အရင်းအနှီးဟုခေါ်သော အရာများဖြင့် ရှုပ်ထွေးမနေသင့်ပေ။ ထိုစက်ပစ္စည်းများ၊ အဆောက်အအုံများ ဟူသော အရင်းအနှီးများကို ကုမ္ပဏီတစ်ခုက ကုန်စည်နှင့် ဝန်ဆောင် မှုများကို ထုတ်လုပ်ရန်အတွက် အသုံးပြုသည်။

ကမ္ဘာ့အရင်းအနှီး ဈေးကွက်များ၌ အရောင်းအဝယ်လုပ်သည့် ငွေချေးစာချုပ်စာတမ်းများသည် အခြားကုန်ပစ္စည်းများနှင့်အလားတူ ပင်ဖြစ်သည်။ ငွေချေးသူများက လိုသည့်ငွေကို ရယူရန်အတွက် ပေးသည့်ဈေးနှုန်းကို ငွေချေးသက်သေခံလက်မှတ် (securities) ဟု ခေါ်သည့် စာရွက်များ၌ ဖော်ပြထားသည်။ ထိုဈေးနှုန်းမှာ အတိုးနှုန်းပင်ဖြစ်သည်။ ဤဈေးနှုန်း သို့မဟုတ် အတိုးနှုန်းကို ဝယ်လိုအားနှင့် ရောင်းလိုအားတို့က ပြဋ္ဌာန်းသည်။ ထုတ်ချေး မည့်ငွေများ ပြတ်တောက်မှုနှင့် ကြုံနေလျှင် ငွေချေးသူများအနေဖြင့်



http://www.cherrythitsar.org

အတိုးနှုန်း မြင့်မြင့်မားမားပေးရမည်။ ငွေကြေးများ အလျှံပယ် ပေါများနေလျှင် အတိုးနှုန်းများ ကျဆင်းသွားသည်။

နိုင်ငံတကာ အရင်းအနှီးဈေးကွက်သည် ငွေချေးသူအမျိုးမျိုး၊ ထုတ်ချေးသူအမျိုးမျိုးကိုစုစည်းပေးသည်။ နိုင်ငံတကာ အရင်းအနှီး ဈေးကွက်များရှိ ရင်းနှီးမြှုပ်နှံသူများသည် တိုကျိုနှင့် လန်ဒန်တို့၌ အရောင်းအဝယ်လုပ်သည့် ကယ်လီဖိုးနီးယားပြည်နယ် ပင်စင်ရန်ပုံငွေ အဖွဲ့လောက် ကြီးနိုင်သလို ဒေသန္တရဘဏ်တစ်ခု၌ ငွေချေးသက်သေခံ လက်မှတ်များ ဝယ်ယူချင်သည့် ဆွစ်လူမျိုးလယ်သမားတစ်ယောက် လောက်အထိ သေးငယ်နိုင်သည်။ ငွေချေးသူများထဲ၌ ကော်ပိုရေးရှင်း များ၊အဖွဲ့အစည်းများ၊အစိုးရများပါသည်။ IBM၊ကမ္ဘာ့ဘဏ်၊ ဆွီဒင် နိုင်ငံတို့လည်းပါနိုင်သည်။ ၎င်းတို့က ကမ္ဘာ့အရင်းအနှီး ဈေးကွက်၌ နေ့စဉ် ငွေချေးသက်သေခံစာချုပ်များ (bonds)နှင့် ငွေချေးသက်သေခံ လက်မှတ်များကို နေ့စဉ်နေ့တိုင်း ထုတ်ဝေရောင်းချနေကြသည်။

အာဖရိက ဖွံ့ဖြိုးရေးဘဏ်တစ်ခု၌ ဆွစ်လူမျိုး ရင်းနှီးမြှုပ်နှံ သူတစ်ယောက်က ငွေချေးစာချုပ်ဘွန်းဝယ်သည့်အခါ၌လည်းကောင်း၊ ဂျပန် ပင်စင်ရန်ပုံငွေအဖွဲ့တစ်ခုက အမေရိကန်ငွေတိုက်စာချုပ်များကို ဝယ်ယူမြှုပ်နှံသည့်အခါ၌လည်းကောင်း ငွေကြေးကို ကမ္ဘာ၏ နေရာတစ်ခုမှ အခြားနေရာတစ်ခုသို့ လွှဲပြောင်းပေးခြင်းအားဖြင့် ထိုငွေကြေးကို တိုးတက်ဖွံ့ဖြိုးမှုရအောင် အသုံးချနိုင်သည်။ အပြန် အလှန် ဆက်စပ်မှုရှိသည့် ကမ္ဘာ့စီးပွားရေးအဆောက်အအုံထဲ၌ စုဆောင်းငွေများကို ဖျာအောက်၌ သိမ်းမထားကြပေ။ နိုင်ငံတကာ အရင်းအနှီးဈေးကွက် များမှတစ်ဆင့် မြှုပ်နှံကာ ကမ္ဘာတစ်ဝန်း၌ ထုတ်လုပ်မှု စွမ်းအား ရှိအောင် အသုံးချနိုင်ကြသည်။

✇

**ယနေ့မန္တလေးစာအုပ်တိုက်**

## ၃၆။ ငွေချေးစာချုပ် (ဘွန်း) ဆိုသည်မှာ

**What is a bond?**

စတော့ရှယ်ယာတစ်ခုနှင့် ဘွန်းသည်မတူကြပေ။ စတော့ရှယ်ယာက ကုမ္ပဏီတစ်ခုကို ပိုင်ဆိုင်ခြင်းအားဖြင့် ရရှိသည့် အကျိုးအမြတ်နှင့် အန္တရာယ်တို့ကို ကိုယ်စားပြုသည်။ ဘွန်းတစ်ခုက ချေးငွေဆိုင်ရာသဘောတူညီချက်တစ်ခုသာ ဖြစ်သည်။ ငွေချေးစာချုပ်ကို ကိုင်ဆောင်ထားသည့် သင့်ကို အနာဂတ်ကာလ အချိန်တစ်ချိန်၌ ငွေကြေးပမာဏမည်မျှကို ပေးပါမည်ဟု ဖော်ပြချက်မျှသာ ဖြစ်သည်။ အခြေခံကျကျပြောရလျှင် လူတိုင်းသည် ငွေချေးစာချုပ် ဘွန်းများ ထုတ်နိုင်ကြသည်။ သူတို့ထံမှ ဝယ်ချင်သည့်သူရှိသည်ဆိုလျှင် ငွေချေးစာချုပ်ကို ထုတ်ဝေရောင်းချနိုင်သည်။

ငွေချေးစာချုပ်ကို ဝယ်ယူသူသည် ငွေချေးစာချုပ်ကို ထုတ်ဝေရောင်းချသူအား ငွေထုတ်ချေးခြင်းပင်ဖြစ်သည်။ ထိုသို့ ဆောင်ရွက်ရာ၌ အနာဂတ်ကာလတစ်ချိန်၌ ငွေပြန်ချေပြီး မူလက သဘောတူထားသည့် အတိုးနှုန်းကိုပါ ပေးဆပ်မည်ဟု ယုံကြည်မှုရှိရန်လိုသည်။ အစိုးရများနှင့် ကော်ပိုရေးရှင်းများသည် ကမ္ဘာပေါ်၌ အကြီးကျယ်ဆုံး ဘွန်းထုတ်ဝေရောင်းချကြသူများဖြစ်သည်။ လိုအပ်သည့်ငွေကို ချေးရန်အတွက် ဘဏ်တစ်ခုထံသို့မသွားဘဲ သူတို့က ငွေကြေးပမာဏအများအပြားရရန်အတွက် ငွေချေးစာချုပ် ဘွန်းများ ထုတ်ဝေရောင်းချကြသည်။ ကမ္ဘာအနှံ့ငွေချေးသက်သေခံ လက်မှတ်များအနေဖြင့်ထုတ်ဝေကာ ဘဏ်နှင့်အခြားရင်းနှီးမြှုပ်နှံသူများသို့ ရောင်းချကြသည်။

ဘွန်းစာချုပ်တစ်ခုသည် ကျွန်ုပ်က သင့်အား ပေးရန်ရှိသည်။ IOU (I Owe You)သဘောပင်ဖြစ်သည်။ ထိုစာချုပ်ကို ကိုင်ဆောင်ထားသူအား အနာဂတ်ကာလတွင် ငွေကြေးပမာဏ တစ်စုံတစ်ရာကို ပိုင်ဆိုင်ခွင့်၊ ရရှိခွင့်ရှိသည်ဟု ဖော်ပြထားသော စာရွက်တစ်ခုပင်



http://www.cherrythitsar.org

ဖြစ်သည်။ ငွေချေးသူသို့မဟုတ် စာချုပ်ကို ထုတ်ဝေရောင်းချသူ၌ တာဝန်နှစ်ခုရှိသည်။ ပထမဦးစွာ စာချုပ်ကို ထုတ်ဝေရောင်းချသူသည် မူလက ထုတ်ချေးထားသော အရင်းကို ပြန်ဆပ်ရမည်။ ဒုတိယ အနေဖြင့် ငွေချေးသူသည် အခါအားလျော်စွာ အတိုးနှုန်းကို ပေးရန်တာဝန်ရှိသည်။ ရင်းနှီးမြှုပ်နှံမှုတစ်ရပ်အနေဖြင့် ဘွန်းကို ဝယ်ယူသူအား ဆုချီးမြှင့်သည့်အနေဖြင့် အတိုးပေးရမည်။ ထိုအတိုး ပေးငွေများကို ကူပွန်များ(Coupons)ဟုခေါ်သည်။ ဤကူပွန်ဆိုသည့် ဝေါဟာရသည် အီလက်ထရောနစ်ဈေးကွက် မပေါ်ပေါက်မီ စာရွက် စာတမ်း ထုတ်ဝေရောင်းဝယ်ကြသည်က ဘွန်းများနှင့်တွဲပေးလိုက် သည့် စက္ကူစများကို ခေါ်ရာမှ ပေါ်ပေါက်လာခြင်းဖြစ်သည်။ ယခု အခါ၌ အီလက်ထရောနစ် ဈေးကွက်များ ပေါ်ပေါက်လာသည့်အခါ စာရွက်စာတမ်းများသုံး၍ အရောင်းအဝယ်ပြုလုပ်ရန် မလိုအပ် တော့ပေ။

သင့်အနေဖြင့် ဘွန်းတစ်ခု၏တန်ဖိုးကို မည်သို့ ဆုံးဖြတ်မည် နည်း။ ပထမဦးစွာ ဘွန်း၏ သက်တမ်းတစ်လျှောက် ပေးသည့် အတိုးနှုန်းများကို တွက်ချက်ရန် လိုအပ်သည်။ ထိုပြန်ရမှုငွေများကို ဈေးကွက်အတွင်း၌ အတိုးပေးသည့် အခြားရင်းနှီးမြှုပ်နှံမှုများနှင့် နှိုင်းယှဉ်နိုင်သည်။ ထိုဈေးကွက်၌ စိစစ်သရုပ်ခွဲမှုများအပေါ်၌ အခြေခံပြီး ဘွန်းများ၏ ဈေးနှုန်းသည် တစ်ချိန်လုံးတက်လိုက်ကျ လိုက် ဖြစ်နေကြသည်။

အခြေခံကျကျပြောရလျှင် ငွေချေးစာချုပ်များ၏ ဈေးနှုန်းများ သည် အတိုးနှုန်းများ၏ နောက်ကလိုက်ပါပြောင်းလဲတတ်ကြသည်။ အတိုးနှုန်းနိမ့်နိမ့်ပေးသည့် ငွေချေးစာချုပ်တစ်ခုသည် အလားတူ ငွေချေးသူများက အတိုးနှုန်းမြင့်မြင့်ပေးသည့် ငွေချေး စာချုပ်များကို ထုတ်ဝေသည့်အခါ ထိုအတိုးနှုန်းနိမ့်သည့် ငွေချေးစာချုပ်များကို



http://www.cherrythitsar.org

ဈေးလျှော့၍ ရောင်းပစ်တတ်ကြသည်။ ဥပမာ အတိုးနှုန်း နိမ့်သည့် ငွေချေးစာချုပ် (low coupon bond)တစ်ခုသည် ၎င်းစာချုပ်ပေါ်၌ ပုံနှိပ်ဖော်ပြထားသည့် တန်ဖိုးထက်(၁၀)ရာခိုင်နှုန်း လျှော့ကာ (၉၀) ရာခိုင်နှုန်းရလျှင် တော်ပါပြီဟုဆိုပြီး ရောင်းပစ်တတ်ကြသည်။ ထိုဈေးဖြင့် ရောင်းချခြင်းအားဖြင့် အတိုးနှုန်း မြင့်မားသည့် အခြား ငွေချေးစာချုပ်များနှင့် ပြိုင်ဆိုင်ပြီး ဆွဲဆောင်နိုင်သည်။ ငွေချေးစာချုပ် တစ်ခုအတွက် လျှော့၍ ပေးရလျှင် ထိုစာချုပ်ကို ဝယ်ယူသူသည် အကျိုးအမြတ် မြင့်မြင့်မားမားတစ်ခု သို့မဟုတ် ရင်းနှီးမြှုပ်နှံထားသော ပမာဏအပေါ်မှ မြင့်မားသော အကျိုးအမြတ်တစ်ခု သို့မဟုတ် အထွက်နှုန်း (yieid)ကိုရသည်။ ကစားကွင်းထဲက စီးလျှောတစ်ခု လိုပင် တစ်ဘက်ကဈေးနှုန်းကျလျှင် အခြားတစ်ဘက်၌ အထွက်နှုန်း တက်သွားသည်။

ပြောင်းပြန်ပြောရလျှင် အတိုးနှုန်းများ ကျသည့်အခါ လက်ရှိ ငွေချေးစာချုပ်များ၏ ဈေးနှုန်းများ တက်သည်။ အတိုးနှုန်းများကျနေ သည့်ကာလများ၌ အတိုးနှုန်းမြင့်သည့် ဘွန်းတစ်ခု၏ ဈေးနှုန်းများ တက်သည်ကို တွေ့ရသည်။ အလားတူသက်တမ်းနှင့် အလားတူ အန္တရာယ်ရှိသည့် ဈေးကွက်ထဲက အခြားငွေချေးစာချုပ်များ၏ အထွက်နှုန်းနှင့်တူသည်အထိ ဈေးနှုန်းများတက်သွားမည်။ ငွေချေး စာချုပ်တစ်ခု၏ဈေးနှုန်းသည် ၎င်းစာချုပ်ပေါ်၌ ပုံနှိပ်ဖော်ပြထားသည့် တန်ဖိုးထက် တက်နိုင်သည်။ ဥပမာ–(၁၀၀)ရာခိုင်နှုန်း ဖြစ်သွားနိုင် သည်။ ဤနည်းအားဖြင့် ထိုငွေချေးစာချုပ်၏ အထွက်နှုန်း(yield)ကို ဈေးကွက်ထဲရှိ အခြား ငွေချေးစာချုပ်များနှင့် ပြိုင်ဆိုင်နိုင်သော အခြေအနေသို့ ရောက်စေနိုင်သည်။

အတိုးနှုန်းများနှင့် ငွေချေးစာချုပ်၏ ဈေးနှုန်းများကို ဆုံးဖြတ်ပေး သည်မှာ ငွေချေးစာချုပ်များနှင့်ပတ်သက်၍ စွန့်စားရမှုများ၊



http://www.cherrythitsar.org

အန္တရာယ်များဖြစ်သည်။ ထိုဘွန်းများ၊ ငွေချေးစာချုပ်များကို ပြန်ဆပ်နိုင်မှုအလားအလာအပေါ် အခြေခံသည်။ ဘွန်းတစ်ခုသည် ဆုံးရှုံးဖို့များလေ အန္တရာယ်ကြီးမားလေ ရင်းနှီးမြှုပ်နှံသူများအား ဆွဲဆောင်ရန်အတွက် ငွေချေးသူက အတိုးနှုန်းမြင့်မြင့်မားမား သတ်မှတ်ရလေဖြစ်သည်။ ဘရာဇီးနိုင်ငံမှ သကြားကုမ္ပဏီတစ်ခုအနေဖြင့် အချုပ်အခြာအာဏာပိုင် အစိုးရတစ်ခုက ထုတ်ဝေသည့် ဘွန်းထက် ဆုံးရှုံးမှု အန္တရာယ်များနေသည့်အခါ အတိုးနှုန်းမြင့်မြင့်မားမား ပေးရမည်။ ဆွီဒင်နိုင်ငံအစိုးရက ထုတ်ဝေသည့် အလားတူအချိန်စေ့ရောက်သည့် ငွေချေးစာချုပ်မျိုးထက် အတိုးနှုန်း မြင့်မြင့်မားမား ပေးကာ ဆွဲဆောင်ရမည်။

ငွေချေးစာချုပ်များ၊ အထူးသဖြင့် အစိုးရငွေချေးစာချုပ်များသည် နှိုင်းယှဉ်၍ ပြောမည်ဆိုလျှင် အတော်အတန် စိတ်ချရသည့် ရင်းနှီးမြှုပ်နှံမှုများဖြစ်သည်။ အဆိုးဆုံးကိစ္စများ၌ ကုမ္ပဏီတစ်ခု အနေဖြင့် ဒေဝါလီခံရလျှင် ငွေချေးစာချုပ်ကို ကိုင်ဆောင်ထားသူများသည် စတော့ရှယ်ယာဝယ်ယူထားသူများထက် ဦးစွာ ကြွေးဆပ်ခြင်း ခံရသည်။ သက်ဆိုင်ရာနိုင်ငံ၏ ငွေကြေးဖြင့် ထုတ်ဝေသော အစိုးရငွေချေးစာချုပ်တစ်ခုသည် အန္တရာယ်အနည်းဆုံးဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် အဆိုးဆုံးကိစ္စများ၌ပင်လျှင် အစိုးရအနေဖြင့် ငွေချေးစာချုပ်များကို ငွေစက္ကူရိုက်နှိပ်ကာ ပြန်ဆပ်နိုင်၍ဖြစ်သည်။

ငွေချေးစာချုပ်များ၏ ဈေးနှုန်းများကို တစ်ချိန်လုံး အတက်အကျ ညှိနှိုင်းနေရသည်။ ဤနည်းအားဖြင့် ကမ္ဘာ့စီးပွားရေး အဆောက်အအုံထဲရှိ အခြားရင်းနှီးမြှုပ်နှံမှုများဖြင့် ပြိုင်ဆိုင်နိုင်စေသည်။ ထိုဈေးအတတ်အကျ ဖြစ်နေခြင်းက လက်ရှိနိုင်ငံရေး၊ ငွေရေးကြေးရေးနှင့် စီးပွားရေး ပတ်ဝန်းကျင်အခြေအနေများကို အမြဲတမ်း ရောင်ပြန်ဟပ်သည်။

✇

**ယနေ့မန္တလေးစာအုပ်တိုက်**

http://www.cherrythitsar.org

## ၃၇။ ငွေချေးစာချုပ်များကို ရောင်းဝယ်ကြပုံ

**How are bonds traded?**

တစ်ရက်လျှင် ၂၄ နာရီ ငွေချေးစာချုပ်များကို ဘဏ်များ၊ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများ၏ အရောင်းအဝယ်ခန်းများ၌ ကမ္ဘာအနှံ့ရောင်းဝယ်နေကြသည်။ ထိုအခန်းတစ်ခုနှင့်တစ်ခု အီလက်ထရောနစ်ဆက်သွယ်ရေးပစ္စည်းကိရိယာများဖြင့် အနုစိတ် ဆက်သွယ်ထားကြသည်။ အကြီးဆုံး နိုင်ငံတကာ အရင်းအနှီး ဈေးကွက်များသည် လန်ဒန်၊ နယူးယောက်နှင့် တိုကျိုတို့၌ အခြေခံသော်လည်း စာချုပ်များကို ပဲရစ်မှ ဇန်ကောက်အထိ၊ ဂျိုဟန်နစ်စဘတ်မှ ဗင်ကူဗာအထိ ကမ္ဘာတစ်ဝန်းရှိ ငွေကြေးဗဟိုဌာနအားလုံးလိုလို၌ ရောင်းဝယ်နေကြသည်။

ငွေချေးစာချုပ်ဝယ်ယူမြှုပ်နှံသူများအနေဖြင့် ရောင်းသူများရှာရန်ခက်ခဲသောကြောင့် သူတို့အနေဖြင့် ဈောက်ချဆောင်ရွက်သူ ဈေးကွက်ဖန်တီးသူများ (market makers)ထံသို့ သွားလေ့ရှိသည်။ ဈေးကွက်ဖန်တီးသူများသည် အခြားသူများထက် ငွေချေးစာချုပ်များကို ရောင်းမှုဝယ်မှု လုပ်သူများဖြစ်သည်။ အချို့သော ငွေချေးစာချုပ် ရောင်းဝယ်ခြင်းများကို (stock sxchanges) များ၏ အများပြည်သူ အရောင်းအဝယ်လုပ်ကြသည့် ကြမ်းပြင်များ၌ ဆောင်ရွက်ကြသော်လည်း ပုံသေဝင်ငွေရှာပေးနိုင်သည့် ကမ္ဘာ့ငွေချေး သက်သေခံ လက်မှတ်များကို ၎င်းတို့၏ဖောက်သည်များကိုယ်စား ဈေးကွက်ဖန်တီးသူများအဖြစ် ဆောင်ရွက်ကြသည့် ဘဏ်များ၊ ငွေချေးသက်သေခံ ကုမ္ပဏီများက ရောင်းဝယ်ကြသည်။ ငွေချေးစာချုပ် ဈေးကွက်များသည် အခြားပြိုင်ဆိုင်မှုရှိသည့် ဈေးကွက်များနှင့်တူပြီး ကုန်သည်များအနေဖြင့် ဈေးလျှော့ဝယ်ပြီး ဈေးတင်ရောင်း ခြင်းအားဖြင့် အကျိုးအမြတ်များရအောင် ဖန်တီးကြသည်။



http://www.cherrythitsar.org

ငွေချေးစာချုပ်တစ်ခုကို မည်သို့ ရောင်းသနည်း။ ငွေချေးစာချုပ်ကို ရောင်းလိုသော ရင်းနှီးမြှုပ်နှံသူတစ်ယောက်အနေဖြင့် ပွဲစားတစ်ယောက်မှတစ်ဆင့် ကုန်သည်တစ်ယောက်ထံသို့ သွားရသည်။ သူက ရောင်းဈေးဝယ်ဈေးနှစ်ခုတို့ဖြင့် ဈေးကွက်ဖြစ်အောင် ဖန်တီးသည်။ ရင်းနှီးမြှုပ်နှံသူက ကုန်သည်အား ဝယ်ဈေး (bid price)ဖြင့် ရောင်းသည်။ ဝယ်ဈေးသည် ရောင်းသည့် ဈေးနှုန်း (offer prise)ထက် အမြဲတမ်း နိမ့်လေ့ရှိသည်။ ထိုဝယ်ဈေးနှင့် ရောင်းဈေးနှစ်ခုတို့၏ ခြားနားချက်ကို ကွာခြားချက်(spread)ဟု ခေါ်သည်။ ဈေးနိမ့်၍ ဝယ်ပြီး အနည်းငယ် ဈေးတင်၍ ရောင်းခြင်းအားဖြင့် တစ်နေ့တာ ကာလအတွက် ငွေကြေး အနည်းငယ်စီရပြီး ကုန်သည်တစ်ယောက် အနေဖြင့် ဝင်ငွေများရသည်။

ငွေချေးစာချုပ်ရောင်းဝယ်သူများအနေဖြင့် ဈေးကွက်က ၎င်းတို့၏ ဈေးနှုန်းနှင့် ဝယ်ဈေးရောင်းဈေးနှစ်ခုတို့၏ ခြားနားချက်ကို ယှဉ်ပြိုင်နိုင်မှုရှိရန် ဖိအားပေးသည်။ ဝယ်ဈေးသိပ်နိမ့်နေပြီး ရောင်းဈေးသိပ်မြင့်နေသည့် ကုန်သည်တစ်ယောက်အနေဖြင့် အခြားဈေးကွက်ထဲရှိ ကုန်သည်များက ပိုကောင်းသည့်ဈေးနှုန်းများ ဝယ်ဈေးရောင်းဈေးနှစ်ခုကြား ကွာဟချက်အနည်းငယ်သာ ထားခြင်းကြောင့် စီးပွားရေးလုပ်ငန်းများ ဆုံးရှုံးပျက်ပြားစရာရှိသည်။ အချို့ဈေးကွက်များသည် ပြိုင်ဆိုင်မှုအလွန်ကြီးမားသဖြင့် ဝယ်ဈေးနှင့် ရောင်းဈေးတို့ကို ရာခိုင်နှုန်းတစ်ခု၏ အစိတ်အပိုင်းငယ်တစ်ခုဖြင့် ဖော်ပြလေ့ရှိသည်။ ဥပမာ– အစိုးရငွေချေးစာချုပ်များ ဈေးကွက်၌ ဈေးနှုန်းများကို ရာခိုင်နှုန်းတစ်ခု၏ ၁/၃၂အထိ ပြလေ့ရှိသည်။

ငွေချေးစာချုပ်များသည် အများအားဖြင့် မူလ ပုံနှိပ်ဖော်ပြထားသည့် တန်ဖိုး၏ ရာခိုင်နှုန်းအပေါ်၌ အခြေခံသော ဈေးနှုန်းများ



http://www.cherrythitsar.org

ဖြင့် ရောင်းဝယ်လေ့ရှိကြသည်။ ဒေါ်လာ ၁၀၀၀ တန်ငွေချေးစာချုပ်တစ်ခု၏ ဈေးနှုန်းသည် ၁၆/၃၂(၃၂ပုံ၁၆ပုံ)တက်သွားသည် ဆိုလျှင် သို့မဟုတ် (၁)ရာခိုင်နှုန်း၏ တစ်ဝက်တက်သွားသည်ဆိုလျှင် ၎င်း၏ တန်ဖိုးသည် (၅)ဒေါ်လာတက်လာခြင်းဖြစ်သည်။ ငွေချေး စာချုပ်တစ်ခု၏ မူလတန်ဖိုးနှင့် အဖိုးနှုန်းသည် ပြောင်းလဲခြင်း မရှိသဖြင့် ငွေချေးစာချုပ်၏ ဈေးနှုန်းကို ပြောင်းလဲခြင်းသည်သာလျှင် အထွက်နှုန်း (yield)အသစ်ကို ရရှိစေသည့်တစ်ခုတည်းသော နည်းလမ်းဖြစ်သည်။ ထိုငွေချေးစာချုပ်၏ အထွက်နှုန်းတွက်ချက်မှုများသည် အလွန်ရှုပ်ထွေးသဖြင့် ကုန်သည်တော်တော်များများတို့က ဈေးနှုန်းများ၊ အထွက်နှုန်းများကို ဆုံးဖြတ်ရန် ပြောင်းလဲနေသည့် ဈေးကွက်နှင့် အမီလိုက်နိုင်ရန်အတွက် ဂဏန်းတွက်စက်များကို အသုံးပြုရသည်။

နိုင်ငံတကာ အရင်းအနှီးဈေးကွက်များ၌ အမေရိကန်ငွေတိုက်စာချုပ် ကဲ့သို့သော ငွေချေးစာချုပ်သည် ဈေးကွက်တစ်ခုလုံး၏ အခြေအနေကို ကိုယ်စားပြုပြသသည့် ညွှန်းကိန်းများအဖြစ်လည်း ဆောင်ရွက်ကြသည်။ အမေရိကန်ငွေတိုက် ချေးငွေစာချုပ်များကို အများအပြား ထုတ်ဝေရောင်းချထားသဖြင့် နိုင်ငံတကာ ရင်းနှီးမြှုပ်နှံသူများက ၎င်းတို့၏ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ၏ အစိတ်အပိုင်းအတော်များများကို ဤဈေးကွက်၌ ဆောင်ရွက်ကြသည်။ အမေရိကန်၊ ဗြိတိသျှနှင့် ဂျာမနီအစိုးရများ၏ ငွေချေးစာချုပ်များသည် ကမ္ဘာပေါ်တွင် ငွေအဖြစ်အလွယ်ဆုံး ငွေချေးစာချုပ်များဖြစ်သည်ဟု ဆိုနိုင်သည်။ အဘယ်ကြောင့်ဆိုလျှင် မည်သည့်အချိန်၌မဆို ၎င်းတို့ကို နိုင်ငံတကာ၌ ရောင်းဝယ်နိုင်၍ဖြစ်သည်။

☮

## ၃၈။ ဥရောပငွေကြေးများနှင့် ဥရောပစာချုပ်များဆိုသည်မှာ

**What are eurocurrencies and eurobonds?**

စစ်အေးကာလအတွင်းက ဆိုဗီယက်ယူနီယံအနေဖြင့် သူပိုင် အမေရိကန်ဒေါ်လာ သီးသန့်ငွေသားများကို အမေရိကန်ပြည်ထောင်စု ရှိ အာဏာပိုင်များ၏ ထိန်းချုပ်မှုအောက်၌ မထားချင်။ ထို့ကြောင့် ထိုဒေါ်လာငွေများကို နယူးယောက်ဘဏ်များ၌ အပ်နှံခြင်းမပြုဘဲ ဥရောပဘဏ်များ၌ အပ်နှံခဲ့သည်။ ထိုသီးသန့်ငွေသားများကို ဥရောပ ဒေါ်လာများ (Eurodollors) ဟု လူသိများလာခဲ့ကြသည်။ ယနေ့ ခေတ်၌ ဥရောပ၏ ပြင်ပ၌ပင်လျှင် ထားသည့် ပြည်ပ၌ အပ်နှံထား သည့် ငွေကြေးများအားလုံးကို ဥရောပငွေကြေးများ (Eurocurrency) ဟုခေါ်လာကြသည်။ ဥပမာ နယူးယောက်ဘဏ်တစ်ခု၌ အပ်နှံထား သည့် ဂျပန်ယန်းငွေများကို ဥရောပယန်း (Euroyen) ဟု ခေါ်ပြီး ဟောင်ကောင်ဘဏ်၌ အပ်နှံထားသည့် ပြင်သစ်ဖရန့်ငွေများကို ဥရောပဖရန့် (Eurofrancs) ငွေများဟုခေါ်သည်။

၁၉၇၀ပြည့်လွန်နှစ်များနှင့် ၁၉၈၀ပြည့်လွန်နှစ်များ၌ ဥရောပ ငွေကြေးများအတွက် ဈေးကွက်ကြီးတစ်ခုဖွံ့ဖြိုးတိုးတက်ခဲ့သည်။ ဆိုဗီယက်ယူနီယံကို အတုယူပြီး အာရပ်ရေနံထုတ်လုပ်သူများအနေဖြင့် ရေနံရောင်းရာမှရသည့် ငွေအတော်များများကို ဥရောပဘဏ်များ၌ အပ်နှံထားသည်။ ရေနံရောင်း၍ ရသည့်ငွေများကို ရေနံဒေါ်လာ များ (petrodollars) ဟု ခေါ်သည်။ ထိုစီးဝင်လာသည့် နိုင်ငံခြား အရင်းအနှီးများကို ပြန်လည်မြှုပ်နှံရန်လိုသဖြင့် ဥရောပ၌ အခြေစိုက် သည့် ဘဏ်များက အမေရိကန်ဒေါ်လာချေးငွေစာချုပ်များ ထုတ်ဝေ ရောင်းချစ ပြုလာကြသည်။ ထိုချေးငွေစာချုပ်များသည် အမေရိကန် ပြည်ထောင်စုအစိုးရ၏ စည်းမျဉ်းစည်းကမ်းများ၊ ထိန်းချုပ် မှုများဖြင့် ကင်းလွတ်သည်။ ဤချေးငွေစာချုပ်များကို ဥရောပငွေချေး စာချုပ်များ



http://www.cherrythitsar.org

(Eurobonds) ဟု ခေါ်သည်။ ဥရောပငွေကြေးများကဲ့သို့ပင် ၎င်းတို့သည် မူလငွေကြေးကို ထုတ်ဝေရာ တိုင်းပြည်၏ ပြင်ပ၌ ထုတ်ဝေကိုင်ဆောင်ထားသောကြောင့် ဖြစ်သည်။ ကမ္ဘာ့ဘဏ်များနှင့် ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများက ဂျပန်ယန်း၊ ဂျာမန်မတ်၊ ဩစကြီးယန်းဒေါ်လာ၊ ကနေဒါဒေါ်လာနှင့် ပြင်သစ်ဖရန့်ငွေတို့ကဲ့သို့သော ကမ္ဘာ့အဓိကရ ငွေကြေးများဖြင့်ဥရောပငွေချေးစာချုပ်များကို ထုတ်ဝေရောင်းချစ ပြုလာကြသည်။

ဥရောပငွေချေးစာချုပ်ဈေးကွက်သည် ၁၉၈၀ပြည့်လွန်နှစ်များ၌ အကြီးအကျယ်တိုးပွားလာခဲ့သည်။ ထိန်းချုပ်မှု မရှိသည့် နိုင်ငံခြားငွေကြေးဈေးကွက်များ၌ ငွေကြေးများ လှိမ့်ဝင်လာခဲ့ကြသည်။ ရောင်းဝယ်ရာတွင် အခွန်အကောက်နှင့် စည်းမျဉ်းစည်းကမ်းများ အနိမ့်ဆုံးဖြစ်သော လန်ဒန်၌ အဓိကအားဖြင့် အခြေစိုက်ကြသည်။ ရင်းနှီးမြှုပ်နှံသူများအနေဖြင့် ဥရောပငွေချေးစာချုပ်အတော်များများတို့သည် ကိုင်ဆောင်သူငွေချေးစာချုပ်များ (bearer bonds)ဖြစ်နေသဖြင့် ကြိုက်နှစ်သက်မှု ရှိကြသည်။ မှတ်ပုံတင်ထားသည့် ငွေချေးစာချုပ်နှင့်မတူဘဲ ကိုင်ဆောင်သူ ငွေချေးစာချုပ်များသည် ရင်းနှီးမြှုပ်နှံသူများအနေဖြင့် အမည်နာမ မဖော်ထုတ်ဘဲမထင်မရှားနေနိုင်သည်။ အတိုးပေါ်မှ ရရှိသော ငွေများကို အခွန်မဆောင်ဘဲ နေနိုင်သည်။ ထိုနည်းအားဖြင့် မိမိ၏ နိုင်ငံရှိ အခွန်အကောက်အာဏာပိုင်များအား အတိုးမှ ရရှိသည့် ဝင်ငွေများကို အစီရင်မခံဘဲရှောင်ရှားနိုင်သဖြင့် ကြိုက်နှစ်သက်ကြခြင်းဖြစ်သည်။

အမေရိကန်ကုမ္ပဏီများက ဥရောပငွေချေးစာချုပ် ဈေးကွက်၌ ငွေချေးစာချုပ်များကို ပို၍ ဈေးသက်သက်သာသာဖြင့် ထုတ်ဝေနိုင်ကြောင်း တွေ့လာကြသည်။ အမေရိကန်ပြည်ထောင်စုထက် အချုပ်အချယ် အတားအဆီးနည်းပြီး အတိုးနှုန်းနည်းနည်းဖြင့် ငွေချေးစာချုပ်



http://www.cherrythitsar.org

များ ထုတ်နိုင်ကြောင်း တွေ့ရှိရသည့်အခါ လန်ဒန်၌ အခြေခံသော ဥရောပငွေချေးစာချုပ် လုပ်ရှားမှုများသည် တိုးတက်များပြားလာခဲ့သည်။ ကမ္ဘာတစ်ဝန်းလုံးရှိ ကုမ္ပဏီများ၊ အစိုးရများက ၎င်းတို့၏ ငွေချေးသက်သေခံလက်မှတ်များကို ဥရောပငွေချေးစာချုပ်ဈေးကွက်၌ ထုတ်ဝေရောင်းချကြသည်။ ထိုသို့ ရောင်းချကြရာ၌ တစ်ခါတစ်ရံ မိမိတို့နိုင်ငံရှိ ဈေးကွက်ထက်ပင် စရိတ်သက်သာသေးသည်ကို တွေ့ရသည်။

❁

## ၃၉။ ရင်းနှီးမြှုပ်နှံမှုများကို အကဲဖြတ်ရန် အဆင့်အတန်းခွဲခြားပုံ

**How are ratings used to evaluate investments?**

ကမ္ဘာတစ်ဝန်းလုံးရှိ ကုမ္ပဏီများ၏ ငွေရေးကြေးရေးစာရွက်စာတမ်းများကိစ္စကို လေ့လာသုံးသပ်ရန်ကိစ္စမှာ မည်မျှပင် ဉာဏ်ပညာဗဟုသုတဖြင့် ကြွယ်ဝသည့် ရင်းနှီးမြှုပ်နှံသူ တစ်ယောက် အတွက်ပင် လျှင် အလွန်ခက်ခဲသည့်ကိစ္စဖြစ်သည်။ ထို့ကြောင့် ရင်းနှီးမြှုပ်နှံသူများသည် ကမ္ဘာ့စီးပွားရေး အဆောက်အအုံအတွင်းရှိ ငွေချေးငှားသူများ၏ ငွေရေးကြေးရေး တောင့်တင်းကျန်းမာမှု အခြေအနေကိုအကဲဖြတ်သော အဆင့်အတန်းခွဲခြားသည့် အေဂျင်စီများ၏ ဆုံးဖြတ်မှုကို အားကိုးရသည်။

ရင်းနှီးမြှုပ်နှံသူတစ်ယောက်က ငွေကြေးကို လူတစ်ယောက်ချင်းသို့လည်းကောင်း၊ ကုမ္ပဏီတစ်ခုသို့လည်းကောင်း၊ အစိုးရအဖွဲ့သို့လည်းကောင်း ထုတ်ချေးသည့်အခါ၌ ပထမဆုံးမေးသည့် မေးခွန်းမှာ သူတို့ ဒီငွေကို ပြန်ဆပ်နိုင်ပါမည်လားဟူ၍ ဖြစ်သည်။ ဥပမာ ငွေချေးစာချုပ် ဝယ်ယူမြှုပ်နှံသူ တစ်ယောက်အနေဖြင့် ချေးငွေအပေါ်မှ အတိုးကို မှန်မှန်ပေးနိုင်ပါမည်လား။ အချိန်စေ့သည့်အခါ၌ မူလက ချေးထားသည့် အရင်းအားလုံးကို ပြန်ဆပ်နိုင်မည်လားဆိုသည်ကို



http://www.cherrythitsar.org

သိချင်ကြသည်။

အဆင့်အတန်းခွဲခြားသည့် ကိုယ်စားလှယ်လုပ်ငန်းများအနေဖြင့် Aမှ Dအဆုံးအက္ခရာများပေါ်၌ အခြေခံကာ စနစ်အမျိုးမျိုးကို အသုံးပြုမည်။ ကမ္ဘာ့ကုမ္ပဏီများ၊ အစိုးရများကို အဆင့်အတန်း ခွဲခြားသည့် သတ်မှတ်ကြသည်။ ကမ္ဘာပေါ်၌ အကြီးဆုံးအဆင့်အတန်း ခွဲခြားသည့် အေဂျင်စီကြီးနှစ်ခုမှာ မူဒီ (Moody) ရင်းနှီးမြှုပ်နှံသူ အကျိုးဆောင်လုပ်ငန်းနှင့် Standard and Poor's (S&P) တို့ ဖြစ်ပြီး ၎င်းတို့နှစ်ခုစလုံးက အခြေအနေအကောင်းဆုံး ငွေချေးသူများအတွက် "AAA" ဟု အဆင့်အတန်း သတ်မှတ်သည်။ အမေရိကန်ပြည်ထောင်စု၊ ဆွစ်ဇာလန်၊ ဂျပန်နှင့် ကမ္ဘာ့ဘဏ်များသို့ ထုတ်ချေးသည့် ချေးငွေများသည် 'AAA'ဟု သတ်မှတ်ခြင်း ခံရသည်။ ၎င်းတို့သည် အချိန်မှန်မှန် အတိုးနှုန်းရပြီး အချိန်စေ့လျှင် အရင်းကို ပြန်ဆပ်ရန် အလားအလာအကောင်းဆုံးဟု ယူဆခြင်းခံရသည်။ အခြားအေဂျင်စီတစ်ခုဖြစ်သော Duffand Phelps က 'AAA'ကို သုံးသော်လည်း A.M.Best ကုမ္ပဏီက ကျောင်းစာသင်ခန်းများ၌ သုံးလေ့ရှိသည့် A+ဟူသောသင်္ကေတကို အကောင်းဆုံးသော ငွေချေးသူများအား သတ်မှတ်ရန် အသုံးပြုသည်။

အကယ်၍ ငွေချေးသူတစ်ယောက်၏ ငွေရေးကြေးရေးအခြေအနေ ကျဆင်းလာသည့်အခါ အေဂျင်စီများက အဆင့်အတန်းကို ချ၍ သတ်မှတ်ပေးပြီးရင်းနှီးမြှုပ်နှံသူများအနေဖြင့် ၎င်းတို့ ထုတ်ချေးထားသည့် ချေးငွေများနှင့်ပတ်သက်၍ အန္တရာယ်အသစ်များ ရှိကြောင်း အသိပေးသည်။ နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှု ရန်ပုံငွေအဖွဲ့အတော်များများတို့သည် "A"သို့မဟုတ် "BBB"ထက်နိမ့်ကျသည့် အဆင့်ရှိသော ငွေချေးစာချုပ်များ ဝယ်ယူ၍ မြှုပ်နှံလေ့မရှိကြပေ။ ၎င်း Aနှင့် BBBတို့ကို ရင်းနှီးမြှုပ်နှံမှုအဆင့် (Investment grade)



http://www.cherrythitsar.org

ဟုခေါ်ကြသည်။ အတိုးမှန်မှန် မပေးနိုင်သည့် ငွေချေးသူတစ်ယောက်အတွက် ၎င်း၏ အဆင့်အတန်းသည် Cသော်လည်းကောင်း၊ Cထက်နိမ့်ကျသည့်အဆင့်သို့လည်းကောင်း ဖြစ်သွားနိုင်သည်။ Dဟူသည့် အဆင့်အတန်းက ဒေဝါလီခံရသည့် အခြေအနေကို ပြဆိုသည်။

ငွေချေးသူတစ်ယောက်၏ အဆင့်အတန်းများသည် ၎င်း၏ ငွေရေးကြေးရေး အခြေအနေ တောင်းတင့်ခိုင်မာလာသည့်အခါ မြှင့်တင်ခြင်း ခံရသည်။ ဥပမာ ၁၉၉၀ပြည့်လွန်နှစ်များ၌ အာဂျင်တီးနားနှင့် ဘရာဇီးနိုင်ငံတို့သည် ချေးငွေအကျပ်အတည်းများကို လွန်မြောက်လာကြသည့်အခါ ၎င်းတို့၏ လက်ရှိချေးငွေအသစ် များနှင့်ပတ်သက်၍ သတ်မှတ်သော အဆင့်အတန်းများသည် သိသိသာသာ တိုးတက်လာကြသည်။

ရင်းနှီးမြှုပ်နှံသူများအနေဖြင့် အဆင့်အတန်းမြင့်သည့် ငွေချေးသူများထံမှသာ နိမ့်ကျသည့် အတိုးပေးငွေများကို လက်ခံကြသည်။ ဤအကြောင်းကြောင့် ငွေချေးသူအတော်များများတို့သည် အဆင့်အတန်း သတ်မှတ်ချက်များကို အလေးအနက်ထားကြသည်။ ဆွစ်ဇာလန်၊ ဂျပန်တို့ကဲ့သို့သော အမြင့်ဆုံးအဆင့်အတန်းရှိသည့် ငွေချေးသူများအနေဖြင့် အတိုးနှုန်းသက်သက်သာသာဖြင့် ငွေချေးစာချုပ်များကို ထုတ်ဝေရောင်းချနိုင်ကြသည်။ ဤနည်းအားဖြင့် ငွေချေးရန်အတွက် ကုန်ကျသော စရိတ်စကများကို လျော့နည်းစေသည်။ အဆင့်အတန်းနိမ့်သည့် ဖွံ့ဖြိုးဆဲနိုင်ငံများအနေဖြင့် ၎င်းတို့၏ ငွေချေးစာချုပ်များနှင့် ပတ်သက်၍ တိုးပွားလာသော အန္တရာယ်များကို ထိုက်ထိုက်တန်တန် ကာမိလောက်သော မြင့်မားသည့် အတိုးနှုန်းကိုပေးမှသာ ရင်းနှီးမြှုပ်နှံသူများအား ဆွဲဆောင်နိုင်သည်။



http://www.cherrythitsar.org

## ၄၀။ နိုင်ငံတကာရင်းနှီးမြှုပ်နှံမှု၌ ရွှေကို အသုံးပုံ

**How is gold used as an international investment?**

ကိုင်ရှိ၌သော်လည်းကောင်း၊ ဟောင်ကောင်သို့မဟုတ် ချီကာဂိုရှိ ကုန်စည် ဈေးကွက်၌သော်လည်းကောင်း ဈေးကွက်တိုင်းလိုလို၌ ငွေကြေး အမျိုးမျိုးဖြင့် ရွှေကို ရောင်းကြ ဝယ်ကြသည်။

အချို့ရွှေရောင်းဝယ်မှုများသည် စီးပွားဖြစ် ရောင်းကြဝယ်ကြခြင်းဖြစ်သည်။ ဥပမာ အမ်စတာဒမ်က လက်ဝတ်ရတနာများ ထုတ်လုပ်သူတစ်ယောက်အနေဖြင့် ရွှေကိုဝယ်ယူခြင်းမှာ ရတနာများ လုပ်ရန်အတွက် ဝယ်ယူခြင်းဖြစ်သော်လည်း ရွှေအတော်များများကို ရင်းနှီးမြှုပ်နှံမှုတစ်ရပ်အနေဖြင့် ဝယ်ကြသည်။ ရွှေကို ဝယ်ယူ၌ ရင်းနှီးမြှုပ်နှံသူများထဲ၌ အင်အားကောင်းသည့် ဗဟိုဘဏ်များလည်း ပါဝင်သည်။ ၎င်းတို့က ၎င်းတို့၏ ငွေရေးကြေးရေး ခိုင်မာလာစေရေးအတွက် ရွှေကို အသုံးပြုချင်ကြသည်။ ရွှေကို ဝယ်ယူမြှုပ်နှံသည့် ပုဂ္ဂလိက လူတစ်ဦးချင်းကမူ ငွေဖောင်းပွမှုနှင့် ကြုံသည့်အခါ မူလ တန်ဖိုးများကို ဆက်လက်ထိန်းသိမ်းထားနိုင်မည် ဟူသော မျှော်လင့်ချက်ဖြင့် ရွှေကို ဝယ်ယူခြင်းဖြစ်သည်။

ကမ္ဘာ့စီးပွားရေးအဆောက်အအုံအတွင်း၌ ရွှေ၏ အခန်းကဏ္ဍသည် နှစ်ကာလများ ပြောင်းလဲသည်နှင့်အမျှ ပြောင်းလဲလာခဲ့သည်။ ဘဏ်များ၊ ငွေချေးသက်သေခံစာချုပ်ကုမ္ပဏီများသည် အီလက်ထရောနစ်နည်းဖြင့် ချိတ်ဆက်ထားသော ကမ္ဘာ့ရွာကြီး၏ အစိတ်အပိုင်းများ ဖြစ်မလာမီက ရွှေသည် ကမ္ဘာတစ်ဝန်း၌ မည်သည့်အချိန်၌မဆို ဖလှယ်နိုင်သည့်၊ သူတစ်ပါးနှင့်မတူ ထူးခြားသည့် ငွေဖြစ်အလွယ်ဆုံးရင်းနှီးမြှုပ်နှံမှု တစ်ရပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ယခုအခါ၌ ရွှေကို ငွေဖောင်းပွမှုနှင့် ကြုံတွေ့နေရသော ရင်းနှီးမြှုပ်နှံသူများအတွက် တည်ငြိမ်သော ခိုလှုံစရာတစ်ခုအဖြစ်



http://www.cherrythitsar.org

ဆောင်ရွက်သည်။ စတော့များ၊ ဘွန်းများ စသည်တို့ တန်ဖိုးကျလျှင် ရှေ့ကတော့ တန်ဖိုးမကျနိုင်ဟု ယူဆ၍ ဝယ်ယူမြှုပ်နှံကြခြင်း ဖြစ်သည်။ သို့သော် ငွေဖောင်းပွမှုကို ထိန်းချုပ်နိုင်လျှင် ရွှေဝယ်ယူ၍ မြှုပ်နှံခြင်းသည် အကျိုးမရှိပေ။ အခြားရင်းနှီးမြှုပ်နှံမှုများနှင့် မတူဘဲ ရွှေကို ဝယ်ယူမြှုပ်နှံသည့်အတွက် အတိုးနှုန်းမရပေ။ ဖြစ်နိုင်သည့် အကျိုးအမြတ်မှာ တန်ဖိုးတက်မှသာဖြစ်မည်။ ထိုသို့တန်ဖိုး တက်ခြင်းကို အရင်းအနှီးပေါ်မှ အကျိုးအမြတ် (capital gain)ဟု ခေါ်သည်။

ရွှေနှစ်ဦးနှစ်ဖက် ရန်ပုံငွေအဖွဲ့များ သို့မဟုတ် ရွှေတူးဖော်ရေး ကုမ္ပဏီများ၏ အစုရှယ်ယာများကိုဝယ်ခြင်းအပါအဝင် ရွှေဝယ်ယူ၍ မြှုပ်နှံနိုင်သည့်နည်းလမ်းများ အများအပြားရှိသည်။ ရွှေနှင့်ပတ်သက်၍ ရင်းနှီးမြှုပ်နှံမှု အများစုတို့သည် ချက်ချင်းရောင်းပစ်ရန်အတွက် ဝယ်ယူခြင်းမျိုးဖြစ်သည်။ ရွှေကိုအများအားဖြင့် သိုလှောင်ပေးသည့်အတွက် အခကြေးငွေယူသည့် ဘဏ်တစ်ခု၌ အပ်နှံထားကြသည်။ ထိုသို့ အပ်နှံထားခြင်းဖြင့် အနုတ်လက္ခဏာ အတိုးမျိုးကိုသာ ရစေသည်။ ရွှေကို ကုန်စည်ဒိုင်များ၌ ဝယ်ယူလေ့ရှိကြသည်။ ဥပမာ နယူးယောက်ရှိ Comes လို ဒိုင်မျိုးဖြစ်သည်။ သို့မဟုတ် နိုင်ငံတကာ ဘဏ်များ ဥပမာ ဇူးရစ်(ချ်)မြို့ရှိ Credit Suisse တို့၌ ဝယ်နိုင်သည်။ ထို့နောက် အရောင်းအဝယ်များကို ကမ္ဘာတစ်ဝန်းရှိ ဖောက်သည်များသို့ အီလက်ထရောနစ်နည်းဖြင့် ဆက်သွယ်ရောင်းဝယ်ကြသည်။

ချက်ချင်းပေးရန်အတွက် ရွှေကိုဝယ်သည့်အစား ရင်းနှီးမြှုပ်နှံသူများအနေဖြင့် အနာဂတ်ကာလရက်တစ်ရက်၌ ရွှေကိုဝယ်ယူပါမည်ဟူသော သဘောတူညီချက် ပြုလုပ်နိုင်သည်။ ထိုသို့ ဝယ်ယူသည်များကို ကြိုရောင်းကြိုဝယ်စာချုပ်များ(futures contracts)ဟု ခေါ်သည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့သည် အနာဂတ်ကာလ

ရက်စွဲတစ်ခု၌ ပေးသွင်းရမည်ဟူသော သတ်မှတ်ချက်ပေါ်၌ အခြေခံ၍ ဖြစ်သည်။ အများအားဖြင့် (၃)လ ခွာလေ့ရှိသည်။ ဝယ်သူများနှင့် ရောင်းသူများအကြိုက် အတိုးအလျှော့သတ်မှတ်ထားသည့် ရက်စွဲများ ပါဝင်သည့် ကြိုရောင်းကြိုဝယ် သဘောတူညီမှု စာချုပ်များကို ရှေ့သို့စာချုပ် (forword contracts)ဟု ခေါ်သည်။

လက်ငင်းဝယ်သည့် ရွှေဈေးနှုန်းများနှင့် အနာဂတ်ကာလ၌ ရောင်းဝယ်မှု ပြုသည့် ရွှေဈေးနှုန်းများသည် ဦးတည်ချက် တစ်ဖက်တည်းသို့ သွားလေ့ရှိကြသည်။ ဈေးကွက်ထဲရှိ အခြား တန်ဖိုးရှိသည့် သတ္တုများကဲ့သို့ပင် တက်လေ့ ကျလေ့ရှိသည်။ အကယ်၍ ရွှေ၏ ဈေးကွက်ပေါက်ဈေးတက်လျှင် ကြိုရောင်းကြိုဝယ်ဈေးနှုန်း များလည်း လိုက်တက်ကြသည်။ ယေဘုယျအားဖြင့် ရွှေ၊ငွေနှင့် ရွှေဖြူတို့ကဲ့သို့ တန်ဖိုးရှိသည့် သတ္တုများ၏ ဈေးနှုန်းများသည် တညီတညွတ်တည်း တက်လေ့ ကျလေ့ ရှိကြသည်။

✇

## ၄၁။ ဆင့်ပွားများ ဆိုသည်မှာ

**What are derivatives?**

ကမ္ဘာစီးပွားရေးအဆောက်အအုံထဲ၌ ငွေချေးစာချုပ်အတော် များများတို့သည် အခြားငွေချေးစာချုပ်များ၏ တန်ဖိုးအပေါ်၌ တည်မှီနေကြသည်။ သို့ဖြစ်၍ အခြားငွေချေးစာချုပ်များ၏ တန်ဖိုးများ ပြောင်းလဲသည့်အခါ မိမိတို့၏ တန်ဖိုးများလည်း ပြောင်းလဲသွား သည်။ ဥပမာ တိုကျိုဈေးကွက်ရှိ စတော့ဈေးနှုန်းများ၊ လန်ဒန်၌ ရောင်းဝယ်သည့် စာချုပ်တစ်ခု၊ ချီကာဂိုဈေးကွက်၌ စာချုပ်၍ ရောင်းဝယ်သော ဝက်သားစသည်တို့၏ ဈေးနှုန်းများပြောင်းလဲသွား သည့်အခါဆင့်ပွား (derivative)များ၏ တန်ဖိုးသည်လည်း ပြောင်းလဲ သွားသည်။



http://www.cherrythitsar.org

စတော့ရှယ်ယာဝယ်ယူခွင့်များ (stock options)၊ငွေကြေး ကြိုတင်ရောင်းဝယ်မှုများ (financial futures) နှင့် အတိုးနှုန်းဖလှယ်မှုများ (interest rate swaps) တို့ကို ဆင့်ပွားများဟုခေါ်သည်။ အဘယ့်ကြောင့်ဆိုသော် ၎င်းတို့၏ တန်ဖိုးသည် အခြားစာရွက်စာတမ်းများ၏ တန်ဖိုးအပေါ်၌ မှီနေ၍ ဖြစ်သည်။ ဥပမာ စတော့ဝယ်ယူခွင့်တစ်ခုကို ဆင့်ပွားဟုခေါ်ရခြင်းမှာ ၎င်း၏တန်ဖိုးသည် ၎င်းကို ကျောထောက်နောက်ခံပြုထားသောစတော့များ၏ တန်ဖိုးအပေါ်၌ မူတည်နေ၍ ဖြစ်သည်။

ရင်ဆိုင်ရမည့် အန္တရာယ်ကို သေသေချာချာ စိစစ်တွက်ချက်မှုမပြုဘဲ မြန်မြန်ဆန်ဆန်အကျိုးအမြတ်ကို ရှာဖွေကြသည့် ရင်းနှီးမြှုပ်နှံသူများသည် နိုင်ငံတကာ ဈေးကွက်၌ ဆင့်ပွားကုန်သွယ်မှုများ တိုးပွားလာခြင်းကြောင့် ဒုက္ခရောက်ကြရသည်။ ၁၉၉၀ပြည့်လွန်နှစ်အစောပိုင်းများ၌ ကယ်လီဖိုးနီးယားခရိုင် ရန်ပုံငွေများ၊ဂျာမန်ကုန်သွယ်ရေး ကုမ္ပဏီများ၊ ဗြိတိသျှဘဏ်များအပါအဝင် ရင်းနှီးမြှုပ်နှံသူအတော်များများတို့သည် ဒေါ်လာသန်းပေါင်းထောင်ပေါင်းများစွာ ဆုံးရှုံးကြပြီး ထိုဆင့်ပွားများဝယ်မိသည့်အတွက် ဒေဝါလီခံကြရသည်။ ၎င်းတို့အနေဖြင့် အန္တရာယ်အနည်းငယ်နှင့်သာ တွေ့ကြုံရနိုင်ပြီး တန်ဖိုးများ တက်မည်ဟု ယူဆခဲ့သော ဆင့်ပွားများကြောင့် ဒုက္ခရောက်ခဲ့ကြရသည်။ ဈေးကွက်၏ဦးတည်မှုပြောင်းလဲသွားသည့်အခါ၊ အတိုးနှုန်းများ မြန်မြန်ဆန်ဆန် တက်ခြင်းကျခြင်းတို့ ဖြစ်သည့်အခါ ထိုဆင့်ပွားများကို ဝယ်ယူရင်းနှီးမြှုပ်နှံထားသည့် သူများသည် ၎င်းတို့ ရင်းနှီးမြှုပ်နှံထားသော ငွေကြေးများ၏ တန်ဖိုး ရုတ်တရက် တက်ခြင်းကျဆင်းများကို ကြုံတွေ့ကြရသည်။

ငွေကြေးကြိုတင်ရောင်းဝယ်မှုများ (financial futures) သည် အများဆုံး အရောင်းအဝယ်ပြုသော ဆင့်ပွားများဖြစ်ပြီး ၎င်းတို့သည်



http://www.cherrythitsar.org

နိုင်ငံတကာ ရင်းနှီးမြှုပ်နှံသူများအတွက် အကြီးအကျယ်အရှုံးအမြတ်များ ပြစေနိုင်သည်။ ကြိုတင်ရောင်းဝယ်မှု ဆိုသည်မှာ အနာဂတ်ကာလ ရက်တစ်ခုတွင် တစ်စုံတစ်ရာကို သတ်မှတ်ထားသော ဈေးနှုန်းတစ်ခုဖြင့် ဝယ်ယူရန် သဘောတူညီချက်ပင်ဖြစ်သည်။ ငွေကြေးကြိုတင်ရောင်းဝယ်မှုဆိုသည်မှာ စတော့ရှယ်ယာတစ်ခု သို့မဟုတ် ငွေချေးစာချုပ်တစ်ခုကို အနာဂတ်ကာလ၌ဝယ်ယူရန် သဘောတူညီမှုပင်ဖြစ်သည်။ အကယ်၍ ထိုစတော့ရှယ်ယာ၏ ဈေးနှုန်းများ ထိုးတက်လျှင်လည်းကောင်း၊ အတိုးနှုန်းများ မြန်မြန်ဆန်ဆန် ပြောင်းလဲသွားလျှင်လည်းကောင်း ငွေချေးစာချုပ်၏ ဈေးနှုန်းအပေါ် အကျိုးသက်ရောက်ကာ ငွေကြေးကြိုတင်ရောင်းဝယ်မှုတစ်ခု၏ တန်ဖိုးသည် သိသိသာသာ ထိုးတက်ခြင်း၊ ထိုးကျခြင်းများ ဖြစ်သွားနိုင်သည်။

အချို့ငွေကြေးကြိုတင်ရောင်းဝယ်မှုများသည် ဈေးကွက်တစ်ခုလုံးရှိ ငွေချေးစာချုပ်အားလုံးအပေါ်၌ အခြေခံထားကြသည်။ ဥပမာ စတော့အညွှန်းကိန်း ကြိုတင်ရောင်းဝယ်မှု တစ်ခုသည် စတော့အညွှန်းကိန်းများ တက်သွားရာမှ ရင်းနှီးမြှုပ်နှံသူအားလုံးအတွက် အကျိုးရှိစေနိုင်သည်။ ဥပမာ ဟောင်ကောင်ရှိ ဟန်ဆင်းဂ်အညွှန်းကိန်း (Hang Seng index)သော်လည်းကောင်း၊ နယူးယောက်ရှိ S&P 500အညွှန်းကိန်းသော်လည်းကောင်း တက်သွားလျှင် အကျိုးရှိနိုင်သည်။ စတော့အညွှန်းကိန်း ကြိုရောင်းဝယ်မှု တစ်ခုကို ဝယ်ယူထားခြင်းသည် ထိုအညွှန်းကိန်းထဲ၌ပါသော ရှယ်ယာအားလုံးကို ဝယ်ယူထားသည်နှင့် တူညီသည်။ အကယ်၍ အညွှန်းကိန်းများ၏ တန်ဖိုးတက်သွားလျှင် အညွှန်းကိန်း ကြိုရောင်းကြိုဝယ်တစ်ခုကို ပိုင်ဆိုင်ထားသည့် သူတစ်ယောက်သည် သိသိသာသာ အကျိုးအမြတ် ရှိနိုင်သည်။ ရွှေကိုအနာဂတ်အတွက် ကြိုဝယ်ထားသည့် လူတစ်ယောက်သည်



http://www.cherrythitsar.org

လက်ရှိရွှေ၏ ဈေးနှုန်းများ တက်သွားသည့်အခါ အကျိုးရှိသလိုပင် ချီကာဂို၌ S&P 500 ကြိုတင်ရောင်းဝယ်မှု တစ်ခုဝယ်ယူထားသည့် လူတစ်ယောက်သည် နယူးယောက် စတော့ဈေးကွက်၏ အညွှန်းကိန်းများ တက်လာသည့်အခါ ၎င်း၏ တန်ဖိုးလည်း တက်သွားသည်။

အခြားအသုံးများသည့် ဆင့်ပွားတစ်ခုမှာ ဖလှယ်မှု (swap) ဖြစ်သည်။ ဖလှယ်မှုသည် အခြေခံသဘောတရားမှာ ကိုယ်လိုချင်သည့် အရာတစ်ခုကို ကိုယ့်မှာ ရှိသည့်အရာတစ်ခုနှင့် ဖလှယ်ခြင်းဖြစ်သည်။ နိုင်ငံတကာငွေကြေးဈေးကွက်များ၌ ဤဖလှယ်မှုမျိုးသည် နှစ်ဦးထက်များသည့် ပုဂ္ဂိုလ်များအကြား သဘောတူညီချက်ဖြစ်သည်။ အများအားဖြင့် ဘဏ်များ၏အကြား၌ အတိုးနှုန်းကဲ့သို့သော ပေးရန်တာဝန်အမျိုးမျိုး၊ ပိုင်ဆိုင်ခွင့်အမျိုးမျိုးကို ဖလှယ်ကြခြင်းဖြစ်သည်။

အခြေခံအရပြောရလျှင် ထိုသို့ ဖလှယ်ခြင်းအားဖြင့် နှစ်ဦးနှစ်ဖက်စလုံးသည် သင့်တော်သည့် ပိုင်ဆိုင်ခွင့်များ ရရှိနိုင်သလို ၎င်းတို့၏ သက်ဆိုင်ရာ လိုအပ်ချက်တစ်မျိုးစီအလိုက် ငွေသားစီးဆင်းမှုများကို ဖြစ်ပေါ်စေနိုင်သည်။ ဘဏ်များနှင့် ပတ်သက်၍ အတိုးနှုန်းအမျိုးမျိုးရှိသော သို့မဟုတ် ငွေကြေးနောက်ခံအမျိုးမျိုး ရှိသော ချေးငွေနှစ်မျိုးကို လဲလှယ်ခြင်းဟူ၍ အဓိပ္ပာယ်ရသည်။ ဥပမာ ပြင်သစ်၌ရှိသည့် ဘဏ်တစ်ခုသည် ပြင်သစ်၌ရှိသည့် စားသုံးသူများအား ပုံသေအတိုးနှုန်းဖြင့် ငွေချေးငှားထားသည်။ ထိုချေးငွေများအတွက် လိုအပ်သည့်ငွေကိုရရှိရန် ပြင်သစ်ဘဏ်သည် အမေရိကန်ဒေါ်လာငွေများကို လက်ရှိအတိုးနှုန်းအရသော်လည်းကောင်း၊ အခါအားလျော်စွာ ပြောင်းလဲနေသည့် အတိုးနှုန်းများအရသော် လည်းကောင်း ချေးယူမည်။ ဒေါ်လာငွေဖြင့်ချေးကာ ပြင်သစ်ငွေဖြင့် ပြန်လည်ထုတ်ချေးရာမှ ပေါ်ပေါက်နိုင်သည့် အန္တရာယ်များ၊အတိုးနှုန်း နှစ်မျိုးကြုံတွေ့ရသည့် အန္တရာယ်များကို ဖယ်ရှားရန် အတွက်



http://www.cherrythitsar.org

ဘဏ်က အခြားအဖွဲ့အစည်း တစ်ခုနှင့် ဖလှယ်မှုဆိုင်ရာ သဘောတူညီချက်တစ်ခုကို ပြုလုပ်သည်။ လန်ဒန် သို့မဟုတ် မက္ကဆီကို၌ရှိသည့် ဘဏ်တစ်ခုက ပြင်သစ်ဘဏ်နှင့် ၎င်းတို့၏ လက်ရှိအတိုးနှုန်းများကို လဲလှယ်ချင်သည်။ ဤနည်းအားဖြင့် တစ်ဦးနှင့်တစ်ဦး ကိုယ်လိုချင်သည့်အတိုင်း ဖလှယ်သည့် သဘောတူညီမှုတစ်ခုကို ရရှိကြသည်။

သဘောတရားအရပြောရလျှင် ဤဆင့်ပွားများကြောင့် အဖွဲ့အစည်းများနှင့် ရင်းနှီးမြှုပ်နှံသူများအနေဖြင့် ၎င်းတို့အလိုရှိသည့် အကျိုးအမြတ်များများကို အန္တရာယ်အနည်းဆုံးဖြင့် ရရှိနိုင်သည်။ အဘယ်ကြောင့်ဆိုသော် ထိုဆင့်ပွားများထက် ကမ္ဘာ့ဈေးကွက်သည် အလွန်ရှုပ်ထွေးလာသဖြင့် ရင်းနှီးမြှုပ်နှံသူများအနေဖြင့် “ဝယ်ယူသူက သတိထား”ဆိုသော ဆောင်ပုဒ်အတိုင်း ဆောင်ရွက်ရသည်။ အထူးသဖြင့် အခြားသူများ၏ ငွေကြေးများကို စီမံခန့်ခွဲနေရသော ရင်းနှီးမြှုပ်နှံသူများအပါအဝင် ရင်းနှီးမြှုပ်နှံသူများအားလုံးတို့အနေဖြင့် ထိုဆင့်ပွားများ ရောင်းဝယ် သည့်လောက၏ အပြောင်းအလဲမြန်သော စွန့်စားရသော သဘောကို နားလည်ပြီးမှသာ ဝင်ရောက်ဆောင်ရွက်တတ်ကြသည်။

✇

## ၄၂။ ရွေးချယ်ခွင့် ဆိုသည်မှာ

**What is an prtion?**

ရွေးချယ်ခွင့်ဆိုသည်မှာ အနာဂတ်ကာလတွင် အာမခံထားသည့် ဈေးနှုန်းတစ်စုံတစ်ရာ၌ တစ်စုံတစ်ခု ဝယ်ယူခွင့်ကို ဆိုလိုသည်။ ရွေးချယ်ခွင့်ဟုဆိုသည့်အတိုင်းပင် မဝယ်မနေရ သို့-- မဟုတ် မရောင်း မနေရဟု သတ်မှတ်ထားသည့် သဘောမရှိပေ။ ဝယ်လိုက ဝယ်၍ ရောင်းလိုက ရောင်းခွင့်ပေးထားခြင်းဖြစ်သည်။ ဥပမာ ဈေးနှုန်းများ အတက်အကျများနေသည့်အခါမျိုး၌ ထုတ်ကုန်ပစ္စည်း



http://www.cherrythitsar.org

တစ်ခုကို အာမခံပေးထားသည့် ဈေးနှုန်းတစ်ခု၌ ဝယ်ယူခွင့် ရရှိခြင်း အားဖြင့် အကျိုးရှိသည်။ အကယ်၍ သင့်တော်သည့် ဈေးနှုန်း တစ်ခု၌ ကိုယ် ဝယ်လိုလျှင် ဝယ်ယူခွင့်ကို ရရှိနိုင်သည်။

ထိုရွေးချယ်ခွင့် (option)တစ်ခုကို အသုံးချသည့်အခါ အကျိုး အမြတ်ရှိမှသာ အသုံးချခြင်းဖြစ်သည်။ သို့ဖြစ်၍ ကျွန်ုပ်တို့ အနေဖြင့် ထိုရွေးချယ်ခွင့် များနိုင်သမျှ များများရှိလေ ကောင်းလေဖြစ်သည်။ အကယ်၍ ပြိုင်မြင်းပိုင်ရှင်တစ်ယောက်အနေဖြင့် အသစ်ဖောက်ထား သည့် မြင်းမျိုးဆက်သစ်များကို ဈေးနှုန်းတစ်ခု၌ ဝယ်ယူခွင့်ရထားလျှင် အကယ်၍ ထိုမြင်းသည် ကင်တပ်ကီပြည်နယ် ဒါဘီမြင်းပြိုင်ပွဲ၌ အနိုင်ရရှိပါက ဝယ်ယူခွင့်ရရှိနိုင်သည်။ သို့မဟုတ် နယူးဇီလန်ရှိ သိုးခြံပိုင်ရှင်တစ်ဦးသည် ရာသီကုန်ဆုံးသည့်အခါတိုင်း အခါတိုင်း၌ သိုးမွေးများကို ဈေးနှုန်းတစ်ခု၌ ရောင်းချခွင့်ရရှိထားလျှင် သိုးမွေး ဈေးနှုန်းများ ကျဆင်းသွားသည့်တိုင် အကျိုးရှိစေနိုင်သည်။

ငွေကြေးဈေးကွက်ထဲ၌ တန်ဖိုးရှိသည့်အရာမှန်သမျှ အခမဲ့ မရရှိပေ။ ထို့အတူပင် ယခုဝယ်ယူခွင့်၊ ရောင်းချခွင့်များသည်လည်း ငွေကြေးအကုန်အကျရှိသည်။ ရွေးချယ်ခွင့်တစ်ခုကို ရောင်းချသူသည် ထိုရွေးချယ်ခွင့်ကို အသုံးချရာ၌ ကြုံတွေ့မည့် အန္တရာယ်အတွက် ပေးချေခြင်းဖြစ်သည်။ အခြားတစ်ဖက်၌ ရွေးချယ်ခွင့် တစ်ခုကို ဝယ်ယူသူသည် သူ့အတွက် အကျိုးရှိမှသာလျှင် ထိုရွေးချယ်ခွင့်ကို အသုံးပြုမည်ဖြစ်သည်။ ဥပမာ လက်ရှိပေါက်ဈေးထက် မြင့်မား နေသည့် ဈေးနှုန်းတစ်ခုရှိမှသာ ရောင်းချမည်ဖြစ်သည်။ သို့ဖြစ်၍ ရွေးချယ်ခွင့်များကို ဝယ်ယူသူအနေဖြင့် ထို့အတွက် တစ်စုံတစ်ရာ ပေးချေလိုသည်။ ယေဘုယျအားဖြင့်ဆိုလျှင် ရွေးချယ်ခွင့်ကို ဝယ်ယူထားသည့် အကျိုးအမြတ်သည် ရွေးချယ်ခွင့်ကို ရောင်းချသူ၏ အရှုံးနှင့်အတူတူပင် ဖြစ်သည်။ တစ်နည်းအားဖြင့် ပြောရလျှင်



http://www.cherrythitsar.org

ရွေးချယ်ခွင့်ကို ရောင်းချသူ၏အမြတ်သည် ရွေးချယ်ခွင့်ကို ဝယ်ယူသူ၏ အရှုံးပင်ဖြစ်သည်။

အကယ်၍ သတ်မှတ်ထားသည့်အချိန်ကာလအတွင်း၌ ထိုရွေးချယ်ခွင့်ကို ဝယ်ယူထားသူက အသုံးမပြုလျှင် ထိုရွေးချယ်ခွင့်ကို ဝယ်ယူထားသည့်အတွက် ကုန်ကျသည့်ငွေများ ဆုံးရှုံးသည်။ အကယ်၍ သိုးမွေးဈေးနှုန်းများသည် မူလဝယ်ယူထားစဉ်က အာမခံသည့်နှုန်းထက်မြင့်သွားလျှင် နယူးဇီလန်သိုးမွေးခြံပိုင်ရှင်အနေဖြင့် ၎င်း၏ သိုးမွေးများကို ဈေးကွက်ထဲ၌ တင်၍ ရောင်းချမည်။ ဝယ်ယူထားသည့် ရောင်းချခွင့်များကို အသုံးမပြုဘဲ သက်တမ်းကုန်သွားစေလိမ့်မည်။

ထိုရွေးချယ်ခွင့်များကို တန်ဖိုးဖြတ်သည့် နည်းလမ်းပေါင်းများစွာ ရှိသည်။ သို့သော် ထိုရွေးချယ်ခွင့်များကို အသုံးပြုရန် အလားအလာ ရှိမှုမရှိမှုအပေါ်၌ အများအားဖြင့် မူတည်သည်။ မည်သူကမျှ အသုံးပြုလိမ့်မည်ဟု မျှော်လင့်ခြင်းမရှိသော ရွေးချယ်ခွင့်တစ်ခုသည် ဈေးအနည်းငယ်သာ ပေးရသည်။ သို့သော် ထိုရွေးချယ်ခွင့်ကို အသုံးပြုရန်အတွက် အလားအလာများလျှင် ထိုရွေးချယ်ခွင့်သည် အလွန်ဈေးကြီးလိမ့်မည်။ ဥပမာ ထီးရောင်းချရန် ရွေးချယ်ခွင့် တစ်ခုသည် လော့စ်အိန်ဂလိစ် နွေရာသီမှာထက် လန်ဒန်က ဆောင်းရာသီ၌ ပို၍ တန်ဖိုးရှိသည်။

မသေချာမရေရာမှုရှိသော အရာအားလုံးအတွက် ရွေးချယ်ခွင့်များကို ဖန်တီးနိုင်သည်။ စတော့ရှယ်ယာတစ်ခု၏ ဈေးနှုန်းတက်မည် ကျမည်ကို မည်သူမျှမသိ။ ထိုနည်းအားဖြင့် ဝယ်ခွင့် သို့မဟုတ် ရောင်းခွင့်များကို ဝယ်တတ်ကြ ရောင်းတတ်ကြသည်။ မိမိတို့ မှန်းဆထားသည့်အတိုင်း ဈေးနှုန်းများ ပြောင်းလဲလျှင် ထိုစတော့ ရွေးချယ်ခွင့် ကိုင်ဆောင်ထားသည့်သူသည် ၎င်း၏ အခွင့်အရေးအတွက် အသုံးချခြင်းဖြင့် သိသိသာသာအကျိုးအမြတ် ရှိနိုင်သည်။

## ယနေ့မန္တလေးစာအုပ်တိုက်

http://www.cherrythitsar.org

သို့ဖြစ်၍ ရွေးချယ်ခွင့်တစ်ခု၏ တန်ဖိုးသည် နောက်ပိုင်း၌ရှိသည့် ပိုင်ဆိုင်ခွင့်တစ်ခု သို့မဟုတ် စတော့ရှယ်ယာတစ်ခု သို့မဟုတ် ကုန်စည်တစ်ခု၏ တန်ဖိုးအတက်အကျပေါ် မူတည်၍ အခြေခံအား ဖြင့် တည်နေသည်။

ထိုရွေးချယ်ခွင့် (option)တစ်ခု၏ တန်ဖိုးကို ဩဇာလွှမ်းမိုးသည့် အကြောင်းတရား နှစ်ခုရှိသေးသည်။ တစ်ခုမှာ ထိုရွေးချယ်ခွင့် ရောင်းဝယ်ထားသည့် ပိုင်ဆိုင်မှု၏ တန်ဖိုးအတက်အကျ ပမာဏ ဖြစ်သည်။ အခြားအကြောင်းတရားတစ်ခုမှာ အချိန်တန်ဖိုး (time value) ဖြစ်သည်။ ထိုရွေးချယ်ခွင့်ကို အသုံးပြုနိုင်သည့် အချိန် ကာလအပေါ်မူတည်၍လည်း ထိုရွေးချယ်ခွင့်တန်ဖိုးအနည်းအများ ရှိနိုင်သည်။ ဈေးနှုန်းအတက်အကျ အလွန်မြန်ဆန်လေ့ရှိသော ပစ္စည်းတစ်ခုအပေါ်၌ အခြေခံသည့် ရွေးချယ်ခွင့် တစ်ခုသည် တန်ဖိုးအနည်းငယ်သာ ပြောင်းလဲမှုရှိသည့် ပစ္စည်းအပေါ်၌ အခြေခံ သည့် ရွေးချယ်ခွင့်တစ်ခုထက် ပို၍တန်ကြေးရှိသည်။ အလားတူပင် လအနည်းငယ်သာ အသုံးပြုနိုင်သည့် ရွေးချယ်ခွင့်ထက် နှစ်ပေါင်း များစွာ အသုံးပြုနိုင်သည့် ရွေးချယ်ခွင့်က ပို၍ တန်ကြေးရှိသည်။

ရွေးချယ်ခွင့်များကို ရွေးချယ်ရာ၌ ရင်းနှီးမြှုပ်နှံသူများအနေဖြင့် ဂရုစိုက်ရသည်။ အဘယ့်ကြောင့်ဆိုသော် ၎င်းတို့သည် ၎င်းတို့ အခြေခံထားရာ ပိုင်ဆိုင်ပစ္စည်းများထက် ပို၍ အတတ်အကျ မြန်သောကြောင့် ဖြစ်သည်။ စတော့ရှယ်ယာရွေးချယ်ခွင့်တစ်ခုသည် စတော့ရှယ်ယာပေါင်းများစွာကို ဝယ်ခွင့် ရောင်းခွင့်ကို ကိုယ်စားပြု သဖြင့် ၎င်း၏ ဈေးနှုန်းများသည် မူလစတော့ဈေးနှုန်းများထက်ပို၍ မြန်မြန် တက်လေ့ ကျလေ့ ရှိကြသည်။

ကမ္ဘာပေါ်၌ ပထမဆုံး ရွေးချယ်ခွင့်များကို ရှေးခေတ်က စိုက်ပျိုး ရေးအဓိကထားသည့် လူမှုရေးအဖွဲ့အစည်းများ၌ အသုံးပြုခဲ့ကြပုံ



http://www.cherrythitsar.org

ရသည်။ ဂျုံများ သို့မဟုတ် စပျစ်သီးများ၏ ဈေးနှုန်းအပြောင်း အလဲများကို အကာအကွယ်ပြုရန်အတွက် လယ်သမားများအနေဖြင့် လက်ဆွဲနှုတ်ဆက်ရုံမျှဖြင့် ရွေးချယ်ခွင့်များကို အရောင်းအဝယ်ပြု တတ်ကြသည်။ ကျယ်ပြန့်လာသည့် ကမ္ဘာ့စီးပွားရေးအဆောက်အအုံ၌ ချီကာဂိုမှ ဟောင်ကောင်အထိ နိုင်ငံတကာ ရွေးချယ်ခွင့်ဈေးကွက် များသည် ကျယ်ပြန့်လာခဲ့သည်။ ထုတ်ကုန်ပစ္စည်းအမျိုးမျိုး၊ နိုင်ငံခြား ငွေကြေးအမျိုးမျိုး၊ နိုင်ငံခြားအစုရှယ်ယာအမျိုးမျိုး၊ အခြားငွေချေး စာချုပ်စာတမ်းများ စသည်တို့အပေါ်၌ အခြေခံသော ရွေးချယ်ခွင့် အမျိုးမျိုးပေါ်ပေါက်လာခဲ့သည်။ စတော့အညွှန်းကိန်းများ၊ ကြိုရောင်း ကြိုဝယ်မှုများ၊ အတိုးနှုန်းများအပေါ်၌ပါ ရွေးချယ်ခွင့် အရောင်း အဝယ်များ ဖြစ်ပေါ်လာခဲ့သည်။

✇

## ၄၃။ အလိုက်နှင့် အခေါ် ဆိုသည်မှာ

**What are puts and calls?**

နိုင်ငံတကာဈေးကွက်များသည် ရွေးချယ်ခွင့် (options)ရောင်း ဝယ်မှုများကြောင့် သိသိသာသာ တိုးတက်လာခဲ့သည်။ ကမ္ဘာ့ဈေး ကွက်ထဲရှိ ရင်းနှီးမြှုပ်နှံသူများအနေဖြင့် ဆိုနီစတော့များမှစ၍ ဆော်ဒီအာရေဗျ ရေနံစိမ်းနှင့် စင်ကာပူဒေါ်လာအဆုံး အစစ အရာရာဆိုသလိုပင် ရွေးချယ်မြှုပ်နှံစရာ မျိုးစုံရှိကြသည်။ ဥပမာ ဆီယက်တယ်လ်ရှိ ကော်ဖီကုမ္ပဏီတစ်ခုအနေဖြင့် ဆောပေါလ်လို၍ လည်းကောင်း၊ နယူးယောက်၌လည်းကောင်း ကော်ဖီရွေးချယ်ခွင့်များ ဝယ်ယူကာ မလိုလားအပ်သည့် ဈေးကွက်လှုပ်ရှားမှုများ၏ ဒဏ်ကို ကာကွယ်စောင့်ရှောက်နိုင်သည်။ ထိုသို့ ဝယ်ယူခြင်းအားဖြင့် အဆိုး ဆုံးဖြစ်နိုင်သည့်ကိစ္စမှာ စောစောစီးစီးကဝယ်ယူထားသော ရွေးချယ်ခွင့်



http://www.cherrythitsar.org

များ၏ တန်ဖိုးကိုသာ ဆုံးရှုံးနိုင်သည်။

အခေါ်ရွေးချယ်ခွင့် (call option) က ထိုရွေးချယ်ခွင့်ကို ကိုင်ဆောင်ထားသူများအား ဝယ်ယူခွင့်ရရှိစေသည်။ အနာဂတ်ကာလ အချိန်ကာလတစ်ခုတွင် ဈေးနှုန်းတစ်ခု၌ ဝယ်ယူခွင့်ရရှိသည်။ အလိုက်ရွေးချယ်ခွင့် (put option) ကို ကိုင်ဆောင်ထားသူသည် ရောင်းချခွင့်ရှိသည်။ အကယ်၍ ဆက်လက်ထိန်းသိမ်းရန် မသင့်တော်တော့ဟု ယူဆလျှင် ရွေးချယ်ခွင့် ရောင်းသူလက်ထဲသို့ ထည့်နိုင်သည်။

နိုင်ငံတကာဈေးကွက်ထဲ၌ လူသိအများဆုံးရွေးချယ်ခွင့်များမှာ အစုရှယ်ယာတစ်စုံတစ်ရာကို ဝယ်ယူခွင့်များဖြစ်သည်။ ၎င်းတို့ကို နောက်ဆုံးပေးသည့် ရှယ်ယာများ (underlying sharer)ဟု ခေါ်သည်။ ထိုအစုရှယ်ယာများကို အနာဂတ်ကာလတစ်ချိန်ချိန်၌ ဈေးနှုန်းတစ်ခုဖြင့် ဝယ်ယူခွင့်ပြုခြင်းပင်ဖြစ်သည်။ သဘာဝကျစွာပင် အခေါ်ရွေးချယ်ခွင့်တစ်ခုသည် အစုရှယ်ယာများ၏ ဈေးနှုန်းတက်သောအခါ ၎င်း၏ တန်ဖိုးလည်း တက်သွားသည်။

အခြားတစ်ဖက်၌ အလိုက်ရွေးချယ်ခွင့် (put options)များသည် ပုံသေ ဈေးနှုန်းတစ်ခု၌ အစုရှယ်ယာများကို ရောင်းချခွင့်ပေးသည်။ အကယ်၍ နောက်ပိုင်းရှိ စတော့ရှယ်ယာများ၏ ဈေးနှုန်းများ ကျဆင်းသွားလျှင် အလိုက်ဈေးနှုန်းများအတိုင်းရောင်းချခွင့်ရ၍ အကျိုးရှိစေနိုင်သည်။ ထိုအခါအလိုက်ရွေးချယ်ခွင့်များ၍ တန်ဖိုးသည် တက်သွားမည်။

အခေါ်ရွေးချယ်ခွင့် (call options) များကို မည်သူများက ဝယ်ယူကြသနည်း။ နောက်ပိုင်းရှိ ပိုင်ဆိုင်ခွင့်များ၏ ဈေးနှုန်းတက်မည်ဟု ယူဆသူများက ဝယ်လေ့ရှိသည်။ အကယ်၍ အစုရှယ်ယာများ၏ ဈေးနှုန်း သိသိသာသာမြင့်မားသွားလျှင် အခေါ်ဝယ်ယူခွင့်ကို ကိုင်ဆောင်ထားသူအနေဖြင့် ဈေးကွက်ပေါက်ဈေးထက် နိမ့်ကျသော



http://www.cherrythitsar.org

ဈေးနှုန်းတစ်ခု၌ ရှယ်ယာများဝယ်ယူနိုင်သည်။ ၎င်းရှယ်ယာများကို ဈေးကွက်၌ အမြတ်ရယူ၍ ပြန်လည်ရောင်းချနိုင်သည်။ တန်ဖိုးရှိသည့် အခေါ်ရွေးချယ်ခွင့်ကို ကိုင်ဆောင်ထားသူ တစ်ယောက်သည် ၎င်း ရွေးချယ်ခွင့်ကို အခြားသူတစ်ယောက်အား အမြတ်ယူ၍ ရောင်းချ နိုင်သည်။ ထိုရွေးချယ်ခွင့်ကို ကိုယ်တိုင် ကျင့်သုံးရသည့် အတွက် ကြုံတွေ့နိုင်သည့် ဗာဟီရကိစ္စများကို ရှောင်ရှားနိုင်သည်။

အလိုက်ရွေးချယ်ခွင့် (put options) များကို မည်သူများက ဝယ်ယူကြသနည်း။ နောက်ပိုင်းရှိ ပိုင်ဆိုင်ခွင့်များ၏ ဈေးနှုန်းများ ကျဆင်းမည်ဟု ယူဆသူများက ဝယ်ယူတတ်ကြသည်။ အကယ်၍ အစုရှယ်ယာ တစ်ခု၏ ဈေးနှုန်းသည် သိသိသာသာကြီး ကျဆင်းသွား လျှင် အလိုက်ရွေးချယ်ခွင့်ကို ကိုင်ဆောင်ထားသူတစ်ယောက် အနေ ဖြင့် ဈေးကွက်ထဲ၌ အစုရှယ်ယာများကို ပြန်ဝယ်ကာ မြင့်မားသည့် ဈေးနှုန်းတစ်ခု၌ ပြန်ရောင်းမည့် အခွင့်ကို အသုံးချမည်။ တန်ဖိုးရှိသည့် အလိုက်ရွေးချယ်ခွင့်ကို ကိုင်ဆောင်ထားသူ တစ်ယောက်သည် ၎င်းရွေးချယ်ခွင့်များကို အခြားသူတစ်ယောက်အား အမြတ်တင်၍ ရောင်းနိုင်သည်။ တစ်နည်းအားဖြင့် ကိုယ်တိုင် ကျင့်သုံးရာ၌ တွေ့ကြုံ ရမည့် ဗာဟီရကိစ္စများကို ရှောင်ရှားနိုင်သည်။

ဤအလိုက်နှင့်အခေါ် ရွေးချယ်ခွင့်များကြောင့် ရင်းနှီးမြှုပ်နှံသူ တစ်ယောက်အတွက် များစွာအကျိုးရှိစေသည်။ အစုရှယ်ယာကြီး တစ်ခုလုံး၏ တန်ဖိုးကို ပေးချေ၍ ဝယ်ခြင်း ရောင်းခြင်းပြုရန် အတွက် ငွေကြေးအမြောက်အမြား ကုန်ကျခြင်းမပြုဘဲ ရွေးချယ်ခွင့် များကိုသာ အနည်းငယ်မျှသာ မြှုပ်နှံ၍ ဝယ်ယူနိုင်ကာ သူမျှော်မှန်း ထားသည့်အတိုင်း ဈေးကွက်က ရွေ့လျားခြင်းပြုလျှင် သိသိသာသာ အကျိုးကျေးဇူး ရှိနိုင်သည်။

✇

**ယနေ့မန္တလေးစာအုပ်တိုက်**

## ၄၄။ ငွေကြေးရွေးချယ်ခွင့် ဆိုသည်မှာ

**What is a currency option?**

ပြည်ပသို့ခရီးသွားရန်စီစဉ်နေသူတစ်ဦး သို့မဟုတ် အခြားနိုင်ငံတစ်ခု၌ စီးပွားရေးလုပ်ငန်းလုပ်ရန် စီစဉ်နေသူတစ်ဦး အနေဖြင့် ငွေဖလှယ်သည့်အခါ နိုင်ငံခြားငွေတန်ဖိုး မည်မျှရှိမည်ကို သိလိုကြပေလိမ့်မည်။ မိမိမလိုလားမနှစ်သက်သည့် ငွေကြေးဈေးနှုန်း အတက်အကျများသည် ချီလီမှ စပျစ်သီးများကိုသော်လည်းကောင်း၊ ဂျာမနီမှ BMW ကားတင်သွင်းမှုကိုသော်လည်းကောင်း အလွန်အကျူးဈေးကြီးသွားစေနိုင်သည်။

ငွေကြေးရွေးချယ်ခွင့် (currency option) များသည် တစ်ဦးချင်းရင်းနှီးမြှုပ်နှံသူများ၊ စီးပွားရေးလုပ်ငန်းများ၊ ကုန်သည်များအား နိုင်ငံခြားငွေ အပြောင်းအလဲများမှ အကျိုးကျေးဇူးရှိစေနိုင်သည်။ ငွေကြေးရွေးချယ်ခွင့်များကို ဝယ်ခြင်း၊ ရောင်းခြင်းအားဖြင့် အနာဂတ်ကာလအချိန်တစ်ခုတွင် အမေရိကန်ဒေါ်လာတစ်ဒေါ်လာက ဝယ်ယူနိုင်မည့် ဂျပန်ယန်းငွေကိုသော်လည်းကောင်း၊ ဆွစ်ဖရန့်ငွေကိုသော်လည်းကောင်း တိတိကျကျ ကြိုတင်၍ ပုံသေသတ်မှတ်ထားနိုင်သည်။

အခြားရွေးချယ်ခွင့်များ (other options) ကဲ့သို့ပင် ငွေကြေးရွေးချယ်ခွင့်သည်လည်း ထိုရွေးချယ်ခွင့်ကို ကိုင်ဆောင်ထားသူအား ငွေကြေးတစ်စုံတစ်ရာကို ပုံသေသတ်မှတ်ထားသည့် ဈေးနှုန်းတစ်ခု၌ ဝယ်ယူခွင့် ရောင်းချခွင့်ကို ပေးအပ်ထားသည်။ မဝယ်မနေရ မရောင်းမနေရ ဟူသော တာဝန်သတ်မှတ်ချက်မျိုး မရှိပေ။ အများဆုံးအသုံးပြုနေကြသည့် ငွေကြေးရွေးချယ်ခွင့်များသည် ဆွစ်ဖရန့်၊ ပြင်သစ်ဖရန့်၊ ဂျာမန်မတ်၊ ဗြိတိသျှ ပေါင်စတာလင်နှင့် ဂျပန်ယန်းငွေများ၏ အမေရိကန်ဈေးနှုန်းအပေါ်၌ အခြေခံသည်။

နိုင်ငံတကာဈေးကွက်ထဲရှိ အခြားသော ရင်းနှီးမြှုပ်နှံမှုများ



http://www.cherrythitsar.org

အားလုံးကဲ့သို့ပင် ငွေကြေးရွေးချယ်ခွင့်များကိုလည်း စျေးကစားရန်အတွက် အသုံးပြုနိုင်သည်။ နိုင်ငံခြားငွေကြေးတစ်ခု၏ စျေးနှုန်းသည် တက်တော့မည်ဟု ယုံကြည်သော ရင်းနှီးမြှုပ်နှံသူတစ်ယောက်အနေဖြင့် ထိုငွေကြေးရွေးချယ်ခွင့်တစ်ခုကို ဝယ်ယူကာ သူမှန်းဆသည့်အတိုင်း မှန်ကန်လာလျှင် အကျိုးအမြတ် ရရှိနိုင်သည်။ ထိုငွေကြေး၏ စျေးနှုန်းတက်သွားလျှင် ရွေးချယ်ခွင့်ကို ကိုင်ဆောင်ထားသူအနေဖြင့် အကျိုးအမြတ်ရှိနိုင်သည်။ ဥပမာ အကယ်၍ ဂျာမန်မတ်ငွေ၏ စျေးတက်သွားလျှင် ၎င်း၏ ဒေါ်လာတန်ဖိုးတက်သွားပြီး ဂျာမန်မတ်ငွေ အခေါ်ရွေးချယ်ခွင့်ကို ကိုင်ဆောင်ထားသူအနေဖြင့် အကျိုးကျေးဇူးရှိနိုင်သည်။

သွင်းကုန်လုပ်ငန်းရှင်များ၊ ပို့ကုန်လုပ်ငန်းရှင်များက နိုင်ငံခြားငွေ၏ တန်ဖိုးများ ပြောင်းလဲမှုကြောင့် ထိခိုက်စရာကိစ္စမျိုး ကြုံလာသည့်အခါတွင်လည်း ငွေကြေးရွေးချယ်ခွင့်များကို အသုံးပြုကာ အန္တရာယ်များမှ ကာကွယ်ထားနိုင်သည်။ ဥပမာ ဂျာမန်ကားတစ်စီးကို ဝယ်ယူမည်ဟု တွက်ဆနေသူပြင်ဆင်နေသူတက္ကဆတ်ပြည်နယ်သားတစ်ယောက်အနေဖြင့် ဂျာမန်မတ်ငွေအခေါ်ရွေးချယ်ခွင့်ကို ဝယ်ယူထားက ထိုသွင်းကုန်၏ အမေရိကန်ဒေါ်လာဖြင့် ချင့်တွက်လျှင် ရရှိသော တန်ဖိုး မပြောင်းလဲရန် စိတ်ချလက်ချ နေနိုင်သည်။ ဤနည်းအားဖြင့် အမှန်တကယ် မော်တော်ကားကို မဝယ်ယူမီ ဂျာမန်ဒွိုက်ချ်မတ်ငွေတန်ဖိုးပြောင်းလဲခြင်းကြောင့် ဖြစ်ပေါ်နိုင်သည့် ဆုံးရှုံးမှုတစ်စုံတစ်ရာကို ကာကွယ်တားဆီးနိုင်သည်။

အကယ်၍ ငွေကြေးတစ်ခု၏ တန်ဖိုးကျသွားလျှင် ရောင်းချရန်ရွေးချယ်ခွင့်တစ်ခု၏ တန်ဖိုးသည် ပို၍ တန်ဖိုးရှိလာသည်။ တစ်နည်းအားဖြင့် အလိုက်ရွေးချယ်ခွင့် (put option) တစ်ခု၏ တန်ဖိုးသည် ပို၍တန်ဖိုးကြီးလာသည်။ ဥပမာ ဆွစ်ဖရန့် ငွေအလိုက်

ရွေးချယ်ခွင့်တစ်ခုသည် အနာဂတ်ကာလ၌ ဆွစ်ဖရန့်ငွေကို ပုံသေဈေးနှုန်းတစ်ခုဖြင့် ရောင်းချခွင့်ပြုရာ နိုင်ငံတကာ ဈေးကွက်၌ ဆွစ်ဖရန့်ငွေ၏တန်ဖိုးကျဆင်းသွားလျှင် သူ့အနေဖြင့် ပို၍ အကျိုးအမြတ်ရှိပေမည်။ ကျဆင်းသွားသည့်တိုင် ဈေးမြင့်မြင့်ဖြင့် ရောင်းချခွင့်ရှိနေပေသည်။

တက္ကဆတ်ကွန်ပျူတာထုတ်လုပ်သူ တစ်ယောက်အနေဖြင့် ဆွစ်ဇာလန် ကွန်ပျူတာများ ရောင်းချရန် ပြင်ဆင်နေသည်။ သူ့အနေဖြင့် အနာဂတ်၌ တကယ်တမ်းရောင်းချသည့်အခါ သူရောင်းသောပစ္စည်းများ၏ အမေရိကန်ဒေါ်လာဖြင့် ချင့်တွက်ရသည့် ရမည့်တန်ဖိုးကျမသွားရန်အတွက် ဆွစ်ဖရန့် အလိုက် ရွေးချယ်ခွင့်ကို ဝယ်ယူထားနိုင်သည်။ ဤနည်းအားဖြင့် ကွန်ပျူတာများကို ဈေးရစ်၌ အမှန်တကယ် ရောင်းချသည့်အခါ ဆွစ်ဖရန့်ငွေ၏တန်ဖိုး ကျဆင်းလာလျှင် ကြုံတွေ့ရမည့် အဆုံးအရှုံးများမှ ရှောင်ရှားနိုင်သည်။

ကမ္ဘာ့စီးပွားရေးအဆောက်အအုံမှ ငွေကြေးရရှိကြသည့် ပို့ကုန်တင်ပို့ရောင်းချသူများအနေဖြင့် မိမိတို့ဒေသသုံးငွေကြေးဖြင့် တွက်လျှင် အကျိုးအမြတ် မည်မျှရှိမည်ကို သိချင်ကြသည်။ ကုမ္ပဏီအတော်များများသည် ကုမ္ပဏီငယ်လေးပင်ဖြစ်လင့်ကစား မလိုလားအပ်သည့် ငွေကြေးပြုပြင်ပြောင်းလဲမှုများမှ မိမိတို့ ရရှိသည့် ဝင်ငွေများ ထိခိုက်မှုမဖြစ်စေရန်အတွက် ငွေကြေးရွေးချယ်ခွင့်များကို ဝယ်ယူထားလေ့ရှိကြသည်။ ကမ္ဘာ့ကုန်သွယ်မှုသည် ကုမ္ပဏီအများစု၏ အကျိုးအမြတ်ကို ဖြည့်ဆည်းပေးသည်ဖြစ်ရာ ဤကဲ့သို့ ငွေကြေးရွေးချယ်ခွင့်များကို ဝယ်ယူထားခြင်းအားဖြင့် ကမ္ဘာ့စီးပွားရေး အဆောက်အအုံကို တိုးတက်လာစေနိုင်သည်။ နိုင်ငံတကာ ဈေးကွက်အတွင်း ငွေကြေးအမျိုးမျိုးကို သုံးစွဲရာမှ ကြုံတွေ့ရသော အခက်အခဲများကို ကျော်လွှားနိုင်သည်။

✇

**ယနေ့မန္တလေးစာအုပ်တိုက်**

## ၄၅။ ဝရမ်းဆိုသည်မှာ

**What is a warrant?**

ရှေးက အနောက်နိုင်ငံများ၌ ရာဇဝတ်သားတစ်ယောက်ကို လိုက်လံဖမ်းဆီးသူတစ်ယောက်က "ငါမင်းကို ဖမ်းဖို့ဝရမ်းရှိတယ်"ဟု ပြော၍ ဖမ်းဆီးနိုင်သည်။ ထိုလိုက်လံဖမ်းဆီးသည့် ဝရမ်းသည် ယနေ့ခေတ်၌ ကိုင်ဆောင်ထားသူအား အချို့သော အခွင့်အရေးများကိုပေးသည့် ငွေရေးကြေးရေးဝရမ်းများနှင့် အတူတူပင်ဖြစ်သည်။ ရှေးက ထုတ်ပေးသည့် ဝရမ်းမျိုးသည် ရာဇဝတ်သားတစ်ယောက်အား ဖမ်းဆီးခွင့် ခွင့်ပြုသလို ကမ္ဘာ့ငွေကြေးဈေးကွက်၌ ရှိသည့် ဝရမ်းတော်တော်များများတို့သည် ထိုဝရမ်းကို ကိုင်ဆောင်ထားသူအား ကုမ္ပဏီတစ်ခု၏ အစုရှယ်ယာများကို ဝယ်ယူခွင့်ရှိသည်။

အစုရှယ်ယာဝယ်ယူခွင့် ဝရမ်းများသည် ထိုဝရမ်းကို ဝယ်ယူကိုင်ဆောင်ထားသူများအား အချိန်ကာလတစ်ခုအတွင်း ကုမ္ပဏီတစ်ခု၏ အစုရှယ်ယာများကို ဈေးနှုန်းတစ်ခု၌ ဝယ်ယူခွင့်ပြုသည်။ ဤဝရမ်းများသည် သာမန်စတော့ရွေးချယ်ခွင့်များနှင့် မတူညီပေ။ ဝရမ်းများကို ကုမ္ပဏီက တိုက်ရိုက်ထုတ်ဝေရောင်းချခြင်းဖြစ်သည်။ ထိုသို့ ထုတ်ဝေရောင်းချရာ၌ ငွေချေးစာချုပ်ထုတ်ဝေရောင်းချခြင်းနှင့် တွဲ၍ ရောင်းချလေ့ရှိကြသည်။

ဝရမ်းများကို ငွေချေးစာချုပ်များနှင့်တွဲ၍ ထားနိုင်သည်။ ထိုနည်းအားဖြင့် ရင်းနှီးမြှုပ်နှံသူတစ်ယောက်အား ငွေချေးစာချုပ်များကို အတိုးနှုန်းသက်သက်သာသာဖြင့် ဝယ်ယူရန် မက်လုံးပေးလိုက်ရာရောက်သည်။ ဥပမာ ဂျပန်ကုမ္ပဏီများသည် ငွေချေးစာချုပ်များကို ထုတ်ပေးရာ၌ အစုရှယ်ယာဝယ်ယူခွင့် (equity warrants) များကို တွဲဖက်၍ ပေးတတ်သည်။ ဤနည်းအားဖြင့် ရင်းနှီးမြှုပ်နှံ သူများအား ကုမ္ပဏီအစုရှယ်ယာများဝယ်ယူရန် အခွင့်အရေးပေးရာရောက်သည်။

**ယနေ့မန္တလေးစာအုပ်တိုက်**

http://www.cherrythitsar.org

အခြားရွေးချယ်ခွင့်များကဲ့သို့ပင် ဝရမ်းများကို အစုရှယ်ယာ ဈေးနှုန်းများ လက်ရှိဈေးနှုန်းထက် တက်နေသည့်အခါများမှသာ အသုံးပြုသည်။ အကယ်၍ ဈေးကွက်ထဲ၌ အစုရှယ်ယာများ၏ ဈေးနှုန်းသည် ထိုးတက်သွားပြီး ဝရမ်းများ၌ သတ်မှတ်ထားသည့် ဈေးနှုန်းထက် တက်သွားသည့်အခါ ဝရမ်းကို ကိုင်ဆောင်ထားသူ အနေဖြင့် ဝရမ်းကို အသုံးချကာ အစုရှယ်ယာများဝယ်ယူပြီး အခြား ရင်းနှီးမြှုပ်နှံသူများအား တစ်ဆင့်ပြန်လည်ရောင်းချခြင်းအားဖြင့် အကျိုးအမြတ်ရှိနိုင်သည်။ ဝရမ်းများသည် ငွေချေးစာချုပ်များမှ ထုတ်ပြီး သီးခြားရောင်းချနိုင်သည့် ကူပွန် (cupons) များနှင့်တူသည်။ ဝရမ်းများတွဲ၍ ရောင်းဝယ်သော ငွေချေးစာချုပ်များကို "ဝရမ်းနှင့်အတူရောင်းသော ငွေချေးစာချုပ်"များဟု ဖော်ပြလေ့ ရှိသည်။ ဝရမ်းမပါဝင်သည့် ရောင်းချသော ငွေချေးစာချုပ်များကိုလည်း "ဝရမ်းမပါသော ငွေချေးစာချုပ်"ဟု သေသေချာချာ တိတိ ကျကျ ဖော်ပြလေ့ရှိသည်။

ဝရမ်းနှင့်အလားတူသောအခြားနည်းတစ်ခုမှာ ကုမ္ပဏီကရင်းနှီးမြှုပ်နှံသူများအား ၎င်းတို့ ဝယ်ယူထားသည့် ငွေချေးစာချုပ်အချို့ကို ကုမ္ပဏီ၏ စတော့ရှယ်ယာအဖြစ် အသွင်ပြောင်းလဲခြင်းဖြစ်သည်။ အစုရှယ်ယာ ဝရမ်းတစ်ခုက ရင်းနှီးမြှုပ်နှံသူတစ်ယောက်ကို မိမိကိုယ်ပိုင်ငွေဖြင့် စတော့ရှယ်ယာများ ဝယ်ယူခွင့်ပြုသကဲ့သို့ပင် အစုရှယ်ယာအဖြစ် ပြောင်းလဲနိုင်သော ငွေချေးစာချုပ်တစ်ခုက ထိုငွေချေးစာချုပ်ကို ဈေးနှုန်းတစ်ခု၌ အချိန်ကာလတစ်ခုအတွင်း ကုမ္ပဏီ၏ အစုရှယ်ယာမည်မျှအဖြစ် ပြောင်းလဲနိုင်မည်ဟု ခွင့်ပြုထားသည်။

ဝရမ်းများနှင့် အစုရှယ်ယာအဖြစ် ပြောင်းလဲနိုင်သော ငွေချေးစာချုပ်များကို ရင်းနှီးမြှုပ်နှံသူများအား အနာဂတ်ကာလ၌ တစ်စုံတစ်ရာ အကျိုးရှိစေရန် ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်လျက်ရှိကြ



http://www.cherrythitsar.org

သည်။ ကုမ္ပဏီ၏ အစုရှယ်ယာများနှင့်ပတ်သက်၍ အကျိုးအမြတ်ရှိစေရန် ရည်ရွယ်တတ်ကြသည်။ ဤနည်းအားဖြင့် ကုမ္ပဏီက ထုတ်ဝေသည့် ငွေချေးစာချုပ်များသည် လောလောဆယ်၌ အတိုးနှုန်း နိမ့်နေသည့်တိုင် အနာဂတ်ကာလတွင် အကျိုးတစ်စုံတစ်ရာ ရှိနေသည်ဟူသော မျှော်လင့်ချက်ဖြင့် လက်ခံစေရန် ဆောင်ရွက်ခြင်း ဖြစ်သည်။ သို့ဖြစ်၍ အစုရှယ်ယာများ လုံးဝမရှိသည့် နိုင်ငံတစ်နိုင်ငံသို့မဟုတ် နိုင်ငံတကာ အဖွဲ့အစည်းတစ်ခုအနေဖြင့် ဝရမ်းကိုလည်းကောင်း၊ အစုရှယ်ယာအဖြစ် ပြောင်းလဲနိုင်သော ငွေချေးစာချုပ်များကိုလည်းကောင်း မည်သည့်အခါမျှ ထုတ်ဝေနိုင် မည်မဟုတ်ပေ။

နိုင်ငံတကာ ဈေးကွက်ထဲ၌ ဝရမ်းများကို ငွေကြေးအမျိုးမျိုးဖြင့် ရောင်းဝယ်ကြရာ အထူးသဖြင့် ဆွစ်–ဖရန့်၊ အမေရိကန်ဒေါ်လာ၊ ဂျပန်ယန်းငွေတို့ဖြင့် အရောင်းအဝယ်များကြသည်။ ဥပမာ နယူးယောက်စတော့ဒိုင်၌ အရောင်းအဝယ်လုပ်ကြသော ဝရမ်းများသည် ကုမ္ပဏီများ ပေါင်းစည်းရန်အတွက် ငွေကြေးလိုအပ်နေသော အမေရိကန်ကုမ္ပဏီများက အမေရိကန်ဒေါ်လာတန်ဖိုးသတ်မှတ်၍ ထုတ်ဝေသည့် ဝရမ်းများ ဖြစ်သည်။ ထိုအစုရှယ်ယာဝရမ်းများကို ဝယ်ယူသည့် ရင်းနှီးမြှုပ်နှံသူများအနေဖြင့် အနာဂတ်ကာလ အချိန်တစ်ခု၌ အကျိုးအမြတ်များ ရရှိလာသည့်အခါ ပေါင်းစည်းထားသည့် ကုမ္ပဏီ၏ အစုရှယ်ယာများ ဝယ်ယူခွင့်ကို ရရှိသည်။

ဝရမ်းတစ်ခု၏ အမှန်တကယ်တန်ဖိုးသည် အချိန်ကာလနှင့် သက်ဆိုင်သည်။ အကယ်၍ ကုမ္ပဏီတစ်ခုက ၎င်း၏ အစုရှယ်ယာများကို ဝယ်ယူစေရန်အတွက် ဝရမ်းများထုတ်ရောင်းချလျှင် အစုရှယ်ယာ ဈေးနှုန်းများတက်လာကာ ရင်းနှီးမြှုပ်နှံသူများအား အခွင့်အလန်းများ ဖွင့်ပေးထားရာရောက်သည်။

☮

**ယနေ့မန္တလေးစာအုပ်တိုက်**

## ၄၃။ ငွေမြန်ဆိုသည်မှာ

**What are hot money?**

တိုကျိုမြို့ပေါ်၌ လိပ်ပြာတစ်ကောင် တောင်ပံခတ်လိုက်လျှင် နယူးယောက်ဗဟိုပန်းခြံတွင် နောက်ရက် အနည်းငယ်၌ မိုးသက်မုန်တိုင်း ကျရောက်နိုင်သည်ဟု ပြောလေ့ရှိကြသည်။ကမ္ဘာ့စီးပွားရေးအဆောက်အအုံ၌ ပေါ်ပေါက်သော အဖြစ်အပျက်များသည် တစ်ခုနှင့်တစ်ခု အပြန်အလှန်ဆက်သွယ်နေကြသည်။ တိုကျိုဈေးကွက်၌ ဖြစ်ပေါ်သည့် အပြောင်းအလဲတစ်ခုသည် ဝေါလ်စထရီလမ်းမကြီးရှိ လုပ်ငန်းများကိုသော်လည်းကောင်း၊ ကမ္ဘာတစ်ဝန်းရှိ အခြား ဈေးကွက်များကိုလည်းကောင်း ချက်ချင်းနီးပါး ပြောင်းလဲပစ်စေနိုင်သည်။

ဥပမာ ၁၉၈၇ ခုနှစ်က နယူးယောက်စတော့ဈေးကွက် သိသိသာသာ ကျဆင်းသွားသည့်အခါ ကျန်သည့် ကမ္ဘာအနှံ့ရှိ ဈေးကွက်များသည်လည်း အလားတူပင် ဆက်လက်ဖြစ်ပွားကြသည်။ ၁၉၉၅ ခုနှစ် အစပိုင်း၌ အင်္ဂလန် Baringဘဏ်ပြိုကွဲလုနီးနီး ဖြစ်သည့်အခါ လန်ဒန်မှ စင်ကာပူအဆုံး ဗဟိုဘဏ်များအနေဖြင့် ငွေရေးကြေးရေး ပျက်စီးမှုမှ ရှောင်ရှားရန် မြန်မြန်ဆန်ဆန် တုံ့ပြန်လှုပ်ရှားကြရသည်။ ၁၉၉၄ခုနှစ်တွင် မက္ကဆီကို၏ စီးပွားရေးအခြေအနေ ဆိုးရွားပြီး ပီဆိုငွေတန်ဖိုး ထိုးကျသွားသည့်အခါ ကမ္ဘာတစ်ဝန်းရှိ ရင်းနှီးမြှုပ်နှံသူများက လက်တင်အမေရိကဈေးကွက်များမှ ဒေါ်လာသန်း ထောင်ချီ၍ ရှိသည့် ငွေကြေးများကို ရက်အနည်းငယ်အတွင်း မြန်မြန်ဆန်ဆန် ထုတ်ယူလိုက်ကြသည်။ ထိုသို့မြန်မြန်ဆန်ဆန်ထုတ်ယူသည့်အတွက် နိုင်ငံတော်များများအနေဖြင့် ငွေကြေးအရ ပြိုကွဲပျက်စီးလုနီးပါး ဖြစ်ပေါ်စေသည်။



http://www.cherrythitsar.org

ငွေမြန် (hot money)ဟု ခေါ်ရာတွင် ဒေါ်လာဘီလျံရာပေါင်း များစွာရှိသည့် ရန်ပုံငွေများပါဝင်သည်။ ထိုငွေများသည် မျက်စိ တစ်မှိတ်လျှပ်တစ်ပြက်အတွင်း နိုင်ငံတစ်ခုအတွင်းသို့ ဝင်ရောက်နိုင် သလို ချက်ချင်းလည်း နိုင်ငံတစ်ခုအတွင်းမှ ထွက်သွားနိုင်သည်။ ငွေမြန်မန်နေဂျာများသည် အများအားဖြင့် ကမ္ဘာ့စီးပွားရေးအဆောက် အအုံ၌ ဖြစ်ပေါ်လေ့ရှိသည့်သတင်းများကို ပထမဆုံးမြန်မြန်ဆန်ဆန် တုံ့ပြန်သည့်သူများ ဖြစ်သည်။ ကမ္ဘာတစ်ဝန်းရှိ ငွေကြေးဈေးကွက် များ၊ ငွေချေးစာချုပ်ဈေးကွက်များ မြန်မြန်ဆန်ဆန် တက်နိုင် ကျနိုင်ကြခြင်းမှာ ငွေမြန်များက အီလက်ထရောနစ်နည်းအရ မြန်မြန် ဆန်ဆန်လွှဲပြောင်းသည့်အပေါ်၌ မူတည်နေသည်။ အီလက်ထရော နစ်နည်းအရ ငွေမြန်များကို မြန်မြန်ဆန်ဆန်လွှဲပြောင်းသည့် အခါ ငွေကြေးဈေးကွက်များ၊ ငွေချေးစာချုပ် ဈေးကွက်များ အနေဖြင့်လည်း မြန်မြန်ဆန်ဆန် တက်ခြင်း ကျခြင်းများ ဖြစ်နိုင်သည်။

အများအားဖြင့် ငွေမြန်များကို ဘဏ်ကြီးများ သို့မဟုတ် ရင်းနှီး မြှုပ်နှံမှုအုပ်စုကြီးများက စီမံခန့်ခွဲလေ့ရှိသော်လည်း ၎င်းတို့သည် အမှန်စင်စစ် ကမ္ဘာတစ်ဝန်းရှိ လူပေါင်းသန်းပေါင်းများစွာတို့၏ စုဆောင်းမှုနှင့် ရင်းနှီးမြှုပ်နှံမှုများကို ကိုယ်စားပြုသည်။ ထိုငွေများသည် နိုင်ငံတိုင်းမှ ထွက်ပေါ်လာနိုင်ပြီး ငွေကြေးအမျိုးအစားလည်း အစုံ အလင် ပါနိုင်သည်။ ငွေမြန်များထဲ၌ နယူးယောက်ဘဏ်က အင်ဒိုနီးရှားတွင် ရင်းနှီးမြှုပ်နှံထားသော ပင်စင်ရန်ပုံငွေများမှအစ ကနေဒါနိုင်ငံတွင် နယူးဒေလီရှိ ကုမ္ပဏီများက မြှုပ်နှံထားသော ရူပီငွေများအဆုံး ပါဝင်နိုင်သည်။

ယခုကဲ့သို့သော သတင်းခေတ်သည် ၁၉၆၄ခုနှစ် တိုကျို အိုလံပစ်ပွဲကို ပထမဆုံးတိုက်ရိုက် ရုပ်သံလွှင့်လိုက်သည့်အခါ ယခင့် ယခင်က လုံးဝမတွေးခဲ့ဖူးသော ကိစ္စရပ်များ ပေါ်ပေါက်လာသည်။

**ယနေ့မန္တလေးစာအုပ်တိုက်**

ယခုအခါ၌ နိုင်ငံတကာ သတင်းဝန်ဆောင်မှုလုပ်ငန်း မျိုးစုံက ဂျိုဟန်နက်စဘတ်မှ ဂျမေကာအဆုံး လေဆိပ်ဧည့်ခန်းများ၊ ဘဏ်များ အထိ သတင်းများဖြန့်ဖြူး ပြီးသည့်အခါ ကမ္ဘာတစ်ဝန်းလုံးရှိ မည် သည့် စီးပွားရေးအပြောင်းအလဲကိုမဆို ရင်းနှီးမြှုပ်နှံသူများက ချက်ချင်း သိကြသည်။

ကမ္ဘာ့စီးပွားရေးအဆောက်အအုံရှိ ရင်းနှီးမြှုပ်နှံသူများ၏ အခြေအနေမှာလည်း တစ်ချိန်လုံး ပြောင်းလဲနေသည်။ အီလက်ထရော နစ် တယ်လီဖုန်းခေါ် ကိရိယာများ (pagars)၊ အိမ်သုံး ကွန်ပျူတာ များက ဘဏ္ဍာရေးဆိုင်ရာ ငွေကြေးဆိုင်ရာ အချက်အလက်များကို လည်း ပေးနိုင်ကြသည်။ သို့ဖြစ်၍ တစ်ကမ္ဘာလုံးအနှံ့ရှိ စုဆောင်းမှု များကို ရင်းနှီးမြှုပ်နှံရာတွင် တက်တက်ကြွကြွ ပါဝင်နိုင်ကြသည်။ ထို ရင်းနှီးမြှုပ်နှံမှုများကို ရန်ပုံငွေအဖွဲ့များအလိုက် အုပ်စုခွဲလိုက်သည့် အခါ ၎င်းပမာဏမှာ ကြီးမားလာသည်။ ဥပမာ– ကယ်လီဖိုးနီးယား ပြည်သူ့ဝန်ထမ်းများ အငြိမ်းစားရန်ပုံငွေသည် ကမ္ဘာပေါ်၌ အကြီးဆုံး ရင်းနှီးမြှုပ်နှံသူများ၏ အစုအဝေးတစ်ခုဖြစ်ပြီး မည်သည့် အချိန် ကာလ၌မဆို ဒေါ်လာဘီလျံပေါင်းများစွာကို မြှုပ်နှံနိုင်သည်။

အကယ်၍ ငွေကြေးစီမံခန့်ခွဲသူတစ်ယောက်က ရုပ်မြင်သံကြားမှ တစ်ဆင့် နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးအခြေအနေ ကျဆင်းမည့် အစီရင်ခံစာကို တွေ့မြင်လိုက်သည့်အခါ ထိုတိုင်းပြည်မှ ငွေကြေးများ ကို ဖယ်ရှားရန် ချက်ချင်းဆုံးဖြတ်ချက် ချမှတ် ဆောင်ရွက်နိုင်သည်။ ဥပမာ ဟာဝိုင်ယီ၌ အနားယူနေသည့် ငွေကြေး စီမံခန့်ခွဲသူ တစ်ယောက်သည် မက္ကဆီကို ငွေပီဆိုများ ကျဆင်းတော့မည့် အရိပ် အယောင်တွေ့သည်ဟု ရုပ်မြင်သံကြားက အစီရင်ခံလိုက်သည်နှင့် တစ်ပြိုင်တည်း လက်တင်အမေရိကတွင် မြှုပ်နှံထားသော အရင်းအနှီး များအားလုံးကို ရောင်းပစ်ရန် ဆုံးဖြတ်နိုင်သည်။ တယ်လီဖုန်းတစ်ချက်



http://www.cherrythitsar.org

ခေါ်လိုက်ရုံမျှဖြင့် အာဂျင်တီးနားနိုင်ငံရှိ အငယ်ဆုံးရွာလေးတစ်ခု အထိပင် အကျိုးသက်ရောက်မှု ဖြစ်ပေါ်နိုင်သော ဖြစ်ရပ်များ တစ်ခုပြီးတစ်ခု ဆက်တိုက်ဖြစ်သွားနိုင်သည်။

ဥပမာ ထွန်းသစ်စနိုင်ငံများ၏ ဈေးကွက်ရှိ အစုအရှယ်ယာရန်ပုံငွေ ထဲက ဒေါ်လာငါးသိန်းကို ပြန်အမ်းရန် အမိန့်ပေးလိုက်ခြင်းအားဖြင့် ရင်းနှီးမြှုပ်နှံသူတစ်ဦးသည် ငွေကြေးဗဟိုချက်မတစ်ခုမှ အခြား ဗဟိုချက်မတစ်ခုသို့ အမြောက်အမြား ရွှေ့ပြောင်းသွားစေရန် ဆောင်ရွက်နိုင်သည်။ ဥပမာ လန်ဒန်စတော့ဒိုင်တွင် ရောင်းဝယ်သည့် ထွန်းသစ်စနိုင်ငံများ၏ ဈေးကွက်ရန်ပုံငွေတစ်ခုသည် အာဂျင်တီးနား ကုမ္ပဏီများစွာ၌ အစုရှယ်ယာများ ဝယ်ယူထားနိုင်သည်။ ထိုအစု ရှယ်ယာများကို ပြန်အမ်းရန်အမိန့်ပေးလိုက်လျှင် အာဂျင်တီးနားရှိ အစုရှယ်ယာများကို ပြန်ရောင်းလိုက်ကာ ထိုနိုင်ငံထဲရှိ ရန်ပုံငွေများ လျော့သွားနိုင်သည်။ လန်ဒန်က လာသော ရောင်းမိန့် တစ်ခုသည် ဗျူနို့စ်အေရီစတော့ဒိုင်၌လည်း ချက်ချင်းပေါ်လာနိုင်သည်။ ထိုအခါ ကုမ္ပဏီ၏ အစုရှယ်ယာများသည် ရုတ်တရက် တန်ဖိုးကျသွားနိုင် သည်။ ထိုအခါမျိုး၌ ရင်းနှီးမြှုပ်နှံသူများကလည်း အလားတူ လိုက်လုပ်တတ်ကြသည်။ ဥပမာ ဤကိစ္စနှင့်ပတ်သက်၍ ဆိုလျှင် ကုမ္ပဏီ၏ ရှယ်ယာများကို ထုတ်ရောင်းတတ်ကြသည်။ ထိုအခါ ကုမ္ပဏီအနေဖြင့် မလွှဲမရှောင်သာ တုံ့ပြန်ရန် ဖိအားပေးခြင်းခံရသည်။ ကုမ္ပဏီအနေဖြင့် ပန်တာဂိုးနီးယားမြို့ငယ်ရှိ စက်ရုံလုပ်သားများကို ထုတ်ပယ်ကာ တုံ့ပြန်ရမည်။

အာဂျင်တီးနားနိုင်ငံမှ ပြန်ထုတ်သွားသော ငွေများသည် တစ်နေ့ တည်း၌ပင် ကမ္ဘာ့စီးပွားရေး အဆောက်အအုံ၏ အခြားတစ်နေရာ၌ ရောက်သွားနိုင်သည်။ ဥပမာ ဒတ်ချ်အီလက်ထရောနစ်ကုမ္ပဏီ၌ ရင်းနှီးမြှုပ်နှံကောင်းမြှုပ်နှံမည်။ အင်ဒိုနီးရှားနှစ်ဖက် ရန်ပုံငွေ၌လည်း



http://www.cherrythitsar.org

မြှုပ်နှံနိုင်သည်။ အမေရိကန်အစိုးရ စာချုပ်များကို ဝယ်ယူ၍လည်း မြှုပ်နှံနိုင်သည်။ ရိုးရှင်းလွယ်ကူသည့် အရောင်းအဝယ်များကို ပြုလုပ်ရုံမျှဖြင့် လျှပ်တစ်ပြက်အတွင်း ဘဏ်များနှင့် ကမ္ဘာတစ်ဝန်းလုံးရှိ အရောင်းအဝယ် လုပ်ငန်းများသည် စီးပွားရေးအဆောက်အအုံများ၊ နိုင်ငံများအတွင်းမှသော်လည်းကောင်း၊ အတွင်းသို့လည်းကောင်း ငွေအများအပြား ရွှေ့ပြောင်းပစ်နိုင်သည်။

ထိုအပြောင်းအရွှေ့ ပမာဏကြီးမားလာသည့်အခါကြီးကြီးမားမား အပျက်အစီးများလည်း ဖြစ်ပေါ်စေနိုင်သည်။ မည်သည့်အချိန်၌မဆို ငွေမြန်ဒေါ်လာပေါင်းတစ်ထရီလီယံ (တစ်ထရီလီယံ=၁၀၀၀ ဘီလျံ၊၁ဘီလျံ= ၁၀၀၀မီလျံ)ကို ရွှေ့ပြောင်းပစ်နိုင်သည်ဟု ခန့်မှန်းရသည်။ ထိုငွေကြေးပမာဏသည် နိုင်ငံအတော်များများတို့၏ နှစ်စဉ် ထွက်ကုန်ထက်ပင် များပြားနေသည်။ အခြေအနေကောင်းသည်ဆိုသော စီးပွားရေးသတင်းများကြားရလျှင် ထိုနိုင်ငံအတွင်းသို့ တစ်ရက်အတွင်း ဝင်ရောက်သွားနိုင်သည်။ အကယ်၍ ထိုနိုင်ငံရှိ ငွေကြေး၏ တန်ဖိုးကျလျှင်၊ စီးပွားရေးအခြေအနေ ကျဆင်းမည့် အရိပ်အယောင်များ တွေ့ရလျှင် ချက်ချင်း ပြန်လည်ဆွဲထုတ်ပစ်သွားနိုင်သည်။

ဤနေရာ၌ နှိုင်းယှဉ်စရာ တစ်ခုမှာ ဘုရင်ဆော်လမွန်၏ လက်ထက်မှစ၍ ယခုအချိန်အထိ ကမ္ဘာပေါ်က ရွှေတွင်းများက ထွက်သော ရွှေ၏တန်ဖိုးပမာဏသည် တစ်ရက်၌ရှိသည့် ကမ္ဘာ့ ဆင့်ပွား (derivatives)ဈေးကွက်တွင် ရင်းနှီးမြှုပ်နှံသော တန်ဖိုး၏ ဒသမဂဏန်းမျှသာ ရှိသည်ဟု ဆိုကြသည်။ ငွေကြေး ရင်းနှီးမြှုပ်နှံသူများအားလုံးကဲ့သို့ပင် ဤသို့ ငွေမြန်များကို ပိုင်ဆိုင်ကာ ငွေမြန်များဖြင့် ဈေးကစားနိုင်သည့်သူများသည် ၎င်းတို့၏ ရင်းနှီးမြှုပ်နှံမှုအတွက် အကျိုးအမြတ်ရှိမည့် အခြေအနေကို အမြဲတမ်း လိုက်ရှာနေကြသည်။

## ယနေ့မန္တလေးစာအုပ်တိုက်

http://www.cherrythitsar.org

ငွေရေးကြေးရေးမူဝါဒ တောင့်တင်းခိုင်မာသော တိုးတက်မှုနှင့် အမြတ်ရရှိရန် အလားအလာကောင်းသော နိုင်ငံများကို တစ်ချိန်လုံး ရှာနေကြသည်။

အချို့ကမ္ဘာ့ခေါင်းဆောင်များအနေဖြင့် ဤကဲ့သို့ စျေးကစားရန် ငွေမြန်များရွှေ့ပြောင်းမှုအပေါ်၌ အခွန်ကောက်ရန်ပင် တောင်းဆို တတ်ကြသည်။ ဤကဲ့သို့ အထိန်းအချုပ်မဲ့ ကမ္ဘာအနှံ့လျှောက်သွား နေသော ငွေမြန်များသည် နိုင်ငံရေးနှင့် လူမှုရေးမတည်ငြိမ်မှုများကို ဖြစ်စေနိုင်သည်ဟုပင် ဆိုကြသည်။ ပထမဦးစွာ အခွန်ကောက်ရန် အကြံပြုတင်ပြသည့် နိဘယ်လ်ဆုရ ဘောဂဗေဒပညာရှင် ဂျိမ်းတိုဘင် ၏ အမည်ကို အစွဲပြု၍ အခွန်ကိုလည်း တိုဘင်အခွန် (Tobin Tax) ဟုခေါ်သည်။ ထိုအခွန်ကို ကမ္ဘာအနှံ့အရင်းအနှီး ပြောင်းရွှေ့မှုများ အပေါ်၌ ကောက်ခံကာ တတိယကမ္ဘာနိုင်ငံများတွင် လူမှုရေး ရင်းနှီးမြှုပ်နှံမှုများအတွက် အသုံးချမည်ဟု ဆိုသည်။

သို့သော် ထိုရန်ပုံငွေများကို ဖွံ့ဖြိုးဆဲနိုင်ငံများ၌ စနစ်တကျ သုံးစွဲမည်ဟု အာမမခံနိုင်ပေ။ အကန့်အသတ်မဲ့သည့် ကမ္ဘာအနှံ့ အရင်းအနှီး ရွှေ့ပြောင်းမှုများကို ဖွံ့ဖြိုးဆဲနိုင်ငံများ လက်လှမ်းမီခြင်းက ပို၍ အကျိုးရှိစေနိုင်သည်။ ချမ်းသာသည့်နိုင်ငံများ၊ ဘဏ်များထံမှ အခွန်ကောက်ခြင်းထက် ပို၍ အကျိုးရှိစေနိုင်သည်။

စင်စစ် နိုင်ငံတကာ အရင်းအနှီး စျေးကွက်များကို စည်းမျဉ်း စည်းကမ်းချမှတ်ရန်ကိစ္စသည် အလွန်အကျိုးရှိစေနိုင်သည်။ အစိုးရ များအနေဖြင့် ခက်ခဲသော ဆုံးဖြတ်ချက်များကို ချမှတ်ရန် ဖိအားပေး ရာရောက်သည်။ အစိုးရ၏ အသုံးစရိတ်ကိုလည်း လျှော့ချစေလိမ့် မည်။ အကယ်၍သာနိုင်ငံခြားမှ ရင်းနှီးမြှုပ်နှံသူများကို ဆက်လက် ဖိတ်ခေါ်ချင်ပြီဆိုလျှင် အစိုးရအသုံးစရိတ်များကို လျှော့ချကာ ခက်ခဲသော နိုင်ငံရေး ဆုံးဖြတ်ချက်များကို ချမှတ်ရလိမ့်မည်။



http://www.cherrythitsar.org

နိုင်ငံတကာ ရန်ပုံငွေများ ဝင်ရောက်လာအောင် ဆွဲဆောင်နိုင်သည့် နိုင်ငံများသည် သိသိသာသာ အကျိုးရှိမည်။ ၁၉၉၀ ပြည့်လွန်နှစ် အစောပိုင်းများ၌ ထွန်းသစ်စဈေးကွက်များ၌ ရင်းနှီးမြှုပ်နှံသော ရန်ပုံငွေဒေါ်လာပေါင်း ဘီလျံပေါင်းများစွာတို့သည် ကမ္ဘာတစ်ဝန်းလုံးရှိ စီးပွားရေးတိုးတက်မှုများကို တွန်းအားပေးခဲ့သည်။ အလုပ်အကိုင်များကို ဖြစ်ပေါ်စေသည်။ ကျောထောက်နောက်ခံ အဆောက်အအုံများအတွက် အရင်းအနှီး စိုက်ထုတ်ကျခံပေးသည်။ ဤနည်းအားဖြင့် အလွန်လိုအပ်နေသော နိုင်ငံရေးနှင့် စီးပွားရေးပြုပြင်ပြောင်းလဲမှုများ ဖြစ်ပေါ်စေရန် လမ်းခင်းပေးသည်။

☮

## ၄၇။ နိုင်ငံတကာဈေးကွက်တွင် ရင်းနှီးမြှုပ်နှံကြသူများ

**Who invests in the global market place?**

နိုင်ငံတကာဈေးကွက်တွင် ရင်းနှီးမြှုပ်နှံကြသူများသည် အကြောင်းတရား(၃)ခုကြောင့် ရင်းနှီးမြှုပ်နှံကြခြင်းဖြစ်သည်။ ထိုအကြောင်းတရား(၃)ခုမှာ ဈေးကစားခြင်း၊ အရံအတားထားလိုခြင်း၊ ပွဲစားလုပ်လိုခြင်းတို့ ဖြစ်သည်။

ကမ္ဘာ့ဈေးကွက်ထဲ၌ ရင်းနှီးမြှုပ်နှံသူအတော်များများများတို့သည် ဈေးကစားသူများဖြစ်ကြသည်။ သူတို့က ဈေးကွက်သည် အတက်ဘက်သို့လည်းကောင်း၊ အကျဘက်သို့လည်းကောင်း တစ်ခုခုသို့ ဦးတည်နေသည်ဟု ယုံကြည်ကြသည်။ ထို့ကြောင့်ပင် ထိုယုံကြည်ချက်ကို အကြောင်းပြု၍ ဝယ်ခြင်း၊ ရောင်းခြင်းများ ပြုလုပ်ကြသည်။ ဥပမာ ဒတ်ချ်ပင်စင်ရန်ပုံငွေအဖွဲ့တစ်ခုသည်မက္ကဆီကို စတော့ဒိုင်၌ ရှယ်ယာများဝယ်ခြင်းမှာ မက္ကဆီကို ရှယ်ယာဈေးနှုန်းများတက်လာလျှင် အကျိုးအမြတ်ရရှိမည်ဟု မျှော်လင့်ပြီး ဝယ်ယူခြင်းဖြစ်သည်။ သို့သော် အမှန်တကယ် မည်သို့ဖြစ်မည်ကို မည်သူမျှ မသိနိုင်ပေ။



http://www.cherrythitsar.org

ထိုအခါ၌ ဈေးကစားသူတစ်ယောက်နှင့်တစ်ယောက်လည်း သဘော တူညီခြင်းမရှိကြပေ။ တစ်ယောက်က ဈေးတက်မည်ထင်ပြီး တစ်ယောက်က ဈေးကျမည်ဟု ထင်တတ်ကြသည်။ တစ်ယောက်က အနည်းငယ်သာအတက်အကျရှိမည်ဟု ထင်ပြီး အခြားတစ်ယောက် က များများအတက်အကျရှိမည်ဟု ထင်တတ်ကြသည်။ ဈေးကစား လိုသူများအနေဖြင့် စွန့်စားလုပ်ဆောင်ကြခြင်းဖြစ်သည်။ သူတို့ မျှော်မှန်းသည့်အတိုင်း ဈေးကွက်က ရွေ့လျားပြောင်းလဲသွားခဲ့လျှင် ၎င်းတို့အနေဖြင့် အကျိုးအမြတ်ရှိသည်။ သူတို့မျှော်လင့်သည့်အတိုင်း ဖြစ်မလာခဲ့လျှင် ဆုံးရှုံးမှုများဖြင့် ရင်ဆိုင်ကြရသည်။

ကမ္ဘာ့ဈေးကွက်၌ ဈေးကစားသူများ၏ လှုပ်ရှားမှုများကို အခြားတစ်ဘက်က အရံအတားထားလိုသူများ၊ ကြားပွဲစားများနှင့် ထိန်းထားတတ်ကြသည်။ ထိုပုဂ္ဂိုလ်များသည် ဈေးကစားသူများ နှင့်မတူဘဲ အန္တရာယ်ကို ရှောင်ရှားလိုချင်ကြသည်။

ဥပမာ ဈေးကစားသူများကို ဆန့်ကျင်ပြီး အရံအတားထားလို သူများအနေဖြင့် ဈေးနှုန်းတက်မည် ကျမည်ကို လုံးဝမသိရှိကြ။ သူတို့မျှော်လင့်ထားသည့်အတိုင်း ဈေးမတက်ခြင်း၊ ဈေးမကျခြင်း ဖြစ်ခဲ့လျှင် ၎င်းတို့ကိုယ်၎င်းတို့ ကာကွယ်စောင့်ရှောက်လိုစိတ်သာ ရှိကြသည်။ ဥပမာ ကနေဒါအငြိမ်းစာအဘိုးအိုတစ်ယောက်အနေဖြင့် မမျှော်မှန်းနိုင်သည့် ငွေဖောင်းပွမှုများ၏အန္တရာယ်မှ ကာကွယ်တားဆီး လိုသဖြင့် ပုံသေရနေသည့် ပင်စင်ငွေများ ကျဆင်းသွားနိုင်သော်လည်း တန်ဖိုးတက်နိုင်သည့် အိမ်တစ်အိမ်ကို ဝယ်ဖို့ ကြိုးစားလိမ့်မည်။ ထို့အတူပင် နိုင်ငံခြားမှ ရငွေများ၏ ပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာ သည့် ဆုံးရှုံးမှုများကို ကာကွယ်လိုကြသည့် ပို့ကုန်တင်ပို့ သူများ အနေဖြင့် နိုင်ငံခြားငွေဝယ်ယူခွင့်များကို စောစောစီးစီးက ရယူထား ပေလိမ့်မည်။ မည်သည့်အချိန်မည်သည့်ကာလ၌ နိုင်ငံခြား ငွေများကို



http://www.cherrythitsar.org

မည်သည့်ဈေးနှုန်းဖြင့် ရယူနိုင်သည်ဆိုသည့် ခွင့်ပြုချက်များ ဝယ်ယူထားကြမည်။ အရံအတားထားလိုသူ တစ်ယောက်၏ အဓိကတာဝန်မှာ အခြားရင်းနှီးမြှုပ်နှံမှုများမှ ပေါ်ပေါက်လာနိုင်သည့် အဆုံးအရှုံးများကို ကာမိလောက်အောင် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ကာ အန္တရာယ်များ လျော့ပါးအောင် လုပ်ရန်ပင်ဖြစ်သည်။

အခြားတစ်ဘက်၌ ကြားပွဲစားများသည် အန္တရာယ်များကို ရှောင်ရှားပြီး ဝယ်ဈေးရောင်းဈေး နှစ်ခုကွာခြားချက်မှ အကျိုးအမြတ်ရယူရန် ကြိုးစားတတ်ကြသည်။ ဈေးသက်သာသည့် တစ်နေရာ၌ ဝယ်ပြီး ဈေးကြီးကြီးရမည့် အခြားတစ်နေရာ၌ ရောင်းတတ်ကြသည်။ ဥပမာ ဂျာမန်ကမ္ဘာလှည့် ခရီးသည်တစ်ယောက်အနေဖြင့် ဂျာမနီ၌ လုပ်သည့် ဓာတ်ပြားများကို နယူးယောက်မြို့၌ ဝယ်ယူကာ မိမိ၏ အရပ်ဒေသရှိ မိတ်ဆွေများအား ပြန်လည်ရောင်းချခြင်းအားဖြင့် ငွေလဲလှယ်နှုန်းကွာခြားမှုမှ အကျိုးအမြတ်ရရှိနိုင်သည်။ စစ်မှန်သည့် ကြားပွဲစားများသည် အန္တရာယ်ကို လုံးဝလက်မခံကြပေ။ သူတို့သည် တစ်ချိန်တည်း၌ပင် ဝယ်လည်းဝယ်၊ ရောင်းလည်း ရောင်းတတ်ကြသည်။ ဈေးကွက်၏ အားနည်းချက်များကို အခွင့်ကောင်းယူတတ်ကြသည်။ တစ်ခါတစ်ရံ၌ ကြားပွဲစားများဟူသည့် ဝေါဟာရကို တန်ဖိုးနိမ့်သည့် ကုမ္ပဏီများအား ဝယ်လည်းဝယ်၊ ရောင်းလည်းရောင်းကြသည့် ကျွမ်းကျင်သူများကို ဖော်ပြရန်အတွက် သုံးနှုန်းတတ်ကြသည်။

ဈေးကစားသူများ၊ အရံအတားထားသူများ၊ ကြားပွဲစားများ၏ လှုပ်ရှားမှုများကြောင့် ဈေးကွက်များသည် ပို၍ စွမ်းရည်ပြည့်လာကြသည်။ ဥပမာ အကယ်၍သာလျှင်ဈေးကွက်ထဲ၌ အရံအတားထားသူများသာရှိလျှင် ဈေးနှုန်းများအနေဖြင့် အထိန်းအချုပ်မရှိဘဲတက်သွား၊ ကျသွားနိုင်သည်။ ဈေးကစားသူများက ဈေးကွက်ထဲ၌



http://www.cherrythitsar.org

အခြေအနေပေးလျှင် ပေးသလို ဝယ်ခြင်း၊ ရောင်းခြင်းအားဖြင့် တစ်ဖက်သတ်သွားနေသည့်အခြေအနေမျိုးမဖြစ်အောင် ဆောင်ရွက်ပေးနိုင်သည်။ အခြားတစ်ဘက်၌ ကြားပွဲစားများသည် ဈေးနိမ့်သည့်နေရာများ၌ ဝယ်ပြီး အခြားဈေးမြင့်သည့်နေရာ၌ ရောင်းချခြင်းအားဖြင့် ဈေးကွက်ကို လှုပ်ရှားရှင်သန်စေရန် ဆောင်ရွက်နိုင်ကြသည်။

## ၄၈။ ကမ္ဘာ့စီးပွားရေး အဆောက်အအုံကို လက်လှမ်းမီရန်အတွက် ရင်းနှီးမြှုပ်နှံသူများနှင့် စီးပွားရေးလုပ်ငန်းရှင်များက သုတသိပ္ပံ (Information Technology)ကို အသုံးပြုပုံ

**How do investors and businesses use information technolgy to access the global ecnomy?**

သတင်းလမ်းမကြီးဟု ခေါ်ညွှန်းကြသည့် လုပ်ဆောင်မှုများက နိုင်ငံတကာ စီးပွားရေးလုပ်ငန်းများနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို တော်လှန်ပြောင်းလဲစေခဲ့သည်။ ယခင်ကဆိုလျှင် တစ်နေ့တာငွေရေးကြေးရေးသတင်းများကိုသိရန်အတွက် ရင်းနှီးမြှုပ်နှံသူများသည် သတင်းစာဖတ်ကြသည်။ တစ်ချိန်တစ်ခါကဆိုလျှင် ပြည်ပရှိဖောက်သည်များနှင့်ဆက်သွယ်ရန် သင်္ဘောများ၊ လေယာဉ်ပျံများမှ တစ်ဆင့် စာပို့ရသည့် လုပ်ငန်းများကို ယခုအခါစက္ကန့်အနည်းငယ်အတွင်း ဆက်သွယ်နိုင်ကြသည်။

ဂြိုလ်တုမှ သတင်းထုတ်လွှင့်မှုများနှင့် ဆယ်လူလာတယ်လီဖုန်းတို့ကြောင့် ကာရေဘီယံကျွန်းငယ်တစ်ခုရှိ ငွေရေးကြေးရေးစီမံခန့်ခွဲသူတစ်ယောက်သည် အမေရိကန်နိုင်ငံ ဝေါလ်စထရိ၌ဖြစ်စေ၊ တိုကျိုမြို့နယ်၌ဖြစ်စေ ထိုင်နေသည့် လူတစ်ယောက်နှင့် အလားတူသတင်းအချက်အလက်များကိုရရှိသိမြင်နိုင်သည်။ ယခုအခါ သတင်းအမျိုးမျိုးကို ရယူရန်နှင့် စိစစ်ရန်အတွက် စီးပွားရေးလုပ်ငန်းများနှင့် ရင်းနှီး



http://www.cherrythitsar.org

မြှုပ်နှံသူများ အသုံးပြုနေသည့် ကွန်ပျူတာများသည် ယခင် (၁၀) နှစ်ခန့်က မကြားဖူးသည့် နည်းမျိုးစုံဖြင့် ကမ္ဘာ့စီးပွားရေး အဆောက်အအုံထဲ၌ ပါဝင်ဆောင်ရွက်စေနိုင်သည်။

ကမ္ဘာ့စီးပွားရေး အဆောက်အအုံထဲ၌ စီပွားရေးလုပ်ငန်းများ၊ ရင်းနှီးမြှုပ်နှံသူများ အသုံးပြုသည့် အဓိကလက်နက်ကိရိယာများထဲမှ တစ်ခုမှာ (on-line)သတင်း ဖြစ်သည်။ ၁၉၉၅ခုနှစ်ခန့်က ကမ္ဘာ့စတော့ရှယ်ယာ ဈေးနှုန်းများနှင့် အခြားငွေရေးကြေးရေး အချက်အလက်များကို ရင်းနှီးမြှုပ်နှံသူများ သိရှိစေရန်အတွက် on-line ကွန်ပျူတာများမှတစ်ဆင့် ပေးပို့နေသည့်ဝန်ဆောင်မှုလုပ်ငန်းပေါင်း (၁၀၀)ကျော်ရှိသည်။ ဘော်စတွန်းမှ ဇန်ကောက်အထိ ရင်းနှီးမြှုပ်နှံသူများသည် ကမ္ဘာအနှံ့မည်သည့်ဈေးကွက်၌မဆို အလားအလာ ခန့်မှန်းမှုများ၊ ဝင်ငွေများ၊ အကျိုးအမြတ်ဆိုင်ရာ ကိန်းဂဏန်းများကို ထောင်ပေါင်းများစွာရှိသော စတော့ရှယ်ယာများ၊ ရင်းနှီးမြှုပ်နှံမှု ရန်ပုံငွေများအတွက် သတင်းရရှိနိုင်ကြသည်။

ရင်းနှီးမြှုပ်နှံသူတစ်ယောက်၊ စီးပွားရေးလုပ်ငန်းတစ်ခုသည် ကမ္ဘာ့စီးပွားရေးအဆောက်အအုံထဲ၌ အောင်မြင်ရန်အတွက် ပထမဆုံး လိုအပ်သည့် လက်နက်ကိရိယာမှာ စီးပွားရေးအခြေအနေကို သိရှိရန် ဖြစ်သည်။ သာမန်ရင်းနှီးမြှုပ်နှံသူတစ်ယောက်အနေဖြင့် (၂၄)နာရီ သတင်းဖြန့်နေသည့် ဂြိုလ်တုမှ ထုတ်လွှင့်သည့် အစီအစဉ်များမှစ၍ သက်ဆိုင်ရာ ဒေသန္တရစီးပွားရေးလုပ်ငန်း ရေဒီယိုအသံလွှင့်ဌာနက ထုတ်လွှင့်သော နောက်ဆုံးငွေရေးကြေးရေးအစီရင်ခံစာများအထိ သိရှိနိုင်သည်။ ထို့အပြင် ကမ္ဘာ့အဓိကရသတင်းအဖွဲ့အစည်းများက ထုတ်ပြန်သော သတင်းအချက်အလက်များကို ရေဒီယိုမှတစ်ဆင့် သော်လည်းကောင်း၊ ကွန်ပျူတာမှ တစ်ဆင့်သော်လည်းကောင်း ရရှိနိုင်သည်။ ဥပမာ ဥရောပရုပ်မြင်သံကြားအားလုံးက စကားလုံး



http://www.cherrythitsar.org

ဖော်စက် (decoder) တပ်ဆင်ထားသည့်ရုပ်မြင်သံကြား ကြည့်သူများ အားလုံးအတွက် စာရွက်စာတမ်းများကို အခမဲ့ ထောက်ပံ့ပေးသည်။ နိုင်ငံရေးအပြောင်းအလဲ၊ ဈေးကွက်အပြောင်းအလဲများကို ချက်ချင်းပင် စုံစမ်းထောက်လှမ်းနိုင်ပြီး အခမဲ့ရရှိသည့် သတင်းစာမျက်နှာပေါင်း ထောင်ဂဏန်းကို လေ့လာစိစစ်ခြင်း၊ သုတေသနပြုခြင်းအားဖြင့် သိရှိနိုင်သည်။

ကောင်းမွန်သည့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဆုံးဖြတ်ချက်များ ချမှတ်ရန်အတွက် သတင်းတစ်ခုတည်းသာ လိုအပ်သည်မဟုတ်ပေ။ လယ်သမားတစ်ယောက် သို့မဟုတ် စတော့ငွေရေးကြေးရေးစီမံခန့်ခွဲသူတစ်ယောက်အနေဖြင့် ကမ္ဘာ့ဈေးကွက်အခြေအနေကို နားလည်နိုင်ရန် အခြေခံကိန်းဂဏန်းအချက်အလက်များကို လက်လှမ်းမီရမည်။ ဥပမာ အိမ်သုံးကွန်ပျူတာများသည် ယခုအခါ စတော့ရှယ်ယာဈေးနှုန်းများ၊ ဘွန်းဈေးနှုန်းများ၏ သမိုင်းကြောင်းနှင့်ပတ်သက်၍ ဝန်ဆောင်မှု အမျိုးမျိုးကို ချိတ်ဆက်ပေးပို့နိုင်ကြသည်။

ယခုအခါ၌ ရင်းနှီးမြှုပ်နှံသူများသည် ကွန်ပျူတာ၊ တယ်လီဖုန်းဖက်စ်စာပို့စက်နှင့် ပေဂျာဟုခေါ်သည့် တယ်လီဖုန်းခေါ်စက်တို့ ပေါင်းစပ်ထားသည့် ကိုယ်တိုင်သုံး ဒီဂျစ်တယ် အထောက်အကူပစ္စည်းများ (personal digital assistants) များကို သုံးနိုင်ကြသည်။ ၎င်းပစ္စည်းများကို အသုံးပြုခြင်းအားဖြင့် ရွှေများ၊ စတော့ရှယ်ယာများ၊ ငွေရေးကြေးရေးများဟူသော ရင်းနှီးမြှုပ်နှံမှုအမျိုးမျိုး၏ ဈေးနှုန်းများကို သိရှိရုံသာမက အချိန်တစ်ချိန်၌ ဝယ်ခြင်း၊ ရောင်းခြင်း ပြုလုပ်ရန်အတွက် ဘဏ်များ သို့မဟုတ် ပွဲစားများကိုပင် ညွှန်ကြားမှုများ ပြုလုပ်နိုင်သည်။ ထိုဝါယာလက်ပစ္စည်းများ၌ မိမိကြိုက်နှစ်သက်သော စတော့ရှယ်ယာများ၏ အနာဂတ်ကာလ ဈေးနှုန်း ခန့်မှန်းချက်များ၊ လက်ရှိနောက်ဆုံးဈေးနှုန်းများနှင့် ပတ်သက်၍ သိရှိနိုင်သော



http://www.cherrythitsar.org

ကွန်ပျူတာဖန်သားပြင်ငယ်များ ပါဝင်ကြသည်။

ဥပမာ ဘရာဇီးနိုင်ငံ၌ ဈေးနှုန်းများ အလွန်မြင့်တက်ခဲ့စဉ် တီထွင်ကြံဆမှုရှိသည့် ဘဏ်တစ်ခုက ၎င်း၏ အရေးပါသည့် ဖောက်သည်များအားလုံးအား ရွှေနှင့်အခြားငွေချေးစာချုပ်များအားလုံး နှင့် ပတ်သက်၍ နောက်ဆုံးဈေးနှုန်းများကို သိရှိနိုင်စေရန် အတွက် ဒီဂျစ်တယ်ပစ္စည်းငယ်တစ်ခုကို ထုတ်ပေးသည် ယခုအခါ ကမ္ဘာအနှံ့ ဂြိုလ်တုဆက်သွယ်ရေးစနစ်များ ကျယ်ပြန့်လာသည့်အခါ ထိုပစ္စည်း များအနေဖြင့် ကမ္ဘာမြေပေါ်ရှိ မည်သည့်နေရာမှမဆို သတင်းပေး ပို့ခြင်း၊ သတင်းလက်ခံယူခြင်းများ ပြုလုပ်နိုင်သည်။

ကမ္ဘာ့သတင်း ကျော်ထောက်နောက်ခံ အဆောက်အအုံတွင် အသုံးပြုသော အတတ်ပညာအတော်များများတွင် အခြေခံအားဖြင့် ဒီဂျစ်တယ်စနစ် ပါဝင်နေသည်။ သမားရိုးကျအတိုင်း အသံလှိုင်းများ ကို အန်နာလော့ဂ်သတင်းများအဖြစ် ပြောင်းလဲသည့်စနစ်အစား သတင်း လမ်းမကြီးစနစ်၌ သတင်းအားလုံးကို မည်သည့် ကွန်ပျူတာ ဖြင့်မဆို လက်ခံဖတ်ကြားနိုင်ရန် ထိန်းသိမ်းထားသည့်စနစ်သို့ ပြောင်းလဲလိုက်သည်။ ဒီဂျစ်တယ်တော်လှန်ရေး၏ အကျိုးတရားမှာ ကမ္ဘာ့စီးပွားရေး အဆောက်အအုံထဲရှိ မည်သည့် ရင်းနှီးမြှုပ်နှံသူ၊ စီးပွားရေးလုပ်ငန်းမဆို သတင်းအချက်အလက်များကို ရယူနိုင် ကိုင်တွယ်နိုင်ကြခြင်း ဖြစ်သည်။

(on line)ဝန်ဆောင်မှုအတော်များများသည် စတော့နှင့် ဘွန်းများ ၏ ဈေးနှုန်းများနှင့်ပတ်သက်၍ အချိန်အနည်းငယ်အတွင်း အကြောင်း ကြားနိုင်ကြသည်။ ထိုသို့ တကယ်ဖြစ်နေသည့်အချိန်၌ ပေါ်ပေါက်နေ သည့် ဈေးနှုန်းများကို ထုတ်ပြန်သဖြင့် သူတို့သည် နယူးယောက် စတော့ဒိုင်သို့ အခကြေးငွေပေးရသည်။ အခကြေးငွေ ပေးသွင်းထား သည့်အခါ နယူးယောက်စတော့ဒိုင်က လက်ရှိ ပေါက်ဈေးများကို



http://www.cherrythitsar.org

ချက်ချင်းထုတ်ပြန်ပေးထားသည်။ အချို့လုပ်ငန်းများက အချက်အလက်များ ပေးသည်။ အချို့လုပ်ငန်းများက သုတေသနနှင့် စတော့ရှယ်ယာအသစ်ထုတ်ပေးခြင်း၊ အကျိုးအမြတ် ခွဲဝေခြင်းနှင့်ပတ်သက်၍ အချိန်ကိုက်သတင်းများကို ထုတ်ပြန်ပေးသည်။ လုပ်ငန်းတစ်ခုနှင့်တစ်ခု မည်သည့်သတင်းကို ထုတ်ပြန် ပေးမည်၊ မထုတ်ပြန်ပေးမည်ကို သတ်မှတ်ရာ၌ တိတိကျကျ မရှိတော့ပေ။ အချို့လုပ်ငန်းများ၌ ဈေးနှုန်းများ၏ သမိုင်းကြောင်းကို ဖော်ပြခြင်းမရှိပေ။ အချို့လုပ်ငန်းများက စတော့ရှယ်ယာနှင့် ဘွန်းများ၏ ဈေးနှုန်းများကိုသာ ဖော်ပြပေးသည်။ ဤသို့ ဒီဂျစ်တယ်စနစ်ဖြင့် ထုတ်ပြန်သည့် သတင်းအချက်အလက်များအားလုံးသည် ရင်းနှီး မြှုပ်နှံသူတစ်ဦးတစ်ယောက်အား ၎င်း၏ ရင်းနှီးမြှုပ်နှံမှုတစ်ခုသည် ဈေးတက်သည်၊ ဈေးမြင့်သည်၊ ဈေးသင့်တင့်သည်ကို ဖော်ပြနိုင်သည်။

သုတသိပ္ပံကြောင့် ရန်ပုံငွေအဖွဲ့များနှင့် လူပုဂ္ဂိုလ်တစ်ဦးချင်းတို့အနေဖြင့် ရင်းနှီးမြှုပ်နှံမှုလောက်ကထဲသို့ ဝင်ရောက်လာစေနိုင်ခဲ့သည်။ ၁၉၉၀ပြည့် လွန်နှစ်များ၌ ကမ္ဘာ့စီးပွားရေး အဆောက်အအုံတွင် အမေရိကန်တို့၏ စတော့နှင့်ဘွန်းများ အချိုးအစားတို့သည် စုစုပေါင်း ကမ္ဘာ့ဈေးကွက်၏ ၃ပုံ ၁ပုံအထိ ကျဆင်းသွားသည်။ သို့ဖြစ်၍ တာဝန်ရှိသည့် ရင်းနှီးမြှုပ်နှံသူတစ်ယောက်သည် အမေရိကန် စီးပွားရေး အဆောက်အအုံ၌သာမက အခြားစီးပွားရေး အဆောက်အအုံ၌ပါ ဖြန့်ကြက်၍ ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ရန် လိုအပ်လာသည်။

ကျယ်ပြန့်လာသည့် စီးပွားရေးအဆောက်အအုံ၌ လက်လှမ်းမီရန်ဆိုလျှင် ရင်းနှီးမြှုပ်နှံသူများနှင့် စီးပွားရေးလုပ်ငန်း အတော်များများသည် (worldwide web) ဟု ခေါ်သည့်အင်တာနက်မှ တစ်ဆင့် သတင်းများကို ရယူလေ့ရှိကြသည်။ အင်တာနက်မှတစ်ဆင့် စီးပွားရေးလုပ်ငန်းများအနေဖြင့် ၎င်းတို့ ထုတ်လုပ်သော ကုန်စည်နှင့်

ဝန်ဆောင်မှုများကို ကမ္ဘာအရပ်ရပ်သို့ ပျံ့နှံ့အောင် ကြော်ငြာနိုင်ကြသည်။ ဘော်စတွန်၌ တပ်ဆင်ထားသည့် ကွန်ပျူတာတစ်လုံးသည် ဒေသန္တရတယ်လီဖုန်းခေါ်ဆိုမှုအတွက် ပေးရသည့်စရိတ်လောက်သာ ကုန်ကျခံရသည်။ ဤ အီလက်ထရောနစ်နည်းအားဖြင့် စီးပွားရေးလုပ်ငန်းများလုပ်ကိုင်ကြ၊ ရောင်းဝယ်ကြခြင်းသည် မိမိရပ်ရွာအတွင်းရှိ ဆိုင်တစ်ဆိုင်၌ ဈေးဝယ်ရသည်နှင့် တူပါလိမ့်မည်။ ထူးခြားသည့် အကျိုးသက်ရောက်မှုမှာ ယခုအခါ စားသုံးသူများဟု ပြောလျှင် တစ်ကမ္ဘာလုံးရှိ စားသုံးသူများအားလုံး ခြုံငုံ၍ အကျိုးဝင်သွားခြင်းဖြစ်သည်။

☮

## ၄၉။ ဥရောပနိုင်ငံများကိုစုစည်းစေသည့် အကြောင်းတရားများ

**What are the forces behind European economic unity?**

နိုင်ငံပေါင်း(၄၀)ကျော်ရှိပြီး ဘာသာစကားများ၊ ငွေကြေးများ၊ ယဉ်ကျေးမှုများ၊ နိုင်ငံရေးစနစ်များ ကွဲပြားခြားနားနေသည့် ကမ်းရိုးတန်းတစ်ခုကို စုစည်းရန်ကိစ္စမှာ လွယ်ကူသည့်ကိစ္စမဟုတ်ပေ။ ဥရောပ၌ တစ်ခါတစ်ရံ နပိုလီယံခေတ်၊ ရောမခေတ်စသည့် အုပ်စိုးမှုများရှိသော်လည်း အများအားဖြင့် ဥရောပသည် နိုင်ငံရေးနှင့် ယဉ်ကျေးမှုအပါအဝင် အတားအမျိုးမျိုးရှိနေခြင်းကြောင့် ပေါင်းစည်းရန် ခက်ခဲလှသည်။ ဥပမာ အင်္ဂလန်နိုင်ငံအနေဖြင့် အိမ်နီးချင်း ဥရောပနိုင်ငံများနှင့် ပေါင်းစည်းရန်ထက် ယခင် ကိုလိုနီနိုင်ငံဟောင်းများနှင့်သာ ရင်းရင်းနှီးနှီးဆက်ဆံချင်စိတ်ရှိသည်။ ဆွစ်ဇာလန်ကဲ့သို့သော နိုင်ငံများအနေဖြင့် မည်သည့်နည်းနှင့်မဆိုလွတ်လွတ်လပ်လပ် ဘက်မလိုက်ဘဲ ဆက်လက်နေထိုင်ချင်သည်။

၁၉၉၀ ပြည့်လွန်နှစ်အစပိုင်းများ၌ ဥရောပကမ်းရိုးတန်းသည် နိုင်ငံရေးနှင့် စီးပွားရေးအပြောင်းအလဲများကြောင့် မိမိအခြေအနေ



http://www.cherrythitsar.org

လည်း လုံးဝပြောင်းလဲသွားသည်။ ဆိုဗီယက်အုပ်စု ပြိုကျပျက်စီးသွားခြင်းကြောင့် နှစ်ပေါင်း(၄၀)ကျော် ဥရောပကို ကွဲပြားစေသည့်အရာများ ပြောင်းလဲသွားပြီး စီးပွားရေးစနစ်တစ်ရပ်ကို ခေါ်ဆောင်လာခဲ့သည်။

ဥရောပ၌ စုစည်းမှုပြုရန်အတွက် အုပ်စု (၃)ခု ပါဝင်သည်။ ပထမအုပ်စုမှာ ဥရောပဘုံဈေးအဖွဲ့ဖြစ်သည်။ ဒုတိယအုပ်စုမှာ ဥရောပသမဂ္ဂကို ဝင်ရောက်ရန် ကြိုးပမ်းသည့် အနောက်ဥရောပနိုင်ငံများဖြစ်သည်။ တတိယအုပ်စုမှာ အရင်းရှင် အနောက်နိုင်ငံများနှင့် ပေါင်းစည်းရန် စိတ်အားထက်သန်နေကြသည့် ယခင်ကွန်မြူနစ်နိုင်ငံဟောင်း အရှေ့ဥရောပနိုင်ငံများ ပါဝင်သည်။ ထိုအုပ်စု (၃)ခုကို ပေါင်းစည်းလိုက်လျှင် ကမ္ဘာပေါ်၌ အင်အားအကြီးဆုံးအုပ်စုတစ်ခု ဖြစ်လာနိုင်သည်။ တရုတ်၊ ဂျပန် သို့မဟုတ် အမေရိကန်နိုင်ငံတို့ရှိ လူဦးရေကိုကျော်လွန်သွားသဖြင့် စုစည်းမိသော ဥရောပသည် မဟာစီးပွားရေး အင်အားကြီးအုပ်စုတစ်ခု ဖြစ်လာနိုင်သည်။

ဥရောပကို ပေါင်းစည်းသည့်ကိစ္စသည် အလွန်ခက်ခဲလှသည်။ အနောက်ဥရောပမှ ချမ်းသာသည့် နိုင်ငံများအနေဖြင့် လွတ်လပ်စွာ ကုန်သွယ်မှု ဥရောပသမဂ္ဂအဖွဲ့ထဲသို့ ဝင်ရောက်ရန် ကြိုးဆန်ကြသည်။ ဥပမာ ဆွစ်ဇာလန်နိုင်ငံသည် ကမ္ဘာပေါ်၌ တစ်ဦးကျဝင်ငွေအမြင့်မားဆုံးဖြစ်ပြီး ဘက်မလိုက်သည့် သက်တမ်းမှာလည်း ရှည်လျားသည်။ ထို့ကြောင့် ၁၉၉၀ ပြည့်လွန် နှစ်များ၌ ဥရောပသမဂ္ဂသို့ ဝင်ရောက်ရန် ကြိုးပမ်းခဲ့သည်။

ယခင်က ဥရောပရှိ ချမ်းသာသော နိုင်ငံများသည် ဥရောပလွတ်လပ်စွာ ကုန်သွယ်မှုအသင်း (EFTA)ဟုခေါ်သည့် သီးခြားအသင်းတစ်ခုကို ဖွဲ့စည်းတည်ထောင်ခဲ့သည်။ မူလစတင်တည်ထောင်စဉ်က ဥရောပ၌ အချမ်းသာဆုံး(၇)နိုင်ငံဖြစ်သည့် ဩစတြေးလျ၊



http://www.cherrythitsar.org

ဖင်လန်၊ အိုင်စလန်၊ လိုင်ချင်စတိုင်း၊ နော်ဝေ၊ ဆွီဒင်နှင့် ဆွစ်ဇာလန်တို့ ပါသည်။ ၁၉၉၀ပြည့်လွန်နှစ် အစောပိုင်းများ၌ ဥရောပသမဂ္ဂက အက်ဖ်တာ (EFTA)နိုင်ငံများနှင့် ပေါင်းစည်းပြီး ကုန်သွယ်မှုဇုန် တစ်ခုကို တည်ထောင်ရန် အကြံပြုသည်။ ထိုဇုန်ကို ဥရောပစီးပွားရေး နယ်ပယ် (EFTA)ဟု ခေါ်သည်။ ဆွစ်ဇာလန်က လက်ခံရန် ငြင်းပယ် သဖြင့် လိုင်ချင်စတိုင်းလည်း မဝင်ဘဲနေခဲ့သည်။ သို့သော် အိမ်နီးချင်း ဩစတြေးလျနိုင်ငံက ၁၉၉၅ခုနှစ်တွင် ဥရောပသမဂ္ဂအဖွဲ့ဝင်အဖြစ် လျှောက်ထားပြီး ဝင်ရောက်ခဲ့သည်။

ဖင်လန်နှင့် ဆွီဒင်တို့သည် ၁၉၉၅ခုနှစ်တွင် ဥရောပသမဂ္ဂသို့ ဝင်ရောက်ခဲ့ကြသည်။ သို့သော် နော်ဝေက ၎င်းတို့နှင့် ပေါင်းစည်းရန် ငြင်းပယ်ခဲ့ကြသည်။ အခြားနိုင်ငံများ၏ စီးပွားရေးအခြေအနေ တောင့်တင်းမှု၊ နိုင်ငံရေးလွတ်လပ်မှု ဆုံးရှုံးမှာစိုးခြင်းတို့ကြောင့် ပေါင်းစည်းရန် ငြင်းပယ်ခဲ့သည်။ နော်ဝေ၊ ဆွစ်ဇာလန်နှင့် လိုင်ချင် စတိုင်း ကဲ့သို့သော နိုင်ငံများသည် ဥရောပသမဂ္ဂသို့ မဝင်ဘဲ အထူးကုန်သွယ်မှု သဘောတူညီချက်များမှတစ်ဆင့် ဥရောပသမဂ္ဂ ဈေးကွက်နှင့် ဆက်သွယ်ရန် ကြိုးစားကြသည်။ ဤနည်းအားဖြင့် ၎င်းတို့၏ နိုင်ငံရေးလွတ်လပ်မှုနှင့် ဘက်မလိုက်မှုတို့ကိုလည်း ဆက်လက်ထိန်းသိမ်းနိုင်မည်။

ဥရောပသမဂ္ဂအတွင်းသို့ ဝင်ရောက်ခွင့်ကို ယာယီဟန့်တား ထားခြင်းခံရသည့် အရှေ့ဥရောပနိုင်ငံများသည်လည်း အထူး ကုန်သွယ်မှုအခွင့်အရေးများကို တောင်းဆိုခဲ့ကြသည်။ ဤနည်းအား ဖြင့် ဥရောပသမဂ္ဂက စီးပွားရေးအရ ချိတ်ဆက်မှုများကို ပြုလုပ်ခဲ့ သည်။ ဥရောပသမဂ္ဂသို့မဝင်ဘဲ အခြားဥရောပနိုင်ငံများကို အထူး ကုန်သွယ်မှု အခွင့်အရေးများပေးခဲ့သည်။ ဤနည်းအားဖြင့် တစ်ကောင်ကြွက်ဖြစ်မနေဘဲ ဥရောပသမဂ္ဂအဖွဲ့ဝင်မဟုတ်သည့်နိုင်ငံ



http://www.cherrythitsar.org

များအနေဖြင့် ဥရောပသမဂ္ဂနှင့် ဆက်သွယ်လုပ်ရှားနိုင်ကြသည်။ အခြားတစ်ဖက်၌ ဥရောပသမဂ္ဂအနေဖြင့်လည်း အဖွဲ့ဝင်နိုင်ငံအများကြီးရှိနေသဖြင့် မနိုင်မနည်းသည့် ပြဿနာမျိုးကို ကျော်လွှားနိုင်သည်။

☮

## ၅၀။ ဥရောပသမဂ္ဂ ဆိုသည်မှာ

**What is the European Union?**

ဒိန်ခဲ(၃၈၅)မျိုး ထုတ်လုပ်သည့် နိုင်ငံတစ်ခုကို အုပ်စိုးရန် အလွန်ခက်ခဲကြောင်း ပြင်သစ်သမ္မတ ချားလ်စ်ဒီဂေါက ညည်းတွားလေ့ရှိသည်။ ထိုသို့ဆိုလျှင် ပြင်သစ်နှင့် အခြားဥရောပနိုင်ငံများ ပေါင်းစည်းပြီး ဘာသာစကားမျိုးစုံ၊ ယဉ်ကျေးမှုမျိုးစုံ၊ အုပ်ချုပ်ရေးမျိုးစုံ၊ တရားစီရင်ရေးမျိုးစုံရှိသည့် ဘုံဈေးကွက်တစ်ခု တည်ထောင်ရန်ကိစ္စမှာ မည်မျှခက်ခဲမည်ကို မှန်းဆကြည့်နိုင်သည်။ သို့သော် ဥရောပသမဂ္ဂကို အောင်မြင်စွာ ထူထောင်နိုင်ခဲ့ကြသည်။ နှစ်ပေါင်းများစွာ စိတ်ကူးယဉ်ခဲ့ကြသည့် စုစည်းထားသော ဥရောပနိုင်ငံများ (United States of Europe) ကို ရလုနီးနီး ဖြစ်သွားစေခဲ့သည်။

ဥရောပသမဂ္ဂကို ၁၉၅၇ခုနှစ်တွင် ထူထောင်စက ဘယ်လ်ဂျီယံ၊ ပြင်သစ်၊ နယ်သာလင်၊ အီတလီ၊ လူဇင်ဘတ်၊အနောက်ဂျာမနီဟူသည့် နိုင်ငံ (၆)နိုင်ငံသာပါပြီး ထိုစဉ်က ဥရောပ ကျောက်မီးသွေးနှင့် သံမဏိ သဘောတူညီချက် ရောမစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ကြသည်။ နောင်အခါ၌ ထိုအဖွဲ့သည် ဥရောပဘုံဈေးအဖွဲ့ (European Economic Community-E.E.C) ဖြစ်လာသည်။ E.E.C သည် အကောက်ခွန်ဆိုင်ရာ သမဂ္ဂတစ်ခု ဖွဲ့စည်းရန်သာ ရည်ရွယ်သည်။ အဖွဲ့ဝင်နိုင်ငံများအတွင်း၌ အကောက်ခွန်နှုန်းများနှင့် တင်သွင်းရန် အရေအတွက်သတ်မှတ်ခြင်းကို ဖယ်ရှားရန်သာ ရည်ရွယ်ခဲ့သည်။

၁၉၇၀ နှင့် ၁၉၈၀ ပြည့်လွန်နှစ်များ၌ E.E.Cအနေဖြင့်ကျယ်ပြန့်

လာပြီး ဗြိတိန်၊ အိုင်ယာလန်၊ ဒိန်းမတ်၊ ဂရိ၊စပိန်နှင့် ပေါ်တူဂီတို့ ပါဝင်လာသည့်အခါ ထိုအဖွဲ့အစည်း၏ အမည်မှာ European Economic Community (E.E.C) ဟု ထင်ရှားလာသည်။ မူလက သဘောတူညီချက်များကိုလည်း ချဲ့ထွင်လာကြပြီး နိုင်ငံရေး၊စိုက်ပျိုးရေး၊ စက်မှုလက်မှုနှင့် ငွေရေးကြေးရေးဆိုင်ရာ သဘောတူညီချက်များ ပါဝင်လာခဲ့သည်။ ၎င်းတို့ထဲတွင် ထူးခြားသည့် အချက်မှာ ဥရောပ လယ်သမားများအား ထောက်ပံ့ကြေးများပေးသည်ကို ခွင့်ပြုသော ဘုံစိုက်ပျိုးရေးမူဝါဒ (Common Agriculture Policy-C.AP) ဖြစ်သည်။

စာရင်းရှင်းလင်းရသည့်အခါ၌ လွယ်ကူစေရန်အတွက် ဥရောပဘုံငွေကြေးယူနစ် (European Currency Unit-E.C.U) ကို လည်း ဖန်တီးခဲ့သည်။ ထိုငွေကြေးကို ဖန်တီးရာ၌ E.C.U ၏တန်ဖိုး သည် အဖွဲ့ဝင်နိုင်ငံများ၏ ငွေကြေးများအပေါ်၌ အခြေခံသည်။ E.C.U အဖွဲ့ဝင်နိုင်ငံများ၏ ငွေကြေးတစ်ခုစီထက်ပို၍ တည်ငြိမ်မှု ရှိသော ပို၍ တန်ကြေးရှိသော ငွေကြေးယူနစ်တစ်ခုကို ဖန်တီးရန် ရည်ရွယ်ချက်ဖြင့် E.C.U ကို တီထွင်ခဲ့ကြခြင်းဖြစ်သည်။ နောက်ပိုင်း၌ E.C.U သည် သီးခြားငွေကြေးတစ်ခုဖြစ်လာသည်။ ငွေစာရင်းများ၊ စာချုပ်များ၊ စာရင်းရှင်အပ်ငွေများကို E.C.U ကို အသုံးပြု၍ ဆောင်ရွက်နိုင်ကြသည်။

နောက်ဆုံး၌ European Community ၏ အဖွဲ့ဝင်နိုင်ငံများ အနေဖြင့် အမေရိကန်ပြည်ထောင်စု သို့မဟုတ် ကနေဒါတို့နှင့် တူသော စီးပွားရေးနှင့် နိုင်ငံရေးသမဂ္ဂတစ်ခုကို ဖွဲ့စည်းရန် ဆုံးဖြတ်ခဲ့ကြသည်။ ကုန်သွယ်ရေးနှင့် စီးပွားရေးတိုးတက်မှုကို အားပေးရန် အကောင်းဆုံးနည်းမှာ အဖွဲ့အစည်းများအကြားတွင် စီးပွားရေး အဟန့်အတားများ၊ အခြား အဟန့်အတားများ အားလုံးကို ဖယ်ရှား



http://www.cherrythitsar.org

သည့်နည်းပင် ဖြစ်သည်ဟု ယူဆခဲ့ကြသည်။ ထိုစီမံကိန်းကို လက်မှတ်ရေးထိုးခဲ့သည့် ဒတ်ချ်မြို့ မက်စထရစ်ကို အကြောင်းပြု၍ မက်စထရစ်စီမံကိန်းသည် ဥရောပကို အသက်ပြန်လည်ရှင်သန်အောင် ဆောင်ရွက်ရာတွင် ထင်ရှားသည့် သင်္ကေတတစ်ခု ဖြစ်လာခဲ့သည်။

နိုင်ငံတစ်ခုနှင့်တစ်ခုကြားရှိ အဟန့်အတားများကို ဖယ်ရှားခြင်းအားဖြင့် ဥရောပသမဂ္ဂဟု အမည်သစ် ပေးခဲ့သည့် E.C.U သည် အများလက်ခံထားသည့် စည်းမျဉ်းစည်းကမ်းများ၊ စက်မှုလုပ်ငန်းများ၊ ငွေကြေးစနစ်များ၊ သယ်ယူပို့ဆောင်ရေးနှင့် လမ်းပန်းဆက်သွယ်ရေးများ၊ အခွန်အကောက်ကိစ္စများ၌ အကျိုးကျေးဇူးများ ရရှိခံစားရရန် ရည်ရွယ်သည်။ ပေါ်တူဂီနိုင်ငံရှိ နိုင်ငံသားအနေဖြင့် လန်ဒန်သို့လည်းကောင်း၊ အမ်စတာဒမ်သို့လည်းကောင်း အလွယ်တကူ ဝင်ရောက်နိုင်သည်။ ဟော်လန်မှ အီတလီသို့ ကုန်ပစ္စည်းများအဟန့်အတား အနှောင့်အယှက်မရှိ စီးဆင်းနိုင်ကြသည်။ ထို့အတူပင် မက်ဒရစ်မှ ဖရန့်ဖတ်သို့ အဟန့်အတားမရှိ နှောင့်နှေးကြန့်ကြာခြင်းမရှိဘဲ ငွေကြေးများကို လွှဲပြောင်းနိုင်ကြသည်။

၁၉၉၅ခုနှစ်၌ ဩစတြေးလျ၊ ဖင်လန်နှင့် ဆွီဒင်ဟူသော နိုင်ငံသုံးနိုင်ငံ ဝင်ရောက်လာသည့်အခါ ဥရောပသမဂ္ဂအဖွဲ့ဝင် နိုင်ငံပေါင်းမှာ(၁၅)နိုင်ငံ ဖြစ်သွားသည်။ ထိုသို့စုစည်းခြင်းအားဖြင့် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများသည် မိမိတို့နိုင်ငံအပေါ် အချုပ်အခြာအာဏာပိုင်စိုးမှု တစ်စိတ်တစ်ဒေသကို စွန့်လွှတ်အနစ်နာခံရသည်။ စီးပွားရေးနှင့် နိုင်ငံရေးအရ အင်အားတောင့်တင်းမှုရှိရေးဟူသော တန်ဖိုးကြီးမားသည်ဟု ယူဆသည့်အရာတစ်ခုကို ရရှိရန်အတွက် ထိုသို့ စွန့်လွှတ် အနစ်နာခံခဲ့ခြင်းဖြစ်သည်။

❀



http://www.cherrythitsar.org

## ၅၁။ ကမ္ဘာ့စီးပွားရေးအဆောက်အအုံထဲ၌ ကွန်မြူနစ်နိုင်ငံများ ပူးပေါင်း ပါဝင်ပုံ

**How do communist countries participate in the world economy?**

တရုတ်မှ ကျူးဘား၊ ဗီယက်နမ်နှင့် မြောက်ကိုရီးယားတို့အထိ ကွန်မြူနစ်နိုင်ငံများသည် ကမ္ဘာ့စီးပွားရေးအဆောက်အအုံထဲ၌ ပူးပေါင်းဆောင်ရွက်ရုံမျှသာမက ၎င်းတို့၏ အရင်းရှင်စီးပွားရေး လုပ်ငန်းများလည်း သိသာထင်ရှားစွာ ကြီးမားကျယ်ပြန့်လာခဲ့ကြ သည်။

၁၉၉၀ပြည့်လွန်နှစ်အစောပိုင်းများ၌ တရုတ်နိုင်ငံသည် ကမ္ဘာရှိ မည်သည့်နိုင်ငံနှင့်မဆို ပြိုင်ဆိုင်နိုင်လောက်သော ဆက်တိုက်စီးပွားရေး တိုးတက်မှုကို ရရှိခဲ့သည်။ ဤသို့ရရှိသောတိုးတက်မှုသည် အရင်းရှင် နိုင်ငံများသို့ ပို့ကုန်တင်ပို့ ရောင်းချမှုအပေါ်၌ အခြေခံသည်၊ ယခင်က တရုတ်နိုင်ငံ၏ကွန်မြူနစ်နည်းလမ်းများကို ပြောင်းလဲပစ် မည်ဟုခြိမ်းခြောက်ခဲ့ကြသည့် အရင်းရှင်နိုင်ငံများနှင့် ယခု ပို့ကုန် တင်ပို့ရောင်းချနေသည့် အရင်းရှင်နိုင်ငံများ အတူတူပင်ဖြစ်သည်။

ကွန်မြူနစ်စနစ်သည် ၁၉ ရာစုတွင် ကားလ်မတ်က ဖော်ထုတ် ခဲ့သော စီးပွားရေးနှင့် လူမှုရေး သီအိုရီအပေါ်၌ အခြေခံသည်။ ထို သဘောတရားအရဆိုလျှင် နိုင်ငံတော်အာဏာကို အလုပ်သမားများ ကသာ လွှမ်းမိုးရမည် ဖြစ်သည်။ ဤ'ပစ္စည်းမဲ့ အာဏာပိုင်စိုးမှု' သည်သာလျှင် စစ်မှန်သည့် ဆိုရှယ်လစ်ဝါဒကို လမ်းခင်းပေးနိုင်မည် ဟု သူကယူဆခဲ့သည်။ အရင်းရှင်စနစ်၏ မမျှတမှုများ၊ ဒဏ်ရာ ဒဏ်ချက်များကို ကွန်မြူနစ်ဝါဒဖြင့် အစားထိုးရန် ရည်ရွယ်ခဲ့သည်။ 'လူတိုင်းသည် မိမိစွမ်းအားရှိသလောက် အလုပ်လုပ်ရပြီး လိုအပ်သ လောက် ရရှိစေရမည်"ဟူသည့် ဥပဒေသအပေါ်၌ အခြေခံ



http://www.cherrythitsar.org

သော ဘဝကို ရရှိစေရ မည်ဟု သူကဆိုခဲ့သည်။

နိုင်ငံရေးရည်ရွယ်ချက်အမျိုးမျိုးအတွက် အသုံးချရသော်လည်း ကွန်မြူနစ်ဝါဒသည် အရင်းရှင်စနစ်၏ အစွန်းရောက် လွတ်လပ်မှုများနှင့် ခြားနားသည့် စီးပွားရေးစနစ်တစ်ခုဖြစ်သည်။ အဓိကစီးပွားရေးဆုံးဖြတ်ချက်များကို ဈေးကွက်က လွတ်လွတ်လပ်လပ် ဆုံးဖြတ်ခွင့်မပြုဘဲ ကွန်မြူနစ်စီးပွားရေးအဆောက်အအုံတစ်ခု၌ ဆုံးဖြတ်ချက်ချသည့် အာဏာကို ဗဟိုအစိုးရ၏ လက်ထဲသို့ ထည့်ထားသည်။ ဤနည်းအားဖြင့် ပိုမို၍ တရားမျှတမှုရှိသော လူ့အဖွဲ့အစည်းကို တည်ထောင်နိုင်မည်ဟု ယူဆခဲ့ကြသည်။

တရုတ်နိုင်ငံ၌ ၁၉၉၀ ပြည့်လွန် နှစ်များတွင်လည်းကောင်း၊ ဆိုဗီယက်ယူနီယံ၌ ၁၉၂၀ နှင့် ၁၉၃၀ ပြည့်လွန် နှစ်များတွင်လည်းကောင်း ဗဟိုမှ စီမံကိန်းချမှတ်ခြင်းကြောင့် စီးပွားရေးတိုးတက်မှုများကို ရစေနိုင်သော်လည်း ရေရှည်၌ စီးပွားရေးစွမ်းဆောင်ရည် ညံ့ဖျင်းခြင်း၊ စီးပွားရေး ဆုတ်ယုတ်ကျဆင်းခြင်းများကို ဖြစ်ပေါ်စေသည်။ ဗဟိုမှ စီမံကိန်းချသူများအနေဖြင့် သံမဏိစက်ရုံများ၊ သင်္ဘောကျင်းများကဲ့သို့သော ဧရာမ စက်မှုလုပ်ငန်းကြီးများကို တည်ထောင်ရန်အတွက် အာရုံထက်သန်တတ်ကြသည်။ ၎င်းစက်ရုံများ၌ လူသန်းပေါင်းများစွာကို အလုပ်ပေးနိုင်ကြသည်။ သို့သော်လည်း ထွက်ရှိလာသည့် ထုတ်ကုန်များမှာ အရည်အသွေးအလွန်ညံ့ဖျင်းပြီး ပတ်ဝန်းကျင်ကိုလည်း ညစ်ညမ်းစေသည်။

ဥပမာ ဒုတိယကမ္ဘာစစ်နောက်ပိုင်း၌ အရှေ့ဥရောပကွန်မြူနစ်နိုင်ငံများသည် ၎င်းတို့၏ စစ်ပြီးခေတ်တိုးတက်မှုမှ နှေးကွေးနေပြီး အိမ်နီးချင်းအနောက်နိုင်ငံရှိ အရင်းရှင်စီးပွားရေးအဆောက်အအုံများက ဥစ္စာဓနတိုးပွားလာနေသည်ကို မြင်တွေ့ခဲ့ကြရသည်။ ဥပမာ နှစ်ခြမ်းကွဲနေသည့် ဂျာမနီနိုင်ငံကို ကြည့်လျှင် တစ်ဘက်၌ အနောက်



http://www.cherrythitsar.org

ဂျာမနီက ကြွယ်ဝချမ်းသာနေသည်ကို တွေ့ရပြီး အရှေ့ ဂျာမနီက ဆုတ်ယုတ်ပျက်ပြားနေသည်ကို မြင်ရလျှင် ကွန်မြူနစ်ဝါဒ၏ အားနည်းချက်များကို အလွယ်တကူ နားလည်နိုင်သည်။

ဆိုဗီယက်ယူနီယံ ပြိုကွဲသွားသည်နှင့်အတူ ကျူးဘားနှင့် ဗီယက်နမ်တို့ကဲ့သို့သော ကျန်သည့် ကွန်မြူနစ်နိုင်ငံများအနေဖြင့် ၁၉၉၀ ပြည့်လွန်နှစ်များ၌ ကွန်မြူနစ်ဝါဒသစ်တစ်ခုကို ချမှတ်ကျင့်သုံးရန် ဖိအားပေးလိုက်ရာရောက်သွားသည်။ ထို ကွန်မြူနစ်ဝါဒမှာ အရင်းရှင်းဆန်သည့် ကွန်မြူနစ်ဝါဒမျိုးဖြစ်သည်။ ဥပမာ နိုင်ငံခြားငွေ မရှိခြင်းကြောင့် ကျူးဘားအနေဖြင့် ဒေါ်လာကို လက်ခံကျင့်သုံးသည့် စီးပွားရေးအဆောက်အအုံတစ်ခုကို လွှတ်ရသည်။ နိုင်ငံခြားငွေကို လက်လှမ်းမီသည့်သူများ၏ လက်ထဲ၌ ဥစ္စာနေများ စုစည်းသည်ကို လက်ခံရသည်။ တန်ဖိုးမဲ့ ပီဆိုငွေများကို ပိုင်ဆိုင်သည့် ဆင်းရဲသားများအနေဖြင့် ဒေါ်လာကိုင်ဆောင်နိုင်သူများ မကြာခဏ သွားရောက်လေ့ရှိသည့် စားသောက်ဆိုင်များသို့ ဝင်ရောက်ခွင့်မပြုခဲ့ပေ။ ထိုသို့ဖြင့် ကွန်မြူနစ်ဝါဒက ပယ်ဖျက်ရန် ရည်မှန်းထားသည့် လူတန်းစားကွဲပြားမှုများကို ဖြစ်ပေါ်စေခဲ့သည်။

ကျူးဘားစီးပွားရေး အဆောက်အအုံသစ်သည် အခမဲ့ ကျန်းမာရေးနှင့် ပညာရေးအထောက်အပံ့များကို ပေးဆဲပင်ဖြစ်သော်လည်း စီးပွားရေးအကန့်အသတ်များကြောင့် ၎င်း၏ ကွန်မြူနစ် လမ်းကြောင်းကို သိသိသာသာ ပြောင်းလဲပစ်ရသည်။ နိုင်ငံခြားငွေ ရအောင် ရှာနိုင်သည့် နိုင်ငံသားများအား ထိုက်ထိုက်တန်တန် ချီးမြှင့်သည့် စီးပွားရေးအဆောက်အအုံတစ်ခု ဖြစ်စေရန်နှင့် ကျူးဘားစီးပွားရေး အဆောက်အအုံ၏ တစ်စိတ်တစ်ဒေသကို နိုင်ငံခြားကုမ္ပဏီများအား ပိုင်ဆိုင်ခွင့်ပြုခြင်းများကို ခွင့်ပြုခဲ့ရသည်။ ဤနည်းအားဖြင့် ကျူးဘား ကွန်မြူနစ်ဝါဒသည် ၎င်း၏ တောင်ဘက် နှင့် မြောက်ဘက်ရှိ



http://www.cherrythitsar.org

အိမ်နီးချင်း အရင်းရှင်နိုင်ငံများနှင့် နီးနီးစပ်စပ် ဖြစ်လာခဲ့သည်။

တရုတ်နိုင်ငံ၏ ကွန်မြူနစ်ခေါင်းဆောင်များသည် ဆယ်ဂဏန်းဖြင့် စီးပွားရေးတိုးတက်မှုနှုန်းကို ရရှိခဲ့ပြီးနောက် ၁၉၉၀ ပြည့်လွန်နှစ်အစောပိုင်းများ၌ အကျပ်အတည်းတစ်ခုနှင့် ရင်ဆိုင်ရသည်။ ဗဟိုမှနိုင်ငံရေးထိန်းချုပ်မှုကို အစွန့်လွှတ်ဘဲ ပြည်နယ်များ၏ စီးပွားရေးအခြေအနေ ဆက်လက်တိုးတက်စေရန်အတွက် မည်သို့ စီးပွားရေးလွတ်လပ်ခွင့် ပြုရမည်ဆိုသည့် ပြဿနာနှင့် ရင်ဆိုင်ခဲ့ရသည်။

အခြားအာရှနိုင်ငံများ၌ ဆွေးနွေးကြသလိုပင် တရုတ်နိုင်ငံ၌နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုများ မပြုလုပ်ဘဲ စီးပွားရေး ပြုပြင်ပြောင်းလဲမှုများ၊ စီးပွားရေးလွတ်လပ်ခွင့်များကို မည်သည့်အတိုင်းအတာအထိ ခွင့်ပြုနိုင်ကြောင်း ဆွေးနွေးနေကြသည်။ စီးပွားရေးလွတ်လပ်ခွင့်ကို အနည်းငယ်မျှ မရရှိသည့်သူများထံမှ ဒီမိုကရေစီတောင်းဆိုမှုများလည်း ပေါ်ပေါက်လာကြသည်။

☮

## ၅၂။ ဆိုဗီယက်အုပ်စုဝင် ဆိုရှယ်လစ်နိုင်ငံများအရင်းရှင် စီးပွားရေးစနစ်သို့ ပြောင်းလဲပုံ

**How did the socialist countries of the soviet bloe make the transition to capitalism?**

ယခင်ဆိုဗီယက်ယူနီယံနိုင်ငံဟောင်းမှ ဆိုရှယ်လစ်နိုင်ငံများနှင့်အရှေ့ဥရောပနိုင်ငံများအနေဖြင့် ၁၉၈၀ပြည့်လွန်နှစ်များ၏ နောက်ပိုင်း၌ ကွန်မြူနစ်ဝါဒမှဆုတ်ခွာခဲ့ကြသည်မှာ နိုင်ငံရေးကြောင့် အဓိကမဟုတ်ဘဲ စီးပွားရေးအကြောင်းတရားများကြောင့် ဖြစ်သည်။

၎င်းတို့အနေဖြင့် ကွန်မြူနစ်ဝါဒမှ အရင်းရှင်စီးပွားရေးစနစ်သို့ခက်ခဲစွာ ကူးပြောင်းရသည့် စီးပွားရေးဖြစ်စဉ်၌ သူတို့ အစိုးရိမ်ဆုံး



http://www.cherrythitsar.org

ကိစ္စမှာ နိုင်ငံရေးလွတ်လပ်မှု အလွယ်တကူ ဆုံးရှုံးသွားနိုင်ခြင်း ဖြစ်သည်။ ထိုအကြောင်းတရားကို ပို၍ ဆိုးရွားစေသောကိစ္စများလည်း ရှိသည်။ ဆိုဗီယက်ယူနီယံ၌ တပ်နီဟောင်းများ၏ မအောင်မြင်သော အာဏာသိမ်းရန် ကြိုးစားမှု၊ နောက်ပိုင်းတွင် ဆိုဗီယက်သမ္မတ နိုင်ငံဟောင်း၌ ဖြစ်ပွားသော တော်လှန်မှုများ၊ အာဇာဘိုင်ဂျန်နှင့် ချက်ချညာတို့ကဲ့သို့သော ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသများ၏ တော်လှန်မှုများ စသည့်တို့ ဖြစ်သည်။

အရှေ့ဥရောပနိုင်ငံတော်များများက ၁၉၉၀ ပြည့်လွန်နှစ်အစော ပိုင်းများ၌ ၎င်းတို့၏ စီးပွားရေးအဆောက်အအုံများကို အသွင် ပြောင်းလဲပစ်ခဲ့သည်။နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းများကို လျှော့ချ ပစ်ခဲ့ပြီး အရင်းရှင်စီးပွားရေးစနစ်ကို တံခါးဖွင့်လာခဲ့သည်။ ထိုအခါ စိုးရိမ်စရာကိစ္စများလည်း ပေါ်ပေါက်လာသည်။ အပြောင်းအလဲများ အကြီးအကျယ် ပေါ်ပေါက်လာသည်။ ပရာဟာ၊ ဘူဒါပက်စ်နှင့် ကီးယက်စ်မြို့များ၌ အနောက်နိုင်ငံဘဏ်များက ရုံးခွဲများ သွားဖွင့် ကြသည်။ ဒန်ညုမှ ယူရယ်လ်အထိ လူအများအနေဖြင့် အာဏာရှင် စနစ်အဆုံးသတ်သည်နှင့်တစ်ပြိုင်တည်း စီးပွားရေးအရ ကြွယ်ဝ ချမ်းသာမှုများ ရရှိမည့် ရွှေခေတ်၏ အစရောက်မည်ဟု ထင်နေကြ သည်။

သို့သော် အရင်းရှင်စီးပွားရေးစနစ်၏ အသီးအပွင့်များကိုလည်း ရုတ်တရက်ချက်ချင်းဆိုသလို ခံစားနိုင်ရန် ခက်သည်။ လွတ်လပ်သည့် ဈေးကွက်စီးပွားရေးသစနစ်ကပေးမည့် ကြွယ်ဝမှုများကို အရှေ့ဥရောပ နိုင်ငံလေးများအနေဖြင့် အချိန်ပေး၍ စောင့်ဆိုင်းရပေလိမ့်မည်။ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများကို ပုဂ္ဂလိကပိုင်အဖြစ် ပြောင်းလဲခြင်း၊ ပိုင်နိုင်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများနှင့် ပတ်သက်၍ အဟန့်အတားများ ပယ်ဖျက်ခြင်းတို့ကြောင့် အရှေ့ဥရောပနိုင်ငံအတော်များများအနေဖြင့်



http://www.cherrythitsar.org

စီးပွားရေးကျဆင်းမှုများနှင့်လည်း ကြုံတွေ့ကြရသည်။

ကွန်မြူနစ်ဝါဒမှ အရင်းရှင်ဝါဒသို့ ကူးပြောင်းသည့် ဖြစ်စဉ်၌ အားနည်း ချို့ယွင်းနေသော ကျောထောက်နောက်ခံ အဆောက်အအုံများ၊ တိုးပွားလာသည့် အလုပ်လက်မဲ့များနှင့်လည်း ကြုံတွေ့ကြရသည်။ မတန်တဆ ငွေဖောင်းပွမှုနှင့် နိုင်ငံရေး မတည်မငြိမ်မှုများကိုလည်း ဖြစ်ပေါ်စေသည်။ အလုပ်သမားများ၏ ဘဝသည် အာဏာရှင်စနစ်အောက် နေခဲ့ရသဖြင့် ၎င်းတို့အနေဖြင့် အရင်းရှင် စနစ်နှင့် ဒီမိုကရေစီစနစ်တို့၏ အခြေခံသဘောတရားများကိုပင်လျှင် နားလည်ရန် ခက်ခဲသည်။ အရှေ့ဥရောပရှိ အလုပ်သမားများအနေဖြင့် ဘဝတစ်သက်တာ အာမခံချက်ရှိသည့် အလုပ်အကိုင်များ လူမှုဖူလုံရေးထောက်ပံ့ကြေးများကို အရင်းရှင်စီးပွားရေးစနစ်တိုးတက်မှုကြောင့် ပေါ်ထွက်လာမည့် အကျိုးစီးပွားများနှင့် လဲလှယ်ရန် ဝန်ဆောင်နေကြသည်။

သို့ဖြစ်၍ အရှေ့ဥရောပရှိ အချို့နိုင်ငံများသည် ရောထွေးသည့် စီးပွားရေးစနစ်များကို ရွေးချယ်ကျင့်သုံးခဲ့ကြသည်။ ကြားကာလအတွင်း၌ အစိုးရက လူမှုဖူလုံရေးကိစ္စများကို အကူအညီပေးသည်။ စီးပွားရေးအဆောက်အအုံကို ဖြည်းဖြည်းချင်း ပြုပြင်ပြောင်းလဲနေသည်။ ဤသို့ အရင်းရှင်စနစ်နှင့် စီးပွားရေးစနစ် ရောထွေးကျင့်သုံးသည်ကို ဆွီဒင်နှင့် ပြင်သစ်တို့ကဲ့သို့သော အနောက်နိုင်ငံများက စောစီးစွာကပင် စမ်းသပ်ကျင့်သုံးခဲ့ပြီး ဆိုရှယ်လစ်စနစ်၏ အကျိုးကျေးဇူးများကို လွတ်လပ်သည့် ဈေးကွက်စီးပွားရေးစနစ်နှင့် အောင်မြင်စွာ ပေါင်းစပ်ကျင့်သုံးနိုင်ခဲ့ကြသည်။

အခြားနိုင်ငံများကမူ လုံးဝဥသုံ့ပြုပြင်ပြောင်းလဲပစ်ပြီး အရင်းရှင်စနစ်သို့ ချက်ချင်းပြောင်းလဲပစ်ချင်ကြသည်။ ဂျာမနီသမ္မတနိုင်ငံက အရှေ့ဂျာမနီကို အရင်းရှင်စီးပွားရေး အဆောက်အအုံတစ်ခုအဖြစ်သို့



http://www.cherrythitsar.org

အပြည့်အဝ ပြောင်းလဲပစ်လိုခြင်းသည် နမူနာတစ်ခုဖြစ်သည်။ တယ်လီဖုန်း ဆက်သွယ်ရေးနှင့် လမ်းမကြီးများကဲ့သို့သော ကျော ထောက်နောက်ခံ အဆောက်အအုံများအတွက် အရင်းအနှီး အများအပြား စိုက်ထုတ်ကုန်ကျခံရသည်။ စွမ်းဆောင်မှုညံ့ဖျင်းသော စက်ရုံများကို ပြန်လည်ဖွဲ့စည်းပြုပြင်ရခြင်းအတွက်လည်း ကမ္ဘာ့ အချမ်းသာဆုံး နိုင်ငံတစ်ခု၏ သယံဇာတများကို အများအပြား အကုန်အကျခံရသည်။ ဂျာမန်မတ်ငွေပေါင်း ဘီလျံပေါင်းရာပေါင်း များစွာကို စီးပွားရေးအဆောက်အအုံထဲသို့ ထည့်သွင်းပါလျက်နှင့်ပင် ယခင်အရှေ့ဂျာမနီနိုင်ငံဟောင်းအနေဖြင့် အောင်မြင်သည့် အရင်းရှင် စီးပွားရေးနိုင်ငံတစ်ခု ဖြစ်ရန်အတွက် နှစ်ပေါင်းများစွာ အချိန်ယူ ရဦးမည်။

အရှေ့ဘက်ရှိ ရုရှားနှင့် ဖော်လတစ်သမ္မတနိုင်ငံများ ဖြစ်သော လပ်ဗီးယား၊ လစ်သူရေးနီးယားနှင့် အက်စ်တိုနီးယားနိုင်ငံတို့သည် လည်း ကွန်မြူနစ်အဆောက်အအုံကို လျင်မြန်စွာ ဖြိုချ ဖျက်ဆီးခဲ့ကြ သည်။ ၎င်းတို့၏ ရည်ရွယ်ချက်မှာ တန်ပြန်တော်လှန်ရေး အင်အား စုများအနေဖြင့် အာဏာရှင်စနစ်အုပ်စိုးရေးသို့ ပြန်လည် မသွားနိုင်မီ စီးပွားရေးအဆောက်အအုံကို မြန်မြန်ဆန်ဆန်ပြုပြင် ပြောင်းလဲရေး လုပ်ရန် ရည်ရွယ်သည်။ ယခင်က နိုင်ငံပိုင် စက်မှုလုပ်ငန်းများကို ပုဂ္ဂလိကပိုင် ပြုလုပ်ခြင်းကိုလည်း မြန်မြန်ဆန်ဆန်ပင် ဆောင်ရွက်ကြ သည်။

ထိုသို့ ဆောင်ရွက်ခြင်းကြောင့် လူအများ၏ မကျေနပ်မှုများ ကိုလည်း ကြုံတွေ့ရသည်။ စီးပွားရေး ခြိုးခြံချွေတာမှုကိုလည်း နှစ်ပေါင်းများစွာ ကျင့်သုံးကြရသည်။ သို့သော် နိုင်ငံအတော်များများ အနေဖြင့် ထိုနည်းလမ်းသည်သာ ဈေးနှုန်းများ လုံးဝထိန်းချုပ်မှု မရှိသော၊ ပြည်တွင်းသုံးငွေကို နိုင်ငံခြားငွေနှင့်လွတ်လပ်စွာ ပြောင်းလဲ



http://www.cherrythitsar.org

နိုင်သည့် လွတ်လပ်သော ဈေးကွက်စီးပွားရေးစနစ်သို့ ဦးတည်ပြီး စီမံခန့်ခွဲမှု လွဲချော်သည့်ကာလများကို ကျော်လွှားနိုင်သည့် တစ်ခုတည်းသော နည်းလမ်းဖြစ်သည်ဟု မြင်ကြသည်။ ဤအရင်းရှင်စနစ်အောက်၌ဆိုလျှင် မည်မျှပင် ဒုက္ခခံစားရသည်ဖြစ်စေ လူများ၊ ဈေးကွက်များကို စီးပွားရေးနှင့် ပတ်သက်သည့် ဆုံးဖြတ်ချက်များအားလုံး လွတ်လပ်စွာ ချမှတ်ခွင့်ပြုထားသည်။

❀

## ၅၃။ ပစိဖိတ်စီးပွားရေးအဆောက်အအုံများဆိုသည်မှာ

**What are the pacific rim economy?**

လွန်ခဲ့သည့်နှစ်ပေါင်း ၃၀၀၀ခန့်အတွင်း စီးပွားရေးလှုပ်ရှားမှုများ၏ ဗဟိုအချက်အချာသည် ကမ္ဘာတစ်ဝန်း၌ အကြိမ်များစွာ ပြောင်းလဲခဲ့သည်။ တစ်ကြိမ်တစ်ခါကဆိုလျှင် ကမ္ဘာ့စီးပွားရေးအဆောက်အအုံသည် မြေထဲပင်လယ်ဒေသကို အခြေခံသည်။ အီဂျစ်၊ ဂရိနှင့် ရောမတို့သည် ပင်လယ်ရေကြောင်း သွားလာမှုမှတစ်ဆင့် ကြွယ်ဝချမ်းသာလာခဲ့ကြသည်။ နောက်တစ်ကြိမ်၌ နိုင်ငံတကာကုန်သွယ်မှုနှင့် ကူးသန်းရောင်းဝယ်မှုများသည် တရုတ်၊ အိန္ဒိယနှင့် အရှေ့အလယ်ပိုင်းကို ဗဟိုပြုခဲ့သည်။

၁၄၉၂ခုနှစ်၌ ကိုလံဗတ်စ်၏ ခရီးစဉ်နောက်ပိုင်းတွင် ဥရောပတိုက်သားများက အနောက်နိုင်ငံများကို နယ်ချဲ့လာကြသည့်အခါ ခရီးသွားလာကြခြင်းများနှင့်အတူ အင်္ဂလန်၊ ဟော်လန်၊ စပိန်နှင့် ပေါ်တူဂီဟူသော ကုန်သွယ်မှုနိုင်ငံများ ပေါ်ထွန်းလာခြင်းနှင့်အတူ အတ္တလန်တိတ်ဒေသသည် နိုင်ငံတကာ ကုန်သွယ်မှုအတွက် အချက်အချာဌာနအသစ်တစ်ခုဖြစ်လာခဲ့သည်။ ထိုအခြေအနေသည် စက်မှုတော်လှန်ရေးကာလတစ်လျှောက်၌ ဖြစ်ပွားခဲ့သည်။ အမေရိကန်



http://www.cherrythitsar.org

ပြည်ထောင်စုနှင့် သူ၏အဓိကကုန်သွယ်ဘက် မြောက်ဥရောပနိုင်ငံများသည် ကမ္ဘာတွင် အဆင့်အတန်းအမြင့်ဆုံး၊ အချမ်းသာဆုံး နိုင်ငံများ ဖြစ်လာခဲ့သည်။

ဂျပန်နှင့် အခြားအာရှနိုင်ငံများ တိုးတက်ထွန်းကားလာသည်နှင့်အတူ ဒုတိယကမ္ဘာစစ်နောက်ပိုင်း၌ ဂျပန်၊ အာရှနှင့် ပစိဖိတ်စီးပွားရေးအဆောက်အအုံများသည် တိုးတက်ထွန်းကားလာသော နိုင်ငံများ ဖြစ်လာခဲ့ကြသည်။ ယခုအခါ ကမ္ဘာ ပစိဖိတ်နိုင်ငံများကို အာရုံစိုက်လာရသည်။ အမေရိကန်ပြည်ထောင်စု၊ ကနေဒါ၊ မက္ကဆီကို၊ ချီလီ၊ သြစတြေးလျ၊ နယူးဇီလန်၊ တောင်ကိုရီးယား၊ ဟောင်ကောင်၊ ထိုင်း၊ စင်ကာပူ၊ တရုတ်၊ ဂျပန်တို့သည် ပိစိဖိတ်ကမ်းနဖူး၌ တည်ရှိကြပြီး အဓိကကုန်သွယ်ဘက်နိုင်ငံများ ဖြစ်လာကြသည်။ ၁၉၉၀ပြည့်လွန်နှစ်အစောပိုင်းများ၌ ဤစီးပွားရေးအဆောက်အအုံများအကြားတွင် ဖြစ်ပွားသည့် ကုန်သွယ်မှုသည် ကမ္ဘာ့စုစုပေါင်း ကုန်သွယ်မှု၏ တစ်ဝက်ခန့်ရှိသည်။

ပစိဖိတ်ကမ်းရိုးတန်းရှိ စီးပွားရေးအဆောက်အအုံများ၏ လျင်မြန်စွာ စီးပွားရေး တိုးတက်မှု၊ အထူးသဖြင့် ဂျပန်နိုင်ငံ၏ စီးပွားရေးတိုးတက်မှုသည် အဓိကအားဖြင့် ပို့ကုန်များအပေါ်၌ အခြေခံသည်။ စားသုံးကုန်စည်များကို အကြီးအကျယ် ထိထိရောက်ရောက် ထုတ်လုပ်ခြင်းအားဖြင့် ကုန်သွယ်မှု ပိုငွေအများအပြားကို ရရှိစုဆောင်းနိုင်ခဲ့ကြသည်။ ဥပမာ တောင်ကိုရီးယားသည် ဥရောပနှင့် မြောက်အမေရိကသို့ ရုပ်မြင်သံကြားပြစက်နှင့် ရုပ်မြင်သံကြားရိုက်ကူးစက်ကဲ့သို့သော စားသုံးကုန်ပစ္စည်းများကို အကြီးအကျယ်ထုတ်လုပ်ကာ စီးပွားရေးတိုးတက်မှုကို ရရှိခဲ့သည်။

ယခုအခါ ပစိဖိတ်ကမ်းနဖူးရှိ စီးပွားရေးအင်အားကြီး နိုင်ငံများထဲ၌ အာရှ၏ ကျား(၄)ကောင်လည်း ပါဝင်လာသည်။ အာရှ၏



http://www.cherrythitsar.org

ကျား(၄)ကောင်ဟု ခေါ်သည့်နိုင်ငံများမှာ တောင်ကိုရီးယား၊ စင်ကာပူ၊ ထိုင်ဝမ်နှင့် ဟောင်ကောင်တို့ဖြစ်သည်။ ယခင်ကဆိုလျှင် ထိုနိုင်ငံများသည် ခေတ်နောက်ကျနေသော ဝင်ငွေနိမ့်သည့် နိုင်ငံများဖြစ်ခဲ့သည်။ ၁၉၇၀နှင့် ၁၉၈၀ပြည့်လွန်နှစ်များ၌ လျင်မြန်စွာ စီးပွားရေး တိုးတက်မှုရရှိပြီးနောင် ၎င်းတို့ကို "ထွန်းသစ်စ စက်မှု နိုင်ငံများ" (NIC) ဟု ခေါ်သည်။

လျင်မြန်စွာစီးပွားရေးတိုးတက်နေသည့် အခြားအရှေ့တောင်အာရှနိုင်ငံများကို အာဆီယံအုပ်စုဟုခေါ်သည်။ ထိုစီးပွားရေးနှင့် နိုင်ငံရေး မဟာမိတ်အုပ်စုတွင် ဘရူနိုင်း၊ အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူနှင့် ထိုင်းနိုင်ငံတို့ပါပြီး အဖွဲ့ဝင်နိုင်ငံများအကြားတွင် ကုန်သွယ်မှုနှင့် စီးပွားရေးတိုးတက်မှုကို အားပေးရန်အတွက် ရည်ရွယ်ခြင်းဖြစ်သည်။ အထူးသဖြင့် ထိုင်းနှင့်မလေးရှားတို့၏ စီးပွားရေးတိုးတက်မှုသည် ကမ္ဘာတွင် အမြင့်ဆုံးအခြေအနေသို့ ဆိုက်ရောက်ခဲ့သည်။

သို့သော် မြောက်အမေရိကနှင့် ဥရောပတို့ရှိ စက်မှုနိုင်ငံကြီးများကို မီရန်အတွက် အလှမ်းကွာသေးသော်လည်း ပစိဖိတ်နိုင်ငံအတော်များများသည် ကုန်သွယ်မှုအဟန့်အတားများကို ဖယ်ရှားလာကြသည်။ ဥရောပနိုင်ငံများစုစည်း၍ ဘုံဈေးကွက်တည်ထောင်ကာ စီးပွားရေး တိုးတက်မှုကို အားပေးကြသလို ပစိဖိတ်ကမ်းရိုးတန်းရှိ ထွန်းသစ်စ စက်မှုနိုင်ငံများကလည်း နိုင်ငံရေး ကုန်သွယ်မှုကျယ်ပြန့်လာခြင်းမှ ရရှိသည့် စီးပွားရေးနှင့် နိုင်ငံရေး အကျိုးတရားများကို မျှဝေရန်အတွက် ဒေသန္တရကုန်သွယ်ရေးမဟာမိတ်များအဖြစ် ဖွဲ့စည်းလာကြသည်။

✇

**ယနေ့မန္တလေးစာအုပ်တိုက်**

http://www.cherrythitsar.org

## ၅၄။ ဂျပန်ကုမ္ပဏီကြီးဆိုသည်မှာ

**What is Japan Inc?**

စစ်ပြီးခေတ်တွင်ဂျပန်၏စီးပွားရေးအဆောက်အအုံအကြီးအကျယ် အောင်မြင်ခဲ့ရသည်မှာ အစိုးရနှင့်ပုဂ္ဂလိကကဏ္ဍတို့ ပူးပေါင်း ဆောင်ရွက်ခြင်းကြောင့်ဖြစ်ကြောင်းတွေ့ရသည်။ ထိုဧရာမ နိုင်ငံတော် စီးပွားရေးလုပ်ငန်းကြီးကို ဂျပန်ကုမ္ပဏီကြီး (japan Inc)ဟု ခေါ်လေ့ ခေါ်ထရှိသည်။ ထိုစီးပွားရေးလုပ်ငန်းသည် ပြည်ပမှ ကုန်စည်နှင့် ဝန်ဆောင်မှုများကို မသွင်းဘဲ ပြည်တွင်းမှပို့ကုန်များ များများတင်ပို့ရန် အားပေးသည့် ကုန်သွယ်စီးပွားမူဝါဒအပေါ်၌ အခြေခံသည်။ ဤနည်းအားဖြင့် ဂျပန်သည် ကုန်သွယ်မှုအပိုအလျှံများ အများအပြား ရရှိလာသောအခါ ၎င်း၏ ကုန်သွယ်ဘက် နိုင်ငံများကို စိတ်ဆိုး မာန်ဆိုး ဖြစ်လာစေခဲ့သည်။

ဂျပန်ပို့ကုန်လုပ်ငန်းများ၏ အောင်မြင်မှုသည် ဂျပန်နိုင်ငံတကာ ကုန်သွယ်မှုနှင့် စက်မှုဝန်ကြီးဌာနက ထိန်းချုပ်ကြိုးစားမှုကြောင့် လည်း တိုးတက်လာခဲ့ခြင်းဖြစ်သည်။ အချို့ပြိုင်ဘက်များက ဂျပန် ပို့ကုန်လုပ်ငန်းများသည် အလွန်တော်သည်။ ကမ္ဘာ့လွတ်လပ်စွာ ကုန်သွယ်မှုကို အခွင့်ကောင်းယူနေကြပြီး ပြည်တွင်း၌မူကုန်သွယ်မှု အဟန့်အတား အများအပြားကို ချမှတ်ထားလေ့ ရှိသည်ဟု ပြော သည်။ ဂျပန်ခေါင်းဆောင်များက ကမ္ဘာက ဂျပန်ပစ္စည်းများ ဝယ် နေကြခြင်းမှာ အရည်အသွေးကောင်းမွန်ခြင်းနှင့် ဈေးသက်သာ ခြင်းတို့ကြောင့်ဖြစ်သည်ဟု ဆိုသည်။

ဂျပန်ထုတ်ကုန်အများစု၏ အရည်အသွေးကောင်းမွန်မှုကြောင့် ပင်လျှင် ကမ္ဘာ့ဈေးကွက်၌ ၎င်းတို့ အောင်မြင်မှုရရှိခြင်းဖြစ်သည်မှာ



http://www.cherrythitsar.org

မှန်သင့်သလောက်မှန်သည်။ ဂျပန်ကုမ္ပဏီများကို ကြည့်လျှင် ဂျပန်ကုမ္ပဏီများသည် ထုတ်ကုန်ပစ္စည်းအသစ်များထုတ်လုပ်ရန်နှင့် တီထွင်ရာ၌ ရေရှည်ရှုထောင့်က ရှုမြင်ဆောင်ရွက်တတ်ကြသည်။ သို့သော် ကမ္ဘာ့အခြားအရပ်ဒေသများရှိ ဂျပန်တို့၏ ပြိုင်ဘက်များ အနေဖြင့် ကာလတိုအကျိုးစီးပွားများ၊ အကျိုးအမြတ်များကို အာရုံစိုက်ကြပြီး ဂျပန်ဈေးကွက်တွင် ယှဉ်ပြိုင်နိုင်သည့် ထုတ်ကုန်များကို ထုတ်လုပ်ရန်အတွက် လိုအပ်သော သုတေသနနှင့် ဖွံ့ဖြိုးရေး ကိစ္စများကို အာရုံပျက်ကွက်ခြင်းကြောင့် ဖြစ်သည်ဟုဝေဖန်ကြသည်။

ဂျပန်ဈေးကွက်ကို ဦးတည်၍ ဝင်ရောက်လာသော နိုင်ငံခြား ပစ္စည်းများသည် ယဉ်ကျေးမှုဆိုင်ရာ အဟန့်အတားများနှင့်လည်း ကြုံတွေ့ကြရသည်။ ဥပမာ ဂျပန်စားသုံးသူ အတော်များများက နိုင်ငံခြားပစ္စည်းများကို မကြိုက်ကြ။ နိုင်ငံခြားပစ္စည်းများသည် အရည်အသွေးညံ့သည်ဟုလည်း ထင်ကြသည်။ ထို့အပြင် ဂျပန် လုပ်ငန်း တစ်ခုနှင့်တစ်ခု အပြန်အလှန် အစုရှယ်ယာ ထည့်ဝင်ကြ သဖြင့် ကုမ္ပဏီတစ်ခုမှ ထုတ်လုပ်သော ကုန်ပစ္စည်းကို အခြားကုမ္ပဏီ များကသာ အပြန်အလှန်ဝယ်ယူတတ်ကြသည်။ ပြည်ပမှ ဈေးပေါ သော ပစ္စည်းများကို တင်သွင်းဝယ်ယူခြင်း ပြုလေ့ပြုထ မရှိကြပေ။

အနီးကပ် လေ့လာဆန်းစစ်ကြည့်သည့်အခါ ကုန်သွယ်မှုမှ ကုန်သွယ်ရေး အပိုအလျှံအတော်များများ ရရှိခြင်းမှာ စွမ်းဆောင် ရည်မြင့်မားခြင်းနှင့် အလုပ်ကြိုးစားခြင်းတို့ကြောင့် ဖြစ်ကြောင်း တွေ့ရသည်။ တစ်နိုင်ငံနှင့် တစ်နိုင်ငံ ဥပဒေမတူနေသမျှ အချို့သော အဟန့်အတားများမှာ အမြဲတမ်းတည်ရှိနေမည်ဖြစ်သည် သို့သော် ကမ္ဘာ့စီးပွားရေးအဆောက်အအုံထဲ၌ ထပ်မံ၍ ကုန်သွယ်မှု အဟန့်

အတားများ တည်ထောင်မနေဘဲ နိုင်ငံအားလုံး တစ်နိုင်ငံနှင့် တစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ကာ မျှမျှတတ ယှဉ်ပြိုင်ကြ ဆောင်ရွက်ကြမည်ဆိုလျှင် နိုင်ငံအားလုံးအတွက် အကျိုးရှိမည် ဖြစ်သည်။

☮

## ၅၅။ မြောက်အမေရိက လွတ်လပ်စွာ ကုန်သွယ်မှု သဘောတူညီချက်ဆိုသည်မှာ

**What is NAFTA?**

မြောက်အမေရိက လွတ်လပ်စွာ ကုန်သွယ်မှုသဘောတူညီချက် (The North American Free Trade Agreement -NAFTA)ကို ၁၉၈၈ခုနှစ်၌ ဖန်တီးခဲ့သည်၊ မူလက အမေရိကန်ပြည်ထောင်စုနှင့် ကနေဒါနိုင်ငံတို့သာ ပါဝင်ရန် ရည်ရွယ်ခဲ့သည်။ နက်(ဖ)တာ၏ ရည်မှန်းချက်မှာ ရှင်းသည်။ ကုန်သွယ်မှုနှင့်ပတ်သက်၍ အဟန့်အတားများ ဖယ်ရှားရန်ဖြစ်သည်။

နောင်အခါ၌ မက္ကဆီကို ကို အဖွဲ့ဝင်အဖြစ် ထပ်ပေါင်းလိုက်သည့်အခါ နက်(ဖ)တာသည်စီးပွားရေးအရ အမျိုးမျိုးကွဲပြားနေသည့် နိုင်ငံများကို ပေါင်းစပ်နိုင်ပြီး သမားရိုးကျ အလုပ်ခွဲခြားလုပ်ကိုင်သည့် စနစ်တစ်ခုကို ချမှတ်နိုင်သည်။ နိုင်ငံတိုင်းအနေဖြင့် အကောင်းဆုံးဆောင်ရွက်နိုင်သည့်ကိစ္စများကို ဆောင်ရွက်ကာ ပို့ကုန်များမှ တန်ဖိုးရှိသည့် နိုင်ငံခြားငွေများရရှိစေမည်။ ထိုရရှိလာ သည့်ငွေများကို တိုးပွားလာသည့် သွင်းကုန်အတွက် ပေးချေရန် အသုံးပြုမည်။

လွတ်လပ်စွာ ကုန်သွယ်မှု၏ အကျိုးကျေးဇူးများသည် ရာသီဥတု အမျိုးမျိုးနှင့် စီးပွားရေး ကျောဘ်ထောက်နောက်ခံ အမျိုးမျိုးရှိသည့် နိုင်ငံများအကြားတွင် ပို၍ ထင်ရှားသည်။ နက်(ဖ)တာကို စတင် ထူထောင်သည့် အမေရိကန်နှင့်ကနေဒါတို့အနေဖြင့် မြောက်အမေ



http://www.cherrythitsar.org

ရိုက၍ လွတ်လပ်စွာ ကုန်သွယ်မှုဇရိယာတစ်ခုကို အားတစ် ဒေသမှ ကာရစ်ဘီယံဆိပ်ကမ်းများအထိ ချဲ့ထွင်ရန်ရည်ရွယ်ခဲ့သည်။ ထိုသို့ ချဲ့ထွင်ရေးသည် နိုင်ငံတစ်နိုင်ငံချင်း၏ အားသာချက်များ အပေါ် အခွင့်ကောင်းယူရန်အတွက် အခြေခံကျသည်ကို ရှုမြင်ခဲ့ကြသည်။ ဥပမာ ငှက်ပျောသီးများ သို့မဟုတ် ဆေးရွက်ကြီးများကို အအေး လွန်ခဲသည့် ယူကွန်း၌ စိုက်ကာ တန်ဖိုးရှိသည့် လုပ်အားနှင့် သယံဇာတများကို ဖြုန်းတီးမပစ်ဘဲ ကနေဒါတို့အနေဖြင့် ၎င်းပစ္စည်း များကို ပူနွေးသည့် အိမ်နီးချင်းနိုင်ငံများမှ တင်သွင်း ခြင်းအားဖြင့် ပို၍ အကျိုးရှိနိုင်သည်။

နက်(ဖ)တာကို ဝင်ရောက်ခဲ့သည့် မက္ကဆီကိုတို့အနေဖြင့် Walmartကုမ္ပဏီက အမေရိကန်လုပ်သည့် ပစ္စည်းများကို လာရောင်း ခွင့်ပြုလျှင် ဈေးချိုချိုနှင့် ဝယ်ယူရရှိနိုင်ပြီး မက္ကဆီကို၏ စီးပွားရေး အဆောက်အအုံကို စွမ်းရည်မြင့်မားစေနိုင်သည်။ ကမ္ဘာ့စီးပွားရေး အဆောက်အအုံထဲရှိ အခြားနိုင်ငံများသို့ အောင်မြင်သည့် ပို့ကုန် တင်ပို့သည့် နိုင်ငံတစ်နိုင်ငံ ဖြစ်လာမည်ဟု ယူဆသည်။

အမေရိကန်ပြည်ထောင်စုနှင့် ကနေဒါနိုင်ငံတို့တွင် နက်(ဖ)တာ နှင့်ပတ်သက်၍ ဆွေးနွေးမှုများသည် အလုပ်အကိုင်များအပေါ်၌ အဓိကအားဖြင့် ဆွေးနွေးကြခြင်းဖြစ်သည်။ အလုပ်အကိုင်ရရှိမှု လျော့ပါးမသွားဘဲ မိမိနိုင်ငံ၏ နယ်နိမိတ်ကို ဖွင့်ပေးခြင်းအားဖြင့် ပို၍ကောင်းမွန်ပြီး ဈေးပေါသည့်ပစ္စည်းများကို မည်သို့ရအောင် တင်သွင်းနိုင်မည်နည်းဟူသည့်ကိစ္စကို ဆွေးနွေးကြသည်။ နက်(ဖ)တာ အသင်းဝင်နိုင်ငံများမှ ခေါင်းဆောင်များအနေဖြင့် ကုန်သွယ်မှုအတွက် နယ်နိမိတ်များကို ပိတ်ထားခြင်းသည် ရေရှည်၌ ပြိုင်ဆိုင်မှုကို လျော့ပါးစေနိုင်သည်။ ကမ္ဘာ့ဈေးကွက်တွင် ပြိုင်ဆိုင်မှုလျော့ပါးသည့် နိုင်ငံတစ်နိုင်ငံအနေဖြင့် နောက်ဆုံးတွင် အလုပ်အကိုင်များကို ဆုံးရှုံး



http://www.cherrythitsar.org

စေနိုင်သည်ဟု ရှုမြင်ခဲ့ကြသည်။ ၎င်းတို့အနေဖြင့် ကမ္ဘာ့စီးပွားရေး အဆောက်အအုံဆိုသည်မှာ တစ်ဦး၏ အနိုင်သည် တစ်ဦး၏ အရှုံးနှင့် တွဲနေသည့်ကစားနည်းမျိုး မဟုတ်ပေ။ နိုင်ငံတစ်နိုင်ငံ အကျိုးရှိရန် အတွက် အခြားတစ်နိုင်ငံက အရှုံးအမြတ်ရှိရမည့် သဘောမျိုး မဟုတ်ပေ။ လွတ်လပ်သည့်ဈေးကွက်များသည် ရေရှည်တွင် နယ်နိမိတ်မျဉ်းကြောင်း၏ နှစ်ဘက်စလုံးရှိ ထုတ်လုပ်သူများအနေဖြင့် ၎င်းတို့ ထူးခြားသာလွန်အောင် ထုတ်လုပ်နိုင်သည့် ကုန်စည်နှင့် ဝန်ဆောင်မှုများအပေါ်၌ အာရုံစိုက်ဆောင်ရွက်စေရန်အတွက် မက်လုံး ပေးရာရောက်သည်။ ထို့အပြင် ပြည်ပရှိ ပြိုင်ဘက်များက နိုင်ငံတစ် နိုင်ငံစီသည် ၎င်းထုတ်ကုန်များအပေါ် အရည်အသွေးနှင့် တန်ဖိုး တိုးပွားလာရန် ဖိအားပေးရာရောက်မည်။

ဥပမာ ကနေဒါနိုင်ငံသည် မက္ကဆီကိုမှ ကုန်ချောများ တင်သွင်း ခြင်း၊ အမေရိကန်ပြည်ထောင်စုမှ လေယာဉ်များ တင်သွင်းခြင်း အားဖြင့် ကနေဒါ၏စီးပွားရေးအဆောက်အအုံသည် ပိုမို၍ စွမ်းရည် မြင့်မားကာ ကြွယ်ဝချမ်းသာလာနိုင်ကြောင်း ရှုမြင်သည်။ ၎င်းတို့ အနေဖြင့် ကနေဒါလူမျိုးများက အမေရိကန်ပြည်ထောင်စုနှင့် မက္ကဆီကိုသို့ ကုန်စည်နှင့် ဝန်ဆောင်မှုများကို လွတ်လပ်စွာ တင်သွင်းခွင့်၊ တင်ပို့ခွင့် ရရှိမှသာလျှင် ထိုဆင်ခြင်ပုံ မှန်ကန်မည်ကို သဘောပေါက်သည်။ သစ်လုပ်ငန်း၊ ဘဏ်လုပ်ငန်း၊ အားကစား ပစ္စည်း၊ မေပယ်လ်ဖျော်ရည်တို့ကဲ့သို့သော သူတစ်ပါးထက် မိမိက သာလွန်အောင် ထုတ်လုပ်နိုင်သည့် ကုန်ပစ္စည်းများကို တင်ပို့ ရောင်းချခြင်းအားဖြင့် ကနေဒါလူမျိုးတို့သည် နိုင်ငံခြားငွေများကို ရရှိနိုင်မည်။ ထိုဝင်ငွေများဖြင့် ၄က်ပျောသီးမှအစ ကွန်ပျူတာအပျော့ ထည်အဆုံး အိမ်နီးချင်းများမှ ပို၍ စွမ်းရည်မြင့်မြင့် ထုတ်လုပ်နိုင် သည့် ပစ္စည်းများကို ဝယ်ယူတင်သွင်းရန်အတွက် ပေးချေနိုင်သည်။



http://www.cherrythitsar.org

နက်(ဖ)တာသည် လွတ်လပ်စွာ ကုန်သွယ်မှုသဘောတူညီချက်တစ်ခုသာဖြစ်သည်။ အဖွဲ့ဝင်နိုင်ငံများအကြား ကုန်သွယ်မှု အဟန့်အတားပြုထားသည့်အရာများ လုံးဝဥဿုံဖယ်ရှားရေးအတွက် တောင်းဆိုသည်။ ဥရောပသမဂ္ဂ၏ ဖွဲ့စည်းပုံနှင့်မတူပေ။ ဥရောပသမဂ္ဂ၏ဖွဲ့စည်းပုံသည် ၎င်းတို့၏ စီးပွားရေးခံတပ်အပြင်ဘက်၌ တညီတညွတ်တည်း ကုန်သွယ်ရေး အဟန့်အတားများ တည်ထောင်ခဲ့သည်။ နက်(ဖ)တာက အဖွဲ့ဝင်နိုင်ငံအချင်းချင်း ကုန်သွယ်ရေး အဟန့်အတားများ ဖယ်ရှားရန်ကိုသာ သတ်မှတ်ထားသည်။ နိုင်ငံ တစ်နိုင်ငံမှ အခြားတစ်နိုင်ငံသို့ လူအများကို လွတ်လပ်စွာ သွားလာခွင့်ပြုသည့် ဘုံဈေးကွက်ဆိုင်ရာ မူဝါဒတစ်ခုကို ချမှတ်ရန် ကြိုးစားခြင်းမပြုပေ။

မြောက်အမေရိကမှ ကုန်သွယ်မှုအတော်များများသည် မူလကပင်အခွန်အကောက် ကင်းလွတ်နေပြီးဖြစ်သော်လည်း ဤသဘောတူညီချက်ကြောင့် လွတ်လပ်သည့် ဈေးကွက်ဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကို တွန်းအားပေးရာရောက်ပြီး နိုင်ငံတစ်ခုနှင့်တစ်ခုအကြား စီးပွားရေးလုပ်ရှားမှုများ တိုးပွားရန်အတွက် အားပေးရာရောက်သည်။ အမေရိကန်ပြည်ထောင်စုနှင့် ကနေဒါနိုင်ငံတို့တွင် အလုပ်လက်မဲ့မဖြစ်စေဘဲ တိုးတက်လာသည့် မက္ကဆီကို စီးပွားရေးအဆောက်အအုံသည် ဒေသခံလူများအတွက် အလုပ်အကိုင်များပေးနိုင်ရုံမျှမက ပြည်ပသို့ ထွက်ခွာမည့်သူများကို လျော့ပါးစေသလို အမေရိကန်ပြည်ထောင်စုနှင့် ကနေဒါတို့မှ ကုန်စည်နှင့် ဝန်ဆောင်မှုများအတွက် ဈေးကွက်တစ်ခုလည်း ဖြစ်လာမည်။

၁၉၉၅ခုနှစ် နောက်ပိုင်း၌ မက္ကဆီကိုနိုင်ငံတွင် စီးပွားရေးအကျပ်အတည်းတွေ့ကြုံရသော်လည်း နက်(ဖ)တာ၏ အောင်မြင်မှုရှိကြောင်း အလုပ်အကိုင်နှင့် စီးပွားရေးတိုးတက်မှုများကိုကြည့်၍ သိနိုင်သည်။ နယ်စပ်မျဉ်းကြောင်း နှစ်ဘက်စလုံးရှိ နိုင်ငံများ၌

အလုပ်အကိုင်နှင့် စီးပွားရေးတိုးတက်မှုကို တွေ့ရသည်။ ဥပမာ အမေရိကန်ပြည်ထောင်စုသည် မက္ကဆီကိုနှင့် ကုန်သွယ်မှုပြုသည့် ပထမနှစ်၌ပင် တစ်ပိုင်းလျှပ်ကူးပစ္စည်းများမှအစ ပန်းသီးများအဆုံး ပို့ကုန်များ တိုးပွားလာပြီး မက္ကဆီကို၏ စီးပွားရေး အဆောက်အအုံသည်လည်း စန်းပွင့်လာသည်ကို တွေ့ရသည်။ ကနေဒါ၊ မက္ကဆီကိုနှင့် အမေရိကန်ပြည်ထောင်စုတို့သည် မြောက်အမေရိက လွတ်လပ်စွာကုန်သွယ်မှုကြောင့် ဖြစ်ပေါ်လာသော အစပိုင်း အောင်မြင်မှုများကြောင့် စိတ်အားထက်သန်လာကာ ချီလီကဲ့သို့သောနိုင်ငံများကိုပါ တိုးချဲ့ကာ အဖွဲ့ဝင်စေရန်အတွက် လှုပ်ရှားနေကြသည်။

☮

## ၅၆။ လွတ်လပ်စွာ ကုန်သွယ်မှုဇုန်များ ဆိုသည်မှာ

**What are Free Trade megazones?**

ဥရောပနှင့် မြောက်အမေရိကတိုက်ရှိ လွတ်လပ်စွာ ကုန်သွယ်မှုဇုန်များ၏ အောင်မြင်မှုကြောင့် စိတ်တက်ကြွလာကြပြီး ၁၉၉၀ပြည့်လွန် နှစ်အစောပိုင်းများ၌ ကမ္ဘာ့စီးပွားရေးအဆောက်အအုံထဲရှိ နိုင်ငံများသည် စီးပွားရေးအရ မဟာမိတ်ဖွဲ့ကြရန် ကြိုးစားလာကြသည်။ ကုန်သွယ်ရေးနှင့်ပတ်သက်၍ အဟန့်အတားများ လျှော့ချခြင်းအားဖြင့် နိုင်ငံတိုင်းအနေဖြင့် စီးပွားရေးလုပ်ဆောင်မှုများ တိုးပွားလာမည်ဟူသော နိယာမဥပဒေသများအပေါ်၌ အခြေခံကာ မဟာမိတ်များ ဖွဲ့စည်းရန် ကြိုးစားလာကြသည်။

၁၉၉၅ခုနှစ်ခန့်၌ လွတ်လပ်စွာ ကုန်သွယ်မှုဇုန်ကြီးများကို စတင်ဖွဲ့စည်းတည်ထောင်လာကြသည်။ ကမ္ဘာ့ဈေးကွက်သို့ အကန့်အသတ်မဲ့ လက်လှမ်းမီခြင်းသည် စားသုံးသူများအတွက်သာမက စီးပွားရေးလုပ်ငန်းများ၊ အထူးသဖြင့် စွမ်းဆောင်ရည်မြင့်မားသည့် စီးပွားရေးလုပ်ငန်းများအတွက်ပါ အကျိုးရှိကြောင်း မြင်လာကြသည်။



http://www.cherrythitsar.org

ဥပမာ အမေရိကန်ပြည်ထောင်စုမှ ပို့ကုန်များကိုကြည့်လျှင် ဆီယက်တယ်လ်မှ ထုတ်လုပ်သော လေယာဉ်ပျံများ၊ အနောက်အလယ်ပိုင်းက ထုတ်လုပ်သည့် ဂျုံများနှင့် နယူးယောက်ရှိ ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ အားလုံးတို့ပါဝင်သည်။ ၎င်းတို့သည် ပြည်တွင်းရှိ စီးပွားရေးအဆောက်အအုံကို ကြီးမားကျယ်ပြန့်စေနိုင်ပြီး အလုပ်အကိုင်သစ်ပေါင်း သိန်းချီ၍ ဖန်တီးပေးနိုင်သည်။

ကုန်သွယ်ရန် နယ်နိမိတ်များကို ဖွင့်လှစ်ပေးခြင်းအားဖြင့် မြောက်အမေရိကနှင့် အနောက်ဥရောပရှိ ချမ်းသာကြွယ်ဝသည့်နိုင်ငံများသည် တတိယကမ္ဘာဖွံ့ဖြိုးဆဲနိုင်ငံများ၏ စီးပွားရေး အဆောက်အအုံကိုလည်း တိုးတက်စေရန် တွန်းအားပေးနိုင်သည်။ ဖွံ့ဖြိုးဆဲနိုင်ငံများမှ ဈေးပေါသည့် ထုတ်ကုန်ပစ္စည်းများကို တင်သွင်းခြင်းအားဖြင့် စက်မှုနိုင်ငံများသည် ၎င်းတို့၏ စားသုံးသူများကို ထုတ်ကုန်အမျိုးမျိုး စားသုံးရန် ခွင့်ပြုနိုင်သည်။ ထိုသွင်းကုန်များသည် စီးပွားရေးအရ တွန်းအားပေးရန်လိုအပ်နေသော ပြည်ပရှိ ဈေးကွက်များနှင့် အလုပ်အကိုင်များ တိုးပွားလာရန်လည်း အားပေးနိုင်သည်။ အတုံ့အလှည့်အနေဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ စီးပွားရေးတိုးတက်မှုများသည် စက်မှုနိုင်ငံများက ထုတ်လုပ်သော ကုန်စည်နှင့် ဝန်ဆောင်မှုများအတွက် ဈေးကွက်များဖြစ်စေနိုင်သည်။ ဂျာမန်နိုင်ငံမှ ထုတ်လုပ်သော ကားများမှအစ ဟောလိဝုဒ်က ထုတ်လုပ်သော ရုပ်ရှင်များအဆုံး ထုတ်ကုန်နှင့် ဝန်ဆောင်မှုများအတွက် ဈေးကွက်များဖြစ်လာကာ ပို၍ တိုးတက်သည်ထက် တိုးတက်စေနိုင်သည်။ ကမ္ဘာအနှံ့အလုပ်အကိုင်များ တိုးသည်ထက် တိုးစေနိုင်သည်။

ကမ္ဘာပေါ်၌ အအောင်မြင်ဆုံး လွတ်လပ်စွာ ကုန်သွယ်မှုနယ်ပယ်တစ်ခုကို ဥရောပ၌ တွေ့နိုင်သည်။ ဆွီဒင်၊ ဩစတြေးလျနှင့် ဖင်လင်နိုင်ငံတို့သည် ၁၉၉၀ ပြည့်လွန်နှစ် အလယ်ပိုင်းများ၌



http://www.cherrythitsar.org

အောင်မြင်စွာ စုစည်းခဲ့ပြီးနောက် ဥရောပသမဂ္ဂသည် နိုင်ငံများကို ထပ်ချဲ့ရန် ပြင်ဆင်ခဲ့သည်။ အရှေ့ဥရောပရှိ စီးပွားရေးအရ တောင့်တင်းခိုင်မာမှုအရှိဆုံးဖြစ်သော ပိုလန်၊ ချက်၊ ဆလိုဗေးကီးယား၊ ဟန်ဂေရီ၊ လစ်သူယေးနီးယားသမ္မတနိုင်ငံ၊ လပ်ဗီးယား၊ အက်စ်တိုးနီးယားတို့ကို ချဲ့ထွင်ကာ ဥရောပဘုံဈေးကွက်သည် အတ္တလန်တိတ်မှ ရုရှားနယ်စပ်အထိ ကျယ်ပြန့်လာလိမ့်မည်။ ထိုဥရောပလွတ်လပ်စွာ ကုန်သွယ်မှုဇုန်ကြီးသည် ကမ္ဘာပေါ်တွင် စက်မှုနိုင်ငံများကို စုစည်းထားသည့် အချမ်းသာဆုံးနယ်ပယ်တစ်ခု ဖြစ်လာမည်။

ထို့အပြင် ဥရောပဇုန်ကို ဥရောပသမဂ္ဂအဖွဲ့ဝင်များဖြစ်သော အီတလီ၊ စပိန်နှင့် ပေါ်တူဂီတို့ကို ထပ်မံချဲ့ထွင်ကာမြေထဲပင်လယ်အထိ ချဲ့ထွင်ရန် ပြင်ဆင်လျက်ရှိသည်။ တောင်အာဖရိကာ၊ ဆိုက်ပရပ်၊ တူရကီတို့ကိုပါ ထည့်သွင်းဖွဲ့စည်းပြီးနောက် နောက်ဆုံး၌ အစ္စရေးနှင့် အရှေ့အလယ်ပိုင်းရှိ အာရပ်နိုင်ငံများပါဝင်လာမည်ဆိုလျှင် ဥရောပသမဂ္ဂသည် စီးပွားရေးအဆောက်အအုံအမျိုးမျိုး၊ ယဉ်ကျေးမှုအမျိုးမျိုးနှင့် နိုင်ငံရေးစနစ်အမျိုးမျိုးပါဝင်သည့် အဖွဲ့အစည်းကြီးတစ်ခုဖြစ်လာမည်။ ဤကဲ့သို့ ဥရောပ မြေထဲပင်လယ် လွတ်လပ်စွာကုန်သွယ်မှုဇုန်ကြီးအဖြစ် ချဲ့ထွင်ရန် ရည်မှန်းထားခြင်းသည် စီးပွားရေးတိုးတက်မှုကို တွန်းအားပေးရုံမျှသာမဟုတ် နိုင်ငံရေး တည်ငြိမ်မှုရရှိရန်အတွက်ပါ ရည်ရွယ်သည်။ အဖွဲ့ဝင်နိုင်ငံများ အနေဖြင့် ငြိမ်းချမ်းကာ လုံခြုံသော နယ်နိမိတ်များ ရရှိစေရေးအတွက် အာမခံနိုင်မည်ဟူသော မျှော်လင့်ချက်ဖြင့်ပါ တည်ထောင်ခြင်း ဖြစ်သည်။

ဥရောပ၌ ဤမျှကြီးမားသော စီးပွားရေးဇုန်ကြီးတစ်ခု တည်ထောင်ရန်ပြင်ဆင်နေသည်ကို ရင်ဆိုင်နေရသည့် အနောက်ဘက်ခြမ်းမှ ခေါင်းဆောင်များအနေဖြင့် အာတိတ်မှ အန္တာတိတ်အထိ ကျယ်ပြန့်သော လွတ်လပ်စွာ ကုန်သွယ်မှုဇုန်တစ်ခု တည်ထောင်ရန် ပြင်ဆင်



http://www.cherrythitsar.org

လာကြသည်။ ၁၉၉၄ခုနှစ်က မီယာမီ၌ ကျင်းပသော ထိပ်သီးညီလာခံတစ်ခု၌ အမေရိက လွတ်လပ်စွာကုန်သွယ်မှုဇရိယာ တည်ထောင်ရန် ရည်ရွယ်ကြောင်း ကြေညာခဲ့သည်။ ထိုအဖွဲ့အစည်း၌ မြောက်အမေရိက၊ ဗဟိုအမေရိကနှင့် တောင်အမေရိကရှိ အရင်းရှင်နိုင်ငံများအားလုံး ပါဝင်ကြမည်ဖြစ်သည်။

အမေရိကတိုက်သားအားလုံးပါဝင်သော ဇရာမလွတ်လပ်စွာကုန်သွယ်မှုဇုန်ကြီးတစ်ခု တည်ထောင်ရန် ပထမခြေလှမ်းအနေဖြင့် ၁၉၉၅ခုနှစ်တစ်ဝိုက်တွင် လွတ်လပ်စွာ ကုန်သွယ်မှုဇုန်ပေါင်းများစွာကို တည်ထောင်ခဲ့ကြသည်။ နက်(ဖ)တာအပြင် ဗဟိုနှင့် တောင်အမေရိကတို့၌လည်း လွတ်လပ်စွာ ကုန်သွယ်မှုဇုန်များကို တည်ထောင်ကြသည်။ မာကိုဆာ (Mercosur) ဟု ခေါ်သည့် လွတ်လပ်စွာကုန်သွယ်မှုဇုန်၌ အာဂျင်တီးနား၊ ဘရာဇီး၊ ဥရုဂွေးနှင့် ပါရာဂွေးနိုင်ငံတို့ ပါဝင်ပြီး ဘရာဇီးနိုင်ငံ၏ ဇရာမစီးပွားရေးအဆောက်အအုံကို မြောက်ဘက်ရှိ အိမ်နီးချင်းနိုင်ငံများအား ပထမဆုံးအကြိမ်အဖြစ် ဖွင့်လှစ်ပေးလိုက်ခြင်းဖြစ်သည်။ ၁၉၉၅ခုနှစ်တစ်ဝိုက်၌ ဘရာဇီးနိုင်ငံက အာဂျင်တီးနားနိုင်ငံသို့ တင်ပို့သော ပို့ကုန်များသည် သုံးဆတိုးလာခဲ့ပြီး ဘရာဇီးနိုင်ငံက ထုတ်လုပ်သော ဘီယာများ၊ မော်တော်ကားများနှင့် ဘဏ်လုပ်ငန်းများသည် တောင်ဘက်ရှိ နိုင်ငံများကို လွှမ်းမိုးသွားခဲ့သည်။ ဒေသထဲ၌ အကြွယ်ဝဆုံးနိုင်ငံ ဖြစ်သည့် ချီလီသည် နက်(ဖ)တာထဲသို့ ဝင်ရောက်ရန် စောင့်ဆိုင်းနေချိန်၌ တောင်ဘက်နိုင်ငံများနှင့် လွတ်လပ်စွာ ကုန်သွယ်မှုလုပ်ကာ နောက်တန်းတစ်နေရာဖြင့် ကျေနပ်လျက်ရှိသည်။

မြောက်ဘက်တစ်လျှောက် ထပ်၍ ချဲ့မည်ဆိုလျှင် အန်ဒီးယန်းစာချုပ် (Andean Pact) သည် ဗင်နီဇွဲလား၊ ကိုလံဘီယာ၊ ပီရူး၊ အီကွေဒိုနှင့် ဘိုလီဗီးယားဟူသောနိုင်ငံ (၅)နိုင်ငံအကြား၌ ကုန်သွယ်မှု



http://www.cherrythitsar.org

အပေါက်ပ်အတားများကို ဖယ်ရှားပေးခဲ့သည်။ ဤတောင်အမေရိက စီးပွားရေးအဆောက်အအုံများ၏ စုစုပေါင်း အရွယ်အစားသည် နက်(ဖ)တာနှင့်နှိုင်းယှဉ်လျှင် အလွန်သေးငယ်သည်။ အမေရိကန် ပြည်ထောင်စု၏ စီးပွားရေးအဆောက်အအုံသည် ကျန်သည့်အမေရိက အိမ်နီးချင်းနိုင်ငံအားလုံး၏ စီးပွားရေးအဆောက်အအုံထက်ပင် ကြီးမားနေသေးသည်။ သို့သော် ထိုစီးပွားရေးအုပ်စုငယ်များသည် ဒေသတွင်း၌ စီးပွားရေးတိုးတက်မှုကို တွန်းအားပေးနိုင်မည်ဟု မျှော်လင့်ရသည်။

အခြားဗဟိုအမေရိကနှင့် တောင်အမေရိကရှိ နိုင်ငံငယ်များအနေဖြင့် ကုန်သွယ်ရေးအုပ်စုနှစ်ခုကို ဖွဲ့စည်းခဲ့ကြသည်။ တစ်ခုမှာ ဂွာတီမာလာ၊ ကိုစတာရီကာ၊ အယ်လ်ဆာဗီဒို၊ ဟွန်ဒူရပ်နှင့် နီကာရာဂွါနိုင်ငံတို့ ပါဝင်သော ဗဟိုအမေရိကဘုံဈေးကွက် (Central American Common Market)ဖြစ်ပြီး အခြားတစ်ခုမှာ CARICOM လွတ်လပ်စွာ ကုန်သွယ်မှုဇုန်ဟုခေါ်သော Caribban Community ဖြစ်ပြီး ဂျမေကာ၊ ထရီနီဒက်၊ တိုဘာဂိုနှင့် ဆူရီနမ်တို့ ပါဝင်သည်။

ဥရောပသမဂ္ဂကဲ့သို့ပင် ထိုကုန်သွယ်မှုဇုန်ငယ် နှစ်ခုတို့၌ အားနည်းချက်တစ်ခုရှိသည်။ ၎င်းတို့ကုန်သွယ်မှုဇုန်ပြင်ပမှ သွင်းကုန်များကိုလျော့ပါးစေရန် ရည်ရွယ်ချက်ဖြင့် ဒေသပြင်ပရှိနိုင်ငံများ အပေါ်၌ ဘုံသွင်းကုန်ခွန် (Common External Tariffs -CET) ကောက်ခံသည့်စနစ်ကို ချမှတ်ကျင့်သုံးသည်။ ထိုဘုံသွင်းကုန်ခွန် ချမှတ်ခြင်းအားဖြင့် ပြည်ပမှ ဈေးသက်သာသည့် ထုတ်ကုန်ပစ္စည်းများ၏ ပြိုင်ဆိုင်မှုကို မခံရဘဲမိမိတို့၏စီးပွားရေးအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်စေနိုင်မည်ဟု ယူဆကြသည်။ ပြင်ပမှ ပြိုင်ဆိုင်မှုကို ခံနိုင်ရည်ရှိလာသောအခါ ထိုပြင်ပနိုင်ငံများအတွက် သတ်မှတ်ထားသည့် သွင်းကုန်ခွန်များကို ဖယ်ရှားပစ်မည်ဟု မျှော်လင့်ရသည်။



http://www.cherrythitsar.org

အမေရိကန်နိုင်ငံများ၏ လွတ်လပ်စွာ ကုန်သွယ်မှုဇရိယာ တည်ထောင်ရေးကို ဦးတည်၍ ဖွဲ့စည်းထားသော နက်(ဖ)တာသည် ကုန်သွယ်မှုဇုန်၏ ပြင်ပရှိ ထုတ်ကုန်ပစ္စည်းများအပေါ် သတ်မှတ်ထားသော အဟန့်အတားများအပါအဝင် ကုန်သွယ်မှုနှင့် ပတ်သက်၍ မည်သည့်အဟန့်အတားမျှ မပြုရန်အထိ ရည်ရွယ်ခဲ့သည်။ နက်(ဖ)တာ၏ နမူနာကိုကြည့်ပြီး အနောက်ဘက်ခြမ်းက နိုင်ငံများအနေဖြင့် ကုန်သွယ်မှုဇုန်၏ပြင်ပရှိ ထုတ်ကုန်များအပေါ်၌ ကောက်ခံသော သွင်းကုန်ခွန်ကဲ့သို့သော အဟန့်အတားများကိုပါ လုံးဝဖယ်ရှားပစ်ကြလိမ့်မည်။

အာရှစီးပွားရေးအဆောက်အအုံများ၏ အနေအထားကလည်း ပစိဖိတ်ကမ်းနဖူး၌ အခြေပြုသော လွတ်လပ်စွာ ကုန်သွယ်မှုဇုန်တစ်ခု ဖွဲ့စည်းတည်ထောင်ရေးကို ဖြစ်ပေါ်စေခဲ့သည်။ ၁၉၉၄ခုနှစ်၌ အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပခဲ့သည့် အာရှ–ပစိဖိတ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု၌ နိုင်ငံပေါင်း(၁၈)နိုင်ငံတက်ရောက်ခဲ့ရာ ထိုအစည်းအဝေး၌ အာရှ– ပစိဖိတ်လွတ်လပ်စွာ ကုန်သွယ်မှုဇရိယာ (Asia-Pacific Free Trade Area) တည်ထောင်ရေးကို တင်ပြခဲ့ကြသည်။ ထိုအာရှ–ပစိဖိတ်လွတ်လပ်စွာ ကုန်သွယ်မှုနယ်ပယ်၌ ကမ္ဘာ့အကြီးဆုံး စီးပွားရေးအဆောက်အအုံများစွာ ပါဝင်ကြလိမ့်မည်။ ဂျပန်နှင့် အမေရိကန်ပြည်ထောင်စုကဲ့သို့သော ဇရာမစီးပွားရေးအဆောက်အအုံကြီးနှစ်ခုအပြင် ၂၁ ရာစုတွင် ဇရာမ စီးပွားရေးအင်အားကြီးနိုင်ငံတစ်ခုဖြစ်လာမည်ဟု မျှော်လင့်ရသည့် တရုတ်နိုင်ငံပါ ပါဝင်လိမ့်မည်။ ကမ္ဘာ့လူဦးရေ၏ တစ်ဝက်နှင့် ကမ္ဘာ့ထွက်ကုန်နှင့် ကုန်သွယ်မှုတို့၏ တစ်ဝက်ကို ထုတ်လုပ်နိုင်သော ပစိဖိတ် ကုန်သွယ်မှုဇုန်ကြီးသည် ကမ္ဘာပေါ်၌ရှိသည့် အခြားလွတ်လပ်စွာ ကုန်သွယ်မှုနယ်ပယ်အားလုံးထက်ပင် ကြီးမားလိမ့်မည်။

**ယနေ့မန္တလေးစာအုပ်တိုက်**

http://www.cherrythitsar.org

နောက်ဆုံး၌ ထိုဇရာမကုန်သွယ်မှုအုပ်စုများအားလုံးကို စုစည်းရန် ရည်ရွယ်သည်။ နက်(ဖ)တာနှင့် အာရှ–ပစိဖိတ်လွတ်လပ်စွာ ကုန်သွယ်မှုဇရိယာတို့ ပေါင်းရေးကို ၁၉၉၄ ခုနှစ်က အာရှ–ပစိဖိတ် လွတ်လပ်စွာ ကုန်သွယ်မှုဇုန်ဖွဲ့စည်းရေး၌ ထည့်သွင်းစဉ်းစားခဲ့သည်။ သဘောတရားအရပြောရလျှင် အကောက်ခွန်နှင့် ကုန်သွယ်မှုဆိုင်ရာ သဘောတူညီချက်နှင့် ကမ္ဘာ့ကုန်သွယ်ရေး အဖွဲ့တို့က ဦးဆောင်လျက် ရှိသော်လည်း အနာဂတ်ကာလ၌ လွတ်လပ်စွာ ကုန်သွယ်မှုဇုန်များ သည် အဟန့်အတားမရှိသည့် တစ်ခုတည်းသော ကမ္ဘာ့စီးပွားရေး အဆောက်အအုံဖြစ်ပေါ်ရေးအတွက် ပေါင်းစည်းလာ ကြလိမ့်မည်။

☮

## ၅၇။ တတိယကမ္ဘာ ဆိုသည်မှာ

**What is the Third World?**

တတိယကမ္ဘာဆိုသော ဝေါဟာရသည် ကမ္ဘာ့စီးပွားရေး အဆောက်အအုံထဲရှိ ဆင်းရဲသော ဖွံ့ဖြိုးဆဲနိုင်ငံများကို ရည်ညွှန်းသည့် ဝေါဟာရဖြစ်သည်။ ပထမကမ္ဘာနှင့် ဒုတိယကမ္ဘာများဆိုသည်မှာ စက်မှုဖွံ့ဖြိုးတိုးတက်မှုရှိသော လွတ်လပ်သည့် ဈေးကွက်ကျင့်သုံးသည့် နိုင်ငံများနှင့် ဗဟိုစီမံကိန်းချသည့်နိုင်ငံများကို ရည်ညွှန်းသည်။ ဤဖွံ့ဖြိုးသော ကမ္ဘာထဲ၌ အရှေ့ဥရောပနှင့် အနောက်ဥရောပရှိ နိုင်ငံအတော်များများပါဝင်သလို အမေရိကန်ပြည်ထောင်စု၊ ကနေဒါ၊ ဩစတြေးလျ၊ နယူးဇီလန်နှင့် ဂျပန်တို့ ပါဝင်သည်။

တတိယကမ္ဘာအဖွဲ့ဝင်နိုင်ငံများကို ထပ်မံ၍ အုပ်စုသုံးခု ခွဲနိုင် သည်။ လျင်မြန်စွာ ဖွံ့ဖြိုးနေသောနိုင်ငံများ၊ အသင့်အတင့်ဖွံ့ဖြိုး နေသောနိုင်ငံများနှင့် လုံးဝဖွံ့ဖြိုးမှုမရှိသည့် အဆင်းရဲဆုံးနိုင်ငံများ ဟူ၍ ဖြစ်သည်။

တတိယကမ္ဘာ့နိုင်ငံများစာရင်း၏ ထိပ်ဆုံး၌ လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်နေသည့်နိုင်ငံများရှိသည်။ ၎င်းတို့ကို ထွန်းသစ်စ စက်မှုနိုင်ငံများဟုခေါ်သည်။ ထိုထွန်းသစ်စ စက်မှုနိုင်ငံများထဲ၌ ဘရာဇီး၊ အာဂျင်တီးနား၊ ဟောင်ကောင်၊ အစ္စရေး၊ မက္ကဆီကို၊ စင်ကာပူ၊ တောင်အာဖရိက၊ တောင်ကိုရီးယားနှင့် ထိုင်ဝမ်တို့ပါသည်။

၎င်းနိုင်ငံအချို့သည် ကမ္ဘာ့တိုးတက်ဖွံ့ဖြိုးသည့် နိုင်ငံများအဆင့်အတန်းကို ရောက်လုဆဲဆဲဖြစ်နေကြသည်။

တတိယကမ္ဘာနိုင်ငံ၌ ပါဝင်သည့် နိုင်ငံအများစုမှာ အသင့်အတင့်ဖွံ့ဖြိုးတိုးတက်မှုရှိသည့်နိုင်ငံများဖြစ်သည်။ ထိုနိုင်ငံများမှာ အာဖရိက၊ အာရှနှင့် လက်တင်အမေရိကရှိနိုင်ငံအများစုပါဝင်သည်။ ထိုအုပ်စုထဲ၌ လူဦးရေအများဆုံးနိုင်ငံများမှာ အိန္ဒိယ၊ တရုတ်၊ အင်ဒိုနီးရှားနှင့် မလေးရှားတို့ဖြစ်သည်။ ထိုနိုင်ငံများ၏ လူဦးရေကို ပေါင်းလိုက်လျှင် ကမ္ဘာ့လူဦးရေ၏ ထက်ဝက်ကျော်သွားသည်။

ကမ္ဘာ့အဆင်းရဲဆုံးနိုင်ငံများကို အများအားဖြင့် အာဖရိကဆဟာရဒေသ၌ အဓိကအားဖြင့် တွေ့ရသည်။ ထိုနိုင်ငံများသည် သယံဇာတလည်း အနည်းငယ်သာရှိပြီး ငွေကြေးလည်း အနည်းငယ်သာရှိသဖြင့် ဖွံ့ဖြိုးတိုးတက်ရန် မဖြစ်နိုင်သလောက်ဖြစ်နေသည်။ ဆိုမာလီယာနှင့် ဆူဒန်တို့၌ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် အခြေခံသဘာဝသယံဇာတလုံးဝမရှိပေ။ ဤအုပ်စုကို တစ်ခါတစ်ရံ၌ စတုတ္ထကမ္ဘာဟုခေါ်လေ့ရှိကြသည်။

တတိယကမ္ဘာနိုင်ငံများသည် ကမ္ဘာ့လူဦးရေ၏ လေးပုံသုံးပုံနှင့် ကမ္ဘာ့လူဦးရေတိုးတက်မှု၏ ၉၀ ရာခိုင်နှုန်းရှိသော်လည်း ကမ္ဘာ့ထုတ်လုပ်မှု၏ ၂၀ ရာခိုင်နှုန်းကိုသာ ထုတ်လုပ်နိုင်သည်။ ထို့အပြင် တတိယကမ္ဘာ့နိုင်ငံများသည် လက်တင်အမေရိက၊ အာရှနှင့် အရှေ့

အလယ်ပိုင်းရှိ ရေနံသိုက်များအပါအဝင် သဘာဝသယံဇာတ အများစုကို ပိုင်ဆိုင်ကြသော်လည်း တတိယကမ္ဘာ့နိုင်ငံများမှ ကုန်ကြမ်းများကို ကမ္ဘာ့ ကြွယ်ဝချမ်းသာပြီး ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံများ စားသုံးရန်အတွက် တင်ပို့ရောင်းချကြရသည်။

✇

## ၅၈။ တတိယကမ္ဘာဆင်းရဲမှု၏ အခြေခံအကြောင်းတရား အရင်းအမြစ်များ

**What are the roots of Third World poverty?**

စီးပွားရေးနှင့် နိုင်ငံရေး အဆုံးအဖြတ်လွဲမှားမှုများကြောင့် တတိယကမ္ဘာ့နိုင်ငံများ ဆင်းရဲလေ့ရှိသည်ဟု ပြောလေ့ရှိကြသော်လည်း အရေးကြီးသည့် အကြောင်းတရားတစ်ခုမှာ လူဦးရေပေါက်ကွဲမှုဖြစ်သည်။ ဖွံ့ဖြိုးဆဲနိုင်ငံများသည် ၎င်းတို့၏ လူဦးရေအနှစ် ၂၀အတွင်း နှစ်ဆတိုးလာသည်ကို တွေ့ကြရသည်။ ဤကဲ့သို့ လူဦးရေ လျင်မြန်စွာ တိုးလာသည်မှာ ပဋိသန္ဓေတားဆီးမှုမရှိခြင်း၊ ဖွားသေနှုန်းများ ကျဆင်းခြင်းတို့ကြောင့် ဖြစ်သည်။ ဖွားသေနှုန်းကျဆင်းရသည်မှာလည်း ကျန်းမာရေး ပြုစုစောင့်ရှောက်မှု ပိုမို၍ကောင်းမွန်လာသောကြောင့်ဖြစ်သည်။

တတိယကမ္ဘာနိုင်ငံများ၌ အလွန်အကျွံဆင်းရဲမှုကြောင့် မိဘများအနေဖြင့် ကလေးများများရှိရန်လိုအပ်လာခဲ့သည်။ ထိုကလေးများကအလုပ်လုပ်ပြီး မိသားစုဝင်ငွေကို တိုးအောင်လုပ်နိုင်သည်ဟု မျှော်လင့်ကြသည်။ သို့သော် အလုပ်လုပ်ရန်အတွက် စီးပွားရေး အခွင့်အလမ်းများမရှိသည့်အခါ ကလေးများသည်လည်း အလုပ် လက်မဲ့ဖြစ်ကြပြီး ၎င်းတို့၏မိဘများသည် လူဦးရေထူထပ်နှင့်ပြီး မြို့ပြများသို့ သွားရောက်ကာ အလုပ်အကိုင် ရှာဖွေကြရသည်။



http://www.cherrythitsar.org

ဖွံ့ဖြိုးမှုနည်းသည့် နိုင်ငံများအနေဖြင့် ဆင်းရဲမှုနှင့် လူဦးရေ ထူထပ်မှုဟူသော ဆိုးသွမ်းသံသရာထဲ၌ သံသရာလည်နေကာ မျှော်လင့်ချက်ကင်းမဲ့နေကြသည်။ အဓိကရမြို့ကြီးများသို့ ဆင်းရဲသည့် မိသားစုများ ပြောင်းရွှေ့လာခြင်းအားဖြင့် ထိုမြို့ပြများရှိ စီးပွားရေး ကျောထောက်နောက်ခံ အဆောက်အအုံများကို ဝန်ထုပ်ဝန်ပိုး ဖြစ်စေ သည်။ ဘုံဘေ၊ဆာပါလိုနှင့် ရှန်ဟိုင်းမြို့များရှိ ကျူးကျော်ရပ်ကွက်များ ကိုကြည့်လျှင် ကမ္ဘာ့စီးပွားရေးတိုးတက်မှုရှိသင့်သလောက် ရှိသော် လည်း ဆင်းရဲသားအများစုကို ချန်ထားပစ်ခဲ့ကြောင်း သတိပေး နေသည်။

ပြည်ပကြွေးမြီများ အဆမတန်များပြားခြင်း၊ အဆမတန် ငွေဖောင်းပွခြင်း၊ လူဦးရေတိုးတက်ခြင်း၊ အလုပ်လက်မဲ့များပြားခြင်း စသည့်ပြဿနာများပေါင်းဆုံပြီး တတိယကမ္ဘာနိုင်ငံများအနေဖြင့် ၎င်းတို့၏ စီးပွားရေးအဆောက်အအုံ ရှင်သန်ရန် မနည်းကြိုးစား ရုန်းကုန်နေကြရသည်။ တစ်ခါတစ်ရံ၌ ကျောထောက်နောက်ခံ အဆောက်အအုံများအတွက်ပင်လျှင် ရင်းနှီးမြှုပ်နှံစရာငွေကြေးမရှိကြ ပေ။ လမ်းပန်းများ၊ ရေပေးစနစ်များကို ဆောင်ရွက်နိုင်ခြင်းမရှိကြပေ။

ဝန်ထုပ်ဝန်ပိုး ပိနှင့်နေပြီးသော အစိုးရများအနေဖြင့် ပြဿနာ ကို ဖြေရှင်းရန်နည်းလမ်းမှာ ထပ်မံ၍ ကြွေးယူရန်သာဖြစ်သည်။ သို့သော် ဤသို့ထပ်မံ၍ ချေးငှားလိုက်သည့်အခါ ငွေဖောင်းပွမှုကို ပို၍ ဆိုးစေပြီး ၎င်းတို့ ကြိုးစားအားထုတ်သမျှ အလဟဿ ဖြစ်သွား အောင် လုပ်လိုက်ရာရောက်သွားသည်။ တတိယကမ္ဘာရှိ ဆင်းရဲသား များနှင့် အချမ်းသာဆုံးစီးပွားရေးအဆောက်အအုံများကြား၌ ရှိနေနှင့် ပြီးသော ကွာဟချက်ကိုပို၍ဆိုးအောင် လုပ်လိုက်ရာ ရောက်သွားသည်။

☮



http://www.cherrythitsar.org

## ၅၉။ တတိယကမ္ဘာနိုင်ငံများရှိ ကြွေးမြီများ၏ မူလအစ

**What are the origings of the Third World's debt?**

၁၉၇၀ပြည့်လွန်နှစ်များ၌ ရေနံဈေးနှုန်းများတက်သည့်အခါ ရေနံကြွယ်ဝချမ်းသာသည့် အရှေ့အလယ်ပိုင်းက အာရပ်နိုင်ငံများ အနေဖြင့် ၎င်းတို့ရရှိသည့် ရေနံဒေါ်လာများကို သိမ်းဆည်းရန် အတွက် အမေရိကန်နှင့် ဥရောပရှိ ဘဏ်များသို့ သွားရောက်အပ်နှံ ကြသည်။ အနောက်နိုင်ငံဘဏ်များ၌ ရောက်နေသော ထိုအပ်ငွေများ အတွက် ဘဏ်များက အတိုးပေးရသည်။ ထိုအပ်ငွေများကို ပြန်လည် ၍ အတိုးပေးမည့် ငွေချေးသူများအား ထုတ်ချေးရန် လိုသည်။ တစ်ဘက်က အတိုးပေးပြီး တစ်ဘက်က အတိုးရမှသာလျှင်ဘဏ်များ အနေဖြင့် ဝင်ငွေရမည်ဖြစ်သည်။

ရေနံဒေါ်လာအကြီးအကျယ်အပ်နှံထားသည့် ဘဏ်များအနေဖြင့် အကြီးအကျယ် ချေးငှားနိုင်ရန်အတွက် တတိယကမ္ဘာနိုင်ငံများကို ရွေးချယ်ခဲ့ကြသည်။ ထိုချေးငွေများ၏ တစ်စိတ်တစ်ဒေသကို ရေနံများ တင်သွင်းရာတွင် ပေးချေရန်အတွက် အသုံးပြုကြသည်။ ဤသို့ လည်ပတ်နေသော ငွေကြေးများသည် ဖွံ့ဖြိုးဆဲနိုင်ငံ အတော်များများ အတွက် ဆိုးရွားသည့်အကျိုးသက်ရောက်မှုများကို ဖြစ်ပေါ်စေသည်။

ထိုအချိန်က နှုန်းရှင်မျှောထားသည့်အတိုးနှုန်းများဖြင့် ချေးငှားနေ သော ချေးငွေများသည် ၎င်းတို့၏ စီးပွားရေးအဆောက်အအုံများကို တိုးတက်ရန်ဆောင်ရွက်လိုသော အစိုးရများအနေဖြင့် မငြင်းပယ်နိုင် လောက်အောင် ဖြစ်ခဲ့သည်။ အတိုးနှုန်းများသည် အလွန်နိမ့်ကျနေပြီး နိုင်ငံအတော်များများရှိ ငွေဖောင်းပွမှုနှုန်းကိုပင်လျှင် မီခြင်းမရှိပေ။ သို့ဖြစ်၍ ငွေကြေးများကို ချေးငှားခြင်းသည် ဆုံးစရာမရှိသည့် အခြေအနေတစ်ခုဖြစ်သည်။ ဤနည်းအားဖြင့် မက္ကဆီကိုနှင့် ဘရာဇီးတို့ကဲ့သို့ တိုးတက်မှုနှုန်း မြင့်မားသည့်နိုင်ငံများသည် ဒေါ်လာ



http://www.cherrythitsar.org

ပေါင်းဘီလျံပေါင်းများစွာကို ချေးငှားနိုင်ကြသည်။

ငွေချေးသောနိုင်ငံအစိုးရများ၏ ရည်မှန်းချက်မှာ တတ်နိုင်သမျှ များများချေးရန် ဖြစ်သည်။ သက်သက်သာသာ လွယ်လွယ်ကူကူ ရသည့်ငွေများကိုချေးကာ ကျောထောက်နောက်ခံ အဆောက်အအုံသစ်များကို တည်ဆောက်နိုင်ပြီး စက်ရုံအသစ်များကို တည်ဆောက်နိုင်မည်။ ထိုစက်ရုံအသစ်များက အနာဂတ်ကာလတွင် ချေးငွေများကို ပြန်ဆပ်ရန်အတွက်ပို့ကုန်များကို လုံလုံလောက်လောက် ထုတ်ပေးနိုင်မည်ဟု မျှော်လင့်ခဲ့ကြသည်။

ဥပမာ ဘရာဇီးနိုင်ငံသည် ၁၉၆၀နှင့် ၁၉၇၀ ပြည့်လွန်နှစ်များ၌ ကမ္ဘာပေါ်တွင် တိုးတက်မှုနှုန်း အမြင့်မားဆုံးနိုင်ငံ ဖြစ်ခဲ့သည်။ ၎င်းတို့၏ စီးပွားရေးအဆောက်အအုံကလည်း အစားအသောက်၊ အဝတ်အထည်နှင့် ကုန်ချောများကို တိုး၍သာပိုလျှံအောင် ထုတ်လုပ်ပေးခဲ့သည်။ ၎င်းနိုင်ငံများအနေဖြင့် ဆင်းရဲသောဖွံ့ဖြိုးမှုနည်းသောနိုင်ငံတစ်ခုမှ ကမ္ဘာ့အဋ္ဌမမြောက် အကြီးဆုံး စီးပွားရေးအဆောက်အအုံတစ်ခုအဖြစ်သို့ ရောက်ရှိခဲ့သည်။ သို့ဖြစ်၍ ဘရာဇီးနိုင်ငံသည် စီးပွားရေးအရ အံ့ဖွယ်သရဲဖြစ်လာခဲ့သည်။ ထို့နောက် အတိုးနှုန်းများက မိုးထောင်တက်သွားပြီး ရေနံဈေးနှုန်းများကလည်း အဆမတန်တက်လာသည့်အခါ နိုင်ငံအနေဖြင့် တိုးပွားလာသည့် ရေနံသွင်းကုန်များကို ပေးချေရန်အတွက် အများအပြားချေးယူရသည်။ စီးပွားရေးစီမံခန့်ခွဲမှု လွဲချော်ခြင်းကြောင့် ငွေဖောင်းပွမှုကို ပို၍ဆိုးစေကာ စီးပွားရေးရပ်တန့်မှုများကို ဖြစ်စေသည်။

ကြွေးတင်နိုင်ငံအတော်များများအနေဖြင့် မူလကချေးထားသည့် အရင်းကိုမဆိုနှင့်၊ အတိုးနှုန်းများကိုပင်လျှင် မှန်မှန်ပေးဆောင်နိုင်ခြင်းမရှိပေ။ ထိုချေးငွေများအပေါ် ပေးဆပ်ရန်အချိန် ထပ်တောင်းလိုက်ခြင်းအားဖြင့် ရုတ်တရက်ချက်ချင်းပေးဆောင်ရန်မလိုတော့ပေ။

သို့သော် ဘဏ်များအနေဖြင့် တတိယကမ္ဘာနိုင်ငံများ၏ ကြွေးမြီနှင့် ပတ်သက်၍ ဧရာမပြဿနာကြီးကို ရင်ဆိုင်ခဲ့ရသည်။

တတိယကမ္ဘာ့နိုင်ငံများ၏ချေးငွေအတော်များများသည် အစိုးရများနှင့် ကမ္ဘာ့ဘဏ်၊ နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ကဲ့သို့သော နိုင်ငံတကာအဖွဲ့အစည်းများမှ ချေးယူခြင်းဖြစ်သော်လည်း အများစုသည် မြောက်အမေရိက၊ ဂျပန်နှင့်အနောက်ဥရောပတို့ရှိဘဏ်များမှ ချေးယူခဲ့ကြခြင်းဖြစ်သည်။ ထိုချေးငွေများကို ချေးယူသူများမှာ တတိယကမ္ဘာနိုင်ငံများမှ အစိုးရများဖြစ်ကြသည်။ တတိယကမ္ဘာနိုင်ငံများမှ ချေးငွေအားလုံးသည် အမေရိကန်ဒေါ်လာဖြင့် ချေးသောငွေများမဟုတ်ကြပေ။ ချေးငွေအတော်များများသည် ဂျာမန်မတ်နှင့် ဗြိတိသျှပေါင်စတာလင်ဖြင့် ချေးကြခြင်းဖြစ်သော်လည်း ၎င်းတို့၏ ကြွေးပမာဏကို အလွယ်တကူနားလည်နိုင်ရန်အတွက် ဒေါ်လာဖြင့် သင့်၍ စာရင်းသွင်းတတ်ကြသည်။

☮

## ၆၀။ တတိယကမ္ဘာနိုင်ငံများ၏ဖွံ့ဖြိုးမှုကို အထောက်အကူ ပြုနိုင်ရန် မည်သို့ ဆောင်ရွက်နိုင်သနည်း။

**What can be done to promote Third World development?**

ပတ်ဝန်းကျင်ဝါဒီအတော်များများက တတိယကမ္ဘာဖွံ့ဖြိုးဆဲနိုင်ငံများ၏ စီးပွားရေးဖွံ့ဖြိုးမှုကို အဆိုးမြင်ကြသည်။ စက်မှုလက်မှုတိုးတက်မှုများ၊ လမ်းသစ်များ၊ မော်တော်ယာဉ်များ၊ ၎င်းတို့နှင့်အတူ ယှဉ်တွဲပါလာသည့် ပတ်ဝန်းကျင်ညစ်ညမ်းမှုများသည် ကမ္ဘာ့စီးပွားရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများကို ပိုဆိုးအောင် လုပ်ရာရောက်သည်ဟု မြင်ကြသည်။

သို့သော် တတိယကမ္ဘာဖွံ့ဖြိုးဆဲနိုင်ငံများ၌ အာဟာရဓာတ်ချို့တဲ့



http://www.cherrythitsar.org

မှု၊ လူနေမှုအဆင့်နိမ့်ကျမှုတို့ကို ရင်ဆိုင်နေရသော လူသန်းပေါင်းရာပေါင်းများစွာရှိကြသည်။ ၎င်းတို့အတွက်ဆိုလျှင် စီးပွားရေးဖွံ့ဖြိုးမှုသည်သာလျှင်တစ်ခုတည်းသော ထွက်ပေါက်ဖြစ်သည်။ ထိုလူများအား အခြေခံအကျဆုံးဝန်ဆောင်မှုသည်သာလျှင် တစ်ခုတည်းသော ထွက်ပေါက်ဖြစ်သည်။ ထိုလူများအား အခြေခံအကျဆုံးဝန်ဆောင်မှုများဖြစ်သည့် သန့်ရှင်းသည့်သောက်ရေသုံးရေ၊ မိလ္လာစနစ်၊ အစားအစာ၊ သင့်တင့်မျှတသည့်နေထိုင်မှုစသည်တို့ကို ထောက်ပံ့နိုင်ရန်အတွက်ဆိုလျှင် မဖွံ့ဖြိုးသေးသော တတိယကမ္ဘာဖွံ့ဖြိုးဆဲ နိုင်ငံများ ၎င်းတို့၏ စီးပွားရေးအဆောက်အအုံကို ဖွံ့ဖြိုးတိုးတက်အောင်လုပ်ရန်လိုအပ်သည်။

စီးပွားရေး ကျယ်ပြန့်လာမှုရှိရုံမျှဖြင့် တတိယကမ္ဘာ၏ ပြဿနာများအားလုံးကို ဖြေရှင်းခြင်းမပြုနိုင်သော်လည်း စီးပွားရေး တိုးတက်မှု၊ ကျယ်ပြန့်မှုမရှိလျှင် အနာဂတ်သည် မရေမရာဖြစ်နေသည်။ တိုးတက်မှုအနိမ့်ကျ၍ ပို့ကုန်မှ ဝင်ငွေကျဆင်းခြင်း၊ ပို့ကုန်မှ ဝင်ငွေကျဆင်း၍ စီးပွားရေးတိုးတက်မှု နှေးကွေးခြင်းဟူသော ဆိုးသွမ်းသံသရာထဲ၌ ပိတ်မိနေသည့် တတိယကမ္ဘာဖွံ့ဖြိုးဆဲ နိုင်ငံများရှိ ပြည်သူလူထုများအနေဖြင့် လူနေမှုအဆင့်အတန်းနိမ့်ကျမှုနှင့် ရင်ဆိုင်နေရသည်။

စီးပွားရေးဖွံ့ဖြိုးအောင် လုပ်ရန်အတွက် ပထမဆုံး အဆင့်မှာ ဆင်းရဲသည့်ဒေသများက ထုတ်လုပ်သည့် ထုတ်လုပ်များအတွက် နိုင်ငံတကာဈေးကွက်များကို ဖွင့်ပေးရန်ဖြစ်သည်။ ကော်ဖောမှအစ သစ်သီးအဆုံး၊ ကမ္ဘာလှည့်ခရီးသည်လုပ်ငန်းမှ ကွန်ပျူတာအပျော့ထည်လုပ်ငန်းများအဆုံး ပို့ကုန်များ တင်သွင်းခွင့်ပြုလျှင် တတိယကမ္ဘာနိုင်ငံများအနေဖြင့် ၎င်းတို့၏ စီးပွားရေးတိုးတက်ဖွံ့ဖြိုးမှုကို အားပေးမည့် ကုန်စည်နှင့် ဝန်ဆောင်မှုများ တင်သွင်းရန် လိုအပ်သည့် နိုင်ငံခြားငွေများကို ရရှိနိုင်သည်။ နိုင်ငံတကာ ကုန်သွယ်ရေး



http://www.cherrythitsar.org

စာချုပ်များအနေဖြင့် ကမ္ဘာ့ဆင်းရဲသားများကို ခေါင်းပုံမဖြတ်ဘဲ သင့်တင့်မျှတသည့် ဝင်ငွေတစ်ခုရရှိရန် ပိုမိုကောင်းမွန်သည့်ဘဝ တစ်ခုတည်ဆောက်နိုင်ရန်အတွက် အထောက်အကူပြုနိုင်သည်။

အခြားနည်းလမ်းတစ်ခုမှာ ချို့တဲ့သော စီးပွားရေးအဆောက်အအုံများရှိ သယံဇာတ စွမ်းအားစုများကို ဆုံးရှုံးစေသည့် တတိယကမ္ဘာနိုင်ငံများ၏ ကြွေးများကိုလျှော့ချရန်ဖြစ်သည်။ ထိုကြွေးများကို လျှော့ချပြီး အားနည်းသည့် တတိယကမ္ဘာစီးပွားရေးအဆောက်အအုံများ လှုပ်ရှားစေရန် ထပ်မံလိုအပ်သည့် ရန်ပုံငွေများကို ဖြည့်တင်းပေးမည့် အစီအစဉ်တစ်ခုကို ၁၉၈၀ပြည့်လွန်နှစ်များက အမေရိကဘဏ္ဍာရေးဝန်ကြီး နီကိုးလပ်စ်ဘရက်ဒ်ဒီက ဆောင်ရွက်ခဲ့ဖူးသည်။ သူက ကူးသန်းရောင်းဝယ်ရေးဘဏ်များအနေဖြင့် ၎င်းတို့က ဖွံ့ဖြိုးဆဲနိုင်ငံများမှ ရရန်ရှိသည့် ကြွေးများကိုလျှော့ချကာ ထပ်မံ၍ ချေးငွေသစ်များထုတ်ချေးရန် တောင်းဆိုခဲ့သည်။ ဘရက်ဒီစီမံကိန်း၏ အခြေခံရည်မှန်းချက်မှာ တတိယကမ္ဘာနိုင်ငံများ၌ စီးပွားရေး တိုးတက်မှုရစေရန် လိုအပ်သည့် ငွေကြေးကို လွှဲပြောင်းပေးရန်ပင်ဖြစ်သည်။

အခြားနည်းလမ်းတစ်ခုမှာ ကမ္ဘာ့အဓိကဖွံ့ဖြိုးရေးဘဏ်များနှင့် ရန်ပုံငွေအဖွဲ့များ(ဥပမာ ကမ္ဘာ့ဘဏ်နှင့် နိုင်ငံတကာငွေကြေး ရန်ပုံငွေအဖွဲ့)တို့က တတိယကမ္ဘာနိုင်ငံများရှိ ကျောထောက်နောက်ခံ အဆောက်အအုံများကို ပြန်လည်တည်ဆောက်ရန်အတွက် စီမံချက်တစ်ခုစီအလိုက် စီမံချက်ဆိုင်ရာချေးငွေများ ထုတ်ပေးရန်ဖြစ်သည်။ ဥပမာ အင်တာအမေရိကန်ဖွံ့ဖြိုးရေးဘဏ် (Inter-American Development Bank) ကို တည်ထောင်ပြီး အနောက်ဘက်ခြမ်းရှိ ဖွံ့ဖြိုးဆဲနိုင်ငံများအား အတိုးနှုန်းနိမ့်နိမ့်ဖြင့် ချေးငွေများ ထုတ်ချေးရန်ဖြစ်သည်။ ဤနည်းအားဖြင့် ချမ်းသာသည့်နိုင်ငံများမှ ရန်ပုံငွေများသည် ဖွံ့ဖြိုးမှု နည်းသည့် နိုင်ငံများသို့ ဖွံ့ဖြိုးရေး ချေးငွေများအဖြစ်



http://www.cherrythitsar.org

စီးဆင်းသွားကြမည်။

ချမ်းသာကြွယ်ဝသည့်မြီရှင်အစိုးရများအနေဖြင့် ဆင်းရဲသည့် နိုင်ငံများက တင်နေသော ကြွေးများကို လျှော့ပစ်ရန် နည်းလမ်းလည်းရှိသည်။ ထိုကြွေးများကို ဆုံးမည့်အတူတူ ကြွေးများပယ်ဖျက်သည့်နည်းကို အသုံးပြုနိုင်သည်။ ဥပမာ ပြင်သစ်နိုင်ငံအနေဖြင့် အာဖရိကမြီစားနိုင်ငံများ၌ အလွန်အမင်းဆင်းရဲမှုနှင့် ကြုံတွေ့ရသည့်အခါ ကြွေးများကို စာရင်းမှ လုံးဝပယ်ဖျက်ရန် ဆုံးဖြတ်ခဲ့သည်။ တင်ရှိနေသည့် ကြွေးများကို လုံးဝပယ်ဖျက်ခြင်းအားဖြင့် ဒေသန္တရအတွင်း စီးပွားရေးတိုးတက်မှုများဖြစ်ပေါ်လာရန် အားပေးရာရောက်သည်။

အချို့အဖွဲ့အစည်းများကို တတိယကမ္ဘာရှိ မြီစားနိုင်ငံများသို့ အထောက်အကူပြုရန် ရည်ရွယ်ချက်ဖြင့် တည်ထောင်ခဲ့ကြသည်။ ဥပမာ လိုမေကွန်ဗန်းရှင်းသည် ဥရောပသမဂ္ဂမှ တတိယကမ္ဘာ့နိုင်ငံများသို့ အထောက်အကူပြုရန် ရည်ရွယ်ချက်ဖြင့် တည်ထောင်ခဲ့ခြင်းဖြစ်သည်။ ပဲရစ်ကလပ်(Paris Club)သည်လည်း မြီရှင်နိုင်ငံများမှ အစိုးရများအား ၎င်းတို့ ဆပ်ရမည့်ကြွေးများကို ရွှေ့ပြောင်းခြင်း၊ ရက်တိုးပေးခြင်းပြုရန် အကူအညီပေးသည်။ ဤနည်းအားဖြင့် ၎င်းတို့၏ စီးပွားရေး အဆောက်အအုံများ အခြေအနေကောင်းလာမှ မူလချေးငွေများကို ပြန်ဆပ်ရန် စီစဉ်ပေးခဲ့သည်။

☮

## ၆၁။ မတန်တဆ ငွေဖောင်းပွမှု ဆိုသည်မှာ

**What is hyperinflation ?**

အာဂျင်တီးနားနိုင်ငံတွင် မတန်တဆ ငွေဖောင်းပွမှု ဖြစ်နေသည့်အချိန်က ငွေကြေး၏ တန်ဖိုးသည် ကြောက်စရာကောင်းလောက်



http://www.cherrythitsar.org

အောင် လျင်မြန်စွာ လျော့ပါးကုန်ဆုံးကုန်သည်။ သို့ဖြစ်၍ ဘတ်စ်ကားတစ်စီးကို စီးတာထက် အငှားကားတစ်စီး စီးရသည်မှာ ပို၍ ဈေးသက်သာသည်ဟုပင် လှောင်ပြောင်ပြောဆိုကြသည်။ အဘယ့်ကြောင့်ဆိုသော် ဘတ်စ်ကားခကို ခရီးစဉ်အစ၌ပေးရ၍ဖြစ်ပြီး ထိုသို့ပေးရသည့်အခါက ငွေကြေးသည် တစ်စုံတစ်ရာ တန်ကြေး ရှိနေသည်။ အငှားကားကို စီးသွားပါက ခရီးအဆုံးရောက်မှ ကားခကို ပေးရပြီး ထိုအချိန်၌ ငွေကြေး၏တန်ဖိုးမှာ အနည်းငယ်မျှသာ ကျန်တော့သည်ဟု ရယ်စရာအဖြစ်ပြောဆိုကြသည်။

ကုန်စည်နှင့် ဝန်ဆောင်မှုများ၏ဈေးနှုန်းများ ပေါက်ကွဲသလို တက်ခြင်းသည် ထိန်းချုပ်၍မရသော စီးပွားရေးအဆောက်အအုံ တစ်ခု၏ စရိုက်လက္ခဏာတစ်ခုဖြစ်သည်။ ကမ္ဘာတစ်ဝန်း၌ ဤကဲ့သို့ဖြစ်ရပ်မျိုး များစွာဖြစ်ခဲ့ဖူးသည်။ ဂျာမနီနိုင်ငံတွင် ပထမကမ္ဘာစစ်နှင့် ဒုတိယကမ္ဘာစစ် နှစ်ခုအကြား၌လည်းကောင်း၊ မကြာသေးမီက အစ္စရေးနှင့် အရှေ့ဥရောပအချို့နိုင်ငံများ၌ လည်းကောင်း ကြုံတွေ့ခဲ့ရသည်။ ထိုဖြစ်ရပ်သည် လက်တင်အမေရိကရှိ ကြွေးတင်နေသော နိုင်ငံများ၌ ပြန့်ပွားလျက်ရှိသည်။ အခွန်အကောက်များကို တိုးကောက်၍မရဘဲ နိုင်ငံရေးအရ တောင်းဆိုချက်များကို ဖြည့်စွမ်းရန် ကြိုးစားသည့်အစိုးရ၏ မူဝါဒများအပေါ်၌ အခြေခံကာ ထိုဖြစ်ရပ်များ ဖြစ်ပေါ်လာစေခဲ့ခြင်းဖြစ်သည်။

ငွေများ ထပ်မံချေးယူခြင်းအားဖြင့်သော်လည်းကောင်း၊ ငွေစက္ကူများ ထပ်မံရိုက်နှိပ်ခြင်းအားဖြင့် သော်လည်းကောင်း၊ အစိုးရ၏ အသုံးစရိတ်များကို ကျခံသည့်အခါ ထိုငွေကြေးအသစ်များ စီးပွားရေး အဆောက်အအုံထဲသို့ ဝင်ရောက်လာသည်နှင့်တစ်ပြိုင်တည်း ဈေးနှုန်းများတက်ကုန်သည်။ ဈေးနှုန်းများ ဆက်တိုက်တက်မည်ဟု မျှော်လင့်ထားသည့် မျှော်လင့်ချက်များသည် ဈေးနှုန်းများတက်သည်ထက်



http://www.cherrythitsar.org

တက်ရန်အတွက် မီးမွှေးပေးလိုက်သလို ဖြစ်သည်။ နောက်ဆုံး၌ လုပ်ခတက်၍ ဈေးနှုန်းတက်ကာ ဈေးနှုန်းတက်၍ လုပ်ခတက်ရခြင်းများသည် သူ့ဘာသူအလိုအလျောက် ဖြစ်သွားစေပြီး ဈေးနှုန်းတက်လာသည့်အခါ လုပ်ခများ တိုးတောင်းသည်။ လုပ်ခများတိုးတောင်း၍ ဈေးနှုန်းများတက်လာရသည်။ အိမ်တစ်အိမ်အတွက် သို့မဟုတ် စက်ရုံတစ်ရုံအတွက် အသုံးအဆောင်များဝယ်ပုံကို စဉ်းစားကြည့်ပါ။ တစ်လလျင် ၁၅၀ ရာခိုင်နှုန်းခန့် ဈေးနှုန်းများတက်သည့်အခါ မည်သို့ဝယ်မည်နည်း။ ပီဆိုတစ်သန်း သို့မဟုတ် ပီဆိုသန်းတစ်ထောင်သည် နောက်တစ်လခစာ အိမ်လခပင် မပေးနိုင်သည့်အခါ ထီပေါက်သည့်အတွက်ပင် အရာမရောက်တော့ပေ။

ထိုသို့ မတန်တဆဈေးနှုန်းများတက်ခြင်းကြောင့် ဆင်းရဲသားများအများဆုံးထိခိုက်ခံရသည်။ ၎င်းတို့အနေဖြင့် သူတို့၏ စုစုပေါင်းဝင်ငွေများ၏ အများစုကို နေ့စဉ်စားသောက်စရိတ်အပေါ်၌ ကျခံသုံးစွဲရသောကြောင့် ဖြစ်သည်။ အချို့နိုင်ငံများအနေဖြင့် လခနှင့် လူမှုဝန်ထမ်း အထောက်အပံ့များအားလုံးကို ငွေဖောင်းပွမှုနှုန်းနှင့် ချိတ်ဆက်ပြီးပေးရန် ကြိုးစားကြသည်။ သို့သော် ထိုသို့ပေးရန် ကြိုးစားသည့်အခါ၌လည်း ဈေးနှုန်းများတက်သည်ကို အမီမလိုက်နိုင်သဖြင့် ဝယ်နိုင်စွမ်းအားများကျဆင်းရသည်။ လခများသည် အရေအတွက်အရ တိုးပွားလာသည့်တိုင်အောင် ထိုလခများက ဝယ်ယူနိုင်စွမ်းရှိသော အမှန်တကယ်တန်ဖိုးများမှာ ကျဆင်းသွားတတ်ကြသည်။

အဆမတန် ငွေဖောင်းပွမှုကြောင့် ပုံသေဝင်ငွေရှိသည့် ပင်စင်စားကဲ့သို့သောပုဂ္ဂိုလ်များ ထိခိုက်နစ်နာတတ်ကြသည်။ ငွေဖောင်းပွမှု အဆမတန်ဖြစ်နေသည့်အခါ နေ့စဉ်ဈေးနှုန်းများ တက်နေသည့်အခါ အလွန်တန်ဖိုးရှိသည့် စုဆောင်းထားသည့်ငွေများသည် လအနည်းငယ်အတွင်း၌ပင် အလဟဿဖြစ်သွားနိုင်သည်။ အိမ်ငှားခ

ယနေ့မန္တလေးစာအုပ်တိုက်

http://www.cherrythitsar.org

များ၊ စားသောက်စရိတ်များ အဆမတန်တက်သည့်အခါ ထောက်ပံ့ကြေးပေးသည့် ငွေများသည်လည်း တန်ဖိုးမဲ့ဖြစ်သွားနိုင်သည်။

ထိုအဆမတန်ငွေဖောင်းပွမှုမျိုးကို ဆန့်ကျင်ရန်အတွင် တင်းမာပြတ်သားသည့် စီးပွားရေးလုပ်ရပ်များကို အစိုးရများအနေဖြင့် မလုပ်ချင်ကြပေ။ အခွန်အကောက်များ မြှင့်တင်ခြင်း၊ ချွေတာခြင်းတို့ကြောင့် ပေါ်ပေါက်လာမည့် နိုင်ငံရေးဆိုင်ရာ ရလဒ်များကို အစိုးရများအနေဖြင့် ကြောက်ရွံ့ထိတ်လန့်တတ်ကြသည်။ အစိုးရပိုင်လုပ်ငန်းများ၌ အလုပ်လုပ်နေကြသော အလုပ်သမားများကျေနပ်စေရန်အတွက် အစိုးရများသည် ငွေကြေးများကို ထပ်မံ၍ ချေးယူတတ်ကြသည်။ ထိုချေးငွေများဖြင့် စွမ်းဆောင်ရည်ညံ့ဖျင်းသော လုပ်ငန်းများကို ပိတ်မပစ်ဘဲဆက်လက် ထောက်ပံ့ လည်ပတ်တတ်ကြသည်။ အဆမတန်ကြီးမားနေသည့် အုပ်ချုပ်ရေးယန္တရားများကိုလည်း ထောက်ပံ့တတ်ကြသည်။ ဝန်ထုပ်ဝန်ပိုးကြီးနေသည့် အစိုးရများအနေဖြင့် ငွေကြေးပမာဏကို ထပ်မံတိုးပွားအောင် ဆောင်ရွက်ကာ စီးပွားရေးအဆောက်အအုံ လည်ပတ်ရန် ကြိုးစားတတ်ကြသည်။ အစိုးရအနေဖြင့် ငွေစက္ကူများထပ်မံ ရိုက်နှိပ်ခြင်း၊ ချေးငွေစာချုပ်များထပ်မံထုတ်ဝေခြင်းတို့အားဖြင့် ဖြေရှင်းတတ်ကြသည်။ အစိုးရသည် စီးပွားရေးအဆောက်အအုံပေါ်၌ ထိန်းချုပ်နိုင်မှုမရှိသည့်အခါ ငွေကြေးနှင့် ဈေးနှုန်းတို့ အပြန်အလှန် တိုးပွားစေသည့်နှုန်းသည့် ထိန်းချုပ်မရအောင် ကြီးမားရှင်သန်လာစေတတ်သည်။

☮

## ၆၂။ ခြိုးခြံချွေတာရေး အစီအစဉ်များ ဆိုသည်မှာ

**What are economic austerity plans?**

နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးပြဿနာများကို ကုစားရန်အတွက် တစ်ခုတည်းသောနည်းလမ်းမှာ ခြိုးခြံချွေတာရေးအစီအစဉ်များပင်

ဖြစ်သည်။ ၁၉၉၅ခုနှစ်ခန့်က မက္ကဆီကိုနိုင်ငံ၌ ဖြစ်ပွားသကဲ့သို့ပင် ရှုန်းကန်နေရသည့် နိုင်ငံတစ်ခုက ဖွံ့ဖြိုးရေးဘဏ်များနှင့် ချမ်းသာသည့်နိုင်ငံများရှိ အစိုးရများအား အကူအညီတောင်းခံသည့်အခါ ၎င်းတို့က ခြိုးခြံချွေတာရေး အစီအစဉ်များ ရေးဆွဲရန် တောင်းဆိုတတ်ကြသည်။ ထိုအစီအစဉ်များက အစိုးရ၏ အသုံးစရိတ်ကို လျှော့ချရန် မေတ္တာရပ်ခံတတ်ကြသည်။ ထိုသို့လျှော့ချခြင်းအားဖြင့် ချမ်းသာသည့်သူများရော ဆင်းရဲသူများပါ ဝန်ထုပ်ဝန်ပိုးကို ညီတူညီမျှ ထမ်းဆောင်စေသည်။

ပြဿနာမှာ ဖွံ့ဖြိုးဆဲ နိုင်ငံအတော်များများတို့၌ လူအနည်းငယ်သာ ချမ်းသာကြပြီး လူအများစုက ဆင်းရဲကြသည်။ ချမ်းသာသည့်သူများသည်စီးပွားရေးဆိုင်ရာ ဆုံးဖြတ်ချက်များကို ချမှတ်ကြပြီး ယခင်က ချေးယူခဲ့သော ချေးငွေများ၏ အကျိုးကျေးဇူးများကို ခံစားကြရသည်။ တတိယကမ္ဘာရှိ အစိုးရများအနေဖြင့် ခြိုးခြံချွေတာရေးအစီအစဉ်များ ရေးဆွဲသည့်အခါ ချေးယူခွင့်ရရှိသည့် သူများအပေါ်၌ ကျရောက်နေသည့် ဝန်ထုပ်ဝန်ပိုးသည် ယခင်က ချေးငွေများ၏ အကျိုးကျေးဇူးများကို လုံးဝခံစားခွင့်မရှိကြသည့် ဆင်းရဲသားများအပေါ်သို့ ကျရောက်သွားစေသည်။ ထိုသူများအနေဖြင့် ချေးငွေများ၏ အကျိုးကျေးဇူးကို မခံစားရသော်လည်း ထိုချေးငွေများကို ပြန်ဆပ်ရန်အတွက် ဝန်ထမ်းခိုင်းလိုက်သလို ဖြစ်သွားသည်။

ဥပမာ ကြွေးတင်နေသောနိုင်ငံ အတော်များများအနေဖြင့် ခြိုးခြံချွေတာရေးအစီအစဉ်အရ လျှော့ချခြင်း၊ ကန့်သတ်ခြင်းခံရသည့် ကုန်ပစ္စည်းများသည် ဆင်းရဲသားများ၏ နေ့စဉ်အသက်ရှင်သန်ရေးအတွက် အရေးအကြီးဆုံးပစ္စည်းများ ဖြစ်နေတတ်ကြသည်။ ပေါင်မုန့်၊ လောင်စာ၊ အခြားစားစရာများ၊ သယ်ယူပို့ဆောင်ရေး လုပ်ငန်းများသည် ထိုခြိုးခြံချွေတာရေး အစီအစဉ်များကြောင့် ဈေးနှုန်းမြင့်သွား



http://www.cherrythitsar.org

သော ကုန်စည်နှင့် ဝန်ဆောင်မှုများ ဖြစ်နေတတ်ပြီး ဆင်းရဲသားအများစုကို ထိခိုက်နစ်နာစေတတ်သည်။

တတိယကမ္ဘာနိုင်ငံများရှိ အစိုးရများအနေဖြင့် နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့နှင့် ကမ္ဘာ့ဘဏ်တို့ကဲ့သို့သော နိုင်ငံတကာအဖွဲ့အစည်းများမှ ဖိအားများအကြောင်း ညည်းတွားပြောဆိုတတ်ကြသည်။ ၎င်းအဖွဲ့အစည်းများက မိမိတို့၏ ကြွေးပြဿနာများကို နိုင်နိုင်နင်းနင်း ဖြေရှင်းရန်အတွက် အဆောက်အအုံဆိုင်ရာ ညှိနှိုင်းပြုပြင်မှုများ (structural adjustment) ပြုလုပ်ရန် ဖိအားပေး တတ်ကြသည်။ ၎င်းအစီအစဉ်များအရဆိုလျှင် ကြွေးတင်နေသော နိုင်ငံများသည် ဖိနပ်များ၊ လိမ္မော်သီးများကဲ့သို့ ကုန်စည်များကို ပြည်တွင်း၌ စားသုံးမှုများလျှော့ချရန် ကြိုးစားကြရမည်။ ထိုသို့လျှော့ချစားသုံးပြီး ပြည်ပသို့ပို့၍ တင်ပို့နိုင်ရမည်။ ထိုသို့ ပြည်ပသို့ပို့၍ တင်ပို့ရာမှ ရရှိလာသော ငွေများဖြင့် ကြွေးများ ဆပ်ရန်အတွက် အသုံးပြုနိုင်သည်။

ခြိုးခြံချွေတာရေးအစီအစဉ်အတော်များများကြောင့် စားသုံးကုန်များနှင့် ပတ်သက်၍ အစိုးရ၏ ထောက်ပံ့ကြေးများကိုလည်း လျှော့ကျစေသည်။ အစားအသောက်နှင့် သယ်ယူပို့ဆောင်ရေးကဲ့သို့သော ကိစ္စများအပေါ်၌ အစိုးရ၏ အထောက်အပံ့များလျော့ကျသွား၍ ၎င်းတို့ကို ဈေးကြီးသွားစေနိုင်သည်။ ထို့အပြင် အစိုးရများသည် ဈေးနှုန်းထိန်းချုပ်ထားမှုများကို လွှတ်ပေးလိုက်သဖြင့် ထုတ်ကုန်ပစ္စည်းများ၏ ဈေးနှုန်းများသည် ငွေဖောင်းပွမှုနှုန်းအတိုင်းလိုက်၍ တက်ခွင့်ပြုလိုက်သလို ဖြစ်သွားသည်။ တစ်ချိန်တည်း၌ပင် လုပ်ခများကို ထိန်းချုပ်ထားတတ်ကြသည်။ အကယ်၍ ငွေတန်ဖိုးချမည်ဆိုလျှင် ဂျုံမှုန့်နှင့် လောင်စာတို့ကဲ့သို့သော အခြေခံစားကုန် ပစ္စည်းများကို ဈေးကြီးကြီးနှင့် တင်သွင်းရပေမည်။

**ယနေ့မန္တလေးစာအုပ်တိုက်**

http://www.cherrythitsar.org

ထိုကဲ့သို့ လုပ်ရပ်များကြောင့် မငြိမ်မသက် ဖြစ်ပေါ်မှုများ ဖြစ်စေနိုင်သည်။ ၁၉၉၀ ပြည့်လွန်နှစ်အလယ်ပိုင်း၌ ကိုင်ရိုရို ဆင်းရဲသားရပ်ကွက်တွင် အဓိကရုဏ်းဖြစ်မှုများ၊ အိန္ဒိယ၌ပေါ်ပေါက်သော အငြိမ်သက်မှုများနှင့် မက္ကဆီကို၌ လယ်သမားတို့၏ ပုန်ကန်မှုများသည် ထိုကဲ့သို့ စီးပွားရေး ချိုးခြံချွေတာမှုများ၏ တိုက်ရိုက်ရလဒ်ပင်ဖြစ်သည်။ နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့က သတ်မှတ်သော စီးပွားရေး ချိုးခြံချွေတာရေးအစီအစဉ် အတော်များများသည် ဆင်းရဲသားများ၏ဘဝကို ရေရှည်၌ အကျိုးဖြစ်ထွန်းစေနိုင်သည်။ သို့သော် ကြွေးလည်ပင်းနစ်နေသည့်နိုင်ငံများအနေဖြင့် ချိုးခြံချွေတာရေးအစီအစဉ်များကြောင့် ပေါ်ပေါက်လာသည့် ရေတိုဝန်ထုပ်ဝန်ပိုးများကို ထမ်းဆောင်ရန်အတွက်အကျပ်အတည်းတွေ့တတ်ကြသည်။

အဘယ့်ကြောင့်ဆိုသော် တတိယကမ္ဘာနိုင်ငံများရှိ ဆင်းရဲသားများအနေဖြင့် မူလကတည်းကပင်လျှင် အသက်ရှင်သန် နေထိုင်ရုံမျှ နေနေရခြင်းဖြစ်ရာ အခြေခံစားကုန်ပစ္စည်းများ၏ စရိတ်စက ရာနှုန်းအနည်းငယ်မျှ တက်ခြင်းသည်ပင်လျှင် စီးပွားပျက်ကိန်းဆိုက်နေသည်။ ချမ်းသာသူများအတွက် ရေခဲသေတ္တာအသစ်တစ်လုံး မဝယ်ဘဲနေရန် မခက်လှသော်လည်း ဆင်းရဲသားများအနေဖြင့် ကြည့်လျှင် အစားအစာမရှိဘဲနေရန် အလွန်ခက်ခဲသည်။

☮

## ၆၃။ ကမ္ဘာ့စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို အားပေးပုံ

**How is global economic cooperation encouraged?**

ကမ္ဘာ့ကုလသမဂ္ဂလုံခြုံရေးကောင်စီကို ကမ္ဘာ့စစ်ရေးနှင့်နိုင်ငံရေးဆိုင်ရာ ပဋိပက္ခများကိုဖြေရှင်းရန်အတွက် အသုံးချသလို ကမ္ဘာ့ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတို့မှ ပေါ်ပေါက်လာသည့်ပြဿနာ



http://www.cherrythitsar.org

များကိုလည်း နိုင်ငံတကာအုပ်စုများ၊ အဖွဲ့အစည်းများမှတစ်ဆင့် ဖြေရှင်းနိုင်သည်။

ဘုံစီးပွားရေးရည်မှန်းချက်များကို ချမှတ်ရာ၌ အတက်ကြွဆုံး အဖွဲ့အစည်းတစ်ခုမှာ စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေးနှင့် ဖွံ့ဖြိုးရေးအဖွဲ့ (Organization for Economic Co-operation and Development-OECD) ဖြစ်သည်။ ၎င်းတို့သည် နိုင်ငံတကာစီးပွားရေး အဆောက်အအုံနှင့် ပတ်သက်၍ စာရင်းအင်းများ၊ စာရွက်စာတမ်းများ ထုတ်ပြန်ရုံမျှသာမက စီးပွားရေးမူဝါဒများညှိနိုင်းရန်နှင့် ဆွေးနွေးရန် နေရာတစ်ခုသဖွယ်ဆောင်ရွက်သည်။ ပါရီ၌ ဌာနချုပ်ဆိုက်ထားသော OECD သည် အမေရိကန်ပြည်ထောင်စု၊ ကနေဒါ၊ ဩစတြီးယား၊ ဂျပန်၊ နယူးဇီလန်နှင့် အနောက်ဥရောပနိုင်ငံအများစု အပါအဝင် အချမ်းသာဆုံးနိုင်ငံများကို အဖွဲ့ဝင်များအဖြစ် စုစည်းထားသည်။

အခါအားလျော်စွာ ကျင်းပသည့် ထိပ်သီးဆွေးနွေးပွဲများ၌လည်း နိုင်ငံတကာ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်ရန် အားပေးလေ့ရှိသည်။ ဥပမာ–အမေရိကန်ပြည်ထောင်စု၊ဂျပန်၊ဂျာမနီ၊အီတလီ၊ ဗြိတိန်၊ ပြင်သစ်နှင့် ကနေဒါတို့ ပါဝင်သော G-7 ထိပ်သီး အစည်းအဝေးသည် ထိုသို့သော အစည်းအဝေးမျိုး ဖြစ်သည်။ ထိုထိပ်သီး အစည်းအဝေးသည် စီးပွားရေးဆိုင်ရာ ကိစ္စများသက်သက်ကိုသာ စတင်ဆွေးနွေးခဲ့သော်လည်း နိုင်ငံတကာ စီးပွားရေး၊နိုင်ငံရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများကဲ့သို့သော အကြောင်းအရာမျိုးစုံကို ချဲ့ထွင်၍ဆွေးနွေးလာခဲ့ကြသည်။ အရှေ့ဥရောပ၏ စီးပွားရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများနှင့် ဝေလငါးထိန်းသိမ်းစောင့်ရှောက်ရေး ကိစ္စများကိုပါ ထည့်သွင်းဆွေးနွေး လာခဲ့ကြသည်။

ကမ္ဘာ့စီးပွားရေးပြဿနာများသည် နိုင်ငံရေးနှင့် စစ်ရေး ပဋိပက္ခများနှင့် ခွဲ၍မရသဖြင့် အခါအားလျော်စွာနိုင်ငံရေးခေါင်းဆောင်



http://www.cherrythitsar.org

များ တွေ့ဆုံပြီး စီးပွားရေးပြဿနာများကို ဖြေရှင်းရန်လိုအပ်သည်။ ဥပမာ ကူဝိတ်ကိုကျူးကျော်ရန် အီရတ်၏ ဆုံးဖြတ်ချက်ကြောင့် ၁၉၉၁ ခုနှစ်တွင် ပင်လယ်ကွေ့စစ်ပွဲဖြစ်ပွားရခြင်းမှာ ကူဝိတ်၏ ရေနံတွင်းများနှင့် ဆိပ်ကမ်းများကို ရရှိရန် စီးပွားရေး အကြောင်းတရား ၏ လှုံ့ဆော်မှုကြောင့်သာဖြစ်သည်။

အခြေခံအနေဖြင့်ပြောရလျှင် ကမ္ဘာအနှံ့ပတ်ဝန်းကျင်ညစ်ညမ်းမှု၊ ကုန်သွယ်ရေး တစ်ဖက်စောင်းနင်းဖြစ်မှု၊ အဏုဇဝါသယံဇာတ ထုတ်ယူရေးကဲ့သို့သော နိုင်ငံတကာကိစ္စများသည် တစ်နိုင်ငံချင်း ဖြေရှင်း၍ ရနိုင်သော ပြဿနာမျိုးမဟုတ်ဘဲ ခေါင်းဆောင်များ အတူတကွ နိုင်ငံတကာ အုပ်စုများ၊ အေဂျင်စီများကတစ်ဆင့် ကြိုးစားဖော်ထုတ်နိုင်သော ကိစ္စများသာဖြစ်သည်။

✇

## ၆၄။ ကမ္ဘာ့စီးပွားရေးအဆောက်အအုံ၌ လာဘ်ပေးလာဘ်ယူမှုများ ပေါ်ပေါက်ပုံ

**How is corruption part of the world ecomomy?**

ကမ္ဘာတစ်ဝန်းရှိအစိုးရများနှင့်စီးပွားရေးလုပ်ငန်းများအတွက် လာဘ်ပေးလာဘ်ယူ ပြုလုပ်မှုသည် ပုံမှန်နေနည်း ထိုင်နည်း တစ်ရပ်ဖြစ်နေသည်။ လာဘ်ပေးလာဘ်ယူမှုများသည် ပုံသဏ္ဌာန် အမျိုးမျိုးရှိသည်။ ဥပမာ– အစိုးရအရာရှိများသည် တစ်စုံတစ်ရာ မရလျှင် ပို့ကုန်သွင်းကုန်များကို အတည်မပြုဘဲ နေနိုင်သည်။ သို့မဟုတ် နိုင်ငံတကာ ဖက်စပ်လုပ်ငန်းများနှင့် စာချုပ်အတွက် လက်မှတ်ရေးထိုးခြင်းမပြုမီ အချို့ကုမ္ပဏီဥက္ကဋ္ဌများက ဆွစ်ဘဏ် စာရင်းများ၌ လျှို့ဝှက်စာရင်းဖွင့်လှစ်အပ်နှံရန် တောင်းဆိုကောင်း တောင်းဆိုနိုင်သည်။ အလားတူပင် စစ်ပစ္စည်းဝယ်ယူရေး အရာရှိများ



http://www.cherrythitsar.org

အနေဖြင့် တစ်စုံတစ်ရာအကျိုးကျေးဇူးမရှိဘဲ ငွေပေးချေရန် ငြင်းဆိုတတ်ကြသည်။

ထိုလာဘ်ယူသူများအနေဖြင့် ၎င်းတို့၏ လခများသည် အလွန်နိမ့်ကျနေသဖြင့် ၎င်းတို့၏ လခများကို လာဘ်မှ ရရှိသောငွေများဖြင့် ထောက်ပံ့ရမည်ဟု တွက်ဆတတ်ကြသည်။ စားသောက်ဆိုင်တစ်ဆိုင်မှ စားပွဲထိုးတစ်ယောက်သည် တစ်နေ့တာဝင်ငွေမှ အများဆုံးကို တစ်ပ်ပေးငွေများမှ ရရှိမည်ဟု မျှော်လင့်ကာ နိမ့်ကျသည့်လစာကို လက်ခံသည်နှင့်အတူတူပင် ဖြစ်သည်ဟုဆိုတတ်ကြသည်။ ထိုသို့လာဘ်ပေးမှုများကို အမေရိကန်ပြည်ထောင်စု၌ တစ်မျိုး၊ မက္ကဆီကို၊ အီဂျစ်၊ ကင်ညာတို့၌တစ်မျိုး နာမည်အမျိုးမျိုးဖြင့် ခေါ်သော်လည်း စီးပွားရေးလုပ်ငန်းများနှင့် ပတ်သက်၍ သဘောတူညီချက်အများစုသည် ထိုကဲ့သို့ အပိုပေးငွေများမပေးလျှင် မဆောင်ရွက်နိုင်လောက်အောင် ဖြစ်နေသည်။

စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ရိုးရိုးသားသား သန့်သန့်ရှင်းရှင်း စီးပွားရေးလုပ်ကာ ပြည်ပ၌ ယှဉ်ပြိုင်ရန်မှာ မဖြစ်နိုင်သလောက်ဖြစ်နေတတ်ကြသည်။ အကယ်၍ စားပွဲထိုးက စားသောက်ပြီး၍လူ့ကို တစ်ပ်မပေးလျှင် သူ့ထံမှဝန်ဆောင်မှုကောင်းကောင်းမရနိုင်သည်နှင့် အလားတူသည်။ ဖွံ့ဖြိုးဆဲနိုင်ငံအတော်များများ၌ စီးပွားရေးလုပ်ငန်း လုပ်ဆောင်ရာတွင် အဓိကတွေ့ကြုံရသောပြဿနာမှာ ထိုကဲ့သို့ လာဘ်ပေးရသည်များသည် မတန်တဆကြီးမားသည့် အတိုင်းအတာသို့ ရောက်ရှိလာခြင်းပင် ဖြစ်သည်။ ဥပမာတရုတ်နိုင်ငံနှင့် နိုင်ဂျီးရီးယားနိုင်ငံတို့၌ ထိုကဲ့သို့လုပ်ထုံးလုပ်နည်းများကြောင့် လွတ်လပ်သည့် ဈေးကွက်ကို ဦးတည်သည့် ပြုပြင်ပြောင်းလဲမှုများကို အနှောင့်အယှက်ဖြစ်စေသည်။

ရိုးသားသည့် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ထိုမသမာ



http://www.cherrythitsar.org

မှုများကို ရှောင်ရှားနိုင်သည်။ ပထမဆုံးတစ်နည်းမှာ မိခင်နိုင်ငံအနေဖြင့် ပြည်ပ၌ စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရာ၌ လာဘ်ပေးမှုကို တားမြစ်သည့်ဥပဒေများ ရှင်းရှင်းလင်းလင်း ပြတ်ပြတ်သားသား ရှိနေရန်ဖြစ်သည်။ ဥပမာ–အမေရိကန်ပြည်ထောင်စုအနေဖြင့် ပြည်ပလာဘ်ပေးမှုအက်ဥပဒေကို ချမှတ်ကာ နိုင်ငံတကာ၌ လာဘ်ပေးမှုများကို တားဆီးထားသည်။ ရည်ရွယ်ချက်မှာ ရှင်းပါသည်။ အကယ်၍ နိုင်ငံခြားသားများသည် မိမိတို့နှင့် အလုပ်လုပ်သည့် စီးပွားရေးလုပ်ငန်းရှင်များအား ၎င်းတို့၏မိခင်တိုင်းပြည်က လာဘ်မပေးရဟု တားဆီးထားကြောင်းသိရှိလျှင် ၎င်းတို့သည် ထိုလာဘ်ငွေကို တောင်းဆိုခြင်းပြုကြမည် မဟုတ်ပေ။ ဘာလင်၌ အခြေစိုက်သည့် လူသိထင်ရှားဆောင်ရွက်ရေး အဖွဲ့ကလည်း နိုင်ငံတကာ စီးပွားရေးလုပ်ရှားမှုများကို လူသိထင်ရှားများများလုပ်ရန် တောင်းဆိုကာ လာဘ်ပေးလာဘ်ယူမှုများကို တိုက်ဖျက်သည်။

ထိုလာဘ်ပေးလာဘ်ယူမှုကို ဆန့်ကျင်သည့် ဥပဒေများကြောင့် နိုင်ငံတစ်ခု၏ ပြိုင်ဆိုင်နိုင်စွမ်းကို ကျဆင်းသွားစရာအကြောင်း မရှိပေ။ မကြာခဏဆိုသလိုပင် ပြည်ပ၌ အလုပ်လုပ်သည့် စီးပွားရေးလုပ်ငန်းများအနေဖြင့် မူလက အခြေကျပြီး ဒေသခံများနှင့် ရင်းရင်းနှီးနှီး နီးနီးစပ်စပ် ဖက်စပ်လုပ်ခြင်းအားဖြင့် လာဘ်ပေး လာဘ်ယူမှုများကို ရှောင်ရှားနိုင်သည်။ သက်ဆိုင်ရာဒေသအတွင်း မိသားစုအဆင့်တွင် ရှိနေသည့် လုပ်ငန်းများနှင့် ပေါင်းစည်းပြီး ဆောင်ရွက်နိုင်သည်။ ထိုဒေသရှိ လုပ်ငန်းများနှင့် ဖက်စပ်ဆောင်ရွက် ခြင်းအားဖြင့် စီးပွားရေးဆိုင်ရာ လုပ်ငန်းဆိုင်ရာ ကျွမ်းကျင်မှုများ အခြားနည်းဖြင့် ဖွင့်လှစ်နိုင်သော တံခါးများကို အောင်မြင်စွာ ဖွင့်လှစ်နိုင်မှုများ ဖြစ်ပေါ်စေနိုင်သည်။

⊛

**ယနေ့မန္တလေးစာအုပ်တိုက်**

http://www.cherrythitsar.org

## ၆၅။ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဆိုသည်မှာ

**What is the World Trade Organization?**

ကုန်သွယ်ရေးစစ်ပွဲတစ်ခုသည် တိုက်ပွဲတစ်ခုကို အပျက်အစီး မများသော်လည်း တိုက်ပွဲနှစ်မျိုးစလုံး၌ စစ်တိုက်ခိုက်ကာ ကာကွယ် စောင့်ရှောက်ရန်အတွက် မူလက ရည်မှန်းထားသည့် ပြည်သူလူထု အပါအဝင် ပြည်သူများ ဒုက္ခရောက်ကြရသည်။

နိုင်ငံတိုင်းနိုင်ငံတိုင်းက ကမ္ဘာ့ဈေးကွက်ကို လက်လှမ်းမီချင် ကြသည်။ သို့သော် ပြည်ပမှ ပြိုင်ဆိုင်မှုများကို ရင်ဆိုင်သည်ထက် နယ်နိမိတ်များပိတ်ထားရသည်က ၎င်းတို့အတွက် ပို၍ လွယ်သည့် အချိန်အခါများရှိသည်။ နိုင်ငံတစ်ခုက ကုန်သွယ်ရေးအဟန့်အတား များ ချမှတ်သည့်အခါ အခြားနိုင်ငံများကလည်း အလားတူအဟန့် အတားများ ချမှတ်ကာ တုံ့ပြန်တတ်ကြသဖြင့် ကုန်သွယ်ရေးစစ်ပွဲ တစ်ခုအဖြစ်သို့ မြန်မြန်ဆန်ဆန် ပြောင်းလဲသွားတက်သည်။ သို့ဖြစ်၍ ကုန်သွယ်ရေးဆိုင်ရာ ပြဿနာများကို ဖြေရှင်းခြင်းသည် အရေးကြီး သည်။ ကုန်သွယ်ရေးဆိုင်ရာ ပြဿနာများမှတစ်ဆင့် ကမ္ဘာ့စီးပွားရေး ဆိုင်ရာ တိုက်ပွဲများ၊ ထိုမှတစ်ဆင့် စစ်ရေးဆိုင်ရာ ပဋိပက္ခများ အဖြစ်သို့ အဆင့်မြင့်သွားနိုင်၍ ဖြစ်သည်။

တစ်ကမ္ဘာလုံးလိုလိုနှင့်သက်ဆိုင်သည့် ကုန်သွယ်ရေးဥပဒေကို ၁၉၉၄ခုနှစ်က ဥရုဂွေးစားပွဲဝိုင်းဆွေးနွေးပွဲများအတွက် လက်မှတ် ထိုးကာ အဆုံးသတ်ခဲ့သည့် အကောက်ခွန်နှင့် ကုန်သွယ်မှုဆိုင်ရာ အထွေထွေသဘောတူညီချက် (GATT)အောက်၌ စေ့စပ်ညှိနှိုင်းခဲ့ကြ သည်။ ထိုသဘောတူညီချက်ကို နိုင်ငံပေါင်း ၁၀၀ ကျော်က ပါဝင် လက်မှတ်ရေးထိုးခဲ့ပြီး နယ်ပယ်အသစ် အတော်များများနှင့် ပတ်သက် ၍ ကုန်သွယ်မှုဆိုင်ရာ ဥပဒေသများကို တိုးချဲ့ခဲ့သည်။ ပထမဆုံး အကြိမ်အနေဖြင့် ကွန်ပျူတာအပျော့ထည်များ၊ စိုက်ပျိုးရေး၊ ချည်ထည်



http://www.cherrythitsar.org

နှင့် အသိဉာဏ်ပညာဆိုင်ရာ ပိုင်ဆိုင်ခွင့်များ အပါအဝင် ကုန်စည်နှင့် ဝန်ဆောင်မှုမျိုးစုံ တင်ပို့သူများအတွက် ကာကွယ်စောင့်ရှောက်မှု များကို ပြဋ္ဌာန်းခဲ့သည်။

ထုတ်ကုန်သစ်များ ပေါ်ပေါက်ရန်အတွက် အချိန်နှင့် ငွေကြေး များ ရင်းနှီးစိုက်ထုတ်ရသည့်အပြင် အသိဉာဏ်ပညာထုတ်လုပ်သူများ အနေဖြင့် ပြည်ပဈေးကွက်တွင် ၎င်းတို့၏ ရင်းနှီးမြှုပ်နှံမှုများကို အတုလုပ်ခြင်း၊ ခိုးယူခြင်းမှ ကာကွယ်စောင့်ရှောက်ခြင်းခံလိုကြသည်။ ဥပမာ ဆီလီကွန်တောင်ကြားမှ ကွန်ပျူတာအပျော့ထည် ထုတ်လုပ်သူ တစ်ယောက် သို့မဟုတ် ဆွစ်ဆေးဝါးကုမ္ပဏီတစ်ခုသည် ၎င်းတို့၏ ထုတ်ကုန်ပစ္စည်းများကို တရုတ်နှင့် ဘရာဇီးတို့ကဲ့သို့သော ပြည်ပ ဈေးကွက်များ၌ ရောင်းချနိုင်မည်ကိုသိလျှင် DC-ROM အသစ် တစ်ခုပေါ်ပေါက်ရန်အတွက်လည်းကောင်း၊ AIDS ရောဂါကုဆေးတစ်ခု ပေါ်ပေါကရန်အတွက်လည်းကောင်း ကြီးကြီးကျယ်ကျယ်ပို၍ မြှုပ်နှံ လိုကြမည်။ GATT သဘောတူညီချက်က ပေးအပ်သည့် အသိဉာဏ် ပညာဆိုင်ရာ ပိုင်ဆိုင်မှုများကို ကမ္ဘာအနှံ့ ကာကွယ်စောင့်ရှောက် ထားခြင်းမရှိလျှင် ထုတ်ကုန်အသစ်များ ပေါ်ထွက်လာစရာအကြောင်း သိပ်မရှိပေ။

အကောက်ခွန်နှင့် ကုန်သွယ်မှုဆိုင်ရာ အထွေထွေ သဘော တူညီချက်များထဲမှ အရေးကြီးသည့် ဆုံးဖြတ်ချက်တစ်ခုမှာ ကုန်သွယ် မှုဆိုင်ရာ သဘောတူညီချက်များကို လိုက်နာစောင့်ထိန်း ရန်အတွက် ကြီးကြပ်ရန်လုပ်ကိုင်ခွင့်များ အပ်နှင်းထားသည့် ကမ္ဘာ့ ကုန်သွယ်ရေး အဖွဲ့ (World Trade Organization-WTO) ဟူသော နိုင်ငံတကာ အဖွဲ့စည်းတစ်ခုကို တည်ထောင်ရန်ဖြစ်သည်။ GATT သည် သဘောတူညီချက်တစ်ခုမျှသာဖြစ်သော်လည်း WTO သည် ဂျီနီဗာ ကမ်းခြေရှိ GATT အဆောက်အအုံဟောင်း၌ ရုံးစိုက်သည်။ ၎င်း၏

အဓိက အားသာချက်မှာ သွင်းကုန်များအပေါ်၌ အရေအတွက် သတ်မှတ်ချက်များ၊ သွင်းကုန်ခွန်များကဲ့သို့သော ကုန်သွယ်မှုအဟန့် အတားများ တစ်ဖက်သတ် တည်ထောင်ခြင်းမှ တားမြစ်နိုင်စွမ်းပင် ဖြစ်သည်။

ယခင်က GATT သည် အဖွဲ့ဝင်များ၏ ဆန္ဒအလျောက် လိုက်နာမှုအပေါ်၌ အားကိုးအားထားပြုရသော်လည်း WTO သည် ၎င်းကချမှတ်သော စည်းမျဉ်းစည်းကမ်းများကို အဖွဲ့ဝင်များလိုက်နာ စောင့်ထိန်းမှုပြုရန် ဖိအားပေးနိုင်သည်။ WTO အဖွဲ့ဝင်အဖြစ် နိုင်ငံများနှင့် ကုန်သွယ်ရာမှ နိုင်ငံတစ်ခုအနေဖြင့် အကျိုးကျေးဇူး ရှိချင်လျှင်၊ ကမ္ဘာ့စီးပွားရေး အဆောက်အအုံထဲရှိ နိုင်ငံတိုင်းက ပူးပေါင်းပါဝင်ချင်ကြလျှင် ကုန်သွယ်မှုနှင့်ပတ်သက်၍ ထပ်မံပြီး အဟန့်အတားများ ချမှတ်ခွင့်မပြုပေ။ ချမှတ်သည့် စည်းမျဉ်း စည်းကမ်းများအတိုင်း လိုက်နာရန်အတွက် သီးသန့်အဖွဲ့အစည်း တစ်ခုကို တည်ထောင်နိုင်သည်။ ၁၉၉၃ခုနှစ် မတိုင်မီက GATT အဖွဲ့သည် သေနတ်မရှိသည့် ရဲသားတစ်ယောက်လိုဖြစ်ကာ ကုန်သွယ်ရေးဆိုင်ရာ အငြင်းပွားမှုများကို သဘောတူညီမှုရအောင် ကြိုးစားအားထုတ်ခဲ့ရသည်။ ယခုအခါ WTO အနေဖြင့် လိုက်နာ ဆောင်ရွက်စေရန် ဖိအားပေးနိုင်သည့် လုပ်ပိုင်ခွင့်ကို ရရှိထားသဖြင့် GATT သည် ကမ္ဘာ့ကုန်သွယ်ရေးနှင့်ပတ်သက်၍ စည်းကမ်း ထိန်းချုပ်ရန် ထိရောက်သည့် အင်အားစုတစ်ရပ်အဖြစ် မိမိကိုယ်မိမိ အသွင်ပြောင်းလာခဲ့သည်။

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ဆုံးဖြတ်ချက်များကို နိုင်ငံ တစ်နိုင်ငံ က မလေးစားမလိုက်နာလိုလျှင် မည်သည့်နိုင်ငံမဆို ကမ္ဘာ့ကုန်သွယ် ရေးအဖွဲ့မှ မည်သည့်အချိန်၌မဆိုနုတ်ထွက်နိုင်သည်။ ဤနည်းအားဖြင့် နောက်ဆုံး၌ ကုန်သွယ်အလုပ်အကိုင်များနှင့် စီးပွားရေးတိုးတက်မှု



http://www.cherrythitsar.org

တို့၌ ဆုံးရှုံးပြီးကမ္ဘာ့စီးပွားရေးအဆောက်အအုံနှင့် အဆက်ပြတ်မည့် အန္တရာယ်နှင့် ရင်ဆိုင်ရစေနိုင်သည်။

## ၆၆။ ဒေသန္တရဖွံ့ဖြိုးရေးဘဏ်များ ဆိုသည်မှာ

**What are Regional Development Banks?**

အကယ်၍ အိမ်အနီးနားရှိ ဘဏ်တစ်ခုက အိမ်များ၊ စီးပွားရေးလုပ်ငန်းများ တည်ထောင်ရန်အတွက် ငွေအနည်းငယ်ချေးရန် ဆုံးဖြတ်လိုက်လျှင် စီးပွားရေးလုပ်ငန်းများ တိုးပွားလာသဖြင့် ရပ်ရွာတစ်ခုလုံး အကျိုးဖြစ်ထွန်းသည်။ အလားတူပင် ကမ္ဘာ့ဒေသန္တရဖွံ့ဖြိုးရေးဘဏ်များကလည်း လိုအပ်နေသည့်နိုင်ငံများသို့ ဖွံ့ဖြိုးရေးရန်ပုံငွေများကို ထုတ်ပေးလေ့ရှိသည်။ ထိုဖွံ့ဖြိုးရေးအတွက် ထုတ်ပေးသည့် ချေးငွေများသည် ဖွံ့ဖြိုးပြီးနိုင်ငံများမှ ရန်ပုံငွေများကို ဖွံ့ဖြိုးဆဲနိုင်ငံများသို့ လွှဲပြောင်းပေးရန်အတွက် အသုံးပြုသည်။

ဖွံ့ဖြိုးရေးဘဏ်များသည် အမြတ်ကို ဦးတည်သော သာမန်ဘဏ်များမဟုတ်ကြပေ။ ဥပမာ–၎င်းတို့သည် အပ်ငွေများ လက်ခံခြင်း မပြုကြဘဲ အမေရိကန်ပြည်ထောင်စု၊ ဂျပန်နှင့် ဆွစ်ဇာလန်တို့ကဲ့သို့သော ဖွံ့ဖြိုးပြီးနိုင်ငံများမှ ချေးငွေများနှင့် အရင်းအနှီးထည့်ဝင်မှုများအပေါ်၌ အခြေခံကာ တည်ထောင်ထားခြင်းဖြစ်သည်။ ၎င်းရန်ပုံငွေများကို လိုအပ်သည့်နိုင်ငံများသို့ သက်သာသော အတိုးနှုန်းဖြင့် ထုတ်ချေးသည်။

ဖွံ့ဖြိုးရေးဘဏ်များက ထုတ်ချေးသည့် ချေးငွေများသည် မူလထုတ်ချေးသည့်အရင်းကို ပြန်မဆပ်မီ ဆိုင်းငံ့ကာလ (၂) နှစ်မှ (၇)နှစ်အထိ ရှိကြသည်။ ဤနည်းအားဖြင့် ရန်ပုံငွေထုတ်ပေးသည့် စီမံကိန်းများအတွက် မူလအရင်းပြန်ပေါ်လာရန် အချိန်စောင့်ဆိုင်း



http://www.cherrythitsar.org

နိုင်သည်။ ဥပမာ ရေအားလျှပ်စစ်လုပ်ငန်းအနေဖြင့် အရင်းပြန်လည် ပေါ်လာသည်အထိ အချိန်စောင့်ဆိုင်းနိုင်သည်။

ဒေသန္တရဖွံ့ဖြိုးရေးဘဏ်များထဲ၌ အကြီးဆုံးဘဏ်မှာ IADB (Inter-American Development Bank) ဖြစ်ပြီး ထိုဘဏ်သည် အမေရိကန်နိုင်ငံဝါရှင်တန်ဒီစီ၌ အခြေစိုက်သည်။ အနောက်ဘက်ခြမ်း ရှိနိုင်ငံများက အဓိကအားဖြင့် ရန်ပုံငွေထည့်ဝင်ပြီး လက်တင် အမေရိကနှင့် ကာရစ်ဘီယံဒေသရှိ ဆင်းရဲသောနိုင်ငံများ၏ ဖွံ့ဖြိုးရေး စီမံကိန်းများအတွက် ချေးငွေများထုတ်ပေးသည်။

အာရှဖွံ့ဖြိုးရေးဘဏ် (Asian Development Bank-ADB) ကို ၁၉၆၆ ခုနှစ်၌ အာရှနှင့်ပစိဖိတ်ဒေသ၏ စီးပွားရေးတိုးတက်မှုကို အထောက်အကူပြုရန် ရည်ရွယ်ချက်ဖြင့် တည်ထောင်ခဲ့သည်။ ဖိလစ်ပိုင်နိုင်ငံ၌ ဌာနချုပ်လုပ်ထားသော ADB သည်အင်ဒိုနီးရှား၊ ပါကစ္စတန်နှင့် တိုင်းနိုင်ငံတို့ကဲ့သို့သော နိုင်ငံများရှိ စိုက်ပျိုးရေးဆိုင်ရာ စီမံကိန်းများအတွက် ချေးငွေအတော်များများ ထုတ်ချေးခဲ့သည်။

အာဖရိကဖွံ့ဖြိုးရေးဘဏ် (African Cevelopment Bank-AFDB) သည် ဖွံ့ဖြိုးရေးဘဏ်များထဲ၌ အငယ်ဆုံးဘဏ်ဖြစ်ပြီး Ivory Coast ၌ အခြေစိုက်သည်။ ၎င်းဘဏ်၏ ချေးငွေများကို အာဖရိကရှိ အဆင်းရဲဆုံးဒေသများ၏ စိုက်ပျိုးရေးဆိုင်ရာ စီမံကိန်း များ၊ သယ်ယူပို့ဆောင်ရေး၊ ပြည်သူ့အသုံးအဆောင်များ စသည်တို့ အတွက် အသုံးပြုသည်။

ဥရောပရင်းနှီးမြှုပ်နှံမှုဘဏ် (European Investment Bank-EIB) သည် အနောက်ဥရောပရှိ ဒေသန္တရစီမံကိန်းများအတွက် ရန်ပုံငွေများထုတ်ပေးသည်။ အရှေ့ဥရောပနိုင်ငံများက လွတ်လပ် သည့် ဈေးကွက်စီးပွားရေး အဆောက်အအုံများအဖြစ် အသွင်ပြောင်း ကြမည်ဟု ဆုံးဖြတ်လိုက်ပြီးနောက် ဥရောပပြန်လည်ထူထောင်ရေးနှင့်



http://www.cherrythitsar.org

ဖွံ့ဖြိုးရေးဘဏ် (European Bank for Reconstruction and Development -EBRD) ကို လန်ဒန်၌ တည်ထောင်ပြီး ပိုလန်၊ ဟန်ဂေရီ၊ ဆလိုဗေးကီးယားနှင့် လစ်သူယေးနီးယားကဲ့သို့ နိုင်ငံများ၌ ဖွံ့ဖြိုးရေးအထောက်အပံ့များ အကြီးအကျယ်ပေးရန် ရည်ရွယ်ချက်ဖြင့် တည်ထောင်ခဲ့သည်။

☮

## ၆၇။ နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့နှင့် ကမ္ဘာ့ဘဏ်ဆိုသည်မှာ What are the IMF and the World Bank?

၁၉၄၅ခုနှစ်၌ မက္ကဆီကို၏ စီးပွားရေးအဆောက်အအုံပြိုကွဲသည့်အခါ နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ (International Monetaty Fund-IMF) ၏အရေးပေါ်ရန်ပုံငွေများကို အားကိုးအားထားပြုရသည်။ တစ်ဘက်၌ကမ္ဘာ့ဘဏ် (Worlc Bank) က ဂါဇာကမ်းမြောင် ပြန်လည်တည်ဆောက်ရန်အတွက် ရန်ပုံငွေများထုတ်ပေးသလို ပိုလန်၌ ပုဂ္ဂလိကကဏ္ဍရှိ ကုမ္ပဏီများ၏ ထုတ်လုပ်မှုထွက်ပေါ်လာရေး၊ အရှေ့ဥရောပရှိအခြားကွန်မြူနစ် နိုင်ငံဟောင်းများ၏ ပုဂ္ဂလိကကဏ္ဍ တိုးတက်ထွန်းကားလာရေးအတွက် ရန်ပုံငွေများထုတ်ပေးရသည်။

ကမ္ဘာ့ဘဏ်နှင့်နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့တို့ကို ညီအစ်မအဖွဲ့အစည်းဟုခေါ်ပြီး ဝါရှင်တန်ဒီစီ၌ လမ်းတစ်ဖက်တစ်ချက်တွင် တည်ရှိကြပြီး ကမ္ဘာ့စီးပွားရေးအဆောက်အအုံကို ကြီးကြပ်ညှိနှိုင်းခြင်း၊ ငွေကြေး လိုအပ်နေသည့် နိုင်ငံများသို့ နောက်ဆုံးအားကိုးအားထားရာ အကူအညီများပေးခြင်းတို့အပါအဝင် ကဏ္ဍပေါင်းမျိုးစုံမှ တာဝန်ထမ်းဆောင်ကြသည်။

နိုင်ငံတကာပြန်လည်ထူထောင်ရေးနှင့် ဖွံ့ဖြိုးရေးဘဏ် (International Bank for Reconstruction and Development -IBRD)



http://www.cherrythitsar.org

ကို ကမ္ဘာ့ဘဏ်ဟုသာ ရည်ညွှန်းခေါ်ဝေါ်လေ့ရှိပြီး ကမ္ဘာ့ မဖွံ့ဖြိုးသော နိုင်ငံများအား ဖွံ့ဖြိုးရေးအကူအညီများ ထောက်ပံ့လေ့ရှိသည်။ နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့က အကြံဉာဏ်ပေးရန်နှင့် စီးပွားရေး အကျပ်အတည်း ကြုံတွေ့နေရသည့် နိုင်ငံများကို ယာယီရန်ပုံငွေများ ထုတ်ပေးရန်သာ အာရုံစိုက်သည်။

ကမ္ဘာ့ဘဏ်ကို ၁၉၄၅ခုနှစ်၌ တည်ထောင်သည့်အခါ ပထမဆုံး ဆောင်ရွက်ခဲ့သည့် လုပ်ရပ်မှာ အမေရိကန်ပြည်ထောင်စုနှင့် အခြား နိုင်ငံများမှ ရန်ပုံငွေများကို စစ်ပြီးခေတ်ဥရောပပြန်လည် ထူထောင်ခြင်း အတွက် အသုံးပြုရန်ဖြစ်သည်။ ဥပမာ ၎င်း၏ ပထမဆုံးချေးငွေများမှာ စစ်ဘေးစစ်ဒဏ်ခံရသည့် ဟော်လန်၊ ဒိန်းမတ်နှင့် ပြင်သစ်နိုင်ငံတို့ကို ပြန်လည်တည်ထောင်ရန်အတွက်ပေးသည့် ချေးငွေများဖြစ်သည်။ ယခုအခါ၌ ကမ္ဘာ့ဘဏ်က တတိယကမ္ဘာနိုင်ငံများအတွက် ချေးငွေ အတော်များများကို ထုတ်ချေးပြီး လိုအပ်သည့်ရန်ပုံငွေကို စတင်တည် ထောင်ခါစက အကူအညီပေးခဲ့ရသည်။ ယခုအခါ ချမ်းသာနိုင်ငံများ ထံမှ ရန်ပုံငွေများရရှိသည်။

ဒေသဆိုင်ရာ ဖွံ့ဖြိုးရေးဘဏ်များကဲ့သို့ပင် ကမ္ဘာ့ဘဏ်က ၎င်း၏ရန်ပုံငွေကို ချမ်းသာကြွယ်ဝသည့် အဖွဲ့ဝင်နိုင်ငံများထံမှ ရရှိသည်။ ဤကျောထောက်နောက်ခံ ရှိခြင်းကြောင့် ကမ္ဘာ့အရင်း အနှီးဈေးကွက် (world's capital market) မှ ချေးငွေများကို အတိုး နှုန်းသက်သက်သာသာဖြင့် ချေးယူနိုင်စွမ်းရှိသည်။ ဥပမာ အမေရိကန် ပြည်ထောင်စုက ထည့်ဝင်သည့်ဒေါ်လာတစ်ဘီလျံကြောင့် ကမ္ဘာ့ဘဏ် သည် ချေးငွေများအနေဖြင့် နောက်ထပ်ဒေါ်လာ ၂၀ ဘီလျံ ချေးယူ နိုင်စွမ်းရရှိသည်။ ဤနည်းအားဖြင့် ကမ္ဘာ့ဘဏ်သည် ဖွံ့ဖြိုးဆဲနိုင်ငံများ သို့ အလွန်သက်သာသည့်နှုန်းထားဖြင့် ရန်ပုံငွေများထုတ်ပေးနိုင်သည်။

ကမ္ဘာ့ဘဏ်၏ စီမံချက်အတော်များများတို့သည် ပတ်ဝန်းကျင်ကို ပျက်စီးစေသည် (ဥပမာ အမေဇုံရှိ ဆည်မြောင်းများ၊ အဝေးပြေးလမ်းမကြီးများ)ဟု ဝေဖန်ခံရသော်လည်း ၎င်း၏ စီမံကိန်းအတော်များများတို့သည် ဖွံ့ဖြိုးဆဲနိုင်ငံများရှိ အဆင်းရဲဆုံး နိုင်ငံများကို အကူအညီပေးရန်အတွက် ရည်ရွယ်ပြီး ဆောင်ရွက်ခြင်းဖြစ်သည်။ ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ဆင်းရဲမှု အခြေခံအကြောင်းတရားများကို ကိုင်တွယ်ရန်အတွက် ကမ္ဘာ့ဘဏ်သည် နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ကို အားကိုးအားထားပြုကာ ကြွေးတင်နေသည့်နိုင်ငံများအနေဖြင့် ခက်ခဲသည့် စီးပွားရေးပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ရန် အားပေးစေသည်။

နောက်ဆုံးအချိန်ရောက်မှ ရောက်လာသည့် ဆရာဝန်တစ်ယောက်လိုပင် နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့သည်ဒုက္ခရောက်နေသည့် စီးပွားရေးအဆောက်အအုံများကို ကယ်တင်ရန်အတွက် နောက်ဆုံးမှ ဖိတ်ခေါ်လေ့ရှိသည်။ ငွေကြေးရန်ပုံငွေအဖွဲ့၏ အဆောက်အအုံဆိုင်ရာ ညှိနှိုင်းမှုဖြစ်စဉ်သည် အခြားနေရာများမှ ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများမရရှိမီဆောင်ရွက်ရမည့် အရေးပါသော ပထမ ခြေလှမ်းဖြစ်သည်။ နိုင်ငံတကာ ငွေကြေး ရန်ပုံငွေအဖွဲ့၏ စီမံကိန်းများကို လက်ခံခြင်းသည် ထိုနိုင်ငံအနေဖြင့် ၎င်း၏ စီးပွားရေးဆိုင်ရာ ပြဿနာများကို ထိထိရောက်ရောက်ကုစားရန် ပြင်ဆင်လျက်ရှိကြောင်း ပြသရာ ရောက်သည်။ ဤနည်းအားဖြင့် ကမ္ဘာ့ဘဏ်သည် အခြားအရင်းအမြစ်များထံမှ ရေရှည်ရန်ပုံငွေများ ရရှိစေရန် လမ်းခင်းပေးလိုက်ရာရောက်သည်။

နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့က ဖော်ညွှန်းသော စီးပွားရေးဆိုင်ရာ ဆေးခါးကြီးများသည် အဝင်ဆိုးသည်။ ကြွေးတင်နေကြ



http://www.cherrythitsar.org

သည့်နိုင်ငံအစိုးရများအနေဖြင့် စွမ်းဆောင်ရည် ညံ့ဖျင်းသည့် နိုင်ငံပိုင် စက်မှုလုပ်ငန်းများကို ထောက်ပံ့ငွေများ လျှော့ချရသည်။ ငွေကြေး ဖောင်းပွမှုကို တိုက်ဖျက်သည့် လှုပ်ရှားမှုကိုလည်း လုပ်ကြရသည်။ ထိုနည်းလမ်းများကြောင့် အတန်အသင့်မငြိမ်မသက်မှုများ ဖြစ်စေ နိုင်သည်။ ထိုနည်းလမ်းများသည် ယခင်က အစိုးရက ထောက်ပံ့ကြေး များပေးထားခဲ့သော အစားအစာနှင့် သယ်ယူပို့ဆောင် ရေးတို့ကဲ့သို့ သော လုပ်ငန်းများ၏ ဈေးနှုန်းများကို မြင့်မားစေသည်။ ဤကဲ့သို့ ခက်ခက်ခဲခဲပင်ပင်ပန်းပန်း ပြန်လည်တည်ဆောက်ရသည့် ဖြစ်စဉ်၌ နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့က ယာယီအရန်သင့် ချေးငွေများကို ထောက်ပံ့ပေးပြီး ရေရှည်လိုအပ်သည့် ရန်ပုံငွေများ ရရှိသည်အထိ စောင့်ဆိုင်း ကြားခံပေးလေ့ရှိသည်။

☮

## ၆၈။ ငွေကြေး ခဝါချခြင်း ဆိုသည်မှာ

**What is money Laundering?**

ကမ္ဘာ့ရာဇဝတ်သားများအနေဖြင့် တစ်ခါတစ်ရံ တရားမဝင်သည့် နည်းဖြင့် ရရှိထားသော ငွေကြေးများ၏ အတိတ်အကြောင်းကို မည်သူမျှမသိဘဲ စီးပွားရေးအဆောက်အအုံထဲ၌ ပြန်လည်လှည့်ပတ် အသုံးပြုရန်လိုအပ်သည်။ ဥပမာ– မူးယစ်ဆေးဝါး ရောင်းဝယ်သူ တစ်ယောက်အနေဖြင့် ငွေအတော်များများအပ်ရန် အတွက်သော် လည်းကောင်း၊ အခြားတစ်နေရာ၌ အသုံးပြုရန်အတွက်သော်လည်း ကောင်း တစ်နေကုန်မျှ အလုပ်ရှုပ်သွားနိုင်သည်။

ဇိမ်ခံကားပိုင်ဆိုင်ရန်အတွက်သော်လည်းကောင်း၊ မီယာမီ၌ ဟိုတယ်ခန်းများ ဝယ်ယူရန်အတွက်သော်လည်းကောင်း အကန့် အသတ်များရှိနေသဖြင့် မူးယစ်ဆေးဝါးရောင်းဝယ်သူတစ်ယောက်



http://www.cherrythitsar.org

သည် မည်သူမျှသံသယမဖြစ်ဘဲ တရားမဝင်ရရှိသည့် ငွေများကို ဘဏ်တစ်ခုထဲ၌ ထည့်ကာ အနာဂတ်ကာလတွင် လိုအပ်လျှင် အသုံးပြုရန် အဆင်သင့်ထားရှိနိုင်သည်။ သို့ဖြစ်၍ ငွေကြေးကို ခဝါချသည့်လုပ်ငန်းသည် တရားမဝင် ရရှိထားသည့်ငွေများကို တရားဝင် ရရှိထားသည့် ငွေများသဖွယ်ဖြစ်ရန် ပြောင်းလဲပစ်နိုင်သည်။ ငွေကြေးကို ခဝါချသည့် လုပ်ငန်းစီမံကိန်း၌ အဓိကအချက်မှာ ငွေကြေး၏ နောက်ခံသမိုင်းကို ဥပဒေထိန်းသိမ်းရေးအရာရှိများ မသိဘဲ တရားဝင်ဘဏ်စာရင်းများထဲသို့ ရောက်သွားစေရန်ဖြစ်သည်။ တရားဝင် ဘဏ်စာရင်းများထဲသို့ ထိုငွေများရောက်သွားလျှင် အာဏာပိုင်များ၏ ဟန့်တားစွက်ဖက်မှုမပါဘဲကမ္ဘာတစ်ဝန်းသို့ လွှဲပြောင်းပေးပို့နိုင်သည်။

နိုင်ငံတကာဘဏ်များသည် ငွေကြေးများကို အီလက်ထရွန်းနစ်နည်းဖြင့် ပေးပို့ကြသဖြင့် မည်သည့်နေရာ၌မဆို သုံးစွဲနိုင်သည်။ မီယာမီမှ ဇူးရစ်၊ ဇူးရစ်မှ လန်ဒန်သို့လည်းကောင်း၊ အပြန်အလှန်သော်လည်းကောင်း မည်သည့်ငွေကြေးမျှ အမှန်တကယ်ရွှေ့သွားခြင်းမရှိပေ။ နိုင်ငံတကာ ဘဏ်တစ်ခုသည် အခြားဘဏ်တစ်ခုကို စာရင်းတစ်ဘက်၌ မြီစားသွင်းပြီး အခြားစာရင်းတစ်ခု၌ မြီရှင်သွင်းရန် ညွှန်ကြားခြင်းအားဖြင့်သာ ရွှေ့ပြောင်းသည်။ ထိုကဲ့သို့ ကွန်ပျူတာသုံး၍ ပြောင်းရွှေ့မှုများသည် တစ်ခါတစ်ရံ၌ တစ်ရက်လျှင် ဒေါ်လာတစ်ထရီလျံထက်ပင် ကျော်တတ်သည်။ (တစ်ထရီလျံ= တစ်ထောင်ဘီလျံ၊ တစ်ဘီလျံ= တစ်ထောင်မီလျံ) တရားမဝင် လွှဲပြောင်းငွေများသည် တရားဝင်ငွေများထဲ၌ ပျောက်ကွယ်၍ သွားတတ်ကြသည်။

လူအများသိသည့် ငွေကြေးခဝါချသည့် လုပ်ပုံလုပ်နည်းတစ်ခုမှာ ဘဏ်တစ်ခု၌ အပ်ငွေနည်းနည်းစီ နည်းနည်းစီအပ်ကာ တစ်ခါတည်း လုံးခနဲခဲခနဲမအပ်သည့်နည်းဖြစ်သည်။ တစ်ခါတည်း လုံးခနဲခဲခနဲ

အပ်ခြင်းကြောင့် ဥပဒေထိန်းသိမ်းရေးအဖွဲ့အစည်းများ သိသွားနိုင်သည်။ နည်းနည်းချင်း ခွဲအပ်လျှင် မသိနိုင်ပေ။ အခြားနည်းလမ်းတစ်ခုမှာ တရားဝင် အပ်ငွေများနှင့် တရားမဝင် အပ်ငွေများကို ရောနှောကာ တရားမဝင်ရသည့် ငွေများကို တရားဝင်စီးပွားရေးလုပ်ငန်းများသို့ လွှဲပြောင်းပေးရန်ဖြစ်သည်။ ဥပမာ ကြွေးဝယ်ကတ်ပြားများကို လက်မခံသည့် စားသောက်ဆိုင်တစ်ဆိုင်သည် ဘဏ်သို့ ငွေကြေးပမာဏ အတော်များများကို နေ့စဉ်ဘဏ်စာရင်းသို့ပထည့်သွင်းရသည်။ ထိုသို့ထည့်သွင်းရာ၌ တရားမဝင်ရသည့် ရန်ပုံငွေများကို ဖုံးကွယ်၍ အပ်နှံနိုင်သည်။

မူးယစ်ဆေးဝါးနှင့် အခြားတရားမဝင် အရောင်းအဝယ်များဖြစ်သော ပြည့်တန်ဆာကိစ္စ၊ လက်နက်မှောင်ခိုသည့်ကိစ္စများ၌ အများဆုံး ရွေးချယ်အသုံးပြုသည့်ငွေကြေးမှာ အမေရိကန်ဒေါ်လာဖြစ်သည်။ သို့ဖြစ်၍ အမေရိကန်နိုင်ငံ၌ ရိုက်နှိပ်သည့် ဒေါ်လာတစ်ဝက်ကျော်ကို အမေရိကန်စီးပွားရေး အဆောက်အအုံအတွင်း၌ မတွေ့ရဘဲ ရှိနေသည်။ အရှေ့ဖျားဒေသရှိ မူးယစ်ဆေးဝါးခေါင်းဆောင်များ၊ အရှေ့ဥရောပရှိ ပြည့်တန်ဆာများ၊ လက်တင်အမေရိကရှိ ငွေစက္ကူရောင်းဝယ်ဖောက်ကားကြသူများက တရားမဝင်ကိစ္စများအတွက် ဒေါ်လာကို အများအပြား အသုံးပြုကြသည်။

အမေရိကန်ဒေါ်လာငွေများကို ခဝါချပစ်ခြင်းသည် အခြားနိုင်ငံတကာသုံး ငွေကြေးများကို ခဝါချသည်ထက် ပို၍လွယ်သည်။ အဘယ့်ကြောင့်ဆိုလျှင် နှစ်ဆယ်တန်နှင့် တစ်ရာတန် အမေရိကန်ဒေါ်လာများသည် သုံးစွဲရ လွယ်ကူသည်။ ဒေါ်လာငွေများကို မည်သူမျှသံသယမဖြစ်ဘဲ ကမ္ဘာတစ်ဝန်း၌ လဲလှယ်နိုင်သည်။ အမေရိကန်စီးပွားရေးအဆောက်အအုံပမာဏ ကြီးမားမှုနှင့် တည်ငြိမ်မှုကြောင့်လည်း တရားမဝင် စီးပွားရေးလုပ်ငန်းများက နှစ်သက်သောငွေမှာ



http://www.cherrythitsar.org

အမေရိကန်ဒေါ်လာ ဖြစ်လာခဲ့သည်။

☮

## ၆၉။ ဆွစ်ဇာလန်ဘဏ်စာရင်းတစ်ခုအလုပ်လုပ်ပုံ

**Whow does a Swiss bank account work?**

ဆွစ်ဇာလန်နိုင်ငံသည် ၎င်းနိုင်ငံ၏ ဥပဒေအရ ဘဏ်စာရင်းများကိုလျှို့ဝှက်စွာ ထိန်းသိမ်းရန်အာမခံသောနိုင်ငံ အနည်းငယ်၌ပါဝင်သည့် နိုင်ငံတစ်ခု ဖြစ်သည်။ ဆွစ်ဇာလန်ဘဏ်ရှိ ဖောက်သည်တစ်ယောက်သည် ဆွစ်ဇာလန်နိုင်ငံအတွင်း၌ တရားမဝင်ဟု ယူဆထားသော လုပ်ငန်းများကို မလုပ်ပါက ထိုဘဏ်သည် မိမိ၏ ဖောက်သည်အကြောင်းကို မည်သူ့ကိုမျှ ထုတ်ဖော်ပြောဆိုခြင်း မပြုရပေ။ သို့ဖြစ်၍ ဆွစ်ဇာလန်သည် ငွေရေးကြေးရေးကိစ္စများအတွက် လုံခြုံစိတ်ချရသည့် နေရာတစ်ခုလို ဖြစ်နေသည်။

ဥပမာ ဒုတိယကမ္ဘာစစ်အတွင်းက စစ်ဒဏ်ခံရသည့် ပြင်သစ်၊ အီတလီနှင့် ဂျာမနီနိုင်ငံများမှ မိသားစုအတော်များများအနေဖြင့် ၎င်းတို့၏ စုဆောင်းငွေများကို ဆွစ်ဇာလန်ဘဏ်များထဲ၌ စိတ်ချလက်ချ အပ်နှံထားနိုင်ခဲ့ကြသည်။ ဥရောပတိုက်သားအတော်များများက ဇူးရစ်၊ မာဆေး၊ လူဂါနို သို့မဟုတ် ဂျီနီဗာတို့၌ ဘဏ်စာရင်းဖွင့်ထားလျှင် ငွေရေးကြေးရေးအရ လုံခြုံစိတ်ချရသည် ဟူသည့်သဘော သက်ရောက်နေသည်။

ဆွစ်ဇာလန်ဘဏ်၌ တရားဝင်ဘဏ်စာရင်းနံပါတ်တစ်ခုရရှိရန်ကိစ္စမှာ အလွန်လွယ်ကူသည်။ ဆွစ်ဇာလန်နိုင်ငံသို့ သွားရောက်ကာ ပုံစံအနည်းငယ်ကို ဖြည့်၍ ငွေအပ်လိုက်ရုံသာဖြစ်သည်။ ဆွစ်ဘဏ်လုပ်ငန်းရှင်များသည် အားကိုးရသည်၊ ယုံကြည်စိတ်ချရသည်၊ လျှို့ဝှက်သည်ဟု နာမည်ကြီးသည်။ ၎င်း အရည်အချင်းများကြောင့်



http://www.cherrythitsar.org

ဆွစ်ဇာလန်သည် ကမ္ဘာ့ဘဏ်လုပ်ငန်း၏ အချက်အချာတစ်ခု ဖြစ်လာခဲ့ပြီး ဆွစ်ဇာလန်နိုင်ငံသည်လည်း တရားမဝင်ရယူထားသော ငွေကြေးများကို ခဝါချပစ်စရာ အချက်အချာနေရာ တစ်ခုဖြစ်လာခဲ့သည်။

ဆွစ်ဇာလန်ဘဏ်၌ အပ်နှံထားသည့်အပ်ငွေများသည် ငွေကြေးကို ခဝါချပစ်သည့်လုပ်ငန်းများအတွက် အသုံးဝင်သည်။ အဘယ့်ကြောင့်ဆိုသော် ငွေကြေးတစ်စုံတစ်ရာသည် လေးစားလောက်သော ဆွစ်ဘဏ်စာရင်းများကို ဖြတ်သန်းသွားရပြီဆိုလျှင် ထိုငွေကို ကမ္ဘာအနှံ့ မည်သည့်နေရာကမဆို လက်ခံ၍ ဖြစ်သည်။ ကမ္ဘာ့စီးပွားရေး အဆောက်အအုံထဲ၌ ရုရှားမှမှောင်ခိုသမားများအပါအဝင် အာဏာရှင်များအဆုံး ရာဇဝတ်သားများသည် ဆွစ်ဇာလန်ဘဏ်များ၏ ရိုးသားမှုနှင့် တည်ငြိမ်မှုကြောင့် ၎င်းတို့၏ငွေကို ဆွစ်ဇာလန်ဘဏ်များ၌ အပ်နှံထားချင်ကြသည်။

သို့သော်လည်း ဆွစ်ဇာလန်ဘဏ်စာရင်းများ ဖွင့်လှစ်ထားသည့် လူအတော်များများသည် တရားမဝင်ရရှိထားသည့် ငွေများကို ခဝါချရန်အတွက် သုံးကြသည်မဟုတ်ပေ။ ၎င်းတို့ တရားဝင် ရရှိထားသော ငွေများကို စိတ်ချလက်ချထားနိုင်ရန် သက်ဆိုင်ရာနိုင်ငံတွင် အခွန်အကောက်များနှင့် အစိုးရ၏ ထိန်းချုပ်မှုများမှ လွတ်ကင်းရန်သာ ရည်ရွယ်သည်။ ဆွစ်ဇာလန်ဘဏ်များ၏ လုံခြုံစိတ်ချရမှုများကြောင့် မငြိမ်မသက်ဖြစ်နေသည့် နိုင်ငံများမှ နိုင်ငံသားများ၊ အခွန်အကောက် မြင့်မားသည့် စီးပွားရေးအဆောက်အအုံများမှ လူများအနေဖြင့် ဆွစ်ဇာလန်ဘဏ်စာရင်းများကို ဖွင့်လှစ်ထားချင်ခြင်းဖြစ်သည်။

အခွန်ရှောင်ရှားရန် ကြံစည်သည်ဟု စွပ်စွဲခြင်းခံရရုံမျှဖြင့် ဆွစ်ဇာလန်ဘဏ်လုပ်ငန်းရှင်များသည် ဖောက်သည်များ၏ ဘဏ်စာရင်းများကို ထုတ်ဖော်ပြသခြင်းမပြုပေ။ အဘယ့်ကြောင့် ဆိုလျှင် ဆွစ်ဇာလန်နိုင်ငံ၌ အခွန်ရှောင်တိမ်းခြင်းကို တရားမဝင်ဟု သဘောမ



http://www.cherrythitsar.org

ထားပေ။ ထိုကိစ္စမှာ ရာဇဝတ်မှုမဟုတ်ဘဲ တရားမမှုမျှသာ ဖြစ်သည်ဟု သဘောထားသည်။ သို့ဖြစ်၍ ဆွစ်ဇာလန်ဘဏ်စာရင်း၌ ရှိနေသည့် ငွေကြေးများသည် ဖောက်သည်များ၏ မိခင်နိုင်ငံက အာဏာပိုင်များအနေဖြင့် တစ်စုံတစ်ရာသိရှိခွင့်မရကြပေ။ တရားဝင်ရရှိထားသည့် နိုင်ငံခြားသားများသည် ဆွစ်ဇာလန်နိုင်ငံ၏ ဥပဒေများကို မချိုးဖောက်သမျှ ၎င်းတို့၏ ငွေကြေးများကို ဆွစ်ဇာလန်ဘဏ်စာရင်းများ၌ စိုးရိမ်ထိတ်လန့်စရာမရှိဘဲ ထိန်းသိမ်းနိုင်ကြသည်။

ဆွစ်ဇာလန်ဘဏ်များ၏ လုံခြုံစိတ်ချရမှုများကို မသမာသောနည်းဖြင့် မကြာခဏအသုံးပြုခြင်းခံရသည်။ ဥပမာ အီရန်ကွန်ထရာအရှုပ်တော်ပုံ၌ တိတ်တဆိတ် လက်နက်ရောင်းချရာမှ ရရှိသည့်ငွေများကို ကိုင်တွယ်ရန် တာဝန်ရှိသည့် ပုဂ္ဂိုလ်သည် ထိုငွေများကို ဆွစ်ဇာလန်ဘဏ်၌ အပ်နှံထားပြီးမှ ဗဟိုအမေရိကရှိ ကွန်ထရာများထံသို့ ပေးပို့သည်။ နောင်အခါ၌ အမေရိကန်အစိုးရ၏ မေတ္တာရပ်ခံချက်အရ ထိုဘဏ်စာရင်းများကို ထုတ်ဖော်ပြသခဲ့သည်။

ဆွစ်ဇာလန် အာဏာပိုင်များအနေဖြင့် မကြာသေးမီက ဆွစ်ဇာလန်ဘဏ်များသည် ၎င်းတို့ထံ၌ အပ်နှံဖွင့်လှစ်ထားသော စာရင်းများက အကျိုးပြုမည့် ငွေကြေးလက်ခံရရှိမည့်သူကို သိရှိရမည်ဟု ပြဋ္ဌာန်းချက်တစ်ခုကို ဆုံးဖြတ်ခဲ့ကြသည်။ ထိုအခါ တရားဝင်ရရှိသည့် ငွေများသာ ဆွစ်ဇာလန်ဘဏ် လျှို့ဝှက်ချက်ဥပဒေ၏ အကျိုးကျေးဇူးကို ခံစားခွင့်ပြုမည်။

☮

## ၇၀။ အခွန်သက်သာခွင့်ဆိုသည်မှာ

**What is a tax haven?**

အခွန်သက်သာခွင့်ပေးခြင်း၏ ရည်ရွယ်ချက်မှာ နိုင်ငံတကာ တရားမဝင်သည့် စီးပွားရေးလုပ်ငန်းများကို အားပေးရန်အတွက်

မဟုတ်ဘဲ အခွန်သက်သာသည့် ပတ်ဝန်းကျင်တစ်ခုဖန်တီးပေးကာ စီးပွားရေးလုပ်ငန်းများကို ဆွဲဆောင်ရန်ဖြစ်သည်။ ထိုသို့မပြုက မျက်ကွယ်ပြုထားမည့် (သို့မဟုတ်)ကျော်လွှားသွားကြသည့် စီးပွားရေး အချက်အချာဌာနများဖြစ်လာစေရန်ဖြစ်သည်။ အများအားဖြင့် ကာရစ်ဘီယံပင်လယ်ရှိ ကျွန်းများ၌ ဤလုပ်ထုံးလုပ်နည်းကို ကျင့်သုံးလေ့ရှိခဲ့သည်။ နယ်သာလင်၊ အန်တယ်လ်ကျွန်းများနှင့် ဗြိတိသျှဗာဂျင်ကျွန်းများတို့၌ ကျင့်သုံးသည်။ အလားတူပင် ပစိဖိတ်ဒေသ၌လည်းကောင်း၊ ဥရောပရှိနိုင်ငံငယ်များ၌လည်းကောင်း ဗဟိုအမေရိက၌လည်းကောင်း ကျင့်သုံးကြသည်ကို တွေ့ရသည်။

ကေမင်ကျွန်း သို့မဟုတ် Isle of Man တို့ကဲ့သို့သော နိုင်ငံငယ်များအနေဖြင့် ၎င်းနိုင်ငံများသို့ လာရောက်ပြီး နိုင်ငံခြားသားများက စီးပွားရေးလုပ်ငန်းများ တည်ထောင်လုပ်ကိုင်မည်ဆိုလျှင် အခွန်အနည်းငယ်ကို ပေးဆောင်ကောင်းပေးဆောင်ရမည်။ သို့မဟုတ် အခွန်လုံးဝ ကင်းလွတ်ခွင့် ပြုလျှင်လည်း ပြုတတ်ကြသည်။ ထိုအခွင့်အရေးသည် စီးပွားရေးလုပ်ငန်းအတော်များများ၊ လူပုဂ္ဂိုလ်အတော်များများအနေဖြင့် လက်လွတ်ဆုံးရှုံးမခံနိုင်သော အခွင့်အရေးတစ်ခုဖြစ်သည်။ အမေရိကန် ကုမ္ပဏီအတော်များများအနေဖြင့် ၎င်းတို့၏ ဌာနချုပ်ကို ဒီလဝဲယား၌ မှတ်ပုံတင်ခြင်းအားဖြင့် အခွန်နှုန်းသက်သာခြင်းနှင့် တရားဥပဒေဆိုင်ရာ လိုအပ်ချက်များ အနည်းငယ်သာရှိခြင်းတို့ကို အခွင့်ကောင်းယူတတ်ကြသလို နိုင်ငံတကာ ကုမ္ပဏီအတော်များများအနေဖြင့် လုပ်ငန်းခွဲများကို အခွန်သက်သာခွင့်ပြုသည့် နိုင်ငံများ၌ တည်ထောင်ကာ အလားတူ အကျိုးကျေးဇူးများကို ရယူခံစားတတ်ကြသည်။

ဥရောပနှင့် မြောက်အမေရိကရှိ ကုမ္ပဏီအတော်များများသည် လုပ်ငန်းခွဲများကို နယ်သာလင်နိုင်ငံ အန်တယ်လ်ကဲ့သို့သော ကျွန်း

များ၌ အခြေစိုက်ကာ အခွန်သက်သာခွင့်ကို ခံစားတတ်ကြသည်။ ထိုအရပ်ဒေသ၌ ငွေကြေးစာချုပ်များ ထုတ်ဝေရောင်းချတတ်ကြသည်။ ထိုသို့ ပြည်ပ၌ လုပ်ငန်းများ တည်ထောင်ခြင်းအားဖြင့် ကုမ္ပဏီများသည် နိုင်ငံတကာအရင်းအနှီးဈေးကွက်၌ အရင်းအနှီးများ ရှာဖွေရယူနိုင်သည့် အခွင့်အလမ်းကို ရရှိသည်။ ဥပမာ ဥရောပစာချုပ်ဈေးကွက်မှ အရင်းအနှီးများ ရယူနိုင်သည်။ အရင်းအနှီးများ ရယူနိုင်သည့် စည်းကမ်းအနည်းငယ်နှင့်သာ ရင်ဆိုင်ရပြီး အခွန်လည်း အနည်းငယ်သာ ပေးရသည်။ ထိုသို့ တည်ထောင်ခြင်းအားဖြင့် ငွေချေးယူသည့်အတွက် ကျခံသည့်စရိတ်ကို သိသိသာသာ လျှော့နည်းစေသည်။

အချို့ပုဂ္ဂိုလ်များအနေဖြင့် အခွန်သက်သာခွင့်ပြုသည့်နိုင်ငံများ၌ ကုမ္ပဏီတစ်ခုကို မထင်မရှားပိုင်ဆိုင်လိုကြသည်။ ဤနည်းအားဖြင့် ပြည်ပ၌ မှတ်ပုံတင်ထားသည့် ကုမ္ပဏီကတစ်ဆင့် ၎င်းတို့၏ ဝင်ငွေကို မိမိနိုင်ငံရှိ အာဏာပိုင်များအား အစီရင်ခံမည်မခံမည်ကို မိမိတို့သဘောအတိုင်း ဆုံးဖြတ်နိုင်ကြသည်။ အခွန်များကို ရှောက်တိမ်းနိုင်ကြသည်။ ဤကဲ့သို့ အခွန်ရှောင်တိမ်းပုံသည် မိခင်နိုင်ငံ၌ တရားမဝင်သော်လည်း အခွန်ကင်းလွတ်ခွင့်ပြုသည့် နိုင်ငံများ၌ ထိုကိစ္စကို တရားမဝင်ဟု အသိအမှတ်မပြုပေ။

ထိုကဲ့သို့ မထင်မရှားနေနိုင်သည့်အတွက် အခွန်ကင်းလွတ်ခွင့်ပြုသည့် နိုင်ငံအတော်များများက တရားမဝင်လုပ်ငန်းများ လုပ်ဆောင်ရန် ဖိတ်ခေါ်သလို ဖြစ်သွားသည်။ မူးယစ်ဆေးဝါးခေါင်းဆောင်များ၊ မှောင်ခိုသမားများနှင့် အခြားပုန်းကွယ်လိုသည့် သူများအနေဖြင့် အခွန်ကင်းလွတ်ခွင့်ပြုသည့်နိုင်ငံများရှိ ကုမ္ပဏီများကို အသုံးပြုကာ ၎င်းတို့၏ စီးပွားရေးလုပ်ငန်းများနှင့် ဘဏ်စာရင်းများကို ဖုံးကွယ်တတ်ကြသည်။ သို့သော်လည်း အခွန်ကင်းလွတ်ခွင့် ပြုသည့်

ဒေသများရှိ လုပ်ငန်းအတော်များများမှာ နိုင်ငံတကာ ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့် အပြည့်အ၀ ကိုက်ညီမှုရှိသည်။

✇

## ၇၁။ နိုင်ငံတကာ ရာဇ၀တ်သားများ တရားစွဲဆိုမှုမှ ထွက်ပြေး လွတ်မြောက်နိုင်ကြပုံ

**How do international criminals escape prosecution?**

ဗြိတိန်နိုင်ငံမှ နာမည်ကျော် ဘရစ်ဂျ်ရထား ဓားပြတိုက်မှုကြီးကို စီစဉ်သူများသည် အခင်းဖြစ်ပွားရာနေရာမှ ထွက်ပြေးလွတ်မြောက်ပြီး ဘရာဇီးနိုင်ငံ ရီယိုသို့ သွားရောက်ကာ လွတ်လွတ်လပ်လပ်နေထိုင်နိုင်ခဲ့သည်။

ထိုသို့ဖြစ်ရသည်မှာ အဘယ်ကြောင့်နည်း။ ဗြိတိသျှအာဏာပိုင်များအနေဖြင့် ဗြိတိသျှနှင့် ဘရာဇီးနိုင်ငံတို့အကြားတွင် ထိုကဲ့သို့သော ရာဇ၀တ်သားများကို လွှဲပြောင်းနိုင်သည့် စာချုပ်စာတမ်း မရှိသည့်အတွက် ဗြိတိသျှအာဏာပိုင်များအနေဖြင့် အားကိုးရာမဲ့ ဖြစ်ရသည်။ ဘရာဇီးအနေဖြင့် ရာဇ၀တ်သားအတော်များများကို မူလနိုင်ငံများသို့ ပြန်ပို့ကာ တရားစီရင်မှုနှင့် ရင်ဆိုင်စေသော်လည်း ရာဇ၀တ်သား အားလုံးကို လွှဲပြောင်းခြင်းမပြုသည့် နိုင်ငံများအနက် တစ်နိုင်ငံ ဖြစ်သည်။

နိုင်ငံတိုင်းနိုင်ငံတိုင်းက တရားမ၀င်ဟု သတ်မှတ်သည့် လူသတ်မှု ကိစ္စမျိုးကိုမူ နိုင်ငံတကာ ရာဇ၀တ်သားများအနေဖြင့် ထွက်ပြေး လွတ်မြောက်နိုင်ခြင်းမရှိပေ။ နိုင်ငံတကာမူးယစ်ဆေး၀ါး ရောင်းချသူများကိုလည်း အများအားဖြင့် လွှဲပြောင်းလေ့ရှိကြသည်။ ကိုလံဘီယာနှင့် မက္ကဆီကိုကဲ့သို့သော နိုင်ငံများသည် ထိုရာဇ၀တ်သား များကို တရားစီရင်ခံရစေရန် အမေရိကန်ပြည်ထောင်စုသို့ ပြန်ပို့



http://www.cherrythitsar.org

လေ့ရှိကြသည်။ သို့သော် နိုင်ငံအမျိုးမျိုး၌ ဥပဒေတစ်ခုနှင့်တစ်ခု ခြားနားခြင်းကြောင့် အာဏာပိုင်များအနေဖြင့် အပြန်အလှန်ဆက်စပ်မှု ရှိသည့် ကမ္ဘာ့စီးပွားရေးနယ်ပယ်ထဲ၌ အသက်မွေးဝမ်းကျောင်းပြုကာ နေထိုင်ကြသည့် ရာဇဝတ်သားများကို ခြေရာခံရန်နှင့် တရားစီရင်ရန် အတွက် အာဏာပိုင်များသည် အဟန့်အတားနှင့် တွေ့ကြရသည်။

နိုင်ငံခြားငွေကြေး ရောင်းဝယ်ခြင်းကဲ့သို့သော နိုင်ငံတစ်ခု၌ တရားဝင်သည်ဟု သတ်မှတ်ထားသည့်ကိစ္စတစ်ခုကို အခြားနိုင်ငံ တစ်ခု၌ ပြင်းထန်စွာ ပြစ်ဒဏ်သတ်မှတ်ထားတတ်ကြသည်။ ထို့ကြောင့် နိုင်ငံတစ်ခုက ရာဇဝတ်သားတစ်ယောက်ကို လွှဲပြောင်း ပေးရန် တောင်းဆိုသည့်အခါများ၌ အခြားတစ်နိုင်ငံက လက်ခံချင်မှ လက်ခံတတ်ကြသည်။ ၎င်းတို့၏ နိုင်ငံတွင် ရာဇဝတ်ပြစ်မှုအဖြစ် လက်ခံခြင်း မရှိသည့်ကိစ္စများအတွက် ရာဇဝတ်သားများကို ပြန်လည် ပေးအပ်ရန် ဝန်လေးတတ်ကြသည်။

အမေရိကန်ပြည်ထောင်စု၌ ပြင်းထန်စွာ အပြစ်ပေးလေ့ရှိသည့် အခွန်ရှောင်တိမ်းမှုကို နိုင်ငံအတော်များများ၌ ကြီးမားသည့် ပြစ်မှုအဖြစ် မသတ်မှတ်တတ်ကြပေ။ ဥပမာ ဆွစ်ဇာလန်နိုင်ငံ၌ နေထိုင်ပြီး အမေရိကန်နိုင်ငံ၌ အခွန်ရှောင်တိမ်းသည်ဟု တရား စွဲဆိုခြင်းခံရသည့် အမေရိကန်နိုင်ငံသားတစ်ယောက်သည် ဆွစ်ဇာလန် နိုင်ငံ၌ ရာဇဝတ်မှုကျူးလွန်ခြင်းမဟုတ်ဘဲ တရားမမှုကိုသာ ကျူးလွန် ခြင်းဖြစ်သဖြင့် အမေရိကန်နိုင်ငံသို့ တရားစီရင်ခံရန် ပြန်လည် လွှဲပြောင်းပေးမည် မဟုတ်ပေ။

တစ်ခါတစ်ရံ၌ သူတို့ ချိုးဖောက်သည်ဟု စွဲဆိုခြင်းခံရသော ဥပဒေများသည် အခြားနိုင်ငံများ၌ လုံးဝပင်မရှိသည့်အခါ နိုင်ငံတကာ ရာဇဝတ်သားများကို တရားစွဲဆိုရန်အရေးမှာ အလွန်ခက်ခဲလှသည်။ နိုင်ငံအတော်များများ၌ ဂျနက်ဂျက်ဆင်တိပ်ခွေများနှင့် မိုက်ခ်ရှိဆော့ဖ်



http://www.cherrythitsar.org

ရောင်းဝယ်နေကြသည်။ ကုန်သွယ်မှုနှင့် အကောက်ခွန်ဆိုင်ရာ အထွေထွေ သဘောတူညီချက်အရ ခိုးကူးခြင်း၊ မူပိုင်ခွင့်များကို ချိုးဖောက်ခြင်း၊ ကက်ဆက်ခွေနှင့် ကွန်ပျူတာခွေများကို ကူးယူခြင်းများသည် တရားမဝင်သည့်ကိစ္စများဖြစ်သဖြင့် ကမ္ဘာ့ဒေသအတော်များများတွင် ထိုကိစ္စသည် ရာဇဝတ်မှုဖြစ်လာမည်။ တစ်နိုင်ငံနှင့် တစ်နိုင်ငံသည် ခြားနားသော ဓလေ့ထုံးစံများ၊ ဥပဒေများရှိနေသဖြင့် အချို့သော နိုင်ငံတကာ ရာဇဝတ်သားများအနေဖြင့် တရားစွဲဆိုမှုမှ ထွက်ပြေးလွတ်မြောက်စရာ တစ်ခုအမြဲတမ်းရှိနေမည်သာဖြစ်သည်။

⊛

## ၇၂။ မှောင်ခိုဈေးကွက်များ ဆိုသည်မှာ

**What are black markets?**

ဆင်စွယ်မှအစ ပြည့်တန်ဆာကိစ္စများနှင့် မူးယစ်ဆေးဝါးကိစ္စများအပါအဝင် လုံးဝတရားမဝင်သော တစ်ဝက်တစ်ပျက်မျှသာ တရားဝင်သော ကုန်စည်နှင့် ဝန်ဆောင်မှုများသည် ကမ္ဘာ့မှောင်ခိုဈေးကွက်များ၌ နေ့စဉ်ရောင်းဝယ်နေကြသည်။

ဥပမာ နိုင်ငံခြားငွေ ကန့်သတ်ထားသည့်နိုင်ငံများ၌ နိုင်ငံခြားငွေ မှောင်ခိုဈေးကွက် ထွန်းကားသည်။ အကယ်၍ အစိုးရတစ်ခုက လုပ်ငန်းတစ်ခုကို ကန့်သတ်ချုပ်ချယ်တားဆီးလျှင် ထိုလုပ်ငန်းသည် မြေအောက်သို့ ငုပ်လျှိုးသွားပြီး ကမ္ဘာ့မှောင်ခိုဈေးကွက်၏ တစ်စိတ်တစ်ဒေသဖြစ်လာသည်။ နိုင်ငံခြားငွေများကို ရောင်းဝယ်ခြင်းသည် တရားမဝင်ဟု ယူဆသည့် အချိန်အခါ၌ပင် ဘရာဇီးနိုင်ငံ၌ ထိုတရားမဝင် ရောင်းဝယ်သည့် နှုန်းများကို သတင်းစာထဲ၌ ယှဉ်ပြိုင်ဈေးကွက်ပေါက်ဈေးများအဖြစ် ပုံနှိပ်၍ ဖော်ပြကြသည်။ ကမ္ဘာ့အခြားအရပ်ဒေသများ၌ မျိုးပြုန်းလုဖြစ်နေသော တိရိစ္ဆာန်များ၊ ရှားပါးသည့် အပူပိုင်းမှ သစ်များ၊ အခြားကန့်သတ်တားဆီးထားသည့် ကုန်စည်များ



http://www.cherrythitsar.org

ကို မသမာသည့် ဒေသန္တရအရာရှိများ၏ အားနည်းချက်ကြောင့် ရောင်းဝယ် ဖောက်ကားနိုင်ကြသည်။

ကမ္ဘာ့စီးပွားရေးအဆောက်အအုံထဲ၌ တရားဝင်လည်းမဟုတ်၊ တရားမဝင်လည်းမဟုတ်၊ တစ်ဝက်တစ်ပျက်မျှသာ တရားဝင်သော အဖြူရောင်လည်းမဟုတ်၊ အမည်းရောင်လည်းမဟုတ် မီးခိုးရောင်ဖြစ်နေသော လှုပ်ရှားမှုများနှင့် ပြည့်နှက်နေသည်။ တရားဝင်ရရှိထားသော ငွေများကို ထုတ်ဖော်မကြေညာဘဲအပ်နှံထားပြီး ၎င်းတို့ကို မိခင်နိုင်ငံရှိ အာဏာပိုင်များမသိစေရန် ဖုံးကွယ်ထားနိုင်သည်။ ဥပမာ သာမန်အားဖြင့် ဥပဒေလေးစားလိုက်နာသည့် အီတလီများ၊ ပြင်သစ်များနှင့် လက်တင်အမေရိကနိုင်ငံသားများသည် ပြည်တွင်း၌ မတည်မဖြစ်ဖြစ်သည့်အခါ၌လည်းကောင်း၊ နိုင်ငံခြားငွေ အတားအဆီးရှိသည့်အခါ၌လည်းကောင်း ၎င်းတို့၏ ငွေကို ပြည်ပရှိ ဘဏ်စာရင်းများသို့ လွှဲပြောင်းတတ်ကြသည်။

ထိုကဲ့သို့ အရိပ်စီးပွားရေးအဆောက်အအုံ (shadow economy) ရှိနေခြင်း၊ မီးခိုးရောင်ငွေသားလွှဲပြောင်းမှုများသည် တရားဝင်ရရှိသည့် ငွေများဖြစ်လျှင်ပင် ဖုံးကွယ်ထားရန် လိုခြင်းတို့ကြောင့် မသမာမှုများ ပြုလုပ်စရာအခွင့်အလမ်းများကို ဖြစ်ပေါ်စေသည်။ ဥပမာ အမေရိကန်ပြည်ထောင်စုနှင့် ဥရောပ၌ တရားမဝင်ရရှိထားသော မူးယစ်ဆေးဝါးမှ ရရှိထားသည့် ငွေများသည် ထိုမီးခိုးရောင်စီးပွားရေးအဆောက်အအုံထဲသို့ နည်းလမ်း ရှာဖွေ ဝင်ရောက် သွားကြသည်။ တရားဝင်ငွေအမြောက်အမြားကြားထဲ၌ ပျောက်ကွယ် သွားတတ်ကြသည်။ ထိုမီးခိုးရောင်ငွေသား လွှဲပြောင်းမှုများသည် တစ်နှစ်လျှင် ဒေါ်လာ သန်းတစ်ထောင်ကျော်မက ရှိသဖြင့် နိုင်ငံအတော်များများ၏ တိုင်းပြည်ဝင်ငွေထက်ပင် များနေသည်။ ထိုမျှ ကြီးမားများပြားနေသဖြင့် ဥပဒေထိန်းချုပ်သူများသည် စောင့်ကြည့်ရန်ပင်



http://www.cherrythitsar.org

မဖြစ်နိုင်ပေ။ အမည်းရောင် တရားမဝင် ငွေများသည်လည်း မီးခိုးရောင် ငွေသား လွှဲပြောင်းမှုများအကြား၌ ပျောက်ကွယ်သွားတတ်ကြသည်။

မီးခိုးရောင်ဈေးကွက်နှင့် မှောင်ခိုဈေးကွက်အတော်များများကို ဖြေရှင်းရန်အတွက် အကောင်းဆုံးနည်းလမ်းမှာ ကမ္ဘာ့အတိုင်းအတာနှင့် စားသုံးသူများက ကြိုးစားအားထုတ်မှုသာဖြစ်မည်။ လူအများအနေဖြင့် မတရားခိုင်းစေရာမှလည်းကောင်း၊ မျိုးပြုန်းလုနီးနီးဖြစ်နေသော တိရစ္ဆာန်များကို ခိုင်စေရာမှလည်းကောင်း ရရှိလာသော တရားမဝင် လုပ်ဆောင်ထားသည့်ပစ္စည်းများ တင်သွင်းရန် ငြင်းပယ်နိုင်သည်။ ထိုကဲ့သို့ ငြင်းပယ်လျှင် တရားမဝင် ပြုလုပ်ထားသော ပစ္စည်းများ၏ ဈေးကွက်သည် ဆက်လက်ရပ်တည်နိုင်မည် မဟုတ်ပေ။ ထို့ကြောင့် အချို့စားသုံးသူ အုပ်စုများအနေဖြင့် မည်သည့်နိုင်ငံမှလာသည်ဟု ဆိုသော လက်မှတ်များ အသုံးပြုသည့် စနစ်ကို စမ်းသပ်အားထုတ်နေကြသည်။ ယခုအခါ၌ အတိတ်ကနှင့် မတူဘဲ ချမ်းသာသည့် ကမ္ဘာ့စီးပွားရေးအဆောက်အအုံရှိ ချမ်းသာသည့် နိုင်ငံများအနေဖြင့် ၎င်းတို့၏ စီးပွားရေးအင်အားကို အသုံးပြုကာ ကမ္ဘာ့မှောင်ခိုဈေးကွက်အများစုကို ပျောက်ကွယ်ရန်အတွက် ကြိုးစားအားထုတ်လာကြသည်။

✇

## ၇၃။ ကမ္ဘာ့စီးပွားရေး အဆောက်အအုံနှင့် ကျွန်စနစ်၏ အခန်းကဏ္ဍ

**How is slavery part of the world economy?**

၁၉၉၃ ခုနှစ်က ဗန်ကောက်ရှိ ကစားစရာစက်ရုံတစ်ခုကို မီးလောင်သောအခါ ထိုမီးဘေးကြောင့် သေဆုံးရသူအများစုမှာ ကလေးအလုပ်သမားများဖြစ်ကြောင်းတွေ့ရသဖြင့် ကမ္ဘာ့ကအာရုံစိုက်စရာ ဖြစ်လာခဲ့သည်။



http://www.cherrythitsar.org

နှစ်စဉ်နှစ်တိုင်းလိုပင် တတိယကမ္ဘာဖွံ့ဖြိုးဆဲနိုင်ငံများ၏ ကျေးလက်ဒေသရှိ ကလေးပေါင်း ထောင်ပေါင်းများစွာတို့သည် ၎င်းတို့၏ မိဘများက အလုပ်အကိုင်ရှာဖွေရေးကိုယ်စားလှယ်များထံ ရောင်းစားလိုက်သည့်အခါ ကျွန်ဖြစ်လုလုနီးနီး ဖြစ်သွားကြသည်။ ဆင်းရဲသည့် မိဘများအား အလုပ်အကိုင် ကိုယ်စားလှယ်များက အခကြေးငွေ ပေးကြသည်။ ထိုကလေးငယ်များကို ၎င်းတို့၏ ပိုင်ရှင်သစ်များက စရိတ်သက်သက်သာသာနှင့် ရောင်းချနိုင်သည့် ထုတ်ကုန်များကို ထုတ်လုပ်ရန်အတွက် ခိုင်းစေကြသည်။

ဗန်ကောက်၌ ဖြစ်ပွားသည့် ကစားစရာစက်ရုံ မီးသင့်ရာတွင် ကြုံတွေ့ရသည့် အခြားပြဿနာတစ်ခုမှာ ၁၀ နှစ်နှင့် ၁၄ နှစ်အရွယ်ကြားရှိ မီးလောင်ရာ မသေဘဲ ကျန်ရစ်သော ကလေးငယ်များသည် မီးလောင်သွားသည်ထက်ပင် ပို၍ အခြေအနေ ဆိုးသွားကြသည်။ နိုင်ငံတကာ ကန့်ကွက်ဆန္ဒပြမှုများကြောင့် ၎င်းတို့ အလုပ်ရှင်၏ စက်ရုံကို ပိတ်လိုက်သည့်အခါ သူတို့တစ်တွေသည် အလုပ်လက်မဲ့ ဖြစ်သွားကြသည်။ ထိုသို့အလုပ်လက်မဲ့ဖြစ်သွားသည့်အခါ သက်ဆိုင်ရာမိသားစုထံ မပြန်ဘဲ ထိုင်းနိုင်ငံတစ်ဝန်းရှိ ရာပေါင်းများစွာသော ဖိမ်ခန်းများ၌ ကလေးပြည့်တန်ဆာအဖြစ် အလုပ်လုပ်ကြရပြန်သည်။

ကမ္ဘာ့စီးပွားရေးအဆောက်အအုံထဲ၌ ညစ်ပတ်သည့်လျှို့ဝှက်ချက်တစ်ခုမှာ အလုပ်သမား အတော်များများတို့အနေဖြင့် ၎င်းတို့၏ အလုပ်ခွင်မှ ထွက်ခွာနိုင်ခွင့်မရှိခြင်းပင်ဖြစ်သည်။ ထိုသို့ ကျွန်သဖွယ် အခိုင်းအစေခံရခြင်းသည် တရားဝင်သဘောအရ ပြောရလျှင် တရားမဝင်သည့်လုပ်ငန်းများဖြစ်သော်လည်း ကမ္ဘာ့နိုင်ငံတိုင်းလိုလို၌ပင် အတိုင်းအတာတစ်စုံတစ်ရာအထိ လက်ခံနေကြရသည်။ ထိုသို့လက်ခံသည့်နိုင်ငံများထဲ၌ တိုးတက်သည့် စက်မှုနိုင်ငံများလည်းပါဝင်နေကြသည်။

**ယနေ့မန္တလေးစာအုပ်တိုက်**

ဥပမာ– အမေရိကန်ပြည်ထောင်စု၌ လယ်ယာအလုပ်သမားများကို ရာသီတစ်ခုအတွက် ငှားရမ်းကြသည်။ ထိုအချိန်ကာလအတွင်း၌ သူတို့ကို ကုမ္ပဏီ၏ စတိုးဆိုင်မှ ပစ္စည်းများဝယ်ယူခွင့်ပြုသည်။ ဝယ်ယူခွင့်ပြုရုံမျှမက အားပေးပင် အားပေးကြသည်။ ထိုသို့ဝယ်ယူသည့်အခါ၌ အရက်နှင့်စီးကရက်တို့ကဲ့သို့သော အခြေခံမကျသည့် ကုန်ပစ္စည်းများကို အဆမတန် ဈေးနှုန်းများဖြင့် ဝယ်ကြရသည်။ ထိုရာသီကုန်ဆုံးသည့်အခါ အလုပ်သမားတစ်ယောက်သည် သူရသည့် လခထက်ပို၍ ဝယ်မိကာ ကြွေးတင်တတ်ကြသဖြင့် ၎င်းတို့၏ အသက်ကို ကုမ္ပဏီစတိုးဆိုင်သို့ ပေးဆပ်ရတော့မည့် အခြေအနေသို့ ဆိုက်နေသည်။ ထိုအခါ ၎င်းဝန်ထမ်းများအား ကျန်ရှိသည့် အကြွေးများ မကျေမချင်း ပြန်ခွင့်မပြု။ ပြန်လျှင်သော်လည်းကောင်း၊ ထွက်ပြေးလျှင်သော်လည်းကောင်းနှိပ်စက်မည်ဟု ခြိမ်းခြောက်ထားတတ်ကြသည်။

ကျေးလက်အာရှဒေသများ၌ ၁၉၈၀ ပြည့်လွန်နှစ်များအတွင်း တစ်သန်းမကသော အမျိုးသမီးများနှင့် ကလေးများသည် ကျွန်အဖြစ်သို့ ရောင်းစားခြင်းခံရသည်ဟု ခန့်မှန်းကြသည်။ ဥပမာ ထိုင်းနိုင်ငံ၌ ကလေးများသည် ကာမရာဂကျေးကျွန်များအဖြစ် ဘဝအဆုံးသတ်ကြရသည်။ ၎င်းတို့၏ ဆင်းရဲသောမိဘများကို အလုပ်အကိုင် ရှာဖွေရေးကိုယ်စားလှယ်ဆိုသူများက အခကြေးငွေပေး သွားတတ်ကြသည်။ သူတို့က မိဘများကို ပြောကြားရာ၌မူ ၎င်းတို့၏ ကလေးများကို မြို့သို့ခေါ်သွားပြီး စားပွဲထိုးလုပ်စေမည် သို့မဟုတ် စက်ရုံ၌ အလုပ်တစ်ခုရစေမည်ဟု ပြောတတ်ကြသည်။ ထိုကလေးအများစုသည်ကာမရာဂလုပ်ငန်းများ၌ ပြည့်တန်ဆာများအဖြစ် ဘဝဆုံးသွားကြသည်။

အိန္ဒိယနိုင်ငံ၌ ယောက်ျားငယ်တော်တော်များများကို ၎င်းတို့၏



http://www.cherrythitsar.org

မိဘများက ကော်ဇောစက်ရုံလုပ်ငန်းများ၌ အလုပ်လုပ်ရန်အတွက် ရောင်းချတတ်ကြသည်။ ထိုင်းနိုင်ငံ၌လိုပင် ၎င်းတို့၏ မိဘများသည် သူတို့၏သားများကို အလုပ်အကိုင်ရှာဖွေရေးကိုယ်စားလှယ်များထံ ငှားရမ်းသည့်အတွက် အခကြေးငွေရရှိကြသည်။ မိဘများအား မူလကပေးထားသည့် အခကြေးငွေကျေရန်အတွက် ကလေးများသည် နှစ်ပေါင်းများစွာ အလုပ်လုပ်ကြရသည်။ ကျွန်ကဲ့သို့ အလုပ်လုပ်ရသည်။ ဤနှစ်များအတွင်း ၎င်းတို့သည် တစ်နေ့တစ်နေ့လျှင် အချိန်ကြာမြင့်စွာ အလုပ်လုပ်ကြရပြီး ဆိုးရွားသည့်အခြေအနေများ အောက်၌ နေထိုင်ကြရသည်။

သို့သော်လည်း နိုင်ငံတကာက အသံများသည် ထိရောက်မှုရှိသည်။ ကျွန်သဖွယ် ခိုင်းစေသော လုပ်ငန်းများမှ ထွက်လာသော ထွက်ကုန်များကို စားသုံးသူများက သပိတ်မှောက်ရန် စည်းရုံးလာကြခြင်းအားဖြင့် ကျွန်အဖြစ် လုပ်အားများ အသုံးချမှုကို လျော့ကျစေနိုင်သည်။ တရုတ်နိုင်ငံ၌ အကျဉ်းသားအများစုကို အနောက်နိုင်ငံ ဈေးကွက်များသို့ တင်ပို့ပြီး စားသုံးကုန်စည်များ ထုတ်လုပ်သည့် စက်ရုံများ၌ အတင်းအဓမ္မ အလုပ်လုပ်ခိုင်းလေ့ရှိသည်။ ၎င်းကုန်စည်များကို ဝယ်ယူရန်ငြင်းပယ်ခြင်းအားဖြင့် စားသုံးသူများသည် ကျွန်သဖွယ်ခိုင်းစေမှုများကို လျော့ပါးစေနိုင်သည်။ အနည်းဆုံး အနောက်နိုင်ငံ၌ ထိုကဲ့သို့သောပစ္စည်းများ ရောင်းချရန် ထုတ်လုပ်ခြင်းကို လျော့ကျစေနိုင်သည်။ အိန္ဒိယနိုင်ငံတွင် ကော်ဇောလုပ်ငန်းများ၌ ကလေးများကို ကျွန်သဖွယ် ခိုင်းစေခြင်းများသည် အနောက်နိုင်ငံများ၏ ဆန့်ကျင်မှုကြောင့် လျော့ပါးသွားစေသည်။ ယခုအခါ အိန္ဒိယနိုင်ငံမှ တင်သွင်းလာသည့် ကော်ဇောများ၌ ၎င်းတို့သည် ကျွန်လုပ်အား အသုံးပြု၍ ထုတ်လုပ်ခြင်းမဟုတ်ကြောင်း တံဆိပ်များ တပ်ထားကြ



http://www.cherrythitsar.org

သည်။

ကမ္ဘာ့စီးပွားရေးအဆောက်အအုံထဲ၌ရှိသည့် အခြားများပြားလှစွာသော ပြဿနာများကဲ့သို့ပင် ကလေးများ၏ လုပ်အားကို အသုံးပြုသည့် ပြဿနာမှာလည်း ကုစားရန် မလွယ်ကူပေ။ စိုက်ပျိုးရေးနိုင်ငံတိုင်းလိုလို၌ပင်လျှင် ကလေးများသည် ကိုယ်ပိုင်မြေများတွင် သီးနှံများရိတ်သိမ်းသည့်ကိစ္စများ၌ မိသားစုကို ကူညီကြရသည်။ ထိုသို့ကူညီကြသည့်အခါ ၎င်းတို့၏ ကျန်းမာရေးကိုလည်းကောင်း၊ ပညာရေးကိုလည်းကောင်း ထိခိုက်မှုမရှိကြပေ။

အလားတူပင် ဖွံ့ဖြိုးဆဲနိုင်ငံများရှိ မကျွမ်းကျင်သော လုပ်သားများသည် လခအနည်းငယ်ရရုံမျှဖြင့် အသက်မွေးဝမ်းကျောင်းနိုင်ကြသည်။ ချမ်းသာသည့်စက်မှုနိုင်ငံများမှ စားသုံးသူအတော်များများသည် လန်ဒန်ရှိဆိုင်များ၌ အဆပေါင်းရာပေါင်းများစွာ တင်ရောင်းသည့် အားကစားဖိနပ်များကို ထုတ်လုပ်ရန်အတွက် အလုပ်သမားတစ်ယောက်လျှင် တစ်ဒေါ်လာသာပေးသည့် ကိစ္စကို မကြိုက်နှစ်သက်ကြပေ။ အနောက်နိုင်ငံ၌ ပေးနေသည့်လခများဖြင့် စံချိန်ထိုးကြည့်လျှင် မသမာဟု ထင်ရသော်လည်း သက်ဆိုင်ရာဒေသ၏ အဆင့်အတန်း၊ အစားအသောက်၊ နေထိုင်စရိတ်များနှင့် ချိန်ထိုးကြည့်က တစ်နေ့လျှင် တစ်ဒေါ်လာ မရသော်လည်း လုံလောက်သည်ကို တွေ့ရသည်။ သို့ဖြစ်၍ ထိုလုပ်ခနှုန်းများသည် ကြောင်းကျိုးသင့်တင့်မှုရှိသည်ဟု ယူဆနိုင်သည်။ လူနေမှုစရိတ် အလွန်နိမ့်ကျသည့်နိုင်ငံတစ်ခု၌ ကျွမ်းကျင်မှုမရှိသည့် လုပ်သားတစ်ယောက်သည် လခ နည်းနည်းပင်ရသော်လည်း ထိုအလုပ်သည် သူ့အတွက် ကောင်းမွန်သည့် ဘဝတစ်ခုကို တည်ထောင်ပေးနိုင်သည့် အလုပ်တစ်ခု ဖြစ်နိုင်သည်။

**ယနေ့မန္တလေးစာအုပ်တိုက်**

http://www.cherrythitsar.org

သို့သော် ကမ္ဘာ့စီးပွားရေးအဆောက်အအုံထဲရှိ ဝန်ထမ်းတိုင်းသည် လွတ်လပ်စွာ ရွေးချယ်ခွင့်ရှိသင့်သည်။ အကယ်၍ အခြားနိုင်ငံတစ်ခုမှ ကလေးတစ်ယောက် သို့မဟုတ် အလုပ်သမားတစ်ယောက်သည် ကျွန်ဘဝနှင့်မခြားနားသည့် အခြေအနေများအောက်၌ အတင်းအကျပ် အလုပ်လုပ်ရန် စေခိုင်းခြင်းခံရလျှင် လိုအပ်ပါက စီးပွားရေးအင်အား များကို အသုံးပြုကာ ထိုအလေ့အထမျိုးကို တားဆီးရန်အတွက် ကမ္ဘာတစ်ဝန်းရှိ စားသုံးသူများနှင့် အစိုးရများက ဆောင်ရွက်နိုင်သည်။ စားသုံးသူများသည် မည်သည့် ထုတ်ကုန်ပစ္စည်းများကို ဝယ်မည်ဆို သည့် ရွေးချယ်ခွင့်ကို အသုံးချ နိုင်သည်။ မသာမာသောနည်းများဖြင့် ထုတ်လုပ်ထားသော ကုန်ပစ္စည်းများကို ဆန့်ကျင်ရန် စည်းရုံးနိုင် သည်။ သေသေချာချာ လိုက်လံစစ်ဆေးပြီး ထုတ်ကုန်ပစ္စည်းများ၊ ကုန်ပစ္စည်းများ၊ ဝန်ဆောင်မှုများကို လက်ခံရန် ငြင်းဆန်ခြင်းအားဖြင့် စားသုံးသူများသည် ကမ္ဘာ့စီးပွားရေး အဆောက်အအုံ၌ ကျွန်စနစ် ပျက်ပြားသွားစေရန် တက်ကြွစွာ လှုပ်ရှားနိုင်သည်။

☮

## ၇၄။ ကမ္ဘာ့စီးပွားရေးအဆောက်အအုံကြောင့် ပတ်ဝန်းကျင် အပေါ်၌ အကျိုးသက်ရောက်ပုံ

**How is the environment affected by the world economy?**

အမြဲတမ်း သိသာထင်ရှားခြင်းမရှိသော်လည်းကမ္ဘာပေါ်၌ လူ ဖန်တီး၍ ဖြစ်ပေါ်လာသည့် ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများသည် စီးပွားရေးဆိုင်ရာ ဆုံးဖြတ်ချက်များ၏ တိုက်ရိုက်ရလဒ်များဖြစ်သည်။ ဥပမာ စက်မှုလုပ်ငန်းများကြောင့် ပေါ်ပေါက်လာသော ညစ်ညမ်းမှုများ သည် ရေထဲလေထဲသို့ အမှိုက်ပစ်ရသည်က ပို၍လွယ်ပြီး ထိုအမှိုက်



http://www.cherrythitsar.org

သရိုက်များကို သန့်ရှင်းရန်မှာ စရိတ်ကြီးမားသောကြောင့် ပေါ်ပေါက်လာရခြင်းဖြစ်သည်။

မည်သူကမျှ ညစ်ညမ်းအောင်မလုပ်ချင်ကြပေ။ သို့သော် အခြားစီးပွားရေးဆိုင်ရာ ဆုံးဖြတ်ချက်များကဲ့သို့ပင် ပတ်ဝန်းကျင်ဆိုင်ရာကာကွယ်စောင့်ရှောက်မှုကိစ္စများသည် အလျှော့အတင်းလုပ်ရမည့်ကိစ္စများ ပါဝင်သည်။ ကုမ္ပဏီများ၊ နိုင်ငံများ၊ စားသုံးသူများသည် ပတ်ဝန်းကျင်သန့်ရှင်းရန်နှင့် ကြံ့ခိုင်ရန်အတွက် မည်မျှအကုန်အကျခံနိုင်သည်ကို ဆုံးဖြတ်ရပေလိမ့်မည်။ ထိုဆုံးဖြတ်ချက်သည်လည်း အခြေခံအားဖြင့် စီးပွားရေးဆိုင်ရာ ဆုံးဖြတ်ချက်ဖြစ်သည်။

စက်မှုနိုင်ငံများသည် ကမ္ဘာကြီး၏ သယံဇာတများကို သုံးဖြုန်းပစ်စရာ ကုန်ပစ္စည်းများလို သဘောထားတတ်ကြသည်။ ထိုသို့သဘောထားခြင်းအားဖြင့် ဘောဂဗေဒ၏ အခြေခံသဘောတရားတစ်ခုကို မျက်ကွယ်ပြုရာရောက်သည်။ မြေယာဖြစ်စေ၊ လုပ်အားဖြစ်စေ၊ သန့်ရှင်းသည့်ရေဖြစ်စေ မည်သည့်ကုန်ထုတ်စွမ်းအားစုမဆိုရှားပါးသည့် ကုန်စည်များဖြစ်ပြီး စီးပွားရေးဆုံးဖြတ်ချက်များအားလုံးထဲ၌ ထည့်သွင်းသည့်အခါတိုင်း သက်ဆိုင်ရာ တန်ရာတန်ကြေးတစ်ခုစီရှိကြသည်။ ဥပမာ တစ်ချိန်တစ်ခါကဆိုလျှင် သန့်ရှင်းသည့်လေနှင့် ရေတို့ကို ပေါပေါများများ အလကားရနေသည်ဟု ထင်ခဲ့ကြသည်။ သို့သော် ၎င်းတို့သည် လူဦးရေတိုးပွားခြင်းနှင့် စက်မှုလုပ်ငန်းများ တိုးတက်မှု မြန်ဆန်ခြင်းတို့ကြောင့် မြန်မြန်ဆန်ဆန်ပင် လျော့ပါးသွားစေသည်။ ၎င်းတို့ကိုလည်း အခြားရှားပါးသည့် သယံဇာတများလို သဘောထားကြရန် လိုသည်။

အစိုးရများနှင့် စားသုံးသူအုပ်စုများအနေဖြင့် ပတ်ဝန်းကျင်ကိုကာကွယ်စောင့်ရှောက်ရာတွင် အရေးပါသည့် အခန်းကဏ္ဍကပါဝင်သည်။ ကုမ္ပဏီများ၊ အစိုးရများအနေဖြင့် ပတ်ဝန်းကျင်ရှုထောင့်က



http://www.cherrythitsar.org

ကြည့်လျှင် လက်မခံနိုင်စရာ အလေ့အထများ၊ မူဝါဒများ ချမှတ်ခြင်း မပြုနိုင်ရန် မက်လုံးများပေးနိုင်သည်။ အကယ်၍ ကုမ္ပဏီတစ်ခု အနေဖြင့် ၎င်းက ပတ်ဝန်းကျင်ကို ညစ်ညမ်းအောင် လုပ်သည့်အတွက် တစ်စုံတစ်ရာတန်ရာတန်ကြေးကို ပေးရမည်ဆိုလျှင် ၎င်းတို့အနေဖြင့် ရေနှင့် လေကို ညစ်ညမ်းအောင်လုပ်ခြင်းမပြုမီ အနည်းဆုံး နှစ်ကြိမ် စဉ်းစားရပေလိမ့်မည်။ ထို့အတူပင် အစိုးရတစ်ဖွဲ့ကို ၎င်းတို့၏ စီးပွားရေးလှုပ်ရှားမှုများကို တွက်ဆရာ၌ အနာဂတ် သယံဇာတများ ပြုန်းတီးမှုကိုပါ နုတ်ခိုင်းမည်ဆိုလျှင် ပတ်ဝန်းကျင်ကို ထည့်၍ တိုင်းပြည်ဝင်ငွေကို တွက်မည်ဆိုလျှင် တန်ဖိုးရှိသည့် သစ်တောများနှင့် အိုဇုန်းအလွှာကို ဖြုန်းတီးခြင်းမပြုမီ စဉ်းစားဆင်ခြင်ရပေလိမ့်မည်။

ကမ္ဘာ့စီးပွားရေး အဆောက်အအုံရှိ အခြားသောကဏ္ဍများ အားလုံးကဲ့သို့ပင် ပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးကိစ္စများ သည်လည်း သက်ဆိုင်ရာနိုင်ငံတစ်ခုချင်းနှင့်သာ သက်ဆိုင်သည့် ကိစ္စများမဟုတ်ပေ။ နိုင်ငံတစ်ခု၏ လုပ်ဆောင်မှုသည် အခြားနိုင်ငံများ ၏ ပတ်ဝန်းကျင်အပေါ် အကျိုးသက်ရောက်မှုရှိသည်။ ချီကာဂို၌ တိုးပွားလာနေသည့် စက်ရုံအလုပ်ရုံများက ထုတ်သော အညစ်အကြေး များသည် ကွိဘက်၌ အက်ဆစ်မိုးများအဖြစ် ရွာသွန်း သွားသည်။ ဆွစ်ဇာလန်နိုင်ငံ ဘာဆဲလ်ရှိ ရေထဲသို့ ဝင်ရောက်သွားသော ဓာတုဗေဒ စွန့်ပစ်ပစ္စည်းများသည် မြောက်ပင်လယ်၌ ညစ်ညမ်းမှုများကို ဖြစ်ပေါ် စေသည်။ သစ်တောပြုန်းတီးမှုသည်လည်းကောင်း၊ အိုဇုန်းအလွှာ ပါးသည့် ကိစ္စသည်လည်းကောင်း၊ ရေဒီယိုသတ္တုကြွ ပစ္စည်းများကို သမုဒ္ဒရာထဲသို့ စွန့်ပစ်ခြင်းသော်လည်းကောင်း အဓိက ပတ်ဝန်းကျင် ညစ်ညမ်းမှုကိစ္စတိုင်းသည် နိုင်ငံတကာနှင့် သက်ဆိုင်သည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာပြဿနာများသည် ခေတ်မီ စက်မှုနိုင်ငံကြီးများနှင့်သာ သက်ဆိုင်သည့် ပြဿနာများမဟုတ်ပေ။



http://www.cherrythitsar.org

တတိယကမ္ဘာရှိ ဖွံ့ဖြိုးဆဲနိုင်ငံများသည်လည်း ကမ္ဘာကြီးပူနွေးလာခြင်းနှင့် သစ်တောများလျော့ပါးလာခြင်းကဲ့သို့သော ပတ်ဝန်းကျင်ဆိုင်ရာပြဿနာများ၏ အကျိုးသက်ရောက်မှုကို အများဆုံးခံရသည်။ ဥပမာ ဘင်္ဂလားဒေ့ရှ်ရှိ မြေနိမ့်ပိုင်းဒေသများသည် ကမ္ဘာကြီးပူနွေးလာမှုကြောင့် သမုဒ္ဒရာရေပြင်မြင့်တက်မှု၏ဒဏ်ကို ပထမဆုံးခံရသည့်ဒေသဖြစ်သည်။ ထို့အပြင် ပတ်ဝန်းကျင်ကာကွယ်စောင့်ရှောက်ရာ၌ ကုန်ကျသည့်စရိတ်များသည်။ သဘာဝသယံဇာတပစ္စည်းများ ပြုန်းတီးပြီး စီးပွားရေးတိုးတက်မှုရရန် ကြိုးစားရာ၌ ညစ်ညမ်းနှင့်နေပြီးဒေသများကျယ်ပြန့်လျက်ရှိသော ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် စရိတ်ကြီးမားသည်။

ကြံ့ခိုင်သည့်ပတ်ဝန်းကျင်အခြေအနေတစ်ခုသည် ကြွယ်ဝသည့်စီးပွားရေးအဆောက်အအုံတစ်ခုနှင့် ယှဉ်တွဲနေစရာမလိုပေ။ အများဆုံးညစ်ညမ်းနေသည့် ဒေသများသည် စီးပွားရေးအရ နောက်ကျနေသည့်နိုင်ငံများ ဖြစ်နေသည်ကို တွေ့ရသည်။ ဥပမာ–ယခင်ဆိုဗီယက်အုပ်စုဝင်အရှေ့ဥရောပနိုင်ငံများ၌ စီးပွားရေးအရ မတိုးတက်သော်လည်း ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများ ကြီးမားစွာ ဖြစ်ပေါ်နေသည်ကို တွေ့ရသည်။ ထို့အပြင် ကနေဒါနှင့် ဆွီဒင်တို့ကဲ့သို့သော တိုးတက်မှုအရှိဆုံးနိုင်ငံများ၌ ကမ္ဘာပေါ်၌ အသန့်ရှင်းဆုံးလေနှင့်ရေအချို့ကို တွေ့နေရသည်။ ပတ်ဝန်းကျင်ဆိုင်ရာပြဿနာများကို ကမ္ဘာ့ရှုထောင့်မှ ကြည့်ခြင်းအားဖြင့် ပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်ခြင်းသည် ကမ္ဘာကြီးအနေဖြင့် နောင်လာမည့် အနာဂတ်ကာလတွင် စီးပွားရေး တိုးတက်မှုကို ရရှိစေမည်ဟု အာမခံထားရာရောက်သည်။



http://www.cherrythitsar.org

## ၇၅။ ပတ်ဝန်းကျင် ညစ်ညမ်းခွင့်များဆိုသည်မှာ

**What are pollution rights?**

ကမ္ဘာ့စီးပွားရေးအဆောက်အအုံရင်ဆိုင်နေရသော အခက်ခဲဆုံး ပြဿနာများအနက် ပြဿနာတစ်ခုမှာ တိုးပွားလာသည့် လူအများ၏ လူနေမှုအဆင့်ကို မြင့်မားအောင် ဆောင်ရွက်ရာ၌ ပတ်ဝန်းကျင်ကို ထိခိုက်ပျက်စီးမှု မရှိစေရေးအတွက် မည်သို့ ဆောင်ရွက်နိုင်မည် ဆိုသည့် ပြဿနာဖြစ်သည်။ သို့ဖြစ်၍ စီးပွားရေးတိုးတက်မှုကို ထိခိုက်မှုမရှိဘဲ စီးပွားရေးအဆောက်အအုံတစ်ခုရှိ ပတ်ဝန်းကျင် ညစ်ညမ်းမှုများကို လျှော့ချရန်အတွက် အတွေးအခေါ်သစ်များ ပေါ်ပေါက်လာကြသည်။ အမေရိကန်ပြည်ထောင်စုနှင့် အခြားနိုင်ငံ ပေါင်းများစွာတို့သည် သက်ဆိုင်ရာနယ်ပယ်တစ်ခု၌ ပတ်ဝန်းကျင် ညစ်ညမ်းမှုကို တားဆီးထားပြီး ဒေသန္တရ စက်မှုလုပ်ငန်းများနှင့် အခြားကုမ္ပဏီများအနေဖြင့် ၎င်းတို့အချင်းချင်း ညစ်ညမ်းခွင့် (pollution rights)များ ဝယ်ယူရောင်းချခြင်းကို ခွင့်ပြုထားသည်။

ပတ်ဝန်းကျင်ဆိုင်ရာ အုပ်စုများသည် ထိုကဲ့သို့ စနစ်မျိုးကို အားပေးကြသည်။ အဘယ်ကြောင့်ဆိုလျှင် စီးပွားရေးတိုးတက်မှုနှင့် သန့်ရှင်းသော ပတ်ဝန်းကျင်ဆိုသည့် ပေါင်းစပ်ညှိနှိုင်း၍မဖြစ်နိုင်ဟု ထင်ရသော ရည်မှန်းချက်နှစ်ခုကို ပူးတွဲဖြေရှင်းနိုင်၍ ဖြစ်သည်။ ညစ်ညမ်းခွင့်စီမံကိန်းနှင့် ပတ်သက်၍ အဓိကအချက်မှာ ကုမ္ပဏီများ နှင့် အခြားညစ်ညမ်းအောင်လုပ်သူများက ထုတ်လွှင့်သော မီးခိုးနှင့် ပတ်ဝန်းကျင်ညစ်ညမ်းစရာများကို ထိထိရောက်ရောက် လျှော့ချရန် ဖြစ်သည်။

ပတ်ဝန်းကျင်ညစ်ညမ်းမှုများ လျှော့ချရန်အတွက် စီးပွားရေး လုပ်ရှားမှုများ လျှော့ချမလိုဖြစ်နေသဖြင့် နိုင်ငံအတော်များများမှာ ဒုက္ခရောက်နေကြသည်။ ၎င်းတို့အနေဖြင့် တိုးပွားလာသည့် လူဦးရေ



http://www.cherrythitsar.org

အတွက် နေစရာများ၊ အဝတ်အထည်များနှင့် အခြား အခြေခံ ကုန်ပစ္စည်းများကို ထုတ်လုပ်နေသည့် စက်ရုံများကို ပိတ်ပစ်ရန် မတတ်နိုင်ကြပေ။ ပတ်ဝန်းကျင်ညစ်ညမ်းမှုကို ညီတူညီမျှလျှော့ချရန် လုပ်ငန်းတိုင်းကို ဖိအားပေးကာ ပတ်ဝန်းကျင် ညစ်ညမ်းအောင် လုပ်သည့် ကုန်ထွက်ကို တားဆီးထိန်းသိမ်းခြင်းသည် စီးပွားရေးအရ အန္တရာယ်ရှိသည်။ ယခင်က ပတ်ဝန်းကျင်ညစ်ညမ်းမှု တိုက်ဖျက်ရေး အစီအစဉ်များအရ ထုတ်လုပ်သူများအားလုံးအား ညစ်ညမ်းခွင့်ပေးလိုက်ခြင်းအားဖြင့် စီးပွားရေးအဆောက်အအုံကို ထိခိုက်စေသည်။ ထိုထုတ်လုပ်သူများသည် စီးပွားရေးအဆောက်အအုံကို အကျိုးပြုသည်ဖြစ်စေ၊ အကျိုးမပြုသည်ဖြစ်စေ၊ စွမ်းဆောင်ရည်မြင့်မားသည်ဖြစ်စေ၊ မမြင့်မားသည်ဖြစ်စေ ပတ်ဝန်းကျင်ကို ညစ်ညမ်းစေရန် လုပ်ခွင့်ရရှိကြသည်။

ယခုညစ်ညမ်းခွင့် အစီအစဉ်သစ်အရဆိုလျှင် ပတ်ဝန်းကျင်ကို ညစ်ညမ်းအောင် လုပ်သူများအားလုံးက ၎င်းတို့၏ ထွက်ကုန် ညီတူညီမျှ လျှော့ချစရာမလိုပေ။ ပတ်ဝန်းကျင်ညစ်ညမ်းအောင် လုပ်သူများကို အဆင့်အတန်းခွဲထားသည်။ အချို့သူများကို လုပ်ငန်း တိုးတက်ခွင့်၊ အလုပ်အကိုင်များ ရှာဖွေပေးခွင့်နှင့် တိုးတက်နေသည့် စီးပွားရေးအဆောက်အအုံအတွက် ထုတ်ကုန်များ ထုတ်လုပ်ခွင့် ပေးထားပြီး အချို့သူများကို စီးပွားရေးအဆောက်အအုံအတွက် ထုတ်ကုန်များ ထုတ်လုပ်ခွင့်ပေးထားပြီး အချို့သူများကို စီးပွားရေး နယ်ပယ်မှ ထွက်ခွာသွားစေသည်။

လွတ်လပ်သည့်ဈေးကွက်စနစ်၌ ကောင်းမွန်သည့် ပတ်ဝန်းကျင် ညစ်ညမ်းအောင် လုပ်သူများနှင့် ဆိုးရွားသည့် ပတ်ဝန်းကျင် ညစ်ညမ်းအောင်လုပ်သူများကို ဈေးကွက်ထဲရှိ မမြင်ရသောလက်က ခွဲခြားနိုင်သည်။ ပတ်ဝန်းကျင်ကို ညစ်ညမ်းစေရန် ခွင့်မပြုသင့်သော



http://www.cherrythitsar.org

ကုမ္ပဏီများသည် ပတ်ဝန်းကျင် ညစ်ညမ်းသလောက် ထုတ်လုပ်မှု မပြုနိုင်သော စွမ်းဆောင်ရည်ညံ့ဖျင်းသော ကုမ္ပဏီများဖြစ်သည်။ အမှန်စင်စစ် ကောင်းမွန်သည့် ပတ်ဝန်းကျင် ညစ်ညမ်းအောင်လုပ်သူ ဟူ၍မရှိသော်လည်း စီးပွားရေးအဆောက်အအုံအတွင်း လိုအပ်သည့် ကုန်ပစ္စည်းကို ထုတ်လုပ်သည့်သူများအား စီးပွားရေးလုပ်ငန်း များထဲ၌ ဆက်လက်၍ နေထိုင်ခွင့်ပြုကာ ထုတ်လုပ်မှုစွမ်းအားမဲ့သော ပတ်ဝန်းကျင်ညစ်ညမ်းအောင်လုပ်သူများကို စီးပွားရေးလုပ်ငန်း များထဲမှ ထွက်ခွာသွားစေခြင်း၊ ၎င်းတို့၏ လုပ်ရပ်များလျှော့ချ စေခြင်းများ ပြုသင့်သည်။

ဥပမာ စွမ်းဆောင်ရည်ကောင်းမွန်သော တွန်းလှည်းကုမ္ပဏီ တစ်ခုသည် စွမ်းဆောင်ရည်ညံ့ဖျင်းသော ကုမ္ပဏီတစ်ခုထက် ပတ်ဝန်း ကျင်ညစ်ညမ်းမှု လျော့နည်းစေကာ ထုတ်ကုန်များပို၍ ထုတ်လုပ် နိုင်သည်။ သမာရိုးကျ ပတ်ဝန်းကျင်ညစ်ညမ်းမှု တိုက်ဖျက်ရေး အစီအစဉ်များအရဆိုလျှင် အစိုးရတစ်ဖွဲ့သည် စက်ရုံနှစ်ခုစလုံး၏ ထုတ်လုပ်မှုများကို ကန့်သတ်တားဆီးရမည်။ စွမ်းဆောင်ရေး ကောင်း မွန်သော စက်ရုံရော စွမ်းဆောင်ရည်ညံ့ဖျင်းသောစက်ရုံပါ ထုတ်လုပ်မှု နှင့် ပတ်ဝန်းကျင် ညစ်ညမ်းမှုကို လျှော့ချစေရမည်။ ယခင်စီမံကိန်း များအရ အစိုးရများသည် လူတိုင်းကို ပတ်ဝန်းကျင်ညစ်ညမ်းခွင့်ပြု ထားကြသည်။ စီးပွားရေးအဆောက်အအုံက လိုအပ်နေသည့် ကုန် ပစ္စည်းများ ထုတ်လုပ်ရန်အတွက် စွမ်းဆောင်ရည်ကို ထည့်မတွက်ဘဲ ထုတ်ပေးကြခြင်းဖြစ်သည်။

ညစ်ညမ်းခွင့်အစီအစဉ်အရဆိုလျှင် စွမ်းဆောင်ရည်မြင့်မားသည့် ထုတ်လုပ်သူတစ်ယောက်သည် စွမ်းဆောင်ရည်ညံ့ဖျင်းသည့် ထုတ်လုပ်သူတစ်ယောက်ထံမှ ညစ်ညမ်းခွင့်ကို ဝယ်ယူရရှိနိုင်သည်။ ဤနည်းအားဖြင့် စွမ်းဆောင်ရည်ညံ့ဖျင်းသည့် ထုတ်လုပ်သူတစ်



http://www.cherrythitsar.org

ယောက်သည် ၎င်း၏ ထုတ်လုပ်မှုကိုရော ပတ်ဝန်းကျင် ညစ်ညမ်းမှုကိုပါ လျှော့ချရန် ဆွဲဆောင်ရာရောက်သည်။ စွမ်းဆောင်ရည်မြင့်မားသည့် ထုတ်လုပ်သူတစ်ယောက်သည် တန်ဖိုးရှိသော ထုတ်လုပ်မှုများကို တိုးမြှင့်ရန်အတွက် ညစ်ညမ်းခွင့်ကို အသုံးချနိုင်သည်။

☮

## ၇၆။ ကြွေးနှင့် သဘာဝပတ်ဝန်းကျင် လဲလှယ်မှုဆိုသည်မှာ

**What is a debt-for-nature swap?**

အပူပိုင်းဒေသသစ်တောများ၊ ကမ္ဘာတစ်ဝန်းရှိ တောရိုင်းတိရစ္ဆာန်များ အားလုံးကို ဤသဘာဝပတ်ဝန်းကျင်နှင့် ကြွေးလဲလှယ်မှုနည်းဖြင့် ကာကွယ်စောင့်ရှောက်နိုင်သည်။ ဤနည်းအားဖြင့် ဘဏ်များ၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးအုပ်စုများ၊ ကြွေးတင်နေသော နိုင်ငံများသည် ပတ်ဝန်းကျင်၏ တစ်စိတ်တစ်ဒေသကို အနာဂတ် မျိုးဆက်သစ်များအတွက် ကာကွယ် စောင့်ရှောက်နိုင်သည်။

ဆင်းရဲသည့်နိုင်ငံအတော်များများအနေဖြင့် ၎င်းတို့၏နိုင်ငံခြားကြွေးမြီများကို ပြန်ဆပ်နိုင်သည့် ငွေကြေးအင်အား မရှိကြပေ။ သို့ဖြစ်၍ သဘာဝဥယျာဉ်များ၊ တောရိုင်းတိရစ္ဆာန်ဥယျာဉ်များစသည့်ကိစ္စမျိုးအတွက် သုံးစွဲရန်မတတ်နိုင်ကြပေ။ ထိုအခါ ပတ်ဝန်းကျင် ကာကွယ်စောင့်ရှောက်ရေးအုပ်စုများက ကြွေးတင်နေသော နိုင်ငံများကို ၎င်းတို့၏ သဘာဝအမွေအနှစ်များ ကာကွယ်စောင့်ရှောက်ရန်အတွက် နည်းလမ်းတစ်ခုကို တီထွင်ခဲ့သည်။

ဤသဘာဝပတ်ဝန်းကျင်နှင့် ကြွေးလဲလှယ်မှု အစီအစဉ်အရဆိုလျှင် ကြွယ်ဝချမ်းသာသည့် ပတ်ဝန်းကျင် ကာကွယ်စောင့်ရှောက်ရေးအုပ်စုတစ်ခုက နိုင်ငံ၏ကြွေးကိုဆပ်သည်။ ထိုသို့ ကြွေးဝင်ဆပ်ပေးရန်အတွက် သက်ဆိုင်ရာနိုင်ငံက သစ်တောများ၊ စိမ့်စမ်းများ၊



http://www.cherrythitsar.org

သဘာဝတောရိုင်းတိရစ္ဆာန်များ ကျက်စားရာ ဒေသများကို ကာကွယ် စောင့်ရှောက်ပါမည်ဟု တာဝန်ယူရသည်။ ထိုတာဝန်ယူမှု၊ ကတိခံမှုနှင့် ကြွေးကို လဲလှယ်လိုက်ခြင်းဖြစ်သည်။ ပတ်ဝန်းကျင် ကာကွယ် စောင့်ရှောက်ရေးအုပ်စုများက ကိုလံဘီယာနှင့် ပီရူးကဲ့သို့သော ကြွေးတင်နေသော နိုင်ငံများ၏ ငွေချေးစာချုပ်များကို ဝယ်ယူကာ ဆောင်ရွက်ခြင်းဖြစ်သည်။

ကမ္ဘာ့ငွေကြေးဈေးကွက်ထဲ၌ တတိယကမ္ဘာနိုင်ငံ အတော် များများ၏ ချေးငွေများကို စာရင်းပေါက်တန်ဖိုးထက် လျှော့ချ ရောင်းချကြသည်။ အဘယ့်ကြောင့်ဆိုသော် မည်သူကမျှ ထိုချေးငွေ များအားလုံးကို ဆင်းရဲသည့် ကြွေးတင်နိုင်ငံများက ပြန်ဆပ်နိုင်ကြ မည်ဟု မမျှော်လင့်ကြပေ။ အခြားနည်းလမ်းများကဲ့သို့ပင် ငွေချေး သည့်ကိစ္စကိုလည်း လွတ်လပ်သည့်ဈေးကွက်၌ ရောင်းနိုင် ဝယ်နိုင် ကြသည်။ ဥပမာ ဘဏ်တစ်ခုသည် တတိယကမ္ဘာသို့ ချေးထားသည့် ငွေကို အခြားဘဏ်တစ်ခုသို့ ရောင်းနိုင်သည်။ တစ်ယောက်ယောက်က ငွေချေးစာချုပ်ကိုရောင်းသည့်နည်းအတိုင်းပင် ရောင်းနိုင်သည်။ ထို ချေးငွေမှာ ပြန်ဆပ်နိုင်သည့် အလားအလာနည်းသဖြင့် ချေးငွေကို ဝယ်ယူသည့် သူသည် မူလချေးထားသည့် ပမာဏ၏ တစ်စိတ်တစ် ဒေသကို ပေး၍ ဝယ်ယူနိုင်သည်။

ပြန်ဆပ်နိုင်စရာ အလားအလာနည်းသည်ဟု သံသယဖြစ်သော တတိယကမ္ဘာနိုင်ငံများ၏ ကြွေးမြီများကို မူလတန်ဖိုး၏ ၁၀ရာခိုင်နှုန်း ခန့်ပေး၍ ဝယ်ယူရရှိနိုင်သည်။ ထိုအခါ ပတ်ဝန်းကျင်ကာကွယ် စောင့်ရှောက်ရေးအုပ်စုများက ဝင်ရောက်၍ ၁၀ ရာခိုင်နှုန်းပေးပြီး ဝယ်လေ့ရှိကြသည်။ ဒေါ်လာသန်း ၁၀၀ တန်ဖိုးရှိသော ချေးငွေ စာချုပ်တစ်ခုကို ဝင်ရောက်၍ ဒေါ်လာ ၁၀ သန်းပေးပြီး ဝယ်ယူတတ် ကြသည်။ ထိုချေးငွေစာချုပ်တစ်ခုသည် ကြွေးတင်နိုင်ငံအတွက်



http://www.cherrythitsar.org

ဒေါ်လာသန်း ၁၀၀ တန်ပြီး ထိုစာချုပ်ကို ရောင်းလိုက်သည့် ဘဏ်တစ်ခုအတွက် ဒေါ်လာ ၁၀ သန်းသာ တန်သည်။

ကြွေးတင်နေသည့်နိုင်ငံသို့ ပြန်သွားပြီး ပတ်ဝန်းကျင်ကာကွယ်စောင့်ရှောက်ရေးအုပ်စုများက "ကြည့်–ကျွန်တော်ခင်ဗျားတို့ဆီက ဒေါ်လာသန်း ၁၀၀ ရစရာရှိတယ်၊ အဲဒီငွေကျွန်တော့်ကို ပြန်ဆပ်စရာမလိုဘူး။ပြန်ဆပ်မယ့်အစား အဲဒီငွေကို ပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေး လုပ်ငန်းတွေအတွက် မြေကွက်တွေ ဖော်ထုတ်ဖို့ဖယ်ထား"ဟု ပြောနိုင်သည်။ ထိုအခါ ကြွေးတင်နေသည့်နိုင်ငံက လိုလိုလားလားပင် သဘောတူညီလေ့ရှိသည်။ ကြွေးဆပ်စရာ ရှိသည့်ငွေကို ယခုအခါ၌ ပတ်ဝန်းကျင်ကို ကာကွယ်စောင့်ရှောက် ရန်အတွက် တိုင်းပြည်အတွင်း၌ပင် ပြန်သုံးနိုင်၍ဖြစ်သည်။

နောက်ဆုံး၌ အားလုံး အကျိုးရှိကြပြီး ကြွေးတင်နေသည့်နိုင်ငံအနေဖြင့် သဘာဝဥယျာဉ်များ၊ တောရိုင်းတိရစ္ဆာန်ဥယျာဉ်များရရှိကာ ပြည်ပကြွေးမြီများလည်းလျော့သွားသည်။ နိုင်ငံတကာဘဏ်များ၏ ချေးငွေများလည်းလျော့သွားသည်။ ၎င်းတို့အနေဖြင့် မူလချေးထားသော ချေးငွေများ၏ တစ်စိတ်တစ်ဒေသ ပြန်လည်ရလျှင်ပင် ကျေနပ်နိုင်သည်။ ပတ်ဝန်းကျင်ကာကွယ်စောင့်ရှောက်ရေးအုပ်စုများအနေဖြင့်လည်း ၎င်းတို့ တတ်နိုင်သည့် ပမာဏအတိုင်း တတ်နိုင်သလောက် ဆောင်ရွက်ရသဖြင့် ငွေနည်းနည်းနှင့် အနာဂတ်မျိုးဆက်သစ်များအတွက် ပတ်ဝန်းကျင်အရ အရေးပါသည့် အစိတ်အပိုင်းများကို ထိန်းသိမ်းနိုင်သဖြင့် သူတို့လည်း အကျိုးရှိသည်။

☮



http://www.cherrythitsar.org

## ၇၇။ ပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်ရန်အတွက် စီးပွားရေး ပိတ်ဆို့တားဆီးမှုနှင့် မက်လုံးများအသုံးပြုနိုင်ပုံ

**How can economic sanctions and incentives be used to protect the environment?**

အာဖရိကရှိ ပျောက်ကွယ်လုနီးနီးဖြစ်နေသော တောင်ရိုးဝက်ဝံများမှ အမေဇုံသစ်တောရှိ ပျောက်ကွယ်လုနီးနီးဖြစ်နေသော သစ်ပင်များအထိ ကမ္ဘာတစ်ဝန်းလုံးရှိ သဘာဝသယံဇာတများကို စီးပွားရေးပိတ်ဆို့တားဆီးမှုများနှင့် မက်လုံးများအသုံးပြုကာ ကာကွယ်စောင့်ရှောက်နိုင်သည်။ သစ်ပင်များနှင့် တောရိုင်းတိရစ္ဆာန်များသည် သေဆုံးသည့်အခါထက် အသက်ရှင်နေသည့်အခါပို၍ တန်ဖိုးရှိကြောင်းပြသနိုင်လျှင် လူအများအနေဖြင့် ပတ်ဝန်းကျင်ကို လည်းကောင်း၊ စီးပွားရေးအရလည်းကောင်း ဖျက်ဆီးတတ်သည့် အပြုအမူများကို ပြောင်းလဲစပြုလာတတ်ကြသည်။

မကြာသေးမီက ကမ္ဘာတစ်ဝန်းရှိ သစ်တောများ၊ မြစ်များနှင့် တောရိုင်းတိရစ္ဆာန်များကို ဖျက်ဆီးသည့်ကိစ္စများအား စီးပွားရေးတိုးတက်မှုအတွက် အကြောင်းပြုကာ ဆောင်ရွက်တတ်ကြသည်။ ကုမ္ပဏီများနှင့် အစိုးရများအနေဖြင့် ရေရှည်တိုးတက်ဖွံ့ဖြိုးမှုသည် တောင့်တင်းသည့် ပတ်ဝန်းကျင်ပေါ်၌ မှီခိုနေသည်ကို သတိမထားမိဘဲရှိတတ်ကြသည်။

ဥပမာ အမေဇုံသစ်တောများကို ၁၉၈၀ ပြည့်လွန်နှစ်များ၌ ကြောက်လန့်လောက်အောင် ဖျက်ဆီးခဲ့သည်။ ထိုသို့ ဖျက်ဆီးသည်မှာ မှားယွင်းသည့် စီးပွားရေးမူဝါဒကြောင့် ဖြစ်သည်။ ဘရာဇီးနိုင်ငံ၏ မှားယွင်းသော အခွန်ကောက်ခံမှုစနစ်ကြောင့် လယ်သမားများအား အမေဇုံသစ်တောများထဲသို့ ဝင်ရောက်စိုက်ပျိုးရန် ဆွဲဆောင်လိုက်သလို ဖြစ်သွားပြီး သစ်တောဧရိယာအများစုကို မီးရှို့ကာ



http://www.cherrythitsar.org

စိုက်ပျိုးရေးအတွက်သော်လည်းကောင်း၊ ကျွဲနွားကျောင်းရန်အတွက် လည်းကောင်း အသုံးပြုခဲ့ကြသည်။ ၎င်းမူဝါဒများအနေဖြင့် စီးပွားရေး အရ တန်ဖိုးအနည်းငယ်သာရှိနိုင်သလို ကြောက်စရာကောင်းသည့် ပတ်ဝန်းကျင်ဆိုင်ရာ ရလဒ်များကို ဖြစ်ပေါ်စေနိုင်သည်။ လေထုထဲသို့ ကာဗွန်ဒိုင်အောက်ဆိုက်မီးခိုး အများအပြားကို ထုတ်လွှတ်စေသည်။ နိုင်ငံတကာက ဝိုင်းဝန်းကန့်ကွက် ကြသည့်အခါ ဘရာဇီးအစိုးရအနေ ဖြင့် ပတ်ဝန်းကျင်အရလည်းကောင်း၊ စီးပွားရေးအရလည်းကောင်း အန္တရာယ်ဖြစ်စေနိုင်သည့် မူဝါဒများကို ပြောင်းလဲပစ်ခဲ့သည်။

နိုင်ငံတကာက နိုင်ငံရေးအရ ဖိအားပေးခြင်းအားဖြင့် နိုင်ငံ တစ်နိုင်ငံ၏ ပတ်ဝန်းကျင်ကို ပျက်စီးစေနိုင်သည့် အပြုအမူများကို ရေတိုတွင် ပြောင်းလဲနိုင်သော်လည်း ရေရှည်ပြောင်းလဲမှုများ ဖြစ်ပေါ် ရန်မှာ သက်ဆိုင်ရာနိုင်ငံက ၎င်း၏ ကိုယ်ပိုင်သဘာဝ သယံဇာတများ ကို ထိန်းသိမ်းခြင်းအားဖြင့် စီးပွားရေးအရ မည်မျှ တန်ဖိုးရှိသည်ကို ကောင်းကောင်း နားလည်သဘောပေါက်မှသာ ဖြစ်မည်။

ကမ္ဘာလှည့်ခရီးသည်များလာ၍ ရရှိသောဝင်ငွေများသော် လည်းကောင်း၊ ပြန်လည်ဖြည့်တင်းနိုင်သော ထုတ်ကုန်များကို တင်ပို့ ရောင်းချခြင်းဖြင့်လည်းကောင်း စီးပွားရေးမက်လုံးများ ပေးနိုင်လျှင် နိုင်ငံများအနေဖြင့် တန်ဖိုးရှိသည့် သဘာဝသယံဇာတများ ကာကွယ် စောင့်ရှောက်ခြင်း၏ အကျိုးတရားကို ကောင်းကောင်း နားလည် သဘောပေါက်နိုင်သည်။ ဥပမာ ဆင်များ၊ တောင်ရိုးဝက်ဝံများကို သတ်ဖြတ်ခြင်းပြုမည့်အစား ကမ္ဘာလှည့်ခရီးသည်များ လာရောက် လည်ပတ်စရာ သဘာဝတောရိုင်းတိရစ္ဆာန်ဥယျာဉ်များ ဖန်တီးနိုင် သည်။ သစ်တောထဲ၌ တွေ့ရသော သစ်ပင်များမှ သစ်သီးများ၊ အခွံမာသီးများကို ရယူခြင်းအားဖြင့် နိုင်ငံများသည် တန်ဖိုးရှိသော နိုင်ငံခြားငွေကိုလည်း ရယူနိုင်သည်။ ဆေးဝါးပင်များနှင့် အစား



http://www.cherrythitsar.org

အသောက်များကို တင်ပို့ရာမှ ရရှိသောဝင်ငွေများသည် သစ်ပင်များကို မီးရှို့ပစ်၍ ရရှိသည့် အကျိုးအမြတ်ထက်အများကြီး သာလွန်နိုင်သည်။ နောက်ဆုံး၌ ကမ္ဘာကြီးတစ်ခုလုံးအနေဖြင့် ပို၍ အသက်ရှုချောင်နိုင်မည်။

အစိုးရတစ်ဖွဲ့နှင့်ကုမ္ပဏီတစ်ခုကို ပတ်ဝန်းကျင်ဒုက္ခပေးနိုင်သည့် အလေးအထများကို ပြောင်းလဲရန် ဖိအားပေးနိုင်သည့် နည်းလမ်းတစ်ခုမှာ စီးပွားရေးအရ တားဆီးပိတ်ပင်မှုများ ပြုလုပ်မည်ဟု ခြိမ်းခြောက်ခြင်းဖြစ်သည်။ ကုန်သွယ်ရေးအရ ဆန့်ကျင်မှုများ၊ တားဆီးမှုများ ပြုလုပ်မည်ဟု ခြိမ်းခြောက်ခြင်းဖြစ်သည်။ ဥပမာ ကမ္ဘာဈေးကွက်၌ စားသုံးသူများက မဝယ်ဘဲနေမည်ဟု ခြိမ်းခြောက်ခြင်းသည် အထိရောက်ဆုံးစီးပွားရေးအရ မက်လုံးတစ်ခုဖြစ်သည်။ ထိုအတိုင်းသာဖြစ်လျှင် အမြတ်လျော့ကာ အရှုံးထွက်သွားစေသည်။ ကျူးနားငါးများကို ပိုက်စိတ်တိုက် ငါးဖမ်းခြင်းကဲ့သို့သော ကိစ္စများသည် ကျူးနားငါးဖမ်းသည့် ကုမ္ပဏီများအား ဆန့်ကျင်ရန် စားသုံးသူများ၏ ခြိမ်းခြောက်မှုကြောင့် ပြောင်းလဲသွားစေနိုင်သည်။

ပတ်ဝန်းကျင်ကို ထိခိုက်စေနိုင်သောနိုင်ငံများမှ တင်ပို့လာသည့် ပို့ကုန်များကို တားဆီးခြင်းအားဖြင့် အစိုးရများသည် ကုန်သွယ်မှုအဟန့်အတားများကို ပြုလုပ်နိုင်သည်။ သို့သော် ဤကုန်သွယ်မှုအဟန့်အတားများသည် တစ်ဖက်ကလည်း အပြန်အလှန် ပြန်လည်ချမှတ်သည့် အဟန့်အတားများနှင့် တွေ့ကြုံရကာ နှစ်ဦးနှစ်ဘက်စလုံးထိခိုက်နစ်နာစေနိုင်သည်။ နိုင်ငံအတော်များများ စုစည်းကာ ပတ်ဝန်းကျင်ကို အကျိုးပြုသည့် အပြုအမူများ ပြုမူစေလိုလျှင် ပြန်လည်လက်တုံ့ပြန်မည်ဟု ခြိမ်းခြောက်ခြင်းသည် အရာမရောက်နိုင်ပေ။

ကမ္ဘာ့ကုလသမဂ္ဂ၌ ဆွေးနွေးသော ပတ်ဝန်းကျင်ဆိုင်ရာ သဘောတူညီချက်များသည်လည်း ထိရောက်မှုရှိသည်။ အဘယ့်ကြောင့်ဆို




http://www.cherrythitsar.org

သော် ၎င်းတို့သည် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၏ မဲပေးဆုံးဖြတ်ခြင်းကို ခံရသောကြောင့် ဖြစ်သည်။ ထိုဆုံးဖြတ်ချက်များကို လိုက်နာလျှင် လိုက်နာ၍ မလိုက်နာလျှင်နေနိုင်သော်လည်း အတင်းအကျပ် လိုက်နာခိုင်းရန် မလိုအပ်ပေ။ အဘယ့်ကြောင့်ဆိုလျှင် ထိုဆုံးဖြတ်ချက်များကို ကမ္ဘာအနှံ့ ထောက်ခံမှု ရှိနေသောကြောင့် ဖြစ်သည်။ အထူးသဖြင့် နိုင်ငံတကာ ထိပ်သီးအစည်းအဝေးများ၌ အကောင်းဆုံးအဖြေများ ပေါ်ထွက်လာလေ့ရှိသည်။ နိုင်ငံအားလုံး ဝိုင်းဝန်းဆွေးနွေးကြပြီး နှစ်ဦးနှစ်ဘက် ညှိနှိုင်းဆွေးနွေးကာ သဘောတူညီမှုများကို ရယူနိုင်သည်။ ပတ်ဝန်းကျင်၏ အနာဂတ်သည် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်စီမံမှုအောက်ရှိ ကြောင်းကျိုး ဆင်ခြင်မှုရှိသော စီးပွားရေးတိုးတက်မှုအပေါ်၌ တည်မှီနေပေသည်။

❖ ❖ ❖



http://www.cherrythitsar.org



"

စီးပွားရေးဆောင်းပါးများ ရေးသားရင်း
မိမိနှင့်ထိတွေ့နေသော၊ မိမိမျက်စိရှေ့တွင်
ဖြစ်ပေါ်နေသော၊ မျက်မှောက်ရေးရာ
လူငယ်ရေးရာများကိုလည်း ရေးဖြစ်သည်။
ဤသို့ခြေလှမ်းကျယ်လာခြင်းကို
ကြိုဆိုလက်ခံသူများရှိသလို၊ ဘောဂဗေဒနှင့်
စီးပွားရေးပညာဆောင်းပါးတို့ လုံးဝ
မရေးတော့မည်ကို စိုးရိမ်သူများလည်း
ရှိသည်။ သဘောပေါက်ပါသည်။ ထိထိ
ရောက်ရောက်တစ်စုံတစ်ခု ရေးသားပြုစုရန်
ရည်ရွယ်ထားပြီးဖြစ်ပါသည်။

"

# ကမ္ဘာ့စီးပွားရေး မိတ်ဆက်

ခင်မောင်ညို (ဘောဂဗေဒ)

http://www.cherrythitsar.org